
www.burmeseclassic.com

တက္ကသိုလ်

# နှောင်းဝေအောင်

ထိဖုံးဆိဝမ်းလုံရှကျန်း

# လှည့်ကွက်ဆန်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## လှည့်ကွက်ဆန်း

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၆၆၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၇၇၀၅၁၂

၂၀၁၂ ခုနှစ်
ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC



## အခန်း (၁)

"ဥသြ ဥသြ"

နွေနှောင်းကာလဖြစ်၍ ကျွန်းစန်းတောင်ပေါ်၌ ဥသြငှက်၏ အော်မြည်သံကို ကြားနေရသည်။

သို့သော် ရုတ်တရက် ဥသြ ဥသြဟု အော်မြည်နေသော ဥသြငှက်၏အသံသည် တိတ်ဆိတ်၍သွားသည်။

မကြာမီမှာပင် မြွေတစ်ကောင်ကဲ့သို့တွန့်လိမ်ကောက်ကွေးနေသော တောင်တက်လမ်းပေါ်၌ လူသုံးယောက် ထွက်ပေါ်လာ၏။

ထိုအခါ ဗာဒံပင်အောက်၌ ရပ်နေသော ထန်ယန့်ရှာ၏ မျက်လုံးများသည် တောင်တက်လမ်းအတိုင်း တောင်ပေါ်သို့တက်လာသော လူသုံးယောက်ကို မြင်တွေ့သောအခါ ပို၍အရောင်တောက်လာသည်ဟု ထင်မှတ်ရသည်။

✹

www.burmeseclassic.com

www.burmeseclassic.com



တောင်တက်လမ်း ...။

ကျွန်းစန်းတောင်ပေါ်သို့တက်သော လမ်းကလေးသည် ကွေ့ကွေ့ကောက်ကောက် ဖြစ်နေသောကြောင့် မြွေတစ်ကောင်နှင့် တူနေ၏။

ထိုတောင်ပေါ်တက်သည့်လမ်းအတိုင်း လူသုံးယောက်သည် ကျွန်းစန်းတောင်ပေါ်သို့ တက်လာ၏။

ထိုလူသုံးယောက်၏ အရုပ်အမောင်းသည်လည်းကောင်း၊ ခန္ဓာကိုယ်အချိုးအစားသည်လည်းကောင်း တစ်ယောက်နှင့်တစ်ယောက် မတူညီကြချေ။

သို့သော် သူတို့၏မျက်လုံးများက တူညီနေကြ၏။

အကြောင်းမှာ ထိုမျက်လုံးများသည် ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း စသည့်အရိပ်အယောင်များ ပေါ်ထွက်နေသောကြောင့်ပင် ဖြစ်သည်။

လူသုံးယောက် ...။

လူသုံးယောက်သည် တောင်ပေါ်သို့ တက်သည့်လမ်းအတိုင်း ရင်ပေါင်တန်း၍ လျှောက်လာကြခြင်းဖြစ်သည်။



ညာဘက်မှလူသည် အလွန်ပိန်ပါး၍ လေတိုးလျှင်ပင် လဲကျမည်ဟု ထင်မှတ်ရ၏။

သူ၏မျက်နှာက သွေးရောင်မရှိဘဲ သေခါနီးလူမမာတစ်ယောက်ကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

ဘယ်ဘက်မှလူသည် ညာဘက်မှလူနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

သူ၏ခန္ဓာကိုယ်က ဝလွန်းမက ဝနေသောကြောင့် လူတစ်ယောက် တောင်ပေါ်သို့ တက်လာသည်နှင့်မတူဘဲ စည်ပိုင်းတစ်လုံး လိမ့်လာသည်နှင့်တူ၏။

အလယ်မှလူသည် မပိန်လွန်း မဝလွန်းသော ခန္ဓာကိုယ်ရှိ၏။

သို့သော် သူသည် ထိုလူသုံးယောက်အနက် အရုပ်အပုဆုံး ဖြစ်၏။

သူတို့လာရာလမ်းတစ်လျှောက်တွင် သွေးစက်ကလေးများ ကျနေ၏။

ထိုသွေးစက်များသည် ထိုလူသုံးယောက်၏ ခန္ဓာကိုယ်မှ ယိုစီး၍ ကျလာသော သွေးစက်များ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသွေးစက်များသည် ငှက်တစ်ကောင်၏ ခန္ဓာကိုယ်ပေါ်မှ ယိုစီး၍ ကျလာခြင်းဖြစ်ပါသည်။

ထိုငှက်သည် ဥသြငှက်ဖြစ်ပြီး ယာဘက်မှ အလွန်ဝိန်သော သူ၏ ဝဲဘက်လက်ထဲ၌ ရှိနေသည်။

ထို့ပြင် ထိုလူ၏လက်ချောင်းများက ဥသြငှက်၏ ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်နေ၏။

ထို့ကြောင့် ဥသြငှက်၏ခန္ဓာကိုယ်မှ ယိုစီး၍ကျလာသော သွေးစက်များသည် တောင်တက်လမ်းကလေးပေါ်သို့ တစ်စက်ချင်း ကျနေ၏။

သွေးစက်ကျရာ တောင်တက်လမ်းတစ်လျှောက်၌ ရှိနေသော မြက်ပင်များသည် သွေးစက်နှင့်ထိတွေ့သည်နှင့် ရုတ်ခြည်း ညှိုးနွမ်း၍သွားလေတော့၏။ ဤသို့ဆိုလျှင်။

✹

မြက်ပင်များသည် အလွန်ပြင်းသောအဆိပ်ကြောင့် ရုတ်ခြည်း ညှိုးနွမ်းသွားခြင်းဖြစ်၏။



ဥသြငှက်သည် အဆိပ်ရှိသော သတ္တဝါမဟုတ်ပါ။ ထို့ကြောင့် ဥသြငှက်၏ခန္ဓာကိုယ်ထဲမှ သွေးများသည်လည်း အဆိပ်ရှိသည် မဟုတ်ပါ။

သို့သော် ဥသြငှက်၏ သွေးစက်များဖြင့်ထိတွေ့သော မြက်ပင်များသည် ရုတ်ခြည်း အဆိပ်သင့်၍ ညှိုးနွမ်းသွား၏။

ဤသို့ဆိုလျှင် ဥသြငှက်၏သွေးထဲ၌ အလွန်ပြင်းသော အဆိပ်ရှိနေလိမ့်မည်ဖြစ်၏။

အဆိပ်ရှိသော သတ္တဝါမဟုတ်သည့် ဥသြငှက်၏ခန္ဓာကိုယ်ထဲမှ သွေးများထဲတွင် အဆိပ်သင့်၍ပျံ့နှံ့နေခြင်းပင် ဖြစ်မည် မဟုတ်ပါလား။

သို့သော် ထူးဆန်းသည်မှာ အလွန်ပြင်းထန်သော အဆိပ်သင့်နေသည့် ဥသြငှက်ကို ကိုင်ဆောင်လာသူသည် အဆိပ်သင့်ခြင်း မရှိပါ။

အဆိပ်သင့်ခြင်းမရှိသောလူသည် အဆိပ်ကို နိုင်နင်းသူပင် ဖြစ်မည်မဟုတ်ပါလား။

အဆိပ်ကို နိုင်နင်းသူသည် အဆိပ်ကို အသုံးပြုသူသာ ဖြစ်မည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ဥသြငှက်သေကို ကိုင်ဆောင်ထားသော အလွန်ဝိန်လို့သည့်သူသည် အဆိပ်ကို အသုံးပြုသူသာ ဖြစ်မည် မဟုတ်ပါလား။

လေက တဟူးဟူးတိုက်နေ၏။ ဗာဒံပင်အောက်၌ ရပ်နေသော ထန်ယန့်ရှာ၏ အနီရောင်ဝတ်ရုံသည် လေထဲ၌ တဖျပ်ဖျပ် လှုပ်ရှားနေ၏။

သူနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ လူသုံးယောက် ရပ်နေ၏။ ထိုလူသုံးယောက်သည် တောင်တက်လမ်းအတိုင်း ကျွန်းစန်းတောင်ပေါ်သို့ တက်လာသော လူသုံးယောက်ပင်ဖြစ်၏။

ထန်ယန့်ရှာ၏မျက်နှာပေါ်၌ အပြုံးမတွေ့ရသော်လည်း ထိုလူသုံးယောက်၏မျက်နှာပေါ်၌ ပြုံးနေ၏။

သေခါနီး လူတစ်ယောက်ကဲ့သို့ မျက်နှာဖြူဖပ်ဖြူရော်နှင့် အလွန်ဝိန်လိုသောလူက လှသော၏အပြုံးမျိုးဖြင့် အေးစက်စက်ပြုံးရင်း ...

"စောင့်နေရတာ ကြာပြီလား"

ဟု မေးလိုက်၏။

ထိုလူ၏စကားကို ထန်ယန့်ရှာက တုံ့ပြန်ခြင်း မပြုပါ။



ထိုလူက ရယ်မောလိုက်ပြီး ...

"ခင်ဗျားစောင့်နေရတာကို အားနာလို့ ခင်ဗျားအတွက် လက်ဆောင်ယူလာတယ်"

ဟုပြောကာ လက်ထဲမှ ဥသြငှက်အသေကို ထန်ယန့်ရှာထံ လှမ်း၍ပစ်ပေးလိုက်၏။

ထိုလူ၏ လှုပ်ရှားမှုက အလွန်မြန်၏။

'ဝှီး'

ဟူသောအသံနှင့်အတူ ဥသြငှက်က ထန်ယန့်ရှာထံသို့ ရုတ်ခြည်းရောက်ရှိလာ၏။

ထန်ယန့်ရှာက ဥသြငှက်ကို ဆီး၍မဖမ်းပါ။ သူက သူ၏ ခန္ဓာကိုယ်ကို ဘေးသို့ အသာတိမ်းပေးလိုက်၏။

ထို့ကြောင့် ဥသြငှက်က ထန်ယန့်ရှာ၏အနောက်ဘက်မှ မြက်တောထဲသို့ ကျသွား၏။

မြက်တောထဲသို့ ဥသြငှက်ကျသွားသည်နှင့် တစ်ပြိုင်တည်း မြက်ပင်များသည် ညှိုးနွမ်း၍ သွားလေတော့၏။ အလွန်ပိန်လှီသော သူက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ခင်ဗျားက အတော်ကိုရိုင်းတာပဲ၊ လူမှုရေးနားမလည်ဘူး"

www.burmeseclassic.com



ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ဘာမျှပြန်မပြောပါ။

အလှန်ပိန်လှီသောလူက ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ကာ စိတ်ပျက်သော အမူအရာဖြင့် ထန်ယန့်ရှာကို ကြည့်ရင်း ...

"လက်ဆောင်ပစ္စည်းဆိုတာ မငြင်းကောင်းဘူး"

ဟု ပြောလိုက်သည်။ ထန်ယန့်ရှာက ပါးစပ်ပိတ်ထားဆဲဖြစ်၏။

အလှန်ပိန်လှီသောသူက သက်ပြင်းချကာ ...

"လက်ဆောင်ပစ္စည်းကို လက်မခံဘဲ ငြင်းလိုက်တာဟာ ပေးတဲ့လူရဲ့စေတနာကို စော်ကားတာနဲ့အတူတူပဲ"

ဟု ပြောလိုက်သည်။

ထိုလူပြောသကဲ့သို့ လက်ဆောင်ပစ္စည်းကို လက်မခံခြင်းသည် လက်ဆောင်ပစ္စည်းပေးသောလူ၏စေတနာကို စော်ကားခြင်း ဖြစ်ပါသည်။

သို့သော် မိမိ၏အသက်ကို အန္တရာယ်ဖြစ်စေနိုင်လောက်သော လက်ဆောင်ပစ္စည်းအား လက်မခံခြင်းသည် စေတနာကို စော်ကားခြင်း ဖြစ်သည်ဟု သတ်မှတ်နိုင်ပါမည်လား။



တစ်ချိန်လုံး ငြိမ်သက်နေသော ထန်ယန့်ရှာထံမှ သက်ပြင်းချသံတစ်ချက် ပေါ်ထွက်လာသည်။

ထို့နောက် သူ၏နှုတ်ခမ်းများက လှုပ်ရှားသွားပြီး ...

"အင်း ... ကျုပ် အခုအချိန်အထိ အသက်ရှင်နေတာဟာ လက်ဆောင်ပစ္စည်းတိုင်းကို လက်မခံခဲ့လို့ပဲ"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာ၏စကားကြောင့် အလှန်ပိန်လှီသောလူက သဘောကျစွာ ရယ်မောလိုက်၏။

ပြီးမှ ...

"ခက်တာပဲ ... ကျုပ်ကလည်း လက်ဆောင်ပစ္စည်းပေးတာကို သိပ်ပြီး ဝါသနာပါတယ်"

ဟု ပြောလိုက်သည်။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဒီငါးနှစ်အတွင်းမှာ ခင်ဗျားဆီက လက်ဆောင်ပစ္စည်း ရခဲ့တဲ့လူပေါင်း ရှစ်ရာလောက်ရှိပြီထင်တယ်"

ဟု ပြောလိုက်၏။ အလှန်ပိန်လှီသောလူက ဦးခေါင်းခါယမ်းကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မှားတယ်၊ စုစုပေါင်း ခုနစ်ရာကိုးဆယ့်ကိုးယောက်ပဲ ရှိတယ်၊ ခင်ဗျားက ပြင်းလိုက်တော့ တစ်ယောက်လျော့သွားတာပေါ့"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"အင်း ... ဝမ်းနည်းစရာပဲ၊ ဒါထက် ခင်ဗျားတို့သုံးယောက်က"

ဟု စကားကိုဆက်၍မပြောဘဲ ရပ်ထားလိုက်၏။ အလွန်ပိန်လှီသောသူက နှုတ်ခမ်းကိုမဲ့၍ ...

"ကျုပ်တို့သုံးယောက်က ခင်ဗျား သိပ်ပြီးတွေ့ချင်လှချည်ရဲ့ဆိုတဲ့ လူသုံးယောက်ပဲ"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...

"ဟုတ်ပြီ ... သိုင်းလောကမှာ နာမည်ကြီးနေတဲ့ မြေခွေးသုံးကောင်ဆိုတာ ခင်ဗျားတို့ကိုး"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဟု ပြန်ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...



"ဝမ်းသာတယ်ဗျာ၊ ကျုပ်က အနားယူထားတာဆိုတော့ သိုင်းလောကနဲ့ အဆက်ပြတ်နေတယ်၊ သိုင်းလောကအကြောင်းကို ဘာမှမသိအောင် ဖြစ်နေတယ်၊ အဲ ... လွန်ခဲ့တဲ့လကုန်ကမှ သိုင်းလောကမှာ ကျင်လည်နေတဲ့ ကျုပ်ရဲ့မိတ်ဆွေနဲ့တွေ့မှပဲ ခင်ဗျားတို့အကြောင်း ကို သိလိုက်ရတယ်"

ဟုပြောလိုက်၏။

အလွန်ပိန်လှီသောလူက နှုတ်ခမ်းကိုမဲ့၍ ပြုံးရင်း ...

"ကျုပ်တို့ ဘယ်လောက်တော်တယ်ဆိုတာ ပြောပြမသွားဘူးလား"

ဟု ခနဲ့တဲ့တဲ့လေသံဖြင့် မေးလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ဟုတ်ပါတယ် ... သိုင်းလောကမှာ ခင်ဗျားတို့သုံးယောက်ထက်ပိုပြီး ရက်စက်ကြမ်းကြုတ်ယုတ်မာတဲ့ ထိပ်တန်းသိုင်းသမားမရှိဘူးလို့ ကျုပ်ရဲ့မိတ်ဆွေက ပြောခဲ့တယ်"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောလူ၏ ချက်နှာသည် ရှုံ့မဲ့၍သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခင်ဗျားရဲ့မိတ်ဆွေက လျှော့ပြီးပြောသွားတာ ဖြစ်မယ်ထင်တယ်"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာကမူ ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... သိုင်းလောကထဲကို ကျုပ်ကိုယ်တိုင် ထွက်ပြီးလေ့လာတော့မှ ကျုပ်မိတ်ဆွေပြောတာထက် ခင်ဗျားတို့ သုံးယောက်က ပိုပြီး ရိုင်းစိုင်းယုတ်မာရက်စက်တာကို သိခဲ့ရတယ်"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်ကာ ...

"ဒီတော့ ခင်ဗျားက ကျုပ်တို့နဲ့ ယှဉ်ပြိုင်ချင်လို့ ကျုပ်တို့ကို တွေ့ချင်တာလား"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက လက်ကာပြရင်း ...

"အို ... မဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားတို့လိုလူမျိုးနဲ့ မိတ်ဆွေ ဖြစ်ချင်လို့ပါ၊ ဒါကြောင့် ခင်ဗျားတို့အတွက် လက်ဆောင်ယူလာတယ်၊ ဒါပေမဲ့"

ထန်ယန့်ရှာက စကားကိုဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီး အလွန်ဝလွန်းသောလူကို ကြည့်ကာ ...



"ခင်ဗျားအတွက်တော့ နည်းနည်း ကျပ်လိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က အခေါင်းသုံးလုံးကို တစ်ရွယ်တစ်စားတည်း ယူလာခဲ့လို့ပါ"

ဟု ပြောလိုက်၏။

အလွန်ဝသောလူက ကျဉ်းမြောင်းသော မျက်လုံးများ ဝိတ်လုနီးပါးဖြင့် အော်ဟစ်ရယ်မောလိုက်ပြီး ...

"ကိစ္စမရှိပါဘူး ... ကျုပ်နဲ့မဆံ့ရင် ခင်ဗျားအတွက် ထား လိုက်ပေါ့"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ကျုပ်အတွက်တော့ ဖြစ်မှာမဟုတ်ဘူး"

ဟု ပြောလိုက်သည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ ... ကျုပ် တာဝန်ယူပါတယ်"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ခင်ဗျားတို့ကို အကူအညီ တောင်းတဲ့လူ ဖြစ်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်ရင်း ...

"ခင်ဗျားစာထဲမှာ ဒီအကြောင်းမပါဘူး"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ကျုပ်က လူချင်းတွေ့မှပဲ အကူအညီတောင်းမယ်လို့ စိတ်ကူးထားလို့ပါ"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက မဲ့ပြုံးပြုံးရင်း ...

"ရပါတယ် ... ခင်ဗျား ဘယ်လိုသေချင်တယ်ဆိုတာသာ ပြောပါ၊ ကျုပ်က လူသတ်တဲ့နည်းပေါင်း တစ်ရာကျော်သိထားတယ်"

ဟု ပြောလိုက်၏။

အလွန်ဝလွန်းသောလူကလည်း ရယ်မောရင်း ...

"ဟုတ်တယ် ... ဒါမျိုးဆိုရင်တော့ ကျုပ်တို့က စိတ်ရောကိုယ်ပါ ကူညီတတ်တယ်"

ဟု ဝင်၍ ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...



"ဒီလိုသိထားရတာ ကောင်းပါတယ်၊ နောင် ကြုံရင် အကူအညီတောင်းနိုင်တာပေါ့၊ အခု လောလောဆယ်တော့ ကျုပ်အတွက် လူသေအလောင်း သုံးလောင်းရှာပေးပါ"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောလူက မျက်ခုံးပင့်ကာ ထန်ယန့်ရှာကို မျက်လုံးပြူးကြည့်ရင်း ...

"လူသေအလောင်း သုံးလောင်း ... ဟုတ်လား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ကျုပ်သမက်အတွက်ပါ"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ခင်ဗျားသမက်က ဒီလူသေအလောင်းကို ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...

"ကျုပ်သမက်က သမားတော်ပါ၊ သူက အနောက်နိုင်ငံက ရောက်လာတာ မကြာသေးပါဘူး၊ သူက အနောက်နိုင်ငံရဲ့ ဆေးပညာတစ်ရပ်ကို လက်တွေ့အသုံးချချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောသူက မျက်မှောင်ကြုတ်ကာ ...

"ဘာဆေးပညာရပ်လဲ"

ဟုမေးလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...

"လူသေကို အသက်ပြန်ရှင်လာအောင်လုပ်တဲ့ ဆေးပညာရပ်ပါ"

ဟု ဖြည်းဖြည်းချင်း ပြောလိုက်လေတော့၏။

ထန်ယန့်ရှာ၏စကားကို ကြားလိုက်သည်နှင့် အလွန်ပိန်လှီသော လူသည်လည်းကောင်း၊ အလွန်ဝလွန်းသော လူသည် လည်းကောင်း၊ အရုပ်အပုဆုံးလူသည်လည်းကောင်း မယုံကြည်နိုင်လောက်အောင် အံ့သြသော မျက်လုံးများဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်း၍ကြည့်လိုက်မိလေကြတော့သည်။

✹ ✹ ✹



အခန်း (၂)

မြေခွေးသုံးကောင်သည် ထန်ယန့်ရှာကို အတန်ကြာအောင် ပြူးကြောင်၍ ကြည့်နေပြီးမှ တိုင်ပင်ထားခြင်းမရှိဘဲ တဟားဟားဖြင့် ပြိုင်တူရယ်မောလိုက်၏။

ပြီးမှ အလွန်ပိန်လှီသောသူက ထန်ယန့်ရှာကို လက်ညှိုးထိုးကာ ...

"ခင်ဗျားက ဒီလိုရယ်စရာစကားပြောဖို့အတွက် ကျုပ်တို့ကို ချိန်းတာလား"

ဟု မေးလိုက်သည်။ ထန်ယန့်ရှာကပြုံး၍ ဦးခေါင်းခါယမ်းကာ ...

"ကျုပ်ပြောတဲ့စကားထဲမှာ ရယ်စရာမပါပါဘူး"

ဟု ပြန်ပြောလိုက်သည်။ အလွန်ဝလွန်းသောလူက ရယ်မောရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ်တို့မရှုံးဘူး၊ ခင်ဗျားရှုံးနေပြီထင်တယ်"

ဟု ပြောလိုက်သည်။

ထန်ယန့်ရှာက ပြုံး၍ ...

"ကျုပ်က မှတ်ဉာဏ်သိပ်ကောင်းပါတယ်၊ ကျုပ် ငယ်ငယ်တုန်းက အဖြစ်အပျက်တွေကို ခရေစေ့တွင်းကျ မှတ်မိနေပါတယ်"

ဟု ပြန်ပြောလိုက်၏။

အလွန်ပိန်လှီသောလူက ပြုံးရင်း ...

"ဒါဆိုရင်တော့ ခင်ဗျားသမက် ရှုံးနေပြီထင်တယ်"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးရင်း ...

"ကျုပ်သမက်လည်း အင်မတန်တော်တဲ့ သမားတော် တစ်ယောက်ပါ"

ဟု ပြောလိုက်၏။ အလွန်ဝလွန်းသောလူက ပြုံး၍ ...

"ဒါဆို ခင်ဗျားက ဘာဖြစ်လို့မဟုတ်တာတွေ လာပြောနေရတာလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံးကာ ...

"လောကမှာ မဖြစ်နိုင်တဲ့အရာဆိုတာ မရှိပါဘူး"



ဟု ပြန်ပြောလိုက်၏။ အလွန်ပိန်လှီသောလူက ဦးခေါင်းညိတ်ကာ ...

"ဒါဆို ခင်ဗျားသမက်ရဲ့စကားကို ယုံတယ်ပေါ့ ... ဟုတ်လား"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်သမက်အတွက် အလောင်းသုံးလောင်းလိုချင်လို့ ခင်ဗျားတို့ကို အကူအညီတောင်းရတာပါ။ ဒါပေမဲ့ ကျုပ်လိုချင်တဲ့အလောင်းက သာမန်အလောင်းမျိုး မဟုတ်ဘူး"

ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်ကာ ...

"သာမန်အလောင်းမျိုးမဟုတ်ဘူး ... ဟုတ်လား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်၊ သေပြီးတာ သိပ်မကြာသေးတဲ့အလောင်းမျိုးပါ၊ လတ်လတ်ဆတ်ဆတ်အလောင်းမျိုးဆိုရင် ပိုကောင်းပါတယ်၊ ပြီးတော့ အတွင်းအားကောင်းတဲ့လူရဲ့ အလောင်းမျိုးဖြစ်ရပါမယ်၊ ဒါမှ သေပြီးပြီးချင်း လိပ်ပြာမလွင့်သွားနိုင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ခင်ဗျားပြောသလိုဆိုရင်တော့ ခင်ဗျားလိုချင်တဲ့အလောင်းဟာ ထိပ်တန်းသိုင်းသမားရဲ့အလောင်းမျိုးပေါ့"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...

"ဟုတ်ပါတယ် ... ထိပ်တန်းသိုင်းသမားထဲကပါ၊ ပြီးတော့ အလွန်ဆိုးဝါးပြီး ရက်စက်ကြမ်းကြုတ်တဲ့လူမျိုး ဖြစ်ရပါမယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောလူက မျက်ခုံးပင့်ကာ ...

"အင်း ... ကျုပ်တို့လို လူစားမျိုးပေါ့"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ရင်း ...

"ဟုတ်ပါတယ် ... ခင်ဗျားတို့လို လူစားမျိုးပါ"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက တစ်ချက်မျှ စဉ်းစားလိုက်ပြီး ...

"ကျုပ်တို့လိုလူစားမျိုးကတော့ သိုင်းလောကမှာ ကျုပ်တို့သုံးယောက်ပဲ ရှိမယ်ထင်တယ်"



ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူ၏စကားကြောင့် ထန်ယန့်ရှာ၏ မျက်နှာပေါ်၌ ဝမ်းသာအားရ ဖြစ်ဟန်ပေါ်လာပြီး ...

"ဟာ ... ဒါဆို ဟန်ကျတာပေါ့"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘာဟန်ကျတာလဲ"

ဟု ပြန်မေးလိုက်၏။

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"သြော် ... ခင်ဗျားတို့က တခြားမှာသွားပြီး ရှာဖို့မလိုတော့ဘူးပေါ့"

အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့လဲ"

ထန်ယန့်ရှာက ပြုံးလျက် ...

"ခင်ဗျားတို့သုံးယောက်ရဲ့ အလောင်းကိုရမှတော့ ခင်ဗျားတို့က တခြားမှာသွားပြီး ဘာဖြစ်လို့ ရှာတော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်၍ ...

"ဘာ ... ခင်ဗျားသမက် စမ်းသပ်ဖို့အတွက် ကျုပ်တို့က အလောင်းဖြစ်ပေးရမှာလား"

ဟုမေးလိုက်၏။

ထန်ယန်ရှာက ပြုံး၍ ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ခင်ဗျားတို့က ကျုပ်လိုချင်တဲ့ အလောင်းမျိုး ဖြစ်နေလို့ပါ"

ဟု ပြန်ပြောလိုက်သည်။

အလွန်ဝလွန်းသောလူက မဲ့ပြုံးပြုံးရင်း ...

"ကျုပ်တို့သုံးယောက်က အလောင်းမဖြစ်ဘူး ဆိုရင်ကော"

ထန်ယန်ရှာက ပြုံးလိုက်ပြီး ...

"ဒါဆို ကျုပ်က အလောင်းဖြစ်သွားပြီပေါ့"

အလွန်ပိန်လှီသောလူက ထန်ယန်ရှာကို တစ်ချက်မျှ စူးစဲ့ကြည့်ပြီး ...

"ခင်ဗျားက သေရမှာကို မကြောက်ဘူးလား"

ဟု မေးလိုက်၏။ ထန်ယန်ရှာက ပြုံးလိုက်ပြီး ...



"မကြောက်ပါဘူး"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ထန်ယန်ရှာက ပြုံးရင်း ...

"ကျုပ်သမက်က ကျုပ်ကို ပြန်ရှင်အောင်လုပ်နိုင်လို့ပါ"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက ဘာမှမပြောတော့ပါ။ သူသည် ထန်ယန်ရှာကို စူးစိုက်ကြည့်လိုက်၏။

ထန်ယန်ရှာ၏မျက်နှာပေါ်၌ သေရမှာကို မကြောက်မရွံ့သော အမူအရာ ပေါ်လွင်နေ၏။

အလွန်ပိန်လှီသောလူက သက်ပြင်းချလိုက်ပြီး ...

"ကောင်းပြီလေ ... ခင်ဗျားသေလိုက်တော့"

ဟုပြောကာ ထန်ယန်ရှာကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ထန်ယန်ရှာက လက်ကာပြရင်း ...

"နေဦး"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယန့်ရှာက လှမ်း၍ ဟန့်တားလိုက်သောကြောင့် အလွန့်ပိန်လှီသောလူက မျက်မှောင်ကြုတ်သွားပြီး ...

"ဘာလဲ ... မင်းက မသေချင်တော့ဘူးလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး ...

"မဟုတ်ပါဘူး"

ဟု ပြောလိုက်၏။

အလွန့်ပိန်လှီသောလူက မဲ့ပြုံးပြုံးကာ ...

"ဒါဆို ဘာပြောချင်လို့လဲ"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ပြုံးကာ ...

"ခင်ဗျားတို့ဟာ ရက်စက်ကြမ်းကြုတ်ပေမယ့် ကတိတော့ တည်တယ်လို့ သိုင်းလောကမှာ ပြောနေကြတယ်"

ဟု ပြောလိုက်၏။

အလွန့်ပိန်လှီသောလူက ပြုံးလိုက်ပြီး ...

"သူတို့က အမှန်ကိုပြောကြတာပဲ"

ထန်ယန့်ရှာက ပြုံး၍ ...



"ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို ကတိတစ်ခုတော့ တောင်းချင်တယ်"

ဟု ပြောလိုက်၏။

အလွန့်ပိန်လှီသောလူက ပြုံးကာ ...

"ကောင်းပြီလေ ... ဘာကတိလဲ"

ဟုမေးလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ကျုပ်သေရင် ကျုပ်အလောင်းကို ကျုပ်ရဲ့အိမ်ကို ပြန်ပို့ပေးပါ"

ဟု ပြောလိုက်သည်။ အလွန့်ပိန်လှီသောလူက ဦးခေါင်း ညိတ်ကာ ...

"ကောင်းပြီလေ ... ခင်ဗျားအိမ်လိပ်စာကို ပြောခဲ့ပါ။ ကျုပ်တို့ ရောက်အောင်ပို့ပေးပါ့မယ်"

ဟု ပြောလိုက်သည်။

ထန်ယန့်ရှာကပြုံးလိုက်ပြီး တောင်ကုန်း၏အောက် တစ်နေရာကို ညွှန်ပြလိုက်သည်။

ထိုနေရာ၌ ဗာဒံပင်တစ်ပင်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဟာဒ်ပင်၏အရိပ်အောက်၌ မြင်းလှည်းတစ်စီး ရပ်တံ့ထား၏။

မြင်းလှည်းသည် လူစီးသည့်ရထားလုံးပုံသဏ္ဍာန် မြင်းလှည်း မဟုတ်ပါ။

ကုန်ပစ္စည်းတင်သော မြင်းလှည်းဖြစ်၏။ မြင်းလှည်းပေါ်၌ လူနှစ်ယောက် ထိုင်နေ၏။

မြင်းလှည်း၏ ကုန်ပစ္စည်းတင်သောနေ ရာ၌ အနက်ရောင် ခေါင်းတလားသုံးလုံး တင်ထား၏။

အလွန်ပိန်လှီသောလူက မြင်းလှည်းကို တစ်ချက်လှမ်း ကြည့်ပြီး ...

"ခင်ဗျားရဲ့အိမ်လား"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...

"ကျုပ်ရဲ့အိမ်တော့ မဟုတ်ပါဘူး ... ဒါပေမဲ့ ကျုပ်ရဲ့ အလောင်းကို အဲဒီမြင်းလှည်းအပေါ်သာ တင်ပေးလိုက်ပါ၊ လူတို့က ကျုပ်ရဲ့အိမ်ကို ပို့ပေးပါလိမ့်မယ်"

ဟု ပြောလိုက်သည်။ အလွန်ပိန်လှီသောလူက သက်ပြင်း ချကာ ...



"ကောင်းပြီလေ၊ ခင်ဗျားစိတ်ချလက်ချသာ သေလိုက်ပါ။ ခင်ဗျားမှာထားတဲ့အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ပေးပါ့မယ်"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ လက်ကာပြကာ...

"နေဦး ... ကျန်သေးတယ်"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မျက်မှောင် ကြုတ်လိုက်ပြီး ...

"ဘာကျန်သေးလဲ"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ခင်ဗျားတို့သေရင် ဘယ်လိုဆောင်ရွက်ပေးရမယ်ဆိုတာ မပြောရသေးဘူးလေ"

ဟု ပြောလိုက်သည်။ အလွန်ပိန်လှီသောလူက ပြုံးလိုက်ပြီး

"မလိုဘူး ထင်ပါတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံးကာ ...

"ဘာဖြစ်လို့လဲ"

အလွန်ပိန်လှီသောလူက မြေခွေးကဲ့သို့ ပြုံးကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က ခင်ဗျားကို သတ်နိုင်မယ်ဆိုတာ ယုံကြည်လို့ပါ"

ဟု ပြန်ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ဟုတ်ပါတယ် ... ဒါပေမဲ့ လိုရမယ်ရမေးတာပါ"

ဟု ပြောလိုက်၏။

အလွန်ဝလွန်းသောလူက ရယ်မောလိုက်ပြီး ...

"ကျုပ်တို့သေသွားရင် ခင်ဗျားသမက်က ပြန်ရှင်လာအောင် လုပ်ပေးမယ်မဟုတ်လား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

အလွန်ဝလွန်းသောလူက မျက်ခုံးပင့်၍ ပြုံးကာ ...

"ကျုပ် ပြန်ရှင်လာရင် ခင်ဗျားက ဘာလုပ်မလဲ"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ကျုပ်က ထပ်ပြီးသတ်လိုက်မှာပေါ့"



"ကောင်းပြီ ... ကျုပ်အသက်ပြန်ရှင်လာပြီး ခင်ဗျားက ပြန်မသတ်ခင်မှာ ကျုပ်ကို အကောင်းစားအရက်တစ်အိုးလောက် တိုက်ပါ"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"စိတ်ချပါ၊ နှစ်တစ်ရာစါးရွက်စိမ်းအရက်တွေ ကျုပ်ဆီမှာ အများကြီးရှိပါတယ်"

ဟု ပြောလိုက်သည်။

ထို့နောက် ထန်ယန့်ရှာက အလွန်ပိန်လှီသောလူကို ကြည့်ပြီး ...

"ခင်ဗျားအတွက်ရော"

ဟု မေးလိုက်၏။ အလွန်ပိန်လှီသောလူက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မလိုပါဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက အရပ်ပုသောလူကို လှည့်ကြည့်ကာ ...

"ခင်ဗျားကော"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

အရုပ်ပုသောလူက ဆေးချေးများကပ်၍ နီကြင်ကြင် ဖြစ်နေသော သွားကိုပေါ်အောင် ဖြဲလိုက်ပြီးမှ ...

"လောကပေါ်မှာ ကျုပ်က သူများထက်ထူးပြီး နှစ်ခါပြန်သေရတယ်ဆိုရင်ပဲ ကျုပ်အတွက် လုံလောက်နေပါပြီ၊ ဒါပေမဲ့ ကျုပ်နှစ်ခါပြန်သေတယ်ဆိုတာ သိရအောင်တော့ ကျုပ်အတွက် ကမ္ဘည်းတိုင်နှစ်ခု စိုက်ပေးပါ၊ ဖြစ်နိုင်မယ်ဆိုရင် အုတ်ဂူနှစ်လုံးကိုပူးပြီး ကျုပ်အတွက် လုပ်ပေးပါ"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"စိတ်ချပါ ... ခင်ဗျားတို့မှာတဲ့အတိုင်း ဖြစ်ရပါစေ့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် ထန်ယန့်ရှာသည် ဗာဒံပင်အောက်မှ ဓားတိုက်ရှေ့လျှားသွားပြီး မြေခွေးသုံးကောင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်လေတော့၏။

ထိုအချိန်တွင် လေသည် အရှိန်အဟုန်ပြင်းစွာဖြင့် တစ်ချက်တိုက်ခတ်လာ၏။



ထို့ကြောင့် ထန်ယန့်ရှာ၏ဆံပင်သည် လေထဲ၌ လူးလွန့်သွား၏။

ထန်ယန့်ရှာ၏ အနီရောင်ဝတ်ရုံသည် လေထဲ၌ တဖျပ်ဖျပ် လူးလွန့်နေ၏။

သူသည် မြေခွေးသုံးကောင်ကို စူးစိုက်၍ ကြည့်လိုက်ပြီးနောက် သူ၏ခါး၌ ချိတ်ထားသော ဓားအိမ်မှဓားကို တဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်လေတော့သည်။

လေက ပြင်းထန်စွာ တိုက်ခတ်နေ၏။ ဂန္ဓမာပန်းပင်မှ အရွက်ခြောက်များသည် မြေပေါ်သို့ တဖြုတ်ဖြုတ် ကြွေကျလာ၏။

အလွန်ဝလွန်းသော လူ၏လက်ထဲမှာ မြင်းမွေးဖြင့်ပြုလုပ်ထားသော မြင်းမွေးတံမှ မြင်းမွေးများသည် လေထဲ၌ တဖျပ်ဖျပ် ပြည်နေ၏။

အရုပ်ပုသောလူက နောက်ကျော၌ လွယ်ထားသော ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်၏။ သူသည် သာမန်လူထက် အရုပ်ပု

သူ၏ဓားသည်လည်း သာမန်ဓားထက် သုံးလက်မနှင့် ပို၍

ပါ၏။

www.burmeseclassic.com



သို့သော် ဓားဆိုသည်မှာ တစ်လက်မပို၍ တိုလေ တစ်လက်မ ပို၍ ဒုက္ခပေးတတ်သည် မဟုတ်ပါလား။

အလွန်ဝိနိလိုသောလူက လက်နှစ်ဖက်ကို ခန္ဓာကိုယ်၏ဘေး၌ တွဲလောင်းချထား၏။ သူ၏လက်ထဲ၌ မည်သည့်လက်နက်မျှ မရှိပါ။

သူ၏ခန္ဓာကိုယ်ပေါ်၌လည်း မည်သည့်လက်နက်မျှ မရှိပါ။ သူသည် မည်သည့်အခါမျှ လက်နက်ကိုင်ဆောင်ခြင်းမရှိပါ။

သို့သော် သူ၏လက်နှစ်ဖက်သည် အလွန်ကြောက်ဖွယ်ကောင်းသော လက်နက်ပင်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သူ၏လက်နှစ်ဖက်၌ အလွန်ပြင်းထန်သည့် အဆိပ်များလူးထားသော လက်အိတ်တစ်စုံကို စွပ်ထားသောကြောင့်ပင်ဖြစ်သည်။

✹ ✹ ✹



## အခန်း (၃)

လေက တဟူးဟူး တိုက်ခတ်နေ၏။

လေတိုက်လျှင် လဲကျသွားနိုင်လောက်အောင် အလွန်ဝိနိလိုသောသူသည် လဲကျသွားခြင်း မရှိပါ။

သူသည် မည်သည့်အခါကမျှ လဲကျခဲ့ခြင်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် ...

သိုင်းလောက၌ မြေခွေးသုံးကောင်နှင့် ရင်ဆိုင်တွေ့သော သိုင်းသမားများတိုင်းသည် မြေပေါ်သို့ လဲကျသွားခဲ့ကြသည် မဟုတ်ပါလား။

သို့သော် ယခု ထန်ယန့်ရှာသည် လဲမကျသေးပါ။

ထို့အတူ မြေခွေးသုံးကောင်သည်လည်း မြေပေါ်၌ ခြေထောက်နှစ်ချောင်းဖြင့် မတ်တတ်ရပ်လျက် ရှိသေး၏။

မည်သို့ပင်ဖြစ်ပါစေ ...

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် မြေပေါ်သို့လဲကျမည့်လူ ပေါ်လာတော့မည် မဟုတ်ပါလား။

✹

လေက တဟူးဟူး တိုက်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး၌ လေတိုက်သံ၊ သစ်ရွက်များ လှုပ်ခတ်သံ၊ ရွက်ခြောက်များ ကြွေကျသံမှလွဲ၍ မည်သည့်အသံမျှ မရှိပါ။

ထန်ယန့်ရှာသည် မြေခွေးသုံးကောင်ကို စူးစိုက်ကြည့်နေ၏။

သူ၏မျက်လုံးများက သူ၏လက်ထဲမှ ဓားကဲ့သို့ပင် နေရောင်အောက်၌ တောက်ပနေ၏။

သူ၏မျက်နှာပေါ်၌ မည်သည့်ဟန်အမူအရာမျှ မရှိပါ။ မျက်နှာပေါ်၌ ဟန်အမူအရာ ကင်းမဲ့သူသည် သေမှာကို မကြောက်သောသူ ဖြစ်၏။

သေမှာကို မကြောက်သောသူသည် ဤလောကပေါ်၌ ကြောက်စရာအကောင်းဆုံးလူ ဖြစ်၏။



အလွန်ပိန်လှီသောလူသည် အလွန်ဉာဏ်ကောင်းသောလူ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ယခု သူရင်ဆိုင်တွေ့နေရသော ထန်ယန့်ရှာသည် ဤလောကပေါ်၌ ကြောက်စရာ အကောင်းဆုံး ဖြစ်ကြောင်း သိလိုက်သောကြောင့်ဖြစ်၏။

အလွန်ဝလွန်းသောသူသည် အလွန်ဉာဏ်ကောင်းသောလူ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူသည် သူ၏လက်ထဲမှ မြင်းမွေးတံဖြင့် ထန်ယန့်ရှာကို စတင်တိုက်ခိုက်လိုက်သောကြောင့်ပင် ဖြစ်သည်။

✹

အလွန်ဝလွန်းသောလူ၏ မြင်းမွေးတံက ထန်ယန့်ရှာ၏ မျက်နှာကို ရောက်ရှိလာ၏။

တစ်ချိန်တည်းမှာပင် အရုပ်ပုသောသူ၏ ခန္ဓာကိုယ်သည် ရှေ့ကို ခုန်ထွက်လာပြီး လက်ထဲမှဓားဖြင့် ထန်ယန့်ရှာ၏ ရင်ဝသို့

www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်လိုက်၏။

အလွန်ဝလွန်းသောလူနှင့် အရပ်ပုသောလူတို့က တစ်ချိန်တည်း တိုက်ခိုက်လိုက်ချိန်၌ အလွန်ပိန်လှီသော လူကလည်း လက်မနှေးပါ။

သူက ထန်ယန့်ရှာထံသို့ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်သည်။

သူ၏လက်နက်ပုန်းများက ထန်ယန့်ရှာ၏ ဦးခေါင်း၊ ရင်ဝနှင့် ခြေထောက်များသို့ ဦးတည်၍ ပစ်လွှင့်လာ၏။

မြေခွေးသုံးကောင်၏ လှုပ်ရှားမှုက မထင်မှတ်ရအောင် အလွန်လျင်မြန်၏။

သူတို့သုံးယောက်သည် ယခုကဲ့သို့ စုပေါင်း၍ တိုက်ခိုက်ခြင်းသည် ပထမဆုံးအကြိမ် မဟုတ်ပါ။

သိုင်းလောက၌ ယခုကဲ့သို့ စုပေါင်းတိုက်ခိုက်ခဲ့သည့် တိုက်ပွဲပေါင်း မရေမတွက်နိုင်အောင် ရှိခဲ့ပြီ မဟုတ်ပါလား။

ထို့ကြောင့် သူတို့သုံးယောက်၏လှုပ်ရှားမှုသည် တိကျမြန်ဆန်၏။ အလွန်ဝလွန်းသောလူ၏ မြင်းမွေးတံတိုက်ခိုက်မှုကို ထန်ယန့်ရှာက ရှောင်တိမ်းနိုင်ခဲ့လျှင် အရပ်ပုသောသူ၏ ဓားချက်ကို



ရှောင်တိမ်းနိုင်မည် မဟုတ်ပါ။

အကယ်၍ ထန်ယန့်ရှာက ရှောင်တိမ်းနိုင်ခဲ့လျှင် အလွန်ပိန်လှီသောသူ၏ လက်နက်ပုန်းများက ထန်ယန့်ရှာကို မြေပေါ်သို့ လဲကျသွားစေမည် ဖြစ်၏။

သို့သော် ထန်ယန့်ရှာသည် သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ဖူးသူ ဖြစ်သည့်အလျောက် အတွေ့အကြုံ ရင့်ကျက်နေသူ ဖြစ်၏။

ထို့ကြောင့် ...

ထန်ယန့်ရှာက အလွန်ဝလွန်းသောလူ၏ မြင်းမွေးတံကို ဓားဖြင့် ခုတ်ချလိုက်ပြီးနောက် အရပ်ပုသော လူ၏ဓားချက်ကို ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ပြီး တစ်ချက်တည်း နောက်သို့ ဝါးတစ်ရိုက်ခန့် ခုန်၍ အလွန်ပိန်လှီသောသူ၏ လက်နက်ပုန်းများကို လွတ်အောင် ရှောင်တိမ်းလိုက်၏။

ထိုအဖြစ်အပျက်သည် ဘာမျှမကြာလိုက်ပါ။ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်းသာ ကြာမြင့်ခဲ့၏။

ထို့ကြောင့် မြေခွေးသုံးကောင်သည် မယုံကြည်နိုင်အောင် အံ့သြသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးသုံးကောင်သည် ယခုကဲ့သို့ စုပေါင်းတိုက်ခိုက်ခြင်းကို အကြိမ်ပေါင်းမရေမတွက်နိုင်အောင် အသုံးချခဲ့ပြီးဖြစ်၏။

သူတို့သုံးယောက်၏ပူးပေါင်းတိုက်ခိုက်မှုမှ လွတ်မြောက်အောင် ရှောင်တိမ်းနိုင်ခဲ့သူမှာ ထန်ယန့်ရှာတစ်ယောက်တည်းသာရှိ၏။

ထို့ကြောင့် သူတို့သည် ထန်ယန့်ရှာကို မယုံကြည်နိုင်အောင် အံ့ဩသောမျက်လုံးများဖြင့် ကြည့်လိုက်မိကြ၏။

အတန်ကြာမှ အလွန်ပိန်လှီသောသူသည် ရုတ်တရက် နောက်သို့ ခြေလှမ်းနှစ်ဆယ်ခန့် လျင်မြန်စွာ ဆုတ်သွား၏။

သူ၏ပါးစပ်မှလည်း စူးရှစွာ တစ်ချက်အော်ဟစ်လိုက်၏။

တစ်ချိန်တည်းမှာပင် သူ၏လက်ထဲမှ ရွှေကြီးစေ့ခန့် ပမာဏရှိသော အနက်ရောင် လက်နက်ပုန်းသုံးလုံးကို ထန်ယန့်ရှာထံသို့ ပစ်လွှတ်လိုက်၏။

အလွန်ပိန်လှီသောလူ၏ စူးရှစွာအော်ဟစ်လိုက်သော အသံကြောင့် ဝလွန်းသောလူနှင့် အရပ်ပုသောလူတို့သည် ထန်ယန့်ရှာကို တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်တံ့လိုက်ပြီးနောက် လျင်မြန်စွာ ခုန်၍ဆုတ်သွားလေတော့၏။



မြေခွေးသုံးကောင်၏ ရုတ်တရက် ပြောင်းလဲသွားသော အပြုအမူကြောင့် ထန်ယန့်ရှာသည် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် သူသည် တဒင်္ဂမျှသာ ကြောင်အမ်းအမ်း ဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် သူသည် သိုင်းလောက၏ အတွေ့အကြုံရင့်ကျက်သူဖြစ်သောကြောင့်ပင် မဟုတ်ပါလား။

ထို့ကြောင့် သူသည် မြေခွေးသုံးကောင်၏ ရုတ်တရက် ပြောင်းလဲသွားမှုကို ချက်ချင်း သုံးသပ်နိုင်ခဲ့၏။

ထိုစဉ် သူ၏မျက်လုံးများက သူ့ထံသို့ ပစ်လွှင့်လာသော ရွှေကြီးစေ့ပမာဏခန့်ရှိ လက်နက်ပုန်းသုံးခုကို မြင်တွေ့လိုက်ရလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

လက်နက်ပုန်းသုံးခု ...။

ရွှေးကြီးစေ့ပမာဏခန့်အရွယ်ရှိသော အမည်းရောင်လက်နက်ပုန်းသုံးခုတို့သည် ထန်ယန့်ရှာထံသို့ ပစ်လွှင့်လာ၏။

အလွန်လျင်မြန်စွာ ပစ်လွှင့်လာသောကြောင့် ထန်ယန့်ရှာသည် ထိုလက်နက်ပုန်းသုံးခုကို လွတ်အောင် ရှောင်တိမ်းနိုင်စွမ်းမရှိပါ။

ထို့ကြောင့် ...

ထန်ယန့်ရှာသည် ထိုလက်နက်ပုန်းသုံးခုကို လွတ်အောင် ရှောင်တိမ်းရန် မကြိုးစားတော့ဘဲ သူ၏လက်ထဲမှ ဓားကို လေထဲ၌ တစ်ချက်ဝှေ့ယမ်းပြီး မိမိထံသို့ရောက်ရှိလာသော လက်နက်ပုန်းများကို ဓားဖြင့် ရိုက်ချလိုက်လေတော့၏။

'ထန် ထန်'



ဟူသောအသံနှင့်အတူ ပထမနှင့်ဒုတိယ ရောက်ရှိလာသော လက်နက်ပုန်းနှစ်ခုသည် ထန်ယန့်ရှာ၏ဓားဖြင့် ရိုက်မိကာ အလွန်ဝလွန်းသောလူနှင့် အရပ်ပုသောလူထံသို့ ပြန်လည်၍ ပစ်လွှင့်သွားသည်။

တတိယရောက်ရှိလာသော လက်နက်ပုန်းသည် ထန်ယန့်ရှာ၏ ဓားသွားဖြင့် ခုတ်မိကာ 'ဖုန်း' ဟူသောအသံနှင့်အတူ ပေါက်ကွဲသွားလေတော့သည်။

ပေါက်ကွဲသံနှင့်အတူ အနီရောင်မီးခိုးလုံးများ ထွက်ပေါ်လာ၏။

အနီရောင်မီးခိုးလုံးများ ပေါ်ထွက်လာသည်နှင့် ထန်ယန့်ရှာ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုအနီရောင်မီးခိုးလုံးများသည် င်းလောက၌ ကျော်ကြားသော မြေခွေးသုံးကောင်၏ 'အရိုးဆွေး ဆိပ်မှုန့်' များပင် ဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့် ထန်ယန့်ရှာသည် တုံ့ဆိုင်းမနေတော့ဘဲ ထိုအနီ င် အမှုန့်များကို ဓားဖြင့် ဝှေ့ယမ်းကာ နောက်သို့ လျင်မြန်စွာ ၍ ဆုတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယန့်ရှာသည် မြေပေါ်၌ မတ်တတ်ရပ်လျက် ရှိသေး၏။

သို့သော် သူ၏နဖူး၌ ချွေးသီးချွေးပေါက်များ သီးနေ၏။ သူသည် 'အရိုးဆွေးအဆိပ်မှုန့်' အကြောင်းကို ကောင်းစွာသိထားသူဖြစ်၏။

ထိုအဆိပ်မှုန့်သည် လူတစ်ယောက်၏ အသားများကို ငရဲမီးနှင့် စားလိုက်သကဲ့သို့ စားသွားပြီး ဖြူဖွေးသော အရိုးစုအဖြစ်သို့ ပြောင်းလဲနိုင်စွမ်းရှိသည် မဟုတ်ပါလား။

ယခု ထန်ယန့်ရှာသည် ထိုအရိုးဆွေးအဆိပ်မှုန့်ကို လွတ်အောင်ရှောင်နိုင်ခဲ့ပြီ ဖြစ်၏။

ထို့ကြောင့် ...

သူသည် မြေပေါ်၌ မတ်တတ်ရပ်နေဆဲဖြစ်၏။

ထန်ယန့်ရှာက မြေပေါ်၌ ရပ်နေသကဲ့သို့ အလွန်ပိန်လှီသော လူကလည်း မြေပေါ်၌ ရပ်နေဆဲဖြစ်၏။

သို့သော် ...

အလွန်ဝလွန်းသောလူနှင့် အရပ်ပုသောလူတို့သည် မြေပေါ်၌ မတ်တတ်မရပ်နိုင်တော့ပါ။



သူတို့သည် မြေပေါ်၌ တုံးလုံးပက်လက်လဲကျနေပြီမဟုတ်ပါလား။

✸

သိုင်းလောက၌ အလွန်ပိန်လှီသော သူ၏လက်နက်ပုန်းကို ရှောင်တိမ်းနိုင်သူ မရှိခဲ့ပါ။

ထို့ကြောင့် အလွန်ဝလွန်းသောလူနှင့် အရပ်ပုသောလူတို့သည် အလွန်ပိန်လှီလှသောလူ၏လက်နက်ပုန်းကို ထန်ယန့်ရှာက ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်၏။

ထိုအချိန်တွင် ထန်ယန့်ရှာက သူတို့ထင်မှတ်ထားသကဲ့သို့ အလွန်ပိန်လှီသော သူ၏လက်နက်ပုန်းကို ရှောင်တိမ်းရန် မကြိုးစားဘဲ ဓားဖြင့် ခပ်ထုတ်လိုက်သောကြောင့် လက်နက်ပုန်းနှစ်ခုသည် သူတို့ထံသို့ ပစ်လွှင့်လာခဲ့၏။

သူတို့နှစ်ယောက်သည် ထိုသို့ဖြစ်လာလိမ့်မည်ဟု ထင်မှတ်မထားသောကြောင့် ရုတ်တရက်လမ်းကြောင်းလွဲကာ ရောက်ရှိလာသော လက်နက်ပုန်းနှစ်ခုကို ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့သည် အလွန်နောက်ကျသွားပြီဖြစ်၏။

ထို့ကြောင့် သူတို့သည် လက်နက်ပုန်းနှစ်ခုကို လွတ်အောင် မရှောင်တိမ်းနိုင်ခင်မှာပင် လက်နက်ပုန်းနှစ်ခုက သူတို့အနီးသို့ ကျကာ ပေါက်ကွဲသွားလေတော့သည်။

✹

ထန်ယန့်ရှာက မြေပေါ်၌ လူးလိမ့်အော်ဟစ်နေသော အလွန်ဝလွန်းသောလူနှင့် အရပ်ပုသောလူတို့ကိုကြည့်ပြီး သက်ပြင်းချလိုက်၏။

အလွန်ပိန်လှီသောလူက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချကာ ...

"သူတို့က နောက်ထပ် ခြေတစ်လှမ်းလောက်ဆုတ်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ဘာမျှပြန်မပြောဘဲ မြေပေါ်၌ လူးလိမ့်နေသောလူနှစ်ယောက်ကို ကြည့်နေ၏။



ထန်ယန့်ရှာ ကြည့်နေစဉ်မှာပင် မြေပေါ်၌ လူးလိမ့်နေသောလူနှစ်ယောက်သည် ငြိမ်သက်သွားလေတော့၏။

သူတို့၏ခန္ဓာကိုယ်ပေါ်၌ အခိုးအငွေ့များ ထွက်နေ၏။ ထန်ယန့်ရှာက အလွန်ပိန်လှီသောလူကို စူးစိုက်ကြည့်ပြီး ...

"အရိုးခွေးလက်နက်ပုန်းလား"

ဟု မေးလိုက်၏။ အလွန်ပိန်လှီသောလူက သက်ပြင်းချကာ

"ဟုတ်တယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက သက်ပြင်းတစ်ချက်ရှိုက်ကာ ...

"အင်း ... ခင်ဗျားရဲ့ အရိုးခွေးအဆိပ်လက်နက်ပုန်းကို ရှောင် နိုင်တဲ့လူ မရှိခဲ့ဘူး မဟုတ်လား"

ဟု မေးလိုက်၏။ အလွန်ပိန်လှီသောသူက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ခင်ဗျားကလွဲရင် တစ်ယောက်မှမရှိခဲ့ဘူး"

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ဒီလက်နက်ပုန်းကို ခင်ဗျား ဘယ်နှခါအသုံးပြုခဲ့ဖူးလဲ"

အလွန်ပိန်လှီသောလူက ...

www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်သုံးကြိမ်"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ပြီး ...

"တစ်ခါမှ မလွဲခဲ့ဘူး မဟုတ်လား"

အလွန်ဝိန်လှိုသောလူက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ဆယ့်နှစ်ကြိမ်တိတိ မလွဲခဲ့ဘူး"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဒါဆို အခုအကြိမ်ဟာ ဆယ့်သုံးကြိမ်မြောက်လား"

အလွန်ဝိန်လှိုသောလူက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ထန်ယန့်ရှာက ပြုံးလိုက်ပြီး မြေပေါ်၌ လဲကျသေဆုံးနေသော မြွေခွေးနှစ်ကောင်ကို လှမ်းကြည့်ပြီး ...

"ဒါဆို သူတို့က ကျုပ်ရှောင်တိမ်းနိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး ထင်တယ်"

ဟု ပြောလိုက်၏။ အလွန်ဝိန်လှိုသောလူက ဦးခေါင်းညိတ်ကာ ...

"အဲဒီလို သူတို့က ထင်ခဲ့ရင် နောက်ထပ်ခြေလှမ်းငါးလှမ်းလောက် ဆုတ်ဖြစ်လိမ့်မယ်"



ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ခင်ဗျားရဲ့လက်နက်ပုန်းကို ကျုပ်က မရှောင်နိုင်ဘူးလို့ထင်တဲ့ လူနှစ်ယောက်တော့ အရှုံးခွေးသွားပြီ၊ ခင်ဗျားရော ဘာအစီအစဉ် ရှိသေးလဲ"

ဟု မေးလိုက်၏။ အလွန်ဝိန်လှိုသောလူက သက်ပြင်းချကာ ...

"ခင်ဗျား သမက်အတွက် အလောင်းနှစ်လောင်းရပြီပဲ"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ကျုပ်သမက်က အလောင်းသုံးလောင်းလိုချင်တာ"

ဟု ပြန်ပြောလိုက်၏။ အလွန်ဝိန်လှိုသောလူက သက်ပြင်းသစ်ချက်ကို ထပ်မံချလိုက်ပြီး ...

"ခင်ဗျားသမက်ကို ဈေးဆစ်ကြည့်ပါလား"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းကို ခါယမ်းလိုက်[illegible] ...

"ကျုပ်က သူလိုချင်တဲ့အလောင်းသုံးလောင်းရအောင်ရှာ[illegible]းမယ်လို့ ကတိပေးထားပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပိန်လှီသောလူက စိတ်ပျက်လက်ပျက်ဖြင့် ...

"ဒါဆို နောက်တစ်လောင်း ထပ်ရှာရမှာပေါ့"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

အလွန်ပိန်လှီသောလူက သက်ပြင်းချလိုက်ပြီး ...

"ခင်ဗျားက ကျုပ်အလောင်းပဲ လိုချင်တာလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းခါယမ်းကာ ...

"မဟုတ်ပါဘူး၊ ဒါပေမဲ့"

"အလွန်ပိန်လှီသောလူက မျက်ခုံးပင့်တင်ရင်း ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"သိုင်းလောကမှာ ခင်ဗျားဟို့လို လူစားမျိုးဟာ ခင်ဗျားတို့ သုံးယောက်အပြင် ဘယ်သူရှိသေးလို့လဲ"

ဟု ပြန်ပြောလိုက်၏။ အလွန်ပိန်လှီသောလူက ...

"ဒါဆို ကျုပ်က ဘာလုပ်ပေးရမှာလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...



"သေလိုက်ပေါ့"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက ...

"ဘာဖြစ်လို့လဲ"

ထန်ယန့်ရှာက ပြုံး၍ ...

"ခင်ဗျားရဲ့ အရိုးဆွေးအဆီပိလက်နက်ပုန်းကို ရှောင်တိမ်းနိုင်တဲ့လူရှိနေလို့"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက သက်ပြင်းချကာ ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... ကျုပ်သေရမယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် သူ၏လက်နှစ်ဖက်ကို ရုတ်တရက် လှုပ်ရှားလိုက်၏။

သူက သူ၏လက်နှစ်ဖက်ကို လှုပ်ရှားလိုက်သည်နှင့် စိမ်းဖန့်ဖန့် အလင်းတန်းကလေးများက ထန်ယန့်ရှာထံသို့ ပစ်လွှင့်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယန့်ရှာသည် အလွန်ပိန်လှီသော လူ၏ ကျော်ကြားသော အရိုးဆွေးအဆိပ်လက်နက်ပုန်းကို ရှောင်တိမ်းနိုင်ခဲ့၏။

ထို့ကြောင့် သူသည် အလွန်ပိန်လှီသောလူ၏ အဆိပ်အပ်ကလေးများကို လွယ်ကူစွာပင် ရှောင်တိမ်းနိုင်ခဲ့၏။

အလွန်ပိန်လှီသောလူသည် သူ၏အဆိပ်အပ်များကို ထန်ယန့်ရှာက လွယ်ကူစွာ ရှောင်တိမ်းနိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် သူသည် ထန်ယန့်ရှာထံသို့ အဆိပ်အပ်ကလေးများကို ပစ်လွှတ်ပြီးသည်နှင့် နောက်သို့ ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့၏။

သို့သော် သူသည် ဝေးဝေးသို့ ရောက်အောင်မပြေးနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် သူ၏ရှေ့၌ လူတစ်ယောက်သည် သူ၏ပြေးလမ်းကို ပိတ်၍ရပ်နေသောကြောင့်ပင် ဖြစ်သည်။

❋ ❋ ❋



## အခန်း (၅)

လူတစ်ယောက် ...။

အပြာရောင်အဝတ်အစားများကို ဝတ်ဆင်ထား၏။

ထိုလူသည် ဆံပင်ကို သပ်ရပ်စွာ ဖြီးသင်ထားပြီး အဖြူရောင်ဖဲကြိုးဖြင့် ချည်နှောင်ထား၏။

ထိုလူ၏ရုပ်ရည်က ချောမောသည်ဟု ပြော၍မရပါ။

သို့သော် သူ၏ရုပ်သွင်က ခံ့ညားပြီး ယောကျ်ားပီသ၏။

အလွန်ပိန်လှီ သောလူက ထန်ယန့်ရှာကို လှည့်ကြည့်ကာ ...

"ခင်ဗျားက အဖော်ခေါ်လာတာကိုး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"သူက ကျုပ် အဖော်မဟုတ်ဘူး"

ဟု ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ပိန်လှီသောလူက မိမိ၏ရှေ့၌ လမ်းပိတ်၍ရပ်နေသော အပြာရောင်ဝတ်စုံနှင့်လူကို ကြည့်ပြီး ...

"ခင်ဗျားက သူ့ရဲ့မိတ်ဆွေလား"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းခါယမ်းကာ ...

"ကျုပ်က သူ့ရဲ့မိတ်ဆွေ မဟုတ်ဘူး"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မျက်မှောင်ကြုတ်ကာ ...

"ဒါဆို ဘာဖြစ်လို့ ခင်ဗျားက ကျုပ်ကို ဟန့်တားရတာလဲ"

ဟု မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ကျုပ်က ခင်ဗျားကို ဟန့်တားမိလို့လား"

ဟု ပြန်ပြောလိုက်၏။ အလွန်ပိန်လှီသောလူက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီးမှ ...

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ရဲ့ ပြေးလမ်းကို ပိတ်ပြီး ရပ်နေတာလဲ"

ဟု ပြန်မေးလိုက်၏။



အပြာရောင်ဝတ်စုံနှင့်လူက ပြုံးရင်း ...

"ကျုပ်က ပိတ်ပြီးရပ်နေတာ မဟုတ်ဘူး။ ခင်ဗျားက ကျုပ်ရပ်နေတဲ့နေရာကို ပြေးလာတာ"

ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူသည် ဘာမျှ မပြောတော့ပါ။

သူသည် ထန်ယန့်ရှာကိုတစ်လှည့် အပြာရောင် ဝတ်စုံနှင့်လူကိုတစ်လှည့် ကြည့်လိုက်၏။

ထန်ယန့်ရှာက မလှုပ်မယှက် ရပ်နေ၏။ အပြာရောင်ဝတ်စုံနှင့် လူကလည်း မလှုပ်မယှက် ရပ်နေ၏။

အလွန်ပိန်လှီသောလူသည် ထန်ယန့်ရှာနှင့်အပြာရောင်ဝတ်စုံနှင့်လူကို တစ်ချက်ကြည့်ပြီး ထန်ယန့်ရှာကလည်း မိမိကို လွှတ်ပေးမည်မဟုတ်ကြောင်း နားလည်လိုက်၏။

တစ်ဆက်တည်းမှာပင် အပြာရောင်ဝတ်စုံနှင့်လူကလည်း မိမိကို လမ်းဖယ်ပေးလိမ့်မည်မဟုတ်ကြောင်း သဘောပေါက်လာ၏။

ထို့ကြောင့် သူသည် သက်ပြင်းကိုချလိုက်ပြီး နောက်ကျော၌ ပိုးထားသော တစ်တောင်သာသာခန့်အရွယ်ရှိ ပတ္တူရှည်လိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ယူလိုက်၏။

ထို့နောက် ပတ္တမြားဖျာလိပ်ပေါ်မှ ချည်ထားသော ကြိုးကို ဖြည်ချလိုက်၏။

ထိုသို့ ပတ္တမြားဖျာလိပ်ကို ဖြည်ချလိုက်သောအခါ အတွင်းဘက်၌ ပစ္စည်းများထည့်ရန် အကန့်ကလေးများ ချုပ်ထားပြီး ထိုအကန့်ကလေးများ၌ ပစ္စည်းများထည့်ထားကြောင်းကို ထန်ယန့်ရှာက မြင်တွေ့လိုက်ရ၏။

ထို့ကြောင့် ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ခင်ဗျားကို ကျုပ်က လက်နက်မသုံးဘူးလို့ ထင်နေတာ"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက ပြုံးလိုက်ပြီး ...

"ဟုတ်ပါတယ်၊ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ"

ဟု ပြန်ပြောလိုက်ပြီး ပတ္တမြားဖျာလိပ်၏ အကန့်ထဲမှ ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ယူ၍ တပ်ဆင်နေ၏။

မကြာမီမှာပင် အလွန်ပိန်လှီသော လူ၏လက်ထဲ၌ လှံသွားနှစ်ခုပါသော ခက်ရင်းခွတစ်ချောင်း ရောက်ရှိလာပြီဖြစ်၏။

အလွန်ပိန်လှီသောလူက လက်ထဲမှ လှံသွားနှစ်ခုပါသော



ခက်ရင်းခွကို လေထဲ၌ တစ်ချက်ဝှေ့ယမ်းလိုက်ပြီး မိမိ၏ပြေးလမ်းကို ပိတ်ဆို့ထားသော အပြာရောင်ဝတ်စုံနှင့်လူကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ထန်ယန့်ရှာက လက်ကာပြရင်း ...

"ဟေ့ နေဦး ... ခင်ဗျား လူမှားနေပြီ"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။

ထန်ယန့်ရှာက ပြုံး၍ ...

"ခင်ဗျားနဲ့ ကျုပ်နဲ့တိုက်ခိုက်နေတာလေ၊ ခင်ဗျားက မေ့သွားပြီလား"

ဟုပြန်ပြောလိုက်၏။ အလွန်ပိန်လှီသောလူက မြေခွေးကဲ့သို့ ပြုံးလိုက်ပြီး ...

"ကျုပ်က ဧည့်သည်ကို ဦးစားပေးမလို့ပါ"

ဟု ပြန်ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသေသွားရင် အဲဒီလူနဲ့ မတိုက်ခိုက်ရမှာကို စိုးရိမ်လို့လား"

ဟု မေးလိုက်၏။

အလွန်ပိန်လှီသောလူက မဲ့ပြုံးပြုံးကာ ...

"ခင်ဗျားက ကျုပ်ရဲ့လက်နက်ပုန်းကို ရှောင်နိုင်လို့ ဘဝင်မြင့်နေတာလား"

ဟု ပြန်မေးလိုက်၏။ ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ခက်ရင်းခွဟာ ဓားသမားတွေကိုဒုက္ခပေးနိုင်တဲ့ လက်နက်တစ်မျိုးလို့ ကျုပ်နားလည်ထားတယ်"

ဟု ပြောလိုက်၏။

အလွန်ပိန်လှီသောလူက ပြုံးလိုက်ပြီး ...

"ဒါဆို ကျုပ်က ဧည့်သည်ကို အရင်ဧည့်ခံတာ ခင်ဗျားက ကန့်ကွက်ချင်သေးလား"

ဟု ပြန်မေးလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ ကျုပ်က ခင်ဗျားရဲ့ခက်ရင်းခွ ဘယ်လောက် ဒုက္ခပေးနိုင်တယ်ဆိုတာ သိချင်သေးတယ်"



ဟု ပြောလိုက်၏။ အလွန်ပိန်လှီသောလူက ဦးခေါင်းညိတ်ကာ ...

"ကောင်းပြီလေ ... ခင်ဗျားရဲ့ဆန္ဒကို ကျုပ်က ဖြည့်ဆည်းပေးပါ့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် အလွန်ပိန်လှီသောလူက လက်ထဲမှ ခက်ရင်းခွကို လေထဲ၌ ဝှေ့ယမ်း၍ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် သိုင်းကွက်ဖော်လိုက်ပြီးနောက် ရုတ်တရက် "ယား" ဟု အော်ဟစ်ကာ ထန်ယန့်ရှာကို အရကြမ်း စတင်တိုက်ခိုက်လေတော့သည်။

❋

အလွန်ပိန်လှီလှသောလူသည် မြေခွေးသုံးကောင်၌ သိုင်းပညာအဆင့်အမြင့်ဆုံး ဖြစ်၏။

သူ၏ပုံပန်းသဏ္ဌာန်က သေအံ့ဆဲဆဲ လူမမာတစ်ယောက်သို့ ဖြစ်နေသော်လည်း သူ၏လှုပ်ရှားမှုက အလွန်လျင်မြန်၏။

သူ၏တိုက်ခိုက်မှုက အလွန်အားမာန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲမှ ခက်ရင်းခွက ပုံပန်းသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲသွားပြီးနောက် ထန်ယန့်ရှာထံသို့ ရောက်ရှိလာ၏။

လျှပ်တစ်ပြက် မျက်စိတစ်မှိတ် အချိန်အတွင်း၌မှာပင် အလွန်ပိန်လှီလွန်းသောလူ၏ ခက်ရင်းခွသည် ထန်ယန့်ရှာ၏ ခန္ဓာကိုယ် တစ်ခုလုံးကို လွှမ်းခြုံသွားလေတော့၏။

ထန်ယန့်ရှာက တည်ငြိမ်စွာရပ်နေ၏။ သူ၏မျက်လုံးများက မျက်တောင်မခတ်ပါ။

သူသည် အလွန်ပိန်လှီသောလူ၏လှုပ်ရှားမှုကို တည်ငြိမ်စွာ ကြည့်နေ၏။

ထို့နောက် သူက ရုတ်တရက် ဓားကို စက်ဝိုင်းပုံသဏ္ဌာန် လှုပ်ရှားလိုက်၏။

ထိုသို့ လှုပ်ရှားလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်ပေါ်၌ လွှမ်းခြုံထားသော ခက်ရင်းခွ၏အရိပ်များသည် ရုတ်ခြည်းရပ်တန့်သွားပြီး အလွန်ပိန်လှီသောသူသည် နောက်သို့ ခြေလှမ်းသုံးလှမ်း လေးလှမ်းခန့် ဆုတ်သွား၏။

ထို့နောက် အလွန်ပိန်လှီသောသူသည် ဘာမျှမပြောဘဲ ထန်ယန့်ရှာကို တအံ့တသြဖြင့် မျက်လုံးပြူး၍ ကြည့်နေ၏။



သူသည် ထိတ်လန့်ကြောက်ရွံ့တတ်သူတစ်ယောက် မဟုတ်ပါ။

သူသည် ဘယ်သောအခါမျှ ကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ် ဖြစ်ပေါ်ဖူးခြင်းမရှိပါ။

သို့သော် ယခု သူသည် ပထမဆုံးအကြိမ်အဖြစ် ထန်ယန့်ရှာကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်လိုက်မိလေတော့သည်။

ထန်ယန့်ရှာက ရပ်နေ၏။ ထန်ယန့်ရှာ၏ မျက်နှာပေါ်၌ မည်သည့်အမူအရာမျှ မရှိပါ။

အလွန်ပိန်လှီသောလူသည် အသက်ကို ခပ်ပြင်းပြင်း တစ်ချက် ရှုလိုက်ပြီး ထိတ်လန့်ကြောက်ရွံ့မှုကို ပြန်လည် ထိန်းချုပ်လိုက်သည်။

ထို့နောက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ ထိုဆုံးဖြတ်ချက်မှာ ထန်ယန့်ရှာနှင့် သူသေကိုယ်သေ တိုက်ခိုက်ရန်ပင် ဖြစ်သည်မဟုတ်ပါလား။

တစ်ခါတစ်ရံ၌ ထိုသို့ သူသေကိုယ်သေ တိုက်ခိုက်ခြင်းသည် သူ့ဘဝ၌ ဆက်လက်အသက်ရှုနိုင်ရန် အသက်ရှင်သန်ခွင့်ကို ရတတ်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အလွန်ပိန်လှီသောလူသည် အသက်ကိုဝအောင် တစ်ချက်ရှူသွင်းလိုက်ပြီး ရုတ်တရက် ထန်ယန့်ရှာကို ခုန်အုပ်လိုက်လေတော့၏။

တစ်ချိန်တည်းမှာပင် လက်ထဲမှ ခက်ရင်းခွ၊ ထန်ယန့်ရှာထံသို့ ပစ်လွှတ်လိုက်လေတော့၏။ အလွန်ပိန်လှီသောလူ၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်၏။

ထို့ပြင် အလွန်ပိန်လှီသောလူ၏ တိုက်ခိုက်မှုမှာ သူသေကိုယ်သေ အသေခံ၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် ထန်ယန့်ရှာသည် အလွန်ပိန်လှီသောလူ၏ တိုက်ခိုက်မှုကို ယခုတစ်ကြိမ်၌ ရှောင်တိမ်းနိုင်ပါဦးမည်လော။

'ထန်'

ဟူသော သံနှင့်သံချင်း ထိတွေ့သံပေါ်ထွက်လာပြီး နောက် အလွန်ပိန်လှီသောလူ၏ ခက်ရင်းခွသည် မြေပေါ်သို့ လွင့်စဉ်ကျသွား၏။

အလွန်ပိန်လှီသောလူသည်လည်း နောက်သို့ ခြေလှမ်းနှစ်လှမ်း သုံးလှမ်းခန့် ဆုတ်ခွာသွား၏။ အလွန်ပိန်လှီသောလူ၏ မျက်လုံးများသည် ထိတ်လန့်တုန်လှုပ်နေ၏။



သူ၏ခန္ဓာကိုယ်သည်လည်း မသိမသာ တုန်ယင်နေ၏။ သူ၏မျက်လုံးထဲ၌ ထန်ယန့်ရှာသည် သူ၏သေမင်းဟု ထင်လာ၏။ ထန်ယန့်ရှာက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

သူသည် သူ၏ဓားကိုင်ထားသောလက်ကို အောက်သို့ တွဲလောင်းချထား၏။ သူ၏ဓားဖျား၌ သွေးများ စွန်းထင်းနေ၏၊ သူ၏ဓားဖျား၌ ကပ်ငြိနေခဲ့သော အရိုးဆွေးအဆိပ်မှုန့်များလည်း ဓားဖျား၌ မရှိတော့ချေ။

အလွန်ပိန်လှီသောလူ၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တစ်ချက်တွန့်သွား၏။

သူ၏ရင်ဘတ်၌ စူး၍ နာကျင်လာ၏။ ထို့ကြောင့် သူက မိမိ၏ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်။

သူ၏ရင်ဘတ်၌ သွေးများစို့နေ၏။ အလွန်ပိန်လှီသောလူက မျက်လုံးပြူးကျယ်သွားပြီး ထန်ယန့်ရှာကို လှမ်းကြည့်ကာ ...

"ကျုပ် ဒဏ်ရာရသွားလို့ ခင်ဗျားက ဆက်ပြီးမတိုက်ခိုက်တာလား"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းညိတ်ပြလိုက်သည်။ အလွန်ပိန်လှီသောသူက သက်ပြင်းချကာ ...

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို မသတ်တာလဲ”

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

“မလိုတော့ဘူးထင်လို့ပါ”

အလွန်ပိန်လှီသောလူက မဲ့ပြုံးပြုံးကာ ...

“ဘာဖြစ်လို့လဲ”

ဟုမေးလိုက်၏။ ထန်ယန့်ရှာက သက်ပြင်းချရင်း ...

“စောစောက ကျုပ်ရဲ့ဓားဖျားမှာ ခင်ဗျားရဲ့ အရိုးဆွေး အဆိပ်မှုန့်တွေ ကပ်နေတယ်၊ ဒါပေမဲ့ အခု မရှိတော့ဘူး”

ဟု ပြောလိုက်သည်။ ထန်ယန့်ရှာ၏စကားကြောင့် အလွန်ပိန်လှီသောလူသည် မျက်လုံးပြူးသွားပြီးနောက် ရုတ်တရက် ရှုံ့မဲ့ နာကျင်စွာ တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ်သို့ ဘုန်းခနဲ လဲကျ သွားလေတော့သည်။

❋ ❋ ❋



## အခန်း (၆)

ယခု ထန်ယန့်ရှာ၏ဓားသည် ထန်ယန့်ရှာ၏လက်ထဲ၌ မရှိ တော့ပါ။ ဓားက ဓားအိမ်ထဲသို့ ပြန်လည်ရောက်ရှိသွားပြီ ဖြစ်ပါ သည်။

အလွန်ပိန်လှီသောသူသည် ပြေးလမ်းကို ပိတ်၍ရပ်ခဲ့သော အပြာရောင်ဝတ်စုံနှင့်လူက ထန်ယန့်ရှာကို ပြုံးပြလိုက်ပြီး ...

“အင်း ... ခင်ဗျားရဲ့ဓားက အတော်ထက်မြက်တာပဲ”

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ထိုလူကို စူးစိုက်ကြည့် လိုက်ပြီး ...

“ခင်ဗျားက ဘယ်သူလဲ”

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...

“ခင်ဗျားက ကျုပ်ကိုမသိပေမယ့် ကျုပ်က ခင်ဗျားကို သိပါ တယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ထိုအပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"ခင်ဗျားက ကျုပ်ကိုသိတယ် ... ဟုတ်လား"

ဟု ပြန်မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ပြီး ...

"ကျုပ်က သိုင်းလောကမှာ နာမည်ကြီးတဲ့သိုင်းသမားတွေကို စာရင်းပြုစုခဲ့ပါတယ်၊ ဒါကြောင့် ခင်ဗျားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က သိုင်းလောကမှာ နာမည်ကြီးခဲ့တဲ့ ထန်ယန့်ရှာဆိုတာ ခင်ဗျားရဲ့ဓားကွက်ကို ကြည့်ရုံနဲ့ ကျုပ်သိပါတယ်"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာက မျက်မှောင်ကြုတ်သွားပြီး ...

"ခင်ဗျားက ဘာဖြစ်လို့ စာရင်းပြုစုရတာလဲ"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...

"ကျုပ်က သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ သိုင်းသမားတွေနဲ့ ယှဉ်ပြိုင်ချင်လို့ပါ"



ဟု ပြောလိုက်၏။

ထိုအပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာက အပြာရောင်ဝတ်စုံနှင့်လူကို စူးစိုက်ကြည့်လိုက်ပြီး ...

"ဒါဆို ခင်ဗျားက ကျုပ်နဲ့ ယှဉ်ပြိုင်ချင်တယ်ဆိုပါတော့"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ် ... ဒါပေမဲ့"

ဟု စကားဆုံးအောင်မပြောဘဲ ရပ်တန့်ထားလိုက်၏။ ထို့ကြောင့် ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

ဟု မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ကျုပ် ခင်ဗျားနဲ့ မယှဉ်ပြိုင်ချင်တော့ဘူး"

ဟု ပြောလိုက်၏။

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...

"မြေခွေးသုံးကောင် သေသွားလို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ...

"ခင်ဗျားက သူတို့ကို မသေချင်လို့ စိတ်ပြောင်းသွားတာလား"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းခါယမ်းကာကာ ...

"မဟုတ်ပါဘူး ... ဝါမြစ်က ကျူးယင်းလို မဖြစ်စေချင်လို့ပါ"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာသည် မျက်မှောင်ကြုတ်သွားပြီး ...

"ခင်ဗျားက ကျူးယင်းကို သိလို့လား"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက အေးတိအေးစက်ပြုံးရင်း ...

"ခင်ဗျားလည်း သိလိမ့်မယ်ထင်တယ်"

ဟု ပြန်ပြောလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"သိတယ်"

အပြာရောင်ဝတ်စုံနှင့်လူက အေးစက်စွာပြုံးရင်း ...



"အခု သူသေသွားပြီ"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာသည် မယုံကြည်နိုင်အောင် ဖြစ်သွားပြီး ...

"သေသွားပြီ ... ဟုတ်လား"

ဟု ပြန်၍မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ထန်ယန့်ရှာက သက်ပြင်းချရင်း ...

"ဘယ်သူ့လက်ချက်လဲ"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက အေးစက်စွာ တစ်ချက်ပြုံးလိုက်ပြီး ...

"ကျုပ်လက်ချက်ပါ"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် ထန်ယန့်ရှာသည် မယုံကြည်နိုင်လောက်အောင် အံ့သြစွာဖြင့် အပြာရောင်ဝတ်စုံနှင့်လူကို ကြည့်ရင်း ...

"ဘာပြောတယ် ... ခင်ဗျားရဲ့လက်ချက် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု တအံ့တသြ မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းကို ဖြည်းညင်းစွာညိတ်ရင်း ...

"ဟုတ်ပါတယ် ... သူက ကျုပ်ရဲ့လက်ဝါးတစ်ချက်မိပြီး သေဆုံးသွားတာပါ"

ဟု ဖြည်းညင်းစွာ ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူ၏စကားအဆုံးမှာ ထန်ယန့်ရှာသည် ဘာမျှ ပြန်လည်၍ မပြောနိုင်လောက်အောင်ပင် ဆွံ့အ၍ သွားလေတော့သည်။

❋ ❋ ❋



## အခန်း (၇)

ကျူးယင်း ...။

ဓားနှစ်လက်ကျူးယင်း။

မြစ်ဝါတစ်လျှောက်၌ ဓားနှစ်လက်ကျူးယင်းကို မသိသူ မရှိပါ။

သူ၏ဓားနှစ်လက်သည် သိုင်းလောက၌ နှစ်ပေါင်းနှစ်ဆယ် ကျော် ပြိုင်ဘက်ကင်းခဲ့၏။

ကျူးယင်း၏ သိုင်းပညာအဆင့်သည် မိမိထက်မနိမ့် ကြောင်းကို ထန်ယန့်ရှာက ကောင်းစွာသိ၏။ ယခု ဓားနှစ်လက်ကျူး ယင်းသည် သေဆုံးသွားခဲ့ပြီဖြစ်၏။

အမည်မသိသော အပြာရောင်ဝတ်စုံနှင့်လူ၏ လက်ဝါးတစ် ချက်ဖြင့် ဓားနှစ်လက်ကျူးယင်းသည် သေဆုံးရခဲ့ပြီဖြစ်၏။

ဤသို့ဆိုလျှင် မိမိလည်း အမည်မသိသော အပြာရောင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနှင့်လူ၏ လက်ချက်ဖြင့် သေဆုံးရမည်လော။

ထန်ယန့်ရှာက သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်၏။

ပြီးမှ ခြောက်ကပ်သောအသံဖြင့် ...

"ခင်ဗျားက ကျုပ်နဲ့ယှဉ်ပြိုင်ချင်စိတ် မရှိဘူးလား"

ဟု မေးလိုက်၏။ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသူက ဦးခေါင်းညိတ်ပြလိုက်၏။

ထန်ယန့်ရှာက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီးမှ ...

"ကျုပ်က မြွေခွေးသုံးကောင်နဲ့ ကိုက်ခိုက်ထားလို့ ခင်ဗျားက ကျုပ်ပင်ပန်းနေတယ်ဆိုပြီး မယှဉ်ပြိုင်တဲ့သဘောတော့ မဟုတ်ပါဘူးနော်"

ဟု မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"မဟုတ်ပါဘူး"

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"ဒါဖြင့် ဘာဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ"

အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...



"စိတ်ဝင်စားလို့"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာက မျက်ခုံးပင့်ကာ ...

"စိတ်ဝင်စားလို့ ... ဟုတ်လား"

ဟု ထပ်၍ မယုံကြည်ဟန်ဖြင့် မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... စိတ်ဝင်စားလို့"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းကိုခါယမ်းပြီး ...

"ကျုပ်တော့ ဘယ်လိုမှ နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...

"ဒီလိုပါ၊ ပထမတော့ ကျုပ်က မြွေခွေးသုံးယောက်နောက်ကို လိုက်လာတာပါ"

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ရင်း ...

"သူတို့နဲ့ယှဉ်ပြိုင်ဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...

"ကျုပ်က သူတို့သုံးယောက်ကို ငရဲပြည်ပို့မလို့ လိုက်လာတာ"

ထန်ယန့်ရှာက ...

"ရန်ငြိုးရှိလို့လား"

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းခါယမ်းပြီး ...

"မရှိဘူး ... ဒါပေမဲ့ သူတို့က သိုင်းလောကမှာ အလွန်ရက်စက်ပြီး ကြမ်းကြုတ်တယ်လို့ နာမည်ကြီးနေတော့ ကျုပ်က သူတို့ကို သိုင်းလောကထဲက အပြီးအပိုင်မောင်းထုတ်မလို့ လိုက်လာခဲ့တာ"

ထန်ယန့်ရှာက သက်ပြင်းချလိုက်ပြီး ...

"သူတို့သုံးယောက် သေသွားပြီပဲ၊ ခင်ဗျားအနေနဲ့ ဘာမှ မနစ်နာပါဘူး"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ခင်ဗျားက သူတို့သုံးယောက်ကို သုတ်သင်လိုက်တော့ ကျုပ်အတွက် သက်သာသွားတာပေါ့"

ဟု ပြောလိုက်၏။



ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဒါဆို ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ကျေးဇူးမတင်သေးတာလဲ"

ဟု မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက လက်ကာပြရင်း ...

"ကျုပ်က ကျုပ်လုပ်ရမယ့်အလုပ်ကို တစ်ယောက်ယောက်က ဝင်ပြီးလုပ်တာ မကြိုက်ဘူး"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"ဒါဖြင့် ခင်ဗျားက ကျုပ်ကို ကျေးဇူးမတင်ဘူးလား"

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ခင်ဗျားကြောင့် မြေခွေးသုံးကောင် သေသွားလို့ ကျုပ်က ခင်ဗျားနဲ့ယှဉ်ပြိုင်မယ်လို့ စိတ်ကူးခဲ့သေးတယ်"

ထန်ယန့်ရှာက မဲ့ပြုံးပြုံးကာ ...

"ဒါပေမဲ့ ခင်ဗျားက စိတ်ကူးပြောင်းသွားတယ် မဟုတ်လား"

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျုပ်က စိတ်ဝင်စားစရာတစ်ခုကို တွေ့သွားလို့"

ထန်ယန့်ရှာက နားမလည်ဟန်ဖြင့် ...

"ဘာကို ခင်ဗျားက စိတ်ဝင်စားသွားရတာလဲ"

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ခင်ဗျားသမက်ကိုပါ"

ထန်ယန့်ရှာက အံ့ဩဟန်ဖြင့် မျက်ခုံးပင့်ကာ ...

"ကျုပ်သမက် ... ဟုတ်လား"

ဟု မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ပြီး ...

"ဟုတ်တယ် ... အမှန်ပြောရရင် ခင်ဗျားသမက်ကို စိတ်ဝင်စားတာထက် လူသေကိုပြန်ပြီး ရှင်အောင်လုပ်နိုင်မယ်ဆိုတာကို ပိုပြီး စိတ်ဝင်စားတာပါ"

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ပြီး ...

"ဟုတ်တယ် ... အမှန်ပြောရရင် ခင်ဗျားသမက်ကို စိတ်ဝင်စားတာထက် လူသေကို ပြန်ပြီး ရှင်အောင်လုပ်နိုင်မယ်ဆိုတာကို ပိုပြီး စိတ်ဝင်စားတာပါ"



အပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် ထန်ယန့်ရှာက မျက်မှောင်ကြုတ်သွားပြီး ...

"ခင်ဗျားက ကျုပ်တို့ပြောတာတွေကို အားလုံးကြားခဲ့တာပေါ့"

ဟုမေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"မှန်ပါတယ် ... ခင်ဗျားတို့ ပြောနေဆိုနေတာတွေကို ကျုပ် အားလုံးကြားပါတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဘာမျှ ပြန်မပြောတော့ပါ။ အပြာရောင်ဝတ်စုံနှင့်လူက ပြုံး၍ ...

"ကျုပ်ကိုယ်ကျုပ် မိတ်ဆက်ပေးပါရစေ၊ ကျုပ်နာမည်က ချိန့်ယိစန်းပါ၊ ကျုပ်က ခင်ဗျားသမက်ရဲ့ ဆေးပညာကို လေ့လာချင်တယ်၊ ခင်ဗျားက ကျုပ်ကို မိတ်ဆွေလို့ အသိအမှတ်ပြုနိုင်ပါ့မလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာသည် အပြာရောင်ဝတ်စုံနှင့် လူကို အတန်ကြာအောင် ငေး၍ ကြည့်နေမိ၏။

အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်နဲ့မိတ်ဆွေဖြစ်ချင်တယ် ... ဟုတ်လား"

ဟု ထပ်၍ မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ဒီတစ်ခါ ကျုပ်ကစိတ်ပြောင်းသွားမှာ မဟုတ်ပါဘူး"

ဟု ပြန်ပြောလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"မယုံနိုင်စရာပဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်က ခင်ဗျားကို မိတ်ဆွေ အဖြစ် အသိအမှတ်ပြုပါတယ်ဗျာ"

ဟုပြောလိုက်၏။

ဤလောကတွင် မိတ်ဆွေတစ်ယောက် ရရှိခြင်းသည် ရန်သူ အယောက်တစ်ရာကို အောင်နိုင်ခြင်းပင် ဖြစ်သည်မဟုတ်ပါလား။

အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဒါဆို ခင်ဗျားနဲ့ကျုပ်နဲ့ မိတ်ဆွေဖြစ်သွားပြီပေါ့"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ခင်ဗျားနဲ့ကျုပ်နဲ့ မိတ်ဆွေဖြစ်သွားပြီ"



ဟု ပြန်ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"ဒါဆို ခင်ဗျားက ကျုပ်ကို ခင်ဗျားရဲ့အိမ်ကို ခေါ်သွားမှာ လား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ပြုံးကာ ...

"ခင်ဗျားက ကျုပ်မိတ်ဆွေဖြစ်ပြီပဲ၊ ကျုပ်က ဘာဖြစ်လို့ ကျုပ်ရဲ့အိမ်ကို အလည်မခေါ်ရမှာလဲ"

ဟု ပြန်ပြောလိုက်၏။

ချိန်ယိစန်းက ပြုံးကာ ...

"ဒါဆို ခင်ဗျားသမက်ရဲ့ဆေးပညာရပ်ကို ကျုပ်က လေ့လာ လို့ရပြီပေါ့"

ဟုပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးကာ ...

"ခင်ဗျားကသာ စိတ်ဝင်စားမယ်ဆိုရင် ခင်ဗျားကို ဘယ်သူ ကမှ ကန့်ကွက်မှာမဟုတ်ပါဘူး"

ဟု ပြန်ပြောလိုက်၏။

ချိန်ယိစန်းက ဦးခေါင်းညိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်ဗျားသမက်က ဒီမြွေခွေးသုံးကောင်ကို အသက်ပြန်သွင်းလို့ရပါ့မလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက မျက်ခုံးပင့်ကာ ...

"လူသေအလောင်းဖြစ်သွားရင် ရပြီ"

ချိန်ယိစန်းက ပြုံးကာ ...

"သူတို့က လူသေအလောင်း မဟုတ်ဘူး"

ထန်ယန့်ရှာက မျက်မှောင်ကြုတ်၍ ...

"သူတို့က လူသေအလောင်းမဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ"

ဟု ပြန်ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"သူတို့က အရိုးစုဖြစ်သွားပြီ"

ဟု ပြောကာ မြေပေါ်၌ လဲကျသေဆုံးနေသော မြွေခွေးသုံးကောင်ကို ညွှန်ပြလိုက်၏။

ထန်ယန့်ရှာသည် ချိန်ယိစန်း ညွှန်ပြလိုက်သောကြောင့် သေဆုံးနေသော မြွေခွေးသုံးကောင်ကို လှမ်း၍ ကြည့်လိုက်၏။

ထိုသို့ ကြည့်လိုက်မိသည်နှင့် ထန်ယန့်ရှာ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။



အဘယ်ကြောင့်ဆိုသော် သေဆုံးနေသော မြွေခွေးသုံးကောင်သည် ယခုအချိန်၌ အရိုးစုသုံးခုအဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်သည်။

အရိုးများက ဖြူဖွေး၍နေ၏။ အသားစဟူ၍ တစ်ဖတ်မျှ မရှိတော့ပါ။ ယခု သူတို့သုံးယောက်သည် ကွဲပြားခြားနားမှု မရှိတော့ပါ။

သူတို့သုံးယောက်သည် ဖြူဖွေးသော အရိုးစုအဖြစ် ပြောင်းလဲသွားခဲ့ပြီ မဟုတ်ပါလား။

ချိန်ယိစန်းက လက်ဖွေ့ယမ်းပြကာ ...

"ခင်ဗျားသမက်က အရိုးစုကိုရော အသက်ပြန်သွင်းနိုင်ပါ့မလား"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက သက်ပြင်းချကာ ...

"သူ့ရှာနိုင်းတာကတော့ လူသေအလောင်းပဲ၊ ဒါပေမဲ့ အရိုးစုသုံးခုကိုတော့ သူ့ဆီကို ပို့သင့်တယ်"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထောက်ခံဟန်ဖြင့် ပြောလိုက်၏။

ချိန်ယိစန်းက ပြုံးကာ ...

"အင်း ... မြေခွေးသုံးကောင်ရဲ့ အရိုးဆွေးအဆိပ်မှုန့်က အတော် စွမ်းတာပဲ"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဒီလောက်အထိ စွမ်းလိမ့်မယ်လို့ အစက ကျုပ်မထင်ခဲ့ဘူး"

ဟု ပြန်ပြောလိုက်၏။ ချိန်ယိစန်းက ပြုံး၍ ...

"ခင်ဗျားဓားကလည်း သူကို့အဆိပ်မှုန့်ကို လှကို အရိုးစု ဖြစ်စေသလား"

ဟုမေးလိုက်၏။ ထန်ယန့်ရှာက ပြုံးကာ ...

"မဟုတ်ပါဘူး၊ ဟိုမြေခွေးဝိန်က ကျုပ်ကို အဆိပ်လက်နက် ပုန်းသုံးခုနဲ့ ပစ်တုန်းက နှစ်ခုကို ကျုပ်က ဟိုမြေခွေးနှစ်ကောင်ဆီကို ရောက်အောင် ဓားနဲ့ပက်ထုတ်လိုက်တယ်၊ တတိယတစ်ခုကိုတော့ အချိန်မရတာနဲ့ ဓားနဲ့ခုတ်ပြီး ဖောက်ခွဲလိုက်ရတယ်၊ ဒါကြောင့် ကျုပ်ရဲ့ဓားဖျားမှာ သူတို့ရဲ့အနီရောင် အရိုးဆွေးအဆိပ်မှုန့်တွေ ကပ်နေတာပေါ့"



ချိန်ယိစန်းက ပြုံးကာ ...

"ဟုတ်ပြီ ... ကျုပ်သဘောပေါက်ပြီ၊ ခင်ဗျားဓားက ဟိုမြေခွေးဝိန်ကို ထိုးမိသွားတော့ ဓားဖျားကအဆိပ်တွေက သူ့ကို အဆိပ်သင့်သွားတာပေါ့"

ထန်ယန့်ရှာက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ် ... မြွေအလမ္ပာယ်ဆရာဟာ မြွေကိုက်ခံရပြီး သေသလို အဆိပ်ကိုအသုံးပြုတဲ့လူလည်း အဆိပ်နဲ့သေသွားတာပေါ့"

ဟုပြောလိုက်၏။

ထို့နောက် ထန်ယန့်ရှာက တောင်ကုန်း၏အောက်ဘက် တစ်နေရာ၌ရှိသော ဗာဒံပင်အောက်မှ မြင်းလှည်းကို တစ်ချက်ကြည့်ပြီး လက်ခုပ်နှစ်ချက်တီးလိုက်၏။

ထန်ယန့်ရှာ၏ လက်ခုပ်တီးသံအဆုံးတွင် မြင်းဟီသံတစ်ချက် ပေါ်ထွက်လာပြီး ဗာဒံပင်အောက်မှ မြင်းလှည်းသည် တရွေ့ရွေ့ဖြင့် လှုပ်ရှားလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် ထန်ယန့်ရှာ၏ရှေ့၌ ရပ်တန့်လိုက်၏။

ထို့နောက် မြင်းလှည်းပေါ်မှ လူနှစ်ယောက်က မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထိုလူနှစ်ယောက်သည် အနက်ရောင်အ၀တ်အစားများကို ဆင်တူ၀တ်ဆင်ထားကြ၏။

သူတို့၏ အင်္ကျီအ၀တ်အစားများက အနက်ရောင်ဖြစ်သကဲ့သို့ မြင်းလှည်းပေါ်၌ ပါရှိလာသော ခေါင်းတလားသုံးလုံးကလည်း အနက်ရောင်ဖြစ်၏။

ထန်ယန့်ရှာက မြင်းလှည်းသမားနှစ်ယောက်ကို စူးစိုက်ကြည့်ကာ ...

"ငါမှာထားတာတွေကို အားလုံးမှတ်မိတယ် မဟုတ်လား"

ဟု မေးလိုက်၏။ အနက်ရောင် အ၀တ်အစားအများ ၀တ်ဆင်ထားသော လူနှစ်ယောက်က ပြိုင်တူဦးခေါင်းညိတ်ပြလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဒီအရိုးစုတွေကို ခေါင်းထဲထည့်ပြီး အိမ်ကိုပြန်ပြီးတော့ ငါ့သမက်ရဲ့လက်ထဲကို သေသေချာချာအပ်ခဲ့ ... ကြားလား"



ဟု ထပ်မံပြောလိုက်၏။ အနက်ရောင် ၀တ်ဆင်ထားသူနှစ်ယောက်က ဦးခေါင်းကို ပြိုင်တူညိတ်ပြီး မြင်းလှည်း၏ နောက်ပိုင်း၌ တင်ထားသော ခေါင်းတလားများကို အောက်သို့ချလိုက်၏။

ပြီးမှ သူတို့သည် ခေါင်းတလားများ၏ အဖုံးကိုဖွင့်လိုက်ပြီး မြွေခွေးသုံးကောင်၏ အရိုးစုများကို ခေါင်းတလားထဲသို့ ထည့်လိုက်၏။

ထို့နောက် ခေါင်းတလားများကို အဖုံးပြန်ဖုံး၍ သံဖြင့်ရိုက်ကာ အဖုံးကို အသေပိတ်လိုက်၏။

ထန်ယန့်ရှာသည် ခေါင်းတလားများကို သေချာစွာ စစ်ဆေးပြီး မြင်းလှည်းပေါ်သို့ တင်ခိုင်းလိုက်၏။

အနက်ရောင်၀တ်ဆင်ထားသူနှစ်ယောက်က ခေါင်းတလားသုံးလုံးကို မြင်းလှည်း၏နောက်ပိုင်း၌ အစီအရီတင်လိုက်၏။

ထို့နောက် သူတို့နှစ်ယောက်သည် မြင်းလှည်းပေါ်သို့ တက်လိုက်ကြသည်။ ထန်ယန့်ရှာက သူတို့နှစ်ယောက်အနီးသို့ ချဉ်းကပ်သွားပြီး ...

"မိတ်ဆွေတစ်ယောက်နဲ့တွေ့နေလို့ ရှာကို တစ်ရက် နောက်ကျပြီးမှ ငါပြန်ရောက်မယ်လို့ ငါ့သမက်ကို ပြောလိုက် ... ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားလိုက်၏။ မြင်းလှည်းပေါ်မှ အနက်ရောင် အဝတ်အစားနှင့် လူက ဦးခေါင်းညိတ်ပြလိုက်၏။

ထို့နောက် တစ်ယောက်က မြင်း၏ဇက်ကြိုးကို လှုပ်ယမ်း၍ ဆောင့်ဆွဲလိုက်ရာ မြင်းဟီသံတစ်ချက် ပေါ်ထွက်လာပြီး မြင်းလှည်းသည် ထိုနေရာမှ စတင်ထွက်ခွာသွားလေတော့သည်။

❋ ❋ ❋



## အခန်း (၈)

မြင်းထန်ရွာ တိုက်ခိုက်နေသောလေက ငြိမ်သက်သွားပြီ ဖြစ်ပါသည်။

တဖြုတ်ဖြုတ်ကြွေကျနေသော ဂန္ဓမာသစ်ရွက်ခြောက် များလည်း ကြွေကျခြင်းမရှိတော့ပါ။

ယခု ကျွန်းစန်းတောင်၏ ဇာဒ်ပင်အောက်၌ ထန်ယန့်ရှာသည် ရပ်နေ၏။

သူ၏နံဘေး၌ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော ချိန်ယိစန်းက ရပ်နေ၏။

သူတို့နှစ်ယောက်၏ မျက်လုံးများက တဖြည်းဖြည်းဝေး၍ သွားသော ခေါင်းတလားသုံးခုတင်ထားသည့် မြင်းလှည်းကို ကြည့်နေ၏။

အတန်ကြာမှ ...

www.burmeseclassic.com

www.burmeseclassic.com



ထန်ယန့်ရှာက သက်ပြင်းချကာ ချိန်ယိစန်းကို လှည့်ကြည့်ပြီး ...

"ခင်ဗျား နှစ်တစ်ရာ ဝါးရွက်စိမ်းအရက်ကို ကြိုက်လား"

ဟု မေးလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"နှစ်တစ်ရာ ဝါးရွက်စိမ်းအရက်ဟာ ဒီနယ်တစ်ဝိုက်မှာ အလွန်နာမည်ကြီးတဲ့ အရက်ပဲ၊ ဒါပေမဲ့ ဆိုင်တိုင်းမှာ မရဘူး"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးကာ ...

"ဘယ်မှာရတယ်ဆိုတာကို သိတဲ့လူရှိတယ်"

ချိန်ယိစန်းက ပြုံးကာ ...

"ဒါဆို သောက်ချင်တဲ့လူရှိတယ်"

ဟု ပြန်ပြောလိုက်၏။

ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ဒါဆို ကျုပ်တို့ဘာဖြစ်လို့ ဒီမှာရပ်နေကြမှာလဲ"

ဟု ပြောလိုက်တော့သည်။

✺



ကျုန်းစန်တောင်ပေါ်မှ ဆင်းလာသော မြင်းလှည်းသည် မြေပြင်သို့ရောက်သည်နှင့် အရှိန်ပြင်းစွာ မောင်းနှင်နေ၏။ ထိုမြင်းလှည်းပေါ်၌ ခေါင်းတလားသုံးလုံးပါ၏။

ထိုခေါင်းတလားသုံးလုံးထဲ၌ သိုင်းလောကတွင် နာမည်ကျော်ကြားသော မြေခွေးသုံးကောင်၏ အရိုးစုများပါ၏။

မြင်းလှည်းသည် ဖုန်ကျားကျေးရွာသို့ ဦးတည်၍ မောင်းနှင်နေခြင်း ဖြစ်သည်။

ဖုန်ကျားကျေးရွာ၌ ထိုမြင်းလှည်းကို မျှော်ရှာနေသူ တစ်ယောက်ရှိ၏။

ထိုလူသည် သမားတော်ကြီး ကုန်းစွန်းယို့ပင် ဖြစ်၏။

ကုန်းစွန်းယို့သည် ခေါင်းတလားထဲမှအရိုးစုများကို အသက်ပြန်လည် ရှင်သန်လာအောင် ပြုလုပ်ရန် စောင့်မျှော်နေခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် ...

ထိုခေါင်းတလားထဲမှ အရိုးစုများသည် အသက်ဝင်လှုပ်ရှားလာမည်လော။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ထိုအရိုးစုများ အသက်ဝင်လှုပ်ရှားလာခဲ့လျှင်…

❋

အလွန်ပါးနပ်သော သတ္တဝါကိုပြပါဆိုလျှင် ကျီးကန်းကို ပြရမည် ဖြစ်၏။

အလွန်စိတ်ရှည်သော သတ္တဝါကိုပြပါဆိုလျှင် ကျီးကန်းကိုပင် ပြရမည်ဖြစ်၏။

မိမိကိုယ်တိုင် အစာမရှာဘဲ သူတစ်ပါး၏အစာကို အလစ်သုတ်လေ့ရှိသော သတ္တဝါကိုပြပါဆိုလျှင် ကျီးကန်းကိုပင် ပြရမည်။

ကျီးကန်းသည် အလွန်စိတ်ရှည်ကာ လူတို့၏အလစ်ကို ချောင်းပြီး အစားအစာများကို အလစ်သုတ်တတ်သည် မဟုတ်ပါလား။

ယခုလည်း ကျီးကန်းသည် အလစ်သုတ်ရန် စိတ်ရှည်စွာ ချောင်းမြောင်းနေ၏။

သို့သော် ကျီးကန်းသည် သစ်ပင်ပေါ်မှ ချောင်းမြောင်းနေခြင်းမဟုတ်ဘဲ သစ်ပင်အောက်မှ ချောင်းမြောင်းနေခြင်းဖြစ်၏။



ထို့ပြင် ကျီးကန်းသည် ငှက်သတ္တဝါကျီးကန်းမဟုတ်ဘဲ လူသတ္တဝါ ကျီးကန်းဖြစ်နေသည်။

ကျီးကန်းသည် လျှင်မြန်ပါးနပ်သော သတ္တဝါတစ်မျိုး ဖြစ်၏။

လူတို့၏အလစ်ကိုချောင်း၍ အစားအစာများကို အလစ်သုတ်တတ်၏။

သို့သော် လူတို့သည် ကျီးကန်းကို မကြောက်ပါ။

ကျီးကန်းကို ကြောက်ရွံ့သောလူဟူ၍လည်း ဤလောကပေါ်၌ မရှိပါ။

သို့သော် အခကြေးငွေယူ၍ ပစ္စည်းများ သယ်ယူပို့ဆောင်ပေးသော အာမခံဌာနများသည် ကျီးကန်းကို ကြောက်ရွံ့ကြ၏။

အဘယ်ကြောင့်ဆိုသော် ကျီးကန်းသည် မထင်မှတ်သောနေရာမှ ထွက်ပေါ်လာပြီး သယ်ဆောင်လာသော အာမခံပစ္စည်းများကို အလစ်သုတ်လေ့ရှိသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ထို့အပြင် ကျီးကန်း၏သိုင်းပညာသည် ထူးဆန်းပြီး ကြောက်မက်ဖွယ်ကောင်းသည် မဟုတ်ပါလား။

ထို့ကြောင့် … ဤလောက၌ ကျီးကန်းကိုကြောက်သော

www.burmeseclassic.com

www.burmeseclassic.com



လူသည် အာမခံဌာနမှလူများပင် ဖြစ်သည်။

လွန်ခဲ့သော သုံးရက်မှစ၍ ရွာသွန်းခဲ့သော မိုးသည် ယခု တဖွဲဖွဲသာကျလျက် ရှိတော့၏။

မိုးသည်းထန်စွာ မရွာသွန်းသော်လည်း တဖွဲဖွဲရွာသွန်းနေခြင်းကြောင့် ဟန်ကြူးမြို့မှ လူများသည် အလွန်ပျင်းရိနေကြပြီ ဖြစ်၏။

မိုးသည်းထန်စွာ ရွာသွန်းစဉ်ကလည်း မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် အရေးကိစ္စမှလွဲ၍ အိမ်ထဲ၌သာ ပျင်းရိစွာ အချိန်ကုန်ခဲ့ရ၏။

တဖွဲဖွဲတဖြောက်ဖြောက်ဖြင့် နေပူမိုးရွာဖြစ်လာသောအခါ၌လည်း ဟန်ကြူးမြို့မှလူများသည် လမ်းမများပေါ်သို့ လွတ်လပ်စွာ ထွက်နိုင်ခြင်းမရှိဘဲ အိမ်ထဲ၌သာ ကုပ်၍နေကြ၏။

တစ်နေကုန် တဖွဲဖွဲတဖြောက်ဖြောက်ဖြင့် ပျင်းရိစွာရွာသွန်းခဲ့သော မိုးသည် နေဝင်ဆည်းဆာချိန်သို့ ရောက်သည့်တိုင်အောင် လုံးဝရပ်တန့်သွားခြင်း မရှိသေးပါ။

အလင်းရောင်က တဖြည်းဖြည်း အားလျော့လာ၏။ အမှောင်ထုက တဖြည်းဖြည်း ထုနှင့်ထည်နှင့် ဖြစ်လာ၏။



မကြာမီ ဟန်ကြူးမြို့မှ အိမ်များ၏ပြတင်းပေါက်၌ အလင်းရောင်များ ပေါ်ထွက်လာ ပြီဖြစ်၏။

ရာသီဥတုက ပျင်းရိဖွယ်ကောင်းသောကြောင့် ဟန်ကြူးမြို့မှ လူများသည် အိမ်တွင်းအောင်းနေကြ၏။

ထို့ကြောင့် ဟန်ကြူးမြို့၏ လမ်းမများပေါ်၌ လူသူကင်းရှင်းနေ၏။

ထို့အပြင် ဟန်ကြူးမြို့သည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုစဉ် ရုတ်တရက် တိတ်ဆိတ်နေသော ဟန်ကြူးမြို့၏ ပတ်ဝန်းကျင်သည် မြင်းလှည်းများ မောင်းနှင်လာသော အသံများဖြင့် ဆူညံ၍ သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

မြင်းလှည်းတန်းတစ်ခု။ ရှည်လျားသော မြင်းလှည်းတန်း ဖြစ်ပါသည်။

ထိုမြင်းလှည်းတန်းသည် ဟန်ကြူးမြို့တွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာပြီဖြစ်၏။

မြင်းလှည်းတန်း၏ ရှေ့ဆုံး၌ရှိသော မြင်းလှည်းပေါ်တွင် ကြက်လျှာစွန်းသဏ္ဌာန် အလံတစ်ခု စိုက်ထူထား၏။

ထိုအသံကို အဖြူရောင်ပိုးထည်ဖြင့် ရက်လုပ်ထားပြီး အနီရောင် ပိုးချည်များဖြင့် အနားကွပ်ကာ ပန်းပွားများသဖွယ် ပြုလုပ်ထား၏။

ထို့အပြင် အလံပေါ်၌ ရွှေချည်ဖြင့် နဂါးတစ်ကောင်၏ပုံကို ဖော်ထား၏။

ထို့ကြောင့် ထိုမြင်းလှည်းတန်းသည် "ရွှေနဂါး" အာမခံဌာနမှ မြင်းလှည်းများဖြစ်ကြောင်း သိနိုင်၏။



အဘယ်ကြောင့်ဆိုသော် လေထဲ၌ တဖျပ်ဖျပ်လူးလွန့်နေသော ထိုအလံသည် ရွှေနဂါးအာမခံဌာန၏ အလံဖြစ်သောကြောင့်ပင် မဟုတ်ပါလား။

✹

ရွှေနဂါးအာမခံဌာန။

ဟန်ကြူးနယ်တစ်ဝိုက်၌ အာမခံဌာနပေါင်း ဆယ့်သုံးခုရှိ၏။

ထိုအာမခံဌာန ဆယ့်သုံးခုထဲ၌ နာမည်ကျော်ကြားသော အာမခံဌာနငါးခုရှိ၏။

ထိုနာမည်ကျော်ကြားသော အာမခံဌာနငါးခုထဲ၌ ရွှေနဂါး အာမခံဌာနသည် ထိပ်ဆုံး၌ နေရာယူထား၏။

ထို့အပြင် ...

ရွှေနဂါးအာမခံဌာနသည် ဟန်ကြူးနယ်တစ်ဝိုက်၌ သြဇာအာဏာကြီးမားသော အာမခံဌာနတစ်ခုဖြစ်၏။

ထိုသို့ သြဇာအာဏာကြီးမားသော အာမခံဌာနတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ရပ်တည်နိုင်ခြင်းမှာ ရွှေနဂါးအာမခံဌာနပိုင်ရှင် လောက်ရှမ်းကြောင့်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ရွှေနဂါးအာမခံပိုင်ရှင်လောက်ရှမ်းသည် ဟန်ကြူးနယ်တစ်ဝိုက်၌ ပြိုင်ဘက်ကင်းသော ဓားသမား တစ်ယောက် ဖြစ်သောကြောင့်ပင် ဖြစ်၏။

သူ၏နဂါးကိုးကောင်ဓားကွက်သည် ဟန်ကြူးနယ်တစ်ဝိုက်သာမက သိုင်းလောကတစ်ခုလုံး၌ ကျော်ကြားသော ဓားကွက်ဖြစ်၏။

ထို့ပြင် ...

လောက်ရှမ်းသည် မန်ချူးအရာရှိများနှင့် အလွန်ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်လည်းဖြစ်၏။

ထို့ကြောင့် ရွှေနဂါး အာမခံဌာနမှ သယ်ယူပို့ဆောင်သော ပစ္စည်းများကို မည်သူမျှ မျက်စောင်းပင် မထိုးဝံ့ကြချေ။

သွေးတိုးစမ်းသောသဘောမျိုးဖြင့် ရွှေနဂါးအာမခံဌာန၏ သယ်ယူပို့ဆောင်သောပစ္စည်းများကို လမ်းမှဖြတ်၍ လုယက်သူများသည်လည်း လောက်ရှမ်း၏ နဂါးကိုးကောင် ဓားကွက်ဆယ့်သုံးကွက်မြောက်အောက်၌ သေဆုံးခဲ့ရသည် မဟုတ်ပါလား။



သို့ဖြစ်၍ ဤဆယ်နှစ်တာကာလအတွင်း ရွှေနဂါးအာမခံဌာန၏ သယ်ယူပို့ဆောင်ပေးသောပစ္စည်းများကို လက်ဖျားနှင့်တို့သူ တစ်ယောက်မှမရှိခဲ့ချေ။

သို့သော် ...

ရွှေနဂါးအာမခံဌာန မြင်းလှည်းတန်းသည် ညနေစောင်းအချိန်၌ ဟန်ကြူးမြို့သို့ ရောက်လာ၏။ ရာသီဥတုက နေပူ မိုးရွာဖြစ်နေ၏။

နေကလည်း ပူနေ၏။ မိုးကလည်း တဖြောက်ဖြောက်ရွာ၏။

ရွှေနဂါးအာမခံဌာနပိုင်ရှင် လောက်ရှမ်းကိုယ်တိုင် ကြီးကြပ်၍ လိုက်ပါလာသော မြင်းလှည်းတန်းသည် ဟန်ကြူးမြို့ထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာပြီဖြစ်၏။

မကြာမီ ...

သူတို့သည် ဟန်ကြူးမြို့၏အကြီးဆုံးသော ထိုက်စုငွေတိုက်ကို ရောက်တော့မည်ဖြစ်၏။

သူတို့၏ခရီးစဉ်သည် ထိုထိုက်စုငွေတိုက်၌ ပြီးဆုံးမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရွှေနဂါးအာမခံဌာနမှ သယ်ဆောင်လာသောပစ္စည်းများကို ထိုက်စုငွေတိုက်သို့ လွှဲပြောင်းပေးပြီးနောက် သူတို့၏တာဝန်သည် ပြီးဆုံးကြေမည်ဖြစ်၏။

ထို့ကြောင့် လောက်ရှမ်းသည် ဟန်ကြူးမြို့ထဲသို့ ရောက်သည်နှင့် သက်ပြင်းတစ်ချက်ကို လေးဖင့်စွာ ချလိုက်၏။ သူသည် အသက်ငါးဆယ်ကျော်အရွယ် ရှိပြီဖြစ်၏။

သူ၏ခန္ဓာကိုယ်သည် တောင့်တင်းသန်မာနေဆဲ ဖြစ်၏။ သို့သော် သူ၏လှုပ်ရှားမှုသည် အနည်းငယ် နှေးကွေးလာသည်ဟု သူ၏စိတ်ထဲ၌ ခံစားနေရသည်။

ထို့ကြောင့် သူသည် ယခုတစ်ကြိမ်တာဝန်ယူခဲ့သောပစ္စည်းများကို ချောချောမောမော ပို့ဆောင်ပြီးနောက် အနားယူတော့မည်ဟု ဆုံးဖြတ်ထားခဲ့၏။

တစ်ဆက်တည်းမှာပင် ...

သူ၏ ရွှေနဂါးအာမခံဌာန၏ လုပ်ငန်းအရပ်ရပ်ကို သူ၏လက်ထောက် ကျင်းစိန်ကို လွှဲပြောင်းလုပ်ကိုင်စေမည်ဟုလည်း ဆုံးဖြတ်ထား၏။

ကျင်းစိန်သည် ရွှေနဂါးအာမခံဌာန၏ ဌာနမှူးဖြစ်ပြီး



အသက်သုံးဆယ်ကျော်မျှသာ ရှိသေးသော လူရွယ်တစ်ယောက် ဖြစ်၏။

သိုင်းပညာထက်မြက်သည့်အပြင် စေ့စပ်သေချာသူဖြစ်၏။

သူသည် လွန်ခဲ့သော ဆယ်နှစ်ခန့်မှစ၍ ရွှေနဂါးအာမခံဌာနသို့ ရောက်ရှိလာပြီး လောက်ရှမ်း၏ အားကိုးရသော လူယုံတစ်ယောက် ဖြစ်လာခဲ့၏။

ထို့အပြင် သူတို့နှစ်ယောက်သည် အလွန်တွဲဖက်ညီသူများလည်း ဖြစ်၏။

ထို့ကြောင့် လောက်ရှမ်းသည် အာမခံလုပ်ငန်းကို ကျင်းစိန်နှင့် လွှဲပြောင်းပေးပြီး အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကျင်းစိန်သည် အသက်သုံးဆယ်ကျော်မျှသာ ရှိသေးသောသူဖြစ်၏။

ရုပ်ရည်သန့်ပြန့်ပြီး ယောက်ျားပီသသော အသွင်သဏ္ဌာန်ရှိ၏။

အဝတ်အစားများကို အစဉ်အမြဲ သပ်ရပ်စွာ ဝတ်ဆင်ထား၏။ ယခု သူသည် မန်ချူးအရာရှိတစ်ဦးပုံသဏ္ဌာန် ဝတ်ဆင်ထားပြီး ခြင်းလှည်းတန်း၏ ဒုတိယမြင်းလှည်းပေါ်၌ လိုက်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သည့်အခါမျှ ထမ်းဆောင်ရသည့်တာဝန်အပေါ် ညည်းညူခြင်းမရှိခဲ့ပါ။

သို့သော် ယခုတစ်ကြိမ်၌ သူသည် မိမိထမ်းဆောင်ရသောတာဝန်ကို စိတ်ပျက်နေမိ၏။

အဘယ်ကြောင့်ဆိုသော် သူသည် မန်ချူးအရာရှိကဲ့သို့ ဝတ်စားဆင်ယင်ပြီး ဒုတိယမြင်းလှည်းပေါ်၌ မိန့်မိန့်ကြီးထိုင်၍ လိုက်ပါလာသောကြောင့်ပင် ဖြစ်သည်။

သူသည် ထိုကဲ့သို့ ဝတ်စားဆင်ယင်၍ လိုက်ပါလိုခြင်း မရှိပါ။

သို့သော် ယခုတစ်ကြိမ်၌ ရှေနဂါးအာမခံဌာနသည် မန်ချူးအရာရှိကြီးတစ်ဦးအား ဟန်ကြူးမြို့သို့ ပို့ဆောင်ပေးရသည်ဟု လောက်ရှမ်းက သတင်းလွှင့်ထားသောကြောင့်ပင် ဖြစ်သည်။

✺

ကျင်းစိန်သည် ဟန်ကြူးမြို့ထဲသို့ ရောက်သည်နှင့် ဒုတိယမြင်းလှည်းပေါ်မှ ဆင်းလိုက်၏။



ထို့ကြောင့် သူ၏အဝတ်အစားများသည် မိုးစက်များ၊ ရွှံ့စက်များနှင့် ပေကျံသွား၏။

သို့သော် ကျင်းစိန်က ဂရုမစိုက်ပါ။

သူသည် အောက်သို့ ရောက်ရောက်ချင်း သဘောကျစွာတစ်ချက်ရယ်မောလိုက်ပြီး မန်ချူးအဝတ်အစားများကို ချွတ်၍ လွှင့်ပစ်လိုက်၏။

သူ၏အပြုအမူကြောင့် မြင်းလှည်းပေါ်မှလိုက်ပါလာသော ရှေနဂါးအာမခံဌာန၏ အဖွဲ့သားများက သူ့ကို နားမလည်နိုင်သောမျက်လုံးများဖြင့် ဝိုင်း၍ကြည့်ကြ၏။

ထိုအချိန်တွင် လောက်ရှမ်းသည် မြင်းစီး၍ ကျင်းစိန်၏အနီးသို့ ရောက်လာ၏။

သူက ကျင်းစိန်ကိုကြည့်ပြီး ဦးခေါင်းခါယမ်းကာ ...

"မင်းက ဘာဖြစ်လို့ အဝတ်အစားတွေ ချွတ်ပစ်ရတာလဲ"

ဟု မေးလိုက်၏။ ကျင်းစိန်က လောက်ရှမ်းကို ပြုံးပြလိုက်ပြီး ...

"ဟန်ကြူးမြို့ရောက်ပြီပဲ၊ ဒါတွေ ဝတ်ထားဖို့ လိုသေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်မေးလိုက်၏။

လောက်ရှမ်းက သက်ပြင်းချကာ ...

"ခရီးစဉ်မှ မဆုံးသေးတာ"

ဟု ပြောလိုက်၏။ ကျင်းစိန်က ပြုံးကာ ...

"ဟန်ကြူးမြို့ကိုရောက်မှတော့ ဝတ်ထားလည်း ဘာမှ မဖြစ်ဘူး၊ မဝတ်ထားလည်း ဘာမှဖြစ်မှာမဟုတ်တော့ပါဘူး"

ဟု ပြောလိုက်၏။

လောက်ရှမ်းက ပြုံးကာ ...

"ဒီအဝတ်အစားတွေက မင်းကို အတော်ဒုက္ခပေးခဲ့လား"

ဟု မေးလိုက်၏။

ကျင်းစိန်က ပြုံး၍ ...

"ကမ္ဘာပေါ်မှာ ကျုပ်ကို ဒုက္ခအပေးဆုံး အဝတ်အစားပဲ"

ဟု ပြန်ပြောလိုက်၏။

လောက်ရှမ်းက ပြုံးလိုက်ပြီး ...

"ဒါပေမဲ့ ဒီအဝတ်အစားကြောင့် တစ်လမ်းလုံး ကျုပ်တို့ ဘာမှမဖြစ်ခဲ့ဘူး မဟုတ်လား"

ဟု ပြန်ပြောလိုက်၏။



ကျင်းစိန်က ဦးခေါင်းညိတ်ကာ ...

"ဒါကြောင့်လည်း ကျုပ်က ဒီလောက်အထိ သည်းခံပြီး ဝတ်ထားရတာပေါ့"

ဟု ပြန်ပြောလိုက်၏။

လောက်ရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ခရီးစဉ်ဆုံးတဲ့အထိတော့ မင်းက ဝတ်ထားသင့်တယ်၊ ပြီးတော့ မြင်းလှည်းပေါ်မှာ ရှိနေသင့်တယ်"

ဟု ပြောလိုက်၏။

ကျင်းစိန်က ပြုံးလိုက်ပြီး ...

"ဟန်ကြူးမြို့ကို ရောက်နေတာတောင် စိုးရိမ်နေရသေးလား"

ဟု ပြန်မေးလိုက်သည်။

လောက်ရှမ်းက ပြုံးလိုက်ပြီး ...

"တို့မှာပါလာတဲ့ပစ္စည်းကို လွှဲပြောင်းမပေးမချင်း စိုးရိမ်နေမှာပဲ"

ဟု ပြန်ပြောလိုက်၏။

ကျင်းစိန်က ပြုံး၍ ...

www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်ကတော့ ဒီအဝတ်အစားကိုဝတ်ပြီး ခရီးစဉ် တစ်လျှောက်လုံး မြင်းလှည်းထဲထိုင်ပြီးလိုက်လာရတာ အတော်စိတ်ကုန်နေပြီ”

ဟု ပြောလိုက်၏။

ကျင်းစိန်၏စကားကြောင့် အနီးမှ သိုင်းဆရာတစ်ယောက်က ကျင်းစိန်ကို မျက်လုံးပြူးကြည့်ပြီး ...

“ခင်ဗျားက မြင်းလှည်းထဲမှာ ဇိမ်နဲ့ထိုင်ပြီးလိုက်လာရတာကို စိတ်ကုန်တယ် ... ဟုတ်လား”

ဟု မေးလိုက်၏။

ကျင်းစိန်က ဦးခေါင်းညိတ်ကာ ...

“ဟုတ်တယ်”

သိုင်းဆရာက ပြုံးလိုက်ပြီး ...

“ခင်ဗျားက ဘာပဲပြောပြော ကျုပ်တို့လို ခြေလျင်လိုက်လာရတဲ့လူထက်စာရင် အိပ်ဒိုက်လို့ ရပါသေးတယ်ဗျာ”

ဟု ပြောလိုက်၏။ ကျင်းစိန်က ပြုံး၍ ...

“အဲဒီလိုအိပ်ဒိုက်ရလွန်းလို့ ကျုပ်ရဲ့ခေါင်းတွေတောင် ကိုက်နေပြီဗျ”



ဟု ပြန်ပြောလိုက်၏။

သိုင်းဆရာက ပခုံးတွန့်ကာ ...

“ဒါဆို ဘာဖြစ်လို့ အစကတည်းက ဒီတာဝန်ယူရတာလဲ”

ဟု မေးလိုက်၏။

လောက်ရှမ်းက ပြုံးလိုက်ပြီး ...

“သူ့ရဲ့ရုပ်က မန်ချူးအရာရှိနဲ့ ပိုပြီးတူလို့”

ဟု ကျင်းစိန်ကိုယ်စား ဝင်ပြီးအဖြေပေးလိုက်၏။ ကျင်းစိန်က ဦးခေါင်းညိတ်ပြီး ...

“ဟုတ်တယ် ... ကျုပ်တို့ခရီးစဉ် စပြီးဆွဲကတည်းက မန်ချူးအရာရှိလို ဝတ်ဖို့လူကိုရွေးတယ်၊ ဘယ်လိုမှ ရွေးလို့မရလို့ ကျုပ်ကိုယ်တိုင်ပဲ ဒီတာဝန်ကိုယူလိုက်ရတာ၊ တစ်ယောက်ယောက်ကို ရွေးလို့ ရခဲ့ရင် ကျုပ်က ဒီတာဝန်ကို ဘယ်ယူဖို့မလဲ”

ဟု ပြောလိုက်၏။

ပြီးမှ သူက လောက်ရှမ်းကို မော့ကြည့်ပြီး ...

“သိပ်ပြီးတော့လည်း မစိုးရိမ်ပါနဲ့ဗျာ၊ မကြာခင် ကျုပ်တို့ ဆိုက်စုငွေတိုက်ကို ရောက်တော့မှာပါ”

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှမ်းက ပြုံးလိုက်ပြီး ...

"ခင်များက ဒီနယ်တစ်ဝိုက်မှာ နာမည်ကျော်တဲ့လူပါ၊ ဘယ်သူမှ ခင်များဆီကပစ္စည်းကို မလုရဲပါဘူး"

ဟု ပြောလိုက်၏။

လောက်ရှမ်းက ပြုံး၍ ...

"သတိဆိုတာ ဘယ်တော့မှ ပိုတယ်လို့ မရှိပါဘူး၊ ဒါကြောင့်ပါ"

ဟု ပြန်ပြောလိုက်၏။ ထိုစဉ် ရုတ်တရက် ကျောင်းစိန်၏ မျက်လုံးများသည် ပြူးကျယ်၍ သွားတော့၏။

အဘယ်ကြောင့်ဆိုသော် မြင်းလှည်းတစ်စီးသည် လမ်းကြားတစ်ခုအတွင်းမှ ရုတ်တရက် ထွက်ပေါ်လာသောကြောင့်ပင် ဖြစ်သည်။



## အခန်း (၁၀)

မြင်းလှည်းတစ်စီး ...။

မြင်းလှည်းပေါ်၌ မြင်းလှည်းမောင်းသမား မရှိပါ။ ထို့အပြင် မြင်းလှည်းသည် မီးများစွဲလောင်လျက်ရှိ၏။

ထို့ကြောင့် ...

မြင်းများက ဦးတည်ရာမဲ့ ယရမ်းပတာဖြင့် လမ်းကြားထဲမှ ဘရကြမ်းပြေးထွက်လာခြင်း ဖြစ်၏။

လောက်ရှမ်းနှင့်ကျောင်းစိန်တို့သည် လမ်းကြားထဲမှ ရုတ်တရက် ထွက်ပေါ်လာသော မြင်းလှည်းကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

ထိုသို့ ငေးကြောင်၍ ကြည့်နေစဉ်အတွင်းမှာပင် မြင်းလှည်းသည် သူတို့အနီးသို့ ရောက်ရှိလာ၏။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် ရွှေနဂါးအာမခံဌာန၏ ဒုတိယမြင်းလှည်းကို အရှိန်ပြင်းစွာဖြင့် ကန့်လန့်ဖြတ် ဝင်ရောက်တိုက်လိုက်၏။

ထိုအချိန်တွင် လမ်းကြားထဲမှ ပရမ်းပတာဖြင့် ထွက်လာသော မြင်းလှည်း၏ မြင်းနှစ်ကောင်ကြား၌ ပုန်း၍လိုက်လာသော လူရိပ်တစ်ရိပ်သည် ရုတ်တရက် ရွှေနဂါးအာမခံဌာန၏ ပထမ မြင်းလှည်းပေါ်သို့ ခုန်ကူးသွားသည်ကို လောက်ရှမ်းက တွေ့လိုက်ရ၏။

ထို့ကြောင့် လောက်ရှမ်းသည် ထိတ်လန့်သွားပြီး ...

"ဓားပြ"

ဟု အော်ဟစ်လိုက်၏။

ထိုအချိန်တွင် ရွှေနဂါးအာမခံဌာန၏ ပထမမြင်းလှည်းပေါ်မှ မြင်းလှည်းမောင်းသမားသည် မြင်းလှည်းပေါ်မှ လွင့်စဉ်၍ အောက်သို့ကျလာ၏။

တစ်ချိန်တည်းမှာပင် 'ဝုန်း' ဟူသော အသံနှင့်အတူ လမ်းကြားထဲမှ ထွက်လာသော မြင်းလှည်းသည် ပေါက်ကွဲသွားလေတော့၏။

ပေါက်ကွဲသွားသော မြင်းလှည်း၏ သစ်သားစများက လေထဲ၌ ပလူပျံသကဲ့သို့ လွင့်စဉ်လာ၏။



ထို့ကြောင့် ကျင်းစိန်သည် မြေပေါ်သို့ ကပျာကယာ ဝပ်လိုက်ရ၏။

ပေါက်ကွဲသံကြောင့် လောက်ရှမ်း၏မြင်းက လန့်ဖျပ်ပြီး မတ်တတ်ရပ်လိုက်ရာ လောက်ရှမ်းသည် မြေပေါ်သို့ ပြုတ်ကျလာသည်။

ရွှေနဂါးအာမခံဌာနမှ အဖွဲ့သားများကလည်း ပေါက်ကွဲသံကြောင့် မြေပေါ်သို့ ကပျာကယာ ဝပ်လိုက်ကြ၏။

ရွှေနဂါးအာမခံဌာနမှ ကျန်သောမြင်းလှည်းမှ မြင်းများသည် ပေါက်ကွဲသံကြောင့် လန့်ဖျပ်ကာ ဦးတည်ရာမဲ့ ပြေးလွှားကြသောကြောင့် မြင်းလှည်းမောင်းသမားများသည် ကြိုးစား၍ ထိန်းသိမ်းနေရသည် မဟုတ်ပါလား။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်၌ ဝရုန်းသုန်းကားဖြင့် အခြေအနေသည် မထင်မှတ်လောက်အောင် ရှုပ်ထွေးသွားလေတော့သည်။

ထိုအချိန်ကလေးအတွင်းမှာပင် ရွှေနဂါးအာမခံဌာန၏ ရှေ့ဆုံးမှ ပထမမြင်းလှည်းသည် ထိုနေရာမှ မျက်လှည့်ပြသကဲ့သို့ ပျောက်ကွယ်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှမ်းသည် အတွေ့အကြုံရင့်ကျက်သူ ဖြစ်၏။

ထို့ကြောင့် သူသည် ရှုံ့ဖွက်ထဲမှ လူးလဲထလိုက်ပြီး ပထမ မြင်းလှည်းရှိရာသို့ တစ်ဟုန်ထိုး ပြေးလွှားသွား၏။

သို့သော် လမ်းကြားထဲမှ ရုတ်တရက် ပေါ်ထွက်လာခဲ့သော မြင်းလှည်းသည် ပေါက်ကွဲပြီးနောက် လမ်းကို ကန့်လန့်ဖြတ်၍ ပိတ်ထားသကဲ့သို့ ဖြစ်နေ၏။

ထို့အပြင် ပေါက်ကွဲသံကြောင့် ထိန်းသိမ်းမရအောင် ဖြစ်သွားသော မိမိ၏မြင်းလှည်းများကလည်း လမ်းကို ပိတ်ဆို့ထားသကဲ့သို့ ဖြစ်နေ၏။

ထို့ကြောင့် သူသည် မြင်းလှည်းပျက်အနီးသို့ ရပ်တန့်လိုက်ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေတော့၏။

ထိုအချိန်တွင် သူ၏အနီးသို့ ကျင်းစိန် ရောက်ရှိလာပြီး ...

"ပါသွားပြီ"

ဟု ပြောလိုက်၏။ လောက်ရှမ်းက ဦးခေါင်းညိတ်ပြလိုက်၏။

ကျင်းစိန်က ဦးခေါင်းခါယမ်းကာ ...

"တောက် ... ရှောက်ခါနီးမှ"

ဟု ရေရွတ်လိုက်၏။



လောက်ရှမ်းက သက်ပြင်းချကာ ...

"ဘာတတ်နိုင်မှာလဲ၊ ဘယ်သူလုသွားတယ်ဆိုတာကို စုံစမ်းပြီး ရအောင်ပြန်ယူရမှာပေါ့"

ဟု ပြောလိုက်၏။

လောက်ရှမ်းက သက်ပြင်းတစ်ချက် ရှိုက်ကာ ...

"အခုရှိနေပြီ"

ဟု ပြောလိုက်၏။

ကျင်းစိန်က မျက်မှောင်ကြုတ်ကာ ...

"ဘယ်သူလဲ"

ဟု ပြောလိုက်၏။

လောက်ရှမ်းက သက်ပြင်းချလိုက်ပြီး ...

"ကျီးကန်းကလွဲရင် ဘယ်သူရှိဦးမှာလဲ"

ဟုပြောလိုက်လေတော့သည်။

✹

လူတွေက ကျီးကန်းကို မကြောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အာမခံဌာနများက ကျီးကန်းကို ကြောက်၏။ ကျီးကန်းသည် အလစ်သုတ်ရာ၌ ပြိုင်ဘက်ကင်း၏။

ထို့ကြောင့် ကျီးကန်းသည် အာမခံဌာနများမှ သယ်ဆောင်လာသောပစ္စည်းများကို လမ်းမှ ဖြတ်လုရာ၌ ပြိုင်ဘက်ကင်း၏။

သို့ဖြစ်၍ အာမခံဌာနများ၏အကြား၌ ကျီးကန်း၏အမည်သည် တစ်နေ့တခြား ကျော်ကြားလာ၏။

ကျီးကန်း၏ လုယက်ခြင်းမခံရသော အာမခံဌာနများ တစ်စထက်တစ်စ လျော့နည်းလာ၏။ သို့သော် မည်သူမျှ ကျီးကန်းကို မမြင်ဖူးကြချေ။

ကျီးကန်း၏လုပ်ရပ်များသည် လျှပ်တစ်ပြက်လုယက်ခြင်းမျိုးဖြစ်၏။

မထင်မှတ်သောအချိန်၌ ဝင်ရောက်လုယက်ခြင်း ဖြစ်၏။

ထို့ကြောင့် အာမခံဌာနများသည် လုယက်ခြင်းခံလိုက်ရသော်လည်း မည်သူမျှ ကျီးကန်းကို သေသေချာချာ တွေ့ဖူးမြင်ဖူးခြင်း မရှိချေ။

ထို့အပြင် ကျီးကန်း၏သိုင်းပညာသည် ထူးဆန်းထက်မြက်ပြီး ကျီးကန်း၌ မျက်နှာပေါင်းတစ်ထောင်ရှိသည်ဟုလည်း အာမခံ



ဌာနများ၏ လောကဝယ် သတင်းပျံ့နှံ့နေသည် မဟုတ်ပါလား။

ကျင်းစိန်က သက်ပြင်းချလိုက်၏။ ပြီးမှ သူသည် လောက်ရှမ်းကို လှမ်းကြည့်ကာ ...

"ကျီးကန်းကို ကျူပ်ရအောင်ဖမ်းပေးမယ်"

ဟု ပြောလိုက်လေတော့၏။ သူသည် ထိုသို့ပြောလိုက်သော်လည်း ကျီးကန်းကို မည်သို့ရှာဖွေရမည်ကို စဉ်းစား၍မရအောင် ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် သူသည် သတ္တဝါကျီးကန်းမှလွဲ၍ လူကျီးကန်းကို မမြင်ဖူးသောကြောင့်ပင်ဖြစ်သည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဤနေရာသည် ချောင်ကျသောနေရာတစ်ခုဖြစ်ပါသည်။

ဟန်ကြူးမြို့၏ ချောင်အကျဆုံးနေရာကို ပြပါဟုဆိုလျှင် ဤနေရာကို ပြရမည်ဖြစ်ပါသည်။

ဤနေရာ၌ ပျက်စီးယိုယွင်းနေသော ကြီးမားသည့် အဆောက်အအုံတစ်လုံးရှိ၏။

ထိုအဆောက်အအုံသည် ယခင်က စပါးများကြိတ်ရာ၊ ဆန်များ သိုလှောင်ရာ အဆောက်အအုံဖြစ်သည်။

ယခင်အချိန်က ဤနေရာတွင် ထိုအဆောက်အအုံမျိုး လေးလုံး ငါးလုံးခန့်ရှိ၏။

ယခုအချိန်က ဤနေရာတွင် ထိုအဆောက်အအုံတစ်လုံးသာ ကျန်ရစ်ခဲ့တော့၏။

ဆန်စပါးကုန်သည်ကြီးများသည် ယခင်က ဤနေရာတွင်



လုပ်ငန်းလုပ်ကိုင်ခဲ့ကြသော်လည်း လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်မှစ၍ ဤနေရာထက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ဟန်ကြူးမြို့၏ တောင်ဘက်ပိုင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြ၏။

ထို့ကြောင့် ဤနေရာသည် ဟန်ကြူးမြို့၏ ချောင်အကျဆုံးနေရာ ဖြစ်လာခဲ့သည် မဟုတ်ပါလား။

ယခု မြင်းလှည်းတစ်စီးသည် ပျက်စီးယိုယွင်းနေသော ကြီးမားသည့် အဆောက်အအုံရှေ့၌ ထိုးရပ်လိုက်၏။

ထို့နောက် မြင်းလှည်းမောင်းသမားသည် မြင်းလှည်းပေါ်မှ သွက်လက်စွာ ခုန်ဆင်းလိုက်၏။

သူသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးဖြစ်ပြီး အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထား၏။

ထို့အပြင် သူ၏မျက်နှာကိုလည်း အနက်ရောင်ပဝါတစ်ထည်ဖြင့် မျက်လုံးပေါ်ရုံမျှသာ စည်းနှောင်ထား၏။

သူသည် မြေပေါ်သို့ရောက်သည်နှင့် ယိုယွင်းပျက်စီးနေသော အဆောက်အအုံ၏တံခါးကို တွန်းမ၍ ဖွင့်လိုက်၏။

တံခါးက အနည်းငယ် ရွဲ့စောင်းနေသည်မှအပ ယခုတိုင်ကောင်းနေဆဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ကိုယ်ကျပ်အင်္ကျီနှင့်လူသည် အဆောက်အအုံ၏ တံခါးကိုဖွင့်ပြီးနောက် မြင်း၏ဇက်ကြိုးကိုဆွဲကာ မြင်းလှည်းကို အဆောက်အအုံထဲသို့ သွင်းလိုက်၏။

ပြီးမှ သူသည် အဆောက်အအုံ၏တံခါးကို ပြန်လည်၍ ပိတ်လိုက်၏။

ထို့နောက် သူသည် မျက်နှာပေါ်မှ အနက်ရောင်ပဝါကို ဖြည်ချလိုက်၏။

မျက်နှာပေါ်မှ အနက်ရောင်ပဝါ ဖယ်ရှားလိုက်သောအခါ သူ၏မျက်နှာပေါ်လာ၏။

နှုတ်ခမ်းမွေးခပ်ရေးရေးဖြင့် လူချောလူလှတစ်ဦးဖြစ်၏။

သူက တစ်ယောက်တည်း သဘောကျစွာ ပြုံးလိုက်ပြီး မြင်းလှည်း၏တံခါးကို ခြေဖြင့်ကန်၍ ဖွင့်လိုက်၏။

'ဝုန်း' ဟူသော အသံနှင့်အတူ မြင်းလှည်းတံခါး ကျိုးပဲ့၍ သွား၏။

မြင်းလှည်းတံခါး ကျိုးပဲ့၍ ပွင့်သွားသည်နှင့် မြင်းလှည်းအတွင်း၌ ကြီးမားသော သေတ္တာတစ်လုံးကို အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူက မြင်တွေ့လိုက်ရ၏။



ထိုသေတ္တာကို မြင်တွေ့လိုက်သည်နှင့် သူ၏မျက်လုံးများက အရောင်တစ်ချက် ဝင်းလက်သွား၏။

သေတ္တာကို ကြီးမားသော သော့ခလောက်တစ်လုံးဖြင့် ပိတ်ထားပြီး သော့ခလောက်ပေါ်၌ ချိပ်လောင်းထား၏။

ထို့အပြင် လောင်းထားသောချိပ်ပေါ်၌ တံဆိပ်ရိုက်ထား၏။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသောလူက တစ်ချက်ပြုံးလိုက်ပြီး မြင်းလှည်းထဲမှ သေတ္တာကို အောက်သို့မ၍ ချလိုက်၏။

ထို့နောက် သူသည် သေတ္တာကို အဆောက်အအုံ၏အတွင်းပိုင်းသို့ သယ်ဆောင်သွား၏။

အဆောက်အအုံသည် လူတို့စွန့်ပစ်ထားသည်မှာ ကြာမြင့်ပြီဖြစ်သည့်အလျောက် အမှိုက်သရိုက်များဖြင့် ရှုပ်ပွနေ၏။

အဆောက်အအုံထဲ၌ရှိသော ပစ္စည်းပစ္စယများသည်လည်း ဟောင်းနွမ်း၍ ကျိုးပဲ့နေပြီဖြစ်၏။

သို့သော် အဆောက်အအုံ၏အတွင်းပိုင်းတစ်နေရာ၌ သစ်လွင်သော ခေါင်းတလားတစ်လုံး ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလားသည် အနက်ရောင်သုတ်ထားသော ခေါင်းတလား ဖြစ်၏။

အနက်ရောင်ကိုယ်ကျပ်အင်္ကျီနှင့်လူသည် မြင်းလှည်းပေါ်မှ သယ်ယူလာသောသေတ္တာကို အနက်ရောင်ခေါင်းတလားနှင့် ဘေးချင်းယှဉ်၍ ချလိုက်၏။

ထို့နောက် သူသည် အင်္ကျီရင်ဘတ်ကြားထဲမှ သံချိတ်ကလေးများ အရွယ်စုံပါဝင်သော သံချိတ်တွဲတစ်တွဲကို ထုတ်ယူလိုက်၏။

ပြီးမှ သူသည် ထိုသံချိတ်တွဲထဲမှ သံချိတ်တစ်ချောင်းကို ရွေးထုတ်လိုက်၏။

ထို့နောက် သူသည် သော့ခလောက်မှ ချိပ်ကိုခွာလိုက်ပြီး သံချိတ်ဖြင့် သော့ခလောက်ထဲသို့ ထိုးသွင်းကာ လေးချက်၊ ငါးချက်ခန့် လှည့်လိုက်၏။

မကြာမီမှာပင် 'ချောက်' ဟူသော အသံနှင့်အတူ သော့ခလောက် ပွင့်သွားလေတော့၏။

အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသောသူက ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး သေတ္တာကို အဖုံးဖွင့်လိုက်၏။



အဖုံးပွင့်သွားသည်နှင့် တစ်ပြိုင်တည်း အနက်ရောင်ကိုယ်ကျပ် အင်္ကျီဝတ်ဆင်ထားသူ၏ မျက်လုံးများက ဝင်းလက်၍ အရောင်တောက်သွား၏။

အဘယ်ကြောင့်ဆိုသော် သေတ္တာအတွင်း၌ တစ်ထွာသာသာ ခန့်ရှိသော ကတ္တီပါအိတ်ကလေး ဆယ်အိတ်ဆယ့်ငါးအိတ်ခန့်ကို တွေ့လိုက်သောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူက ပြုံး၍ သေတ္တာထဲမှ ကတ္တီပါအိတ်ကလေးကို ထုတ်ယူလိုက်၏။

ထို့နောက် အိတ်ကိုဖြည်၍ အိတ်ထဲမှ ပစ္စည်းများကို လက်ဝါးထဲသို့ အနည်းငယ် သွန်လိုက်၏။

ကတ္တီပါအိတ်ထဲမှ ကျောက်သံပတ္တမြားအချို့သည် သူ၏ လက်ဖဝါးထဲသို့ ရောက်လာ၏။

သူသည် အရောင်တဖိတ်ဖိတ်တောက်နေသော ကျောက်မျက်ရတနာများကို သူ၏အရောင်တဝင်းဝင်း တောက်နေသော မျက်လုံးအစုံဖြင့် အတန်ကြာအောင် ကြည့်လိုက်၏။

ပြီးမှ သူသည် လက်ဝါးထဲမှ ကျောက်မျက်ရတနာများကို ကတ္တီပါအိတ်ထဲသို့ ပြန်ထည့်၍ ကြိုးဖြင့်ပြန်ချည်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် အနက်ရောင်ခေါင်းတလားကို ဖွင့်လိုက်သည်။ အနက်ရောင်ခေါင်းတလားထဲ၌ ပဝါထုပ်တစ်ခုသာ ရှိ၏။

အနက်ရောင်ကိုယ်ကျပ်အင်္ကျီနှင့်လူသည် ခေါင်းတလားထဲမှ ပဝါထုပ်ကို ထုတ်ယူလိုက်ပြီး ဘေးသို့ ချလိုက်၏။

ပြီးမှ သူသည် သေတ္တာထဲမှ ကတ္တီပါအိတ်များကို ခေါင်းတလားထဲသို့ ပြောင်းထည့်လေတော့သည်။ ယခု သေတ္တာထဲ၌ ဘာမှမရှိတော့ပါ။

သေတ္တာထဲမှ ကတ္တီပါအထုပ်များသည် အနက်ရောင် ခေါင်းတလားထဲသို့ ရောက်ရှိသွားပြီဖြစ်ပါသည်။

အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူသည် အနက်ရောင်ခေါင်းတလား၏ အဖုံးကိုပိတ်ပြီး သံဖြင့် သေချာစွာရိုက်လိုက်၏။

ပြီးမှ စိတ်ကျေနပ်ဟန်ဖြင့် ခေါင်းတလားကို လက်ဖြင့် တစ်ချက်ပုတ်လိုက်၏။

ထို့နောက် သူသည် ခေါင်းတလားနံဘေး၌ ချထားသော ပဝါထုပ်ကို ယူ၍ ကြည့်ကာ ပဝါထုပ်ထဲမှ အဝတ်အစားတစ်စုံကို ထုတ်ယူလိုက်လေတော့၏။



ယခု သူ၏ခန္ဓာကိုယ်ပေါ်၌ အပြာရောင်အဝတ်အစားများဖြင့် ကုန်သည်ပွဲစားသဖွယ် ထင်မှတ်ရ၏။ အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်စုံသည် ယခု သေတ္တာထဲသို့ ရောက်ရှိသွားပြီဖြစ်၏။

သူသည် ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ပြီးနောက် တစ်ယောက်တည်း သဘောကျစွာ ပြုံးလိုက်လေသည်။

ထို့နောက် သူသည် အခေါင်းကို ထမ်းလိုက်၏။ သူသည် ဤနေရာ၌ ဆက်လက်နေရန် အကြောင်းမရှိတော့ပြီ မဟုတ်ပါလား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

မိုးစက်မိုးပေါက်က ကျနေဆဲဖြစ်သည်။ လမ်းဘေး သစ်ပင်ရိပ်အောက်၌ မြင်းလှည်းတစ်စီးသည် ရပ်တန့်ထား၏။

ထိုမြင်းလှည်းပေါ်၌ လူနှစ်ယောက်သည် ပျင်းရိစွာ ထိုင်နေသည်။

သူတို့၏မြင်းလှည်းသည် လူစီးမြင်းလှည်း မဟုတ်ပါ။

ကုန်ပစ္စည်းတင်သော မြင်းလှည်းဖြစ်ပါသည်။ သူတို့၏ မြင်းလှည်းပေါ်၌ ကုန်ပစ္စည်းတင်ထား၏။ သို့သော် သူတို့၏ မြင်းလှည်းပေါ်၌ တင်ထားသောပစ္စည်းများမှာ အနက်ရောင် ခေါင်းတလား သုံးလုံးဖြစ်၏။

မြင်းလှည်းပေါ်မှ လူနှစ်ယောက်သည် ပျင်းရိစွာဖြင့် ထိုင်နေ၏။

သူတို့သည် မကြာခဏ အဝေးသို့ လှမ်းမျှော်ကြည့်၏။



ထို့ကြောင့် သူတို့သည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေကြောင်း သိနိုင်၏။

မိုးစက်မိုးပေါက်များသည် သူတို့၏ ခန္ဓာကိုယ်ပေါ်သို့ တဖြောက်ဖြောက်ကျနေ၏။

မြင်းလှည်းမောင်းသမားနေရာတွင်ထိုင်၍ မြင်း၏ဇက်ကြိုးကို ကိုင်ထားသောလူက စိတ်ပျက်ဟန်ဖြင့် သက်ပြင်းချကာ မိမိ၏ ဘေး၌ ပျင်းရိပျင်းတွဲဖြင့် ထိုင်နေသောသူကို တံတောင်ဖြင့် တွတ်လိုက်၏ ...

"အကြီး ... မင်းရဲ့လူက လာမှလာပါ့မလား"

ဟု မေးလိုက်၏။

အကြီးက အပျင်းတစ်ချက်ဆန့်ကာ ...

"သူလာမှာပါ အာချန်းရ ... စိတ်မပူပါနဲ့"

ဟု ပြောလိုက်၏။

မြင်း၏ဇက်ကြိုးကို ကိုင်ထားသော အာချန်းက ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"စိတ်ပူရတယ်ကွ၊ တော်တော်ကြာ ငါတို့ ဖုန်းကျေးသွားကို ငါ မရောက်ဘဲဖြစ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလိုက်၏။

အကြီးက ပြုံးကာ ...

"ဒါတော့ ငါလည်း ဘယ်သိမလဲ"

ဟု ပြန်ပြောလိုက်၏။

အချန်းက မျက်မှောင်ကြုတ်ကာ ...

"မင်းနဲ့အဲဒီလူနဲ့ အရင်ကသိဖူးလား"

ဟု မေးလိုက်၏။

အကြီးက ခေါင်းခါယမ်းပြလိုက်ပြီး ...

"မသိပါဘူး၊ ဒီမှာ ခဏနားပြီး လက်ဖက်ရည်သောက်တုန်းကမှ သိတာပါ"

အချန်းက သက်ပြင်းချလိုက်၏။

ပြီးမှ ...

"တော်တော်ကြာ မြို့တံခါးပိတ်တော့မှာ၊ ဒါကြောင့် မင်းနဲ့ သူနဲ့သိတယ်ဆိုရင် သူနေတဲ့နေရာကို လိုက်သွားမလို့"

အကြီးက ပြုံး၍ ...

"ခဏလေးစောင့်ပါ ... သူ လာမှာသေချာပါတယ်"

အချန်းက ဦးခေါင်းညိတ်ပြီး ...



"သူလာရင် မင်းက နောက်မှာဆင်းထိုင်ပြီး သူ့ကို ဒီမှာပဲ ထိုင်ခိုင်းလိုက်"

ဟုပြောလိုက်၏။

အကြီးက ဦးခေါင်းခါယမ်းကာ ...

"သူက ငါတို့နဲ့လိုက်မှာမဟုတ်ဘူး"

ဘာချန်းက မျက်မှောင်ကြုတ်ကာ ...

"သူက ငါတို့နဲ့အတူမလိုက်ဘဲ ငါတို့ကို သူက ဘာဖြစ်လို့ စောင့်ခိုင်းရတာလဲ"

ဟု မေးလိုက်၏။ အကြီးကပြုံး၍ ...

"သူက ပစ္စည်းတစ်ခု တင်ပေးလိုက်မလို့ပါ"

အကြီး၏စကားကြောင့် အချန်းက မျက်ခုံးပင့်ကာ ...

"သူမလိုက်ဘဲ ငါတို့ သူ့ပစ္စည်းကို သွားပို့ပေးရမှာလား"

ဟု ပြန်မေးလိုက်၏။

အကြီးက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

အချန်းက သက်ပြင်းချရင်း ...

"သူ့ပစ္စည်းက ဘာပစ္စည်းလဲ ... မင်းသိလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ အကြီးက ပြုံး၍ ...

"အစကတော့ ဘာပစ္စည်းမှန်း ငါလည်းမသိဘူး၊ ဒါပေမဲ့ အခုတော့ ငါသိပြီ"

ဟုပြောလိုက်၏။ အာချွန်းက အကြီး၏စကားကြောင့် မျက်မှောင်ကြုတ်ကာ ...

"ဘာပစ္စည်းလဲ"

ဟု မေးလိုက်၏။ အကြီးက လမ်းမ၏တစ်နေရာသို့ မေးငေါ့ပြကာ ...

"လူသေထည့်တဲ့အခေါင်း"

ဟု ပြောလိုက်၏။ ထို့ကြောင့် အာချွန်းသည် အံ့သြသွားပြီး အကြီးမေးငေါ့ပြရာဘက်သို့ ကပျာကယာ လှမ်းကြည့်လိုက်၏။

ထိုနေရာ၌ လူတစ်ယောက်သည် ခေါင်းတလားတစ်လုံးကို ထမ်း၍ လာနေသည်ကို မြင်တွေ့လိုက်ရလေတော့သည်။

✹ ✹ ✹



## အခန်း (၁၃)

လူတစ်ယောက် ...။

အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်။

သူသည် ပခုံးပေါ်၌ အနက်ရောင် ခေါင်းတလားတစ်လုံးကို ထမ်းလာ၏။

ထိုလူကိုမြင်တွေ့လိုက်သည်နှင့် အကြီးက အာချွန်းကို လက်မ,ထောင်ပြကာ ...

"တွေ့လား ... ငါ့လူက အချိန်ကိုသိပ်ပြီးလေးစားပါတယ်"

ဟု ပြောလိုက်၏။

အကြီး၏ စကားအဆုံးတွင် ခေါင်းတလား ထမ်းလာသူက မြင်းလှည်းအနီးသို့ ရောက်လာ၏။ သူက အာချွန်းနှင့် အကြီးတို့ကို ပြုံးပြရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ စောင့်နေရတာကြာပြီလား"

ဟု မေးလိုက်၏။ အကြီးက ပြုံးလိုက်ပြီး ...

"ယွင်ငါးဆယ်ဟာ အချိန်ကိုကြာတယ်လို့ မထင်စေပါဘူး ဗျာ"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးလိုက်ပြီး ...

"ကျူပ်ကို အခုလို စောင့်ပေးတဲ့အတွက် ခင်ဗျားတို့ ငွေတစ်ဆယ်လောက် ပိုပြီတန်သွားတာ ခင်ဗျားတို့မသိဘူးထင်တယ်"

ဟုပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူ၏စကားကြောင့် အကြီး၏မျက်နှာက ပြုံးဖြီးဖြီးဖြစ်ကာ ...

"ငွေတစ်ဆယ်ပိုရမယ်ဆိုရင် ခင်ဗျားကို တစ်ညလုံး ထိုင်စောင့်လည်း အပန်းမကြီးပါဘူးဗျာ"

ဟု ပြန်ပြောလိုက်၏။

အာချန်းကလည်း ပြုံး၍ ...

"ဟာ ... ဒါဆို ကျူပ်တို့ ဆယ်ရက်လောက် အရက်ကို အဝသောက်နိုင်တာပဲ"



ဟု ပြောလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက ပန်းပေါ်မှ ခေါင်းတလားကို မြင်းလှည်းပေါ်သို့ တင်လိုက်၏။

အကြီးက အပြာရောင်ဝတ်စုံနှင့်လူ၏ ခေါင်းတလားကို ကြည့်ပြီး ...

"ဟာ ... အခေါင်းတွေက တစ်ပုံစံတည်းပါလား"

ဟု ပြောလိုက်၏။

အကြီး၏စကားကြောင့် အပြာရောင်ဝတ်စုံနှင့်လူက မြင်းလှည်းပေါ်မှ ခေါင်းတလားသုံးလုံးကိုကြည့်ပြီး ...

"ဟုတ်ပါရဲ့ ... ခေါင်းတွေက တစ်ပုံစံတည်းပါလား"

ဟု ပြောလိုက်၏။

သူသည် ထိုသို့ အံ့ဩသောလေသံဖြင့် ပြောလိုက်သော်လည်း ခေါင်းတလားများ တစ်ပုံစံတည်းဖြစ်နေခြင်းကို သဘောကျတန် ပေါ်လွင်နေ၏။

ပြီးမှ သူက ပြုံး၍ ...

"တစ်ပုံစံတည်းဖြစ်နေပေမယ့် မှားစရာမလိုပါဘူး"

ဟု ပြောလိုက်ပြီး မိမိ၏ခေါင်းတလားကို မြင်းလှည်းပေါ်မှ ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်ပြီး ခေါင်းတလားများကို တစ်ခုပြီးတစ်ခု ဖယ်ရှားလိုက်၏။

ပြီးမှ သူသည် မိမိ၏ခေါင်းတလားကို မြင်းလှည်းပေါ်သို့ တင်ပြီး နေရာတကျ ပြန်ချထားလိုက်၏။

ထို့ကြောင့် ယခုအခါ အပြာရောင်ဝတ်စုံနှင့်လူ၏ ခေါင်းတလားသည် အောက်ဆုံးသို့ ရောက်ရှိသွားပြီဖြစ်သည်။

အပြာရောင်ဝတ်စုံနှင့်လူက အကြီးတို့ကို ပြုံးပြလိုက်ပြီး ...

"ခင်ဗျားတို့ အခေါင်းသုံးလုံးက ဖုန်ကျားရွာကို ပို့မှာ မဟုတ်လား"

ဟု မေးလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ပြလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ပြုံးကာ ...

"ကျုပ်ရဲ့အခေါင်းကို ပို့ရမယ့်ရွာက ဖုန်ကျားရွာထက် ဆယ်မိုင်လောက် ဝေးတယ်"

ဟု ပြောလိုက်၏။ အကြီးက လက်ကာပြကာ ...

"ကျုပ် မှတ်ဉာဏ်ကောင်းပါတယ်၊ ခင်ဗျားပစ္စည်းကို ယန့်ကျားကျေးရွာကို ပို့ပေးရမယ်ဆိုတာ မမေ့သေးပါဘူး"



ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့် လူက ပြုံးကာ ...

"ဒါကြောင့် ကျုပ်က ကျုပ်အခေါင်းကို အောက်ဆုံးမှာထားတာပေါ့၊ ဒါမှခင်ဗျားတို့ ဖုန်ကျားရွာမှာ အခေါင်းတွေချတဲ့အခါ လွယ်ကူတာပေါ့"

ဟု ပြောလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တာပေါ့ ... ဒါပေမဲ့ အခေါင်းတွေက ပုံစံချင်းတူနေတော့ မတော်တဆ မှားသွားရင် ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်သည်။

အပြာရောင်ဝတ်စုံနှင့်လူက ဘာမျှ ပြန်မပြောဘဲ အင်္ကျီရင်ဘတ်ကြားထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူ၍ မိမိ၏ ခေါင်းတလား၌ ကပ်လိုက်၏။

အကြီးနှင့်အာချန်းသည် ထိုစာရွက်ကို လှမ်း၍ကြည့်လိုက်ကြ၏။

ထိုစာရွက်ပေါ်၌ စာတစ်ကြောင်း ရေးသားထား၏။

ထိုစာမှာ ...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဇနီး ဝူကြူးရှီ"

ဟူ၍ဖြစ်၏။

အကွဲ့နှင့်အာချန်းတို့သည် စာရွက်ပေါ်မှစာကို ဖတ်ရှုပြီး နောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ပြီးမှ အာချန်းက အံ့သြဟန်ဖြင့် အပြာရောင်ဝတ်စုံနှင့်လူကို ကြည့်ရင်း ...

"ဒါ ခင်ဗျားမိန်းမအလောင်းလား"

ဟု မေးလိုက်၏။

အာချန်းက ထိုသို့မေးလိုက်သည်နှင့် အပြာရောင်ဝတ်စုံနှင့် လူ၏မျက်နှာပေါ်၌ အပြုံးပျောက်ကွယ်သွား၏။

ပျောက်ကွယ်သွားသော အပြုံးနေရာ၌ ဝမ်းနည်းကြေကွဲမှုက အစားထိုးဝင်ရောက်လာလေတော့သည်။

အပြာရောင်ဝတ်စုံနှင့် လူ၏မျက်နှာပေါ်၌ ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များကို တွေ့လိုက်ရသောကြောင့် အာချန်းသည် အားတုံ့အားနာဖြစ်လာပြီး ...

"ဝမ်းနည်းစရာပဲဗျာ ... ကျုပ် မမေးသင့်ပါဘူး"

ဟု ပြောလိုက်သည်။



အပြာရောင်ဝတ်စုံနှင့်လူက သက်ပြင်းတစ်ချက် ရှိုက်လိုက် ပြီး ...

"ကိစ္စမရှိပါဘူးဗျာ ... ကျုပ်ဇနီးက ကျုပ်အပေါ် အတော် သံယောဇဉ်ကြီးတာဗျ။ သူက ကျုပ်သွားရာနောက်ကို တကောက် ကောက်လိုက်လေ့ရှိတယ်"

ဟု ပြောလိုက်သည်။

ထို့နောက် သူသည် ဝမ်းနည်းကြေကွဲဟန်ဖြင့် အဝေးသို့ တစ်ချက်လှမ်းကြည့်ပြီး ...

"ဒီတစ်ခေါက်မှာတော့ သူဟာ ရောဂါဝေဒနာတစ်ခုကို ခံစားလိုက်ရပြီး ရုတ်တရက် ကွယ်လွန်ခဲ့တာပဲ"

ဟု ပြောလိုက်၏။ အာချန်းက ဘာမျှပြန်မပြောပါ။

အပြာရောင်ဝတ်စုံနှင့်လူ၏ ဝမ်းနည်းကြေကွဲမှုသည် သူ့ထံ သို့ ကူးစက်ခံ စားလိုက်ရသည် မဟုတ်ပါလား။

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ကျုပ်က သူ့အလောင်းကို ကျုပ်ရဲ့ကျေးရွာမှာပဲ သင်္ဂြိုဟ် ချင်တယ်၊ ဒါပေမဲ့ ဒီမှာကလည်း အလုပ်ကိစ္စက မပြတ်သေးဘူး၊ ဒါကြောင့် ခင်ဗျားတို့ကို အကူအညီတောင်းရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

အကြီးက သက်ပြင်းချကာ ...

"အစက ဘာဖြစ်လို့ ခင်ဗျားက မပြောရတာလဲ"

ဟု မေးလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက သက်ပြင်းချကာ ...

"ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ်က ကျုပ်ဇနီးရဲ့အလောင်းကို ပို့ပေးပါလို့ပြောရင် ခင်ဗျားတို့က ငြင်းလိုက်မှာစိုးလို့ပါ"

ဟု ပြောလိုက်၏။

ထို့နောက် သူက ဆက်၍ပြော၏။

"ကျုပ်ရဲ့ကျေးရွာကို ရောက်သွားရင် အဲဒီမှာရှိတဲ့ ဆွေမျိုးတွေက ကျုပ်ရဲ့ဇနီးအလောင်းကို သင်္ဂြိုဟ်ဖို့ ဝိုင်းပြီးစီစဉ်ပေးလိမ့်မယ်၊ ကျုပ်လည်း ဒီကကိစ္စကို လက်စသတ်နိုင်မယ်၊ ကျုပ်ဇနီးကို သင်္ဂြိုဟ်တဲ့ အချိန်အမီ ကျုပ်ရွာကို ကျုပ်ပြန်နိုင်မယ်၊ ဒါကြောင့် ခင်ဗျားတို့ကို မလိမ့်တစ်ပတ်နဲ့ အကူအညီ တောင်းမိတာကို ခွင့်လွှတ်ပါဗျာ"

ဟု ပြောလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ကာ ...



"စိတ်မကောင်းဖြစ်မနေပါနဲ့၊ ခင်ဗျားမိန်းမအလောင်းကို ကျုပ်တို့ ရောက်အောင်ပို့ပေးပါ့မယ်"

ဟု ပြောလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက ဦးခေါင်းညိတ်ကာ ...

"ခင်ဗျားတို့က ကျုပ်ဇနီးရဲ့အလောင်းကို ဂရုတစိုက်နဲ့ အမြန်ဆုံး ပို့ပေးမယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်"

ဟုပြောလိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက်ရှိုက်ကာ အင်္ကျီ ရင်ဘတ်ကြားထဲမှ ငွေဟာစ်ဆယ်ကိုထုတ်ယူ၍ အာချန်းထံသို့ လှမ်းပေးရင်း ...

"တော်တော်ကြာ မြို့တံခါးပိတ်တော့မယ်"

ဟု ပြောလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... အချိန်ရှိတုန်း ကျုပ်တို့သွားတော့မယ်"

ဟုပြောကာ အပြာရောင်ဝတ်စုံနှင့်လူ၏ လက်ထဲမှ ငွေတစ်ဆယ်ကို လှမ်းယူလိုက်၏။

ထို့နောက် အာချန်းသည် မြင်းလှည်းမောင်းသည့်ထိုင်ခုံ၌ ဝင်ထိုင်လိုက်ပြီး မြင်း၏ဇက်ကြိုးကို ကိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အကြီးက အာချန်း၏ဘေး၌ ဝင်ထိုင်လိုက်၏။

မကြာမီမှာပင် ခေါင်းတလားလေးလုံး တင်ဆောင်ထားသော မြင်းလှည်းကလေးသည် အပြာရောင်ဝတ်စုံနှင့်လူ၏ မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့သည်။

မြင်းလှည်းသည် တဖြည်းဖြည်း ဝေး၍သွားပြီဖြစ်၏။ အပြာရောင်ဝတ်စုံနှင့်လူသည် မြင်းလှည်းကို ဝေး၍ကြည့်နေ၏။

နောက်ဆုံး၌ မြင်းလှည်းသည် သူ၏မြင်ကွင်းမှ မြင်းလှည်း ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်တည်း သူ၏မျက်နှာပေါ်မှ ဝမ်းနည်းကြေကွဲမှုလည်း ပျောက်ကွယ်သွား၏။

ထို့နောက် သူ၏မျက်နှာပေါ်၌ ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်း စသည့် အရိပ်အယောင်များ ပေါ်လာခြင်းကို သဘောကျစွာ တဟားဟား ရယ်မောလိုက်လေတော့သည်။

✸

ဟန်ကြူးမြို့၏ ချောင်ကျသောနေရာ၌ အဆောက်အအုံ ပျက် တစ်လုံးရှိ၏။



ထိုအဆောက်အအုံပျက်ထဲ၌ မြင်းလှည်းတစ်စီး ရှိ၏။

ထိုမြင်းလှည်းပေါ်၌ စိုက်ထူထားသောအလံသည် လေထဲ၌ တဖျပ်ဖျပ် လူးလွန့်မနေတော့ပါ။ ထိုမြင်းလှည်းနှင့် မလှမ်းမကမ်း အတွင်းပိုင်းတစ်နေရာ၌ သေတ္တာတစ်လုံး ရှိ၏။

ထိုသေတ္တာသည် ပွင့်နေ၏။ သေတ္တာထဲ၌ အနက်ရောင် ဝတ်စုံတစ်စုံသာ ရှိနေ၏။

လွန်ခဲ့သော နာရီဝက်တစ်နာရီခန့်က ဤသေတ္တာထဲ၌ အဖိုးထိုက်တန်သော ကျောက်မျက်ရတနာများ ပါရှိခဲ့သည်ဟု မည်သူမျှ သိမည်မဟုတ်တော့ပါ။

အပြာရောင်ဝတ်စုံနှင့်လူသည် ရွှေနဂါးအာမခံဌာန၏အလံ စိုက်ထူထားသော မြင်းလှည်းကိုကြည့်ပြီး ပြုံးလိုက်၏။

ထို့နောက် သူသည် အဆောက်အအုံပျက်ထဲ၌ ကျန်ရစ်ခဲ့သော သူ၏ပစ္စည်းတစ်ခုကို သွားရောက်ယူငင်လိုက်၏။ ထိုပစ္စည်းသည် ငှက်လှောင်အိမ်တစ်ခု ဖြစ်ပါသည်။

ထိုငှက်လှောင်အိမ်သည် သံမဏိဖြင့် ပြုလုပ်ထားသော ငှက်လှောင်အိမ် ဖြစ်ပါသည်။ ထိုငှက်လှောင်အိမ်ထဲ၌ ငှက်တစ်ကောင် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်စုံနှင့်လူက ထိုငှက်လှောင်အိမ်ကို လှမ်းယူလိုက်သောအခါ လှောင်အိမ်ထဲကငှက်က အသံမြည်လာ၏။

"အာ အာ"

ဤလောကပေါ်၌ ထိုသို့မြည်သောငှက်သည် တစ်မျိုးတည်းသာ ရှိ၏။ ထိုငှက်သည် ကျီးကန်းပင်ဖြစ်သည်။

✹ ✹ ✹



## အခန်း (၁၄)

လွန်ခဲ့သောသုံးရက်ခန့်က အဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့သောမိုးသည် ယနေ့ စဲသွားပြီဖြစ်၏။ သို့သော် တဖွဲဖွဲဖြင့် ကျနေဆဲ ဖြစ်၏။

နွေနှောင်းကာလ မိုးဦးကျရာသီဥတုသည် ထိုကဲ့သို့ပင် ဖြစ်၏။

တစ်နေ့လုံး မိုးက တဖွဲဖွဲဖြင့် ရွာနေသည်။

မိုးတဖွဲဖွဲ ရွာနေသည့်ကြားမှ ထွက်ပေါ်ခဲ့သော နေဝန်းသည် အနောက်ဘက်သို့ ဝင်ရောက်သွားပြီဖြစ်သည်။

ထို့ကြောင့် ညအမှောင်က ဤလောကပေါ်သို့ ရောက်လာသည်။

တစ်နေကုန် တစ်နေ့ခန်း မိုးက တဖွဲဖွဲဖြင့် ရွာနေသောကြောင့် ဟန်ကြူးမြို့သည် ပျင်းရိဖွယ် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟန်ကြူးမြို့မှ အိမ်အချို့သည် စောစီးစွာဖြင့် မီးထွန်းကြပြီဖြစ်၏။

ဟန်ကြူးမြို့မှလူများသည် တိတ်ဆိတ်၍ ပျင်းရိဖွယ်ကောင်းသောအချိန်ကာလ၌ အိမ်တွင်းအောင်းနေကြပြီဖြစ်သော်လည်း လူတစ်စုသည် ချွေးများပြန်လျက် ဟန်ကြူးမြို့၏ လမ်းများပေါ်တွင် ယောက်ယက်ခတ်နေ၏။

ထိုလူစုသည် ရွှေနဂါးအာမခံဌာနမှ လူစုပင်ဖြစ်သည်။ ကျင်းစိန်သည် လူဆယ်ယောက်ကို ဦးဆောင်၍ လှုပ်ရှားနေ၏။

လောက်ချမ်းသည် လူဆယ်ယောက်ကို ဦးဆောင်၍ လှုပ်ရှားနေ၏။

သူတို့သည် လူစုခွဲ၍ ဟန်ကြူးမြို့ကို ဗိုက်စိတ်တိုက် ရှာဖွေရန် လှုပ်ရှားနေကြသည် မဟုတ်ပါလား။

အကယ်၍သာ ကျိုးကန်းသည် ဤဟန်ကြူးမြို့တွင်း၌ ရှိနေလျှင် မလွဲမသွေမိအောင်ဖမ်းဆီးနိုင်မည်ဟု သူတို့က ယုံကြည်ထား၏။

သို့သော် သူတို့သည် ကျိုးကန်းကို တွေ့ဖူးမြင်ဖူးခြင်းမရှိပါ။

မည်သို့ပင်ဖြစ်ပါစေ မြင်းလှည်းတစ်စီးတိုက် ပစ္စည်းများနှင့်



ကျိုးကန်းသည် ဤဟန်ကြူးမြို့မှ ကိုယ်ပျောက်၍ ထွက်ခွာနိုင်လိမ့်မည်မဟုတ်ဟု သူတို့က ယုံကြည်ထားသည်။

✹

လောက်ရှမ်းသည် မြေပေါ်၌ ဒူးထောက်၍ မြေကြီးပေါ်မှ စွပ်ကြောင်းကို ကြည့်ပြီးနောက် ခပ်လှမ်းလှမ်း၌ရှိသော အဆောက်အအုံပျက်ကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက် သူက ပြုံးလိုက်ပြီး လက်ကို ဝှေ့ယမ်းပြလိုက်၏။

လောက်ရှမ်းက ထိုသို့ လက်ကို ဝှေ့ယမ်းပြလိုက်သည်နှင့် ရွှေနဂါးအာမခံဌာနမှ သိုင်းသမားများသည် အဆောက်အအုံပျက်သို့ လျှင် မြန်စွာ ချဉ်းကပ်သွားလေတော့၏။

မကြာမီမှာပင် သူတို့သည် အဆောက်အအုံပျက်သို့ ရောက်ရှိလာ၏။

ထိုစဉ် ရုတ်တရက် အဆောက်အအုံအတွင်းမှ မြင်းတစ်ကောင်၏ နှာမှုတ်သံကို ကြားလိုက်ရလေတော့သည်။

လောက်ရှမ်းက 'တောက်' တစ်ချက် ခေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အနက်ရောင်ဝတ်စုံသာရှိသော သေတ္တာကို စူးစိုက်၍ ကြည့်နေ၏။

ကျီးကန်းသည် သေတ္တာထဲမှ ပစ္စည်းများကို ရွှေ့ပြောင်း၍ သယ်ဆောင်သွားပြီဖြစ်ကြောင်း လောက်ရှမ်းက သဘောပေါက်သည်။

သို့သော် ကျီးကန်းသည် သေတ္တာထဲမှ ပစ္စည်းများကို မည်သည့်အထဲသို့ ပြောင်းရွှေ့၍ သယ်ဆောင်သွားသနည်းဟူသော မေးခွန်း၏အဖြေကို လောက်ရှမ်းက ရှာမတွေ့သေးချေ။

မည်သို့ပင်ဖြစ်ပါစေ ...

ကျီးကန်းသည် ထိုပစ္စည်းများဖြင့် ဤဟန်ကြူးမြို့၌ ပုန်းအောင်းနေနိုင်မည် မဟုတ်ပါ။

သူသည် ဤဟန်ကြူးမြို့မှ လျင်မြန်စွာ ထွက်ခွာသွားရမည် ဖြစ်သည်။

အကယ်၍သာ ကျီးကန်းသည် ဤဟန်ကြူးမြို့မှ ထွက်ခွာသွားမည်ဆိုလျှင် သူသည် ဟန်ကြူးမြို့၏ အရှေ့ဘက်တံခါးမှသာ ထွက်ခွာသွားနိုင်မည်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ...



ဟန်ကြူးမြို့၌ရှိသော မြို့အဝင် တံခါးပေါက် လေးပေါက် အနက် အရှေ့ဘက်တံခါးပေါက်သာလျှင် ယခုအချိန်၌ ဖွင့်ထားဆဲဖြစ်သောကြောင့်ပင် မဟုတ်ပါလား။

ထို့ကြောင့် ကျင်းစိန်သည် သူ၏နောက်မှ သိုင်းသမားများကို လှည့်၍ အမိန့်ပေးလိုက်သည်။

"အားလုံး အရှေ့ဘက်တံခါးကို အမြန်ဆုံးရောက်အောင် သွားကြ"

✹

ဟန်ကြူးမြို့ ...။

ဟန်ကြူးမြို့၌ မြို့ဝင်မြို့ထွက်တံခါးပေါက် လေးပေါက်ရှိ၏။

တံခါးပေါက်တိုင်း၌ မြို့စောင့်ရဲမက်များရှိ၏။

ထိုမြို့ဝင်မြို့ထွက် တံခါးပေါက်လေးပေါက်အနက် အရှေ့ဘက်တံခါးပေါက်မှလွဲ၍ ကျန်တံခါးပေါက်သုံးပေါက်သည် နေဝင်သည်နှင့် ပိတ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်တံခါးပေါက်သာလျှင် အနည်းငယ် မိုးချုပ်၍ ပိတ်၏။

အဘယ်ကြောင့်ဆိုသော် ...

ဟန်ကြူးမြို့သို့ အရေးတကြီးကိစ္စဖြင့် ဝင်ရောက်လာသူများ၊ အရေးတကြီးကိစ္စဖြင့် ထွက်ခွာလိုသူများအတွက် အချိန်အနည်းငယ် ပို၍ ဖွင့်ပေးသောကြောင့်ဖြစ်သည်။

✹

အရှေ့ဘက်တံခါးမှ တံခါးစောင့်ရဲမက်များသည် မြို့အဝင်အထွက်တံခါးကို ပိတ်နေပြီဖြစ်၏။

ကျင်းစိန်သည် တံခါးပေါက်သို့ မြင်းကို ခုန်းစိုင်းစီးရင်း ...

"မိတ်ဆွေတို့ ခဏနေပါဦး"

ဟု လှမ်း၍ အော်ဟစ်လိုက်၏။

ကျင်းစိန်၏အော်ဟစ်သံကြောင့် တံခါးစောင့်ရဲမက်များသည် ကျင်းစိန်ကို လှမ်း၍ ကြည့်လိုက်ကြ၏။

ကျင်းစိန်က တံခါးဝသို့ရောက်သည်နှင့် မြင်းပေါ်မှ ခုန်ဆင်း



လိုက်ပြီး တံခါးစောင့်ရဲမက်များ၏ ခေါင်းဆောင်ဖြစ်သူကို လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်၏။

တံခါးစောင့်တပ်ဖွဲ့၏ခေါင်းဆောင်က ကျင်းစိန်ကို မျက်မှောင်ကြုတ်၍ ကြည့်ပြီး ...

"ဘာအရေးကြီးလို့လဲ၊ ဒီအချိန် တံခါးပိတ်တာကို မသိဘူးလား"

ဟု မေးလိုက်၏။

ကျင်းစိန်က တပ်ဖွဲ့ခေါင်းဆောင်ကို ပြုံးပြလိုက်ပြီး ...

"အနှောင့်အယှက်ပေးသလို ဖြစ်သွားတာကို တောင်းပန်ပါတယ်၊ ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ပါ"

ဟု ပြောလိုက်၏။

တံခါးစောင့်တပ်ဖွဲ့၏ခေါင်းဆောင်က မျက်မှောင်ကြုတ်ကာ ...

"ဘာကိစ္စလဲ"

ဟု မေးလိုက်၏။

ကျင်းစိန်က ပြုံးလိုက်ပြီး ...

"ကျုပ်တို့က ရွှေနဂါးအာမခံဌာနကပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က ဘာမျှပြန်မပြောဘဲ ကျောင်းစိန်ကို စူးစိုက်ကြည့်လိုက်၏။

ကျောင်းစိန်က နှုတ်ခမ်းကို တစ်ချက်ကိုက်ပြီး ...

"ကျုပ်တို့သယ်လာတဲ့ပစ္စည်းတွေကို အလုခံလိုက်ရတယ်၊ အဲဒီဓားပြဟာ ပစ္စည်းတွေနဲ့ ဒီမြို့ထဲမှာ ပုန်းနေမှာမဟုတ်ဘူး"

ဟု မေးလိုက်၏။ တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က မျက်မှောင်ကြုတ်ကာ ...

"ဘယ်တုန်းကလဲ"

ဟု ပြောလိုက်၏။

ကျောင်းစိန်က ...

"သိပ်မကြာသေးဘူး၊ ဒါကြောင့် ဓားပြဟာ ပစ္စည်းတွေနဲ့ အတူ ဒီမြို့ကထွက်ပြေးသွားမှာပါ။ ဒါလောက်ဆို သဘောပေါက်ပြီ ထင်ပါတယ်"

ဟု ပြောလိုက်၏။

ကျောင်းစိန်၏စကားကြောင့် တံခါးစောင့် တပ်ဖွဲ့ခေါင်းဆောင် သည် မျက်မှောင်ကြုတ်ရင်း ...



"ဓားပြဟာ ပစ္စည်းတွေနဲ့အတူ ဒီကထွက်ပြေးသွားတယ်လို့ ပြောချင်တာလား"

ဟု ပြန်မေးလိုက်၏။

ကျောင်းစိန်က ဦးခေါင်းညိတ်ကာ ...

"ဒီအချိန်မှာ ဒီတံခါးက လွဲပြီး ကျန်တဲ့တံခါးတွေက ပိတ်ကုန်ကြပြီ မဟုတ်လား"

ဟု ပြန်ပြောလိုက်၏။

တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က ဦးခေါင်းညိတ်ပြလိုက်ရင်း ...

"မှန်ပါတယ် ... ကျုပ်တို့က အရေးကြီးကိစ္စတွေအတွက် အချိန်နည်းနည်းပိုပြီး ဖွင့်ပေးထားရတာပါ"

ကျောင်းစိန်က ဦးခေါင်းညိတ်ကာ ...

"ဒါထက် မြို့ပြင်ကို ဘယ်သူတွေထွက်သွားတာ တွေ့လိုက်သလဲ"

ဟု မေးလိုက်၏။

တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က မျက်မှောင်ကြုတ်၍ စဉ်းစားရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အခုဝိတ်ခါနီးမှာ အခေါင်းတွေတင်လာတဲ့ မြင်းလှည်းက လွဲပြီး ဘယ်သူမှ ထွက်လာတာ မရှိပါဘူး"

ဟု ပြောလိုက်၏။

ထိုစကားကိုကြားလိုက်သည်နှင့် ကျင်းစိန်၏ မျက်လုံးများသည် ဝင်းလက်၍ သွားပြီး ...

"ဟုတ်ပြီ ... အဲဒီမြင်းလှည်းသွားတာ ကြာပြီလား"

ဟုမေးလိုက်၏။

တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က ဦးခေါင်း ခါယမ်းလိုက်ပြီး ...

"မကြာသေးဘူး"

ဟု ပြန်ပြောလိုက်၏။

တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်၏ စကားအဆုံးတွင် ကျင်းစိန်က တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်ကို ဦးညွှတ်၍ ...

"ကျေးဇူးတင်ပါတယ်"

ဟုပြောကာ မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး အရှေ့မြို့ဝင်မြို့ထွက် တံခါးပေါက်ကို ဖြတ်၍ ဟန်ကြူးမြို့၏အပြင်သို့ ထွက်၍ မြင်းကို ဒုန်းစိုင်းပြီး ထွက်သွားလေတော့သည်။



ကျင်းစိန်၏နောက်မှ ရွှေနဂါးအာမခံဌာနမှ သိုင်းသမားများကလည်း မြင်းကို တစ်ဟုန်ထိုးစီး၍ ကျင်းစိန်၏နောက်မှ လိုက်သွားလေတော့၏။

အရှေ့ဘက်တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်သည် ဦးခေါင်းကို ခါယမ်းလိုက်၏။

တံခါးစောင့်အဖွဲ့ခေါင်းဆောင်၏နံဘေးမှ ရဲမက်က မြင်းကို ဒုန်းစိုင်း၍ ထွက်ခွာသွားကြသော ကျင်းစိန်တို့လူစုကိုကြည့်ပြီး ...

"ဘယ်သူကများ ရွှေနဂါးအာမခံဌာနရဲ့ပစ္စည်းကို လုရဲတာလဲ"

ဟု မေးလိုက်၏။

တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က သက်ပြင်းချကာ ...

"ဘာပဲဖြစ်ဖြစ် ရွှေနဂါးအာမခံဌာနရဲ့ပစ္စည်းကို လုရဲတဲ့လူဟာ အတော့်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

ဟု ညည်းညည်းညူညူ ပြောလိုက်လေတော့သည်။ ထို့နောက် သူက သူ၏ရဲမက်များကို ...

"တံခါးပိတ်လိုက်ကြတော့ဟေ့"

ဟု အမိန့်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူတစ်စုသည် တံခါးပေါက်သို့ ဦးတည်၍ မြင်းများကို ခုန်းနိုင်းပြိုးစီးလာကြသည်ကို တံခါးစောင့် တပ်ဖွဲ့ခေါင်းဆောင်က မြင်တွေ့လိုက်ရလေတော့သည်။

တစ်ဆက်တည်းမှာပင် မြင်းစီးသမားတစ်ယောက်၏ လက်ထဲမှအလံသည် လေထဲ၌ တဖျပ်ဖျပ် လူးလွန့်နေ၏။

ထိုအလံသည် ရွှေနဂါးအာမခံဌာန၏ အလံဖြစ်ကြောင်းကို တံခါးစောင့်တပ်ဖွဲ့ခေါင်းဆောင်က သိလိုက်သည် မဟုတ်ပါလား။

❋ ❋ ❋



## အခန်း (၁၅)

တစ်နေကုန် တဖွဲဖွဲဖြင့် ရွာနေသော မိုးသည် ယခု ရပ်တန့်သွားပြီဖြစ်ပါသည်။

ထို့ပြင် ...

လပြည့်ညဖြစ်၍ ကောင်းကင်ပေါ်သို့ လဝန်းက စောစီးစွာ ရောက်ရှိနေပြီဖြစ်သည်။

လရောင်အောက်၌ ဖြောင့်တန်းနေသော လမ်းမကြီးသည် ငွေရောင်တောက်ပနေ၏။

မြင်းလှည်းပေါ်မှ လူနှစ်ယောက် လိုက်ပါလာပြီး မြင်းလှည်း၏နောက်ပိုင်း၌ ခေါင်းတလားလေးလုံး တင်ဆောင်ထားလေ၏။

ထိုမြင်းလှည်းသည် ဟန်ကြူးမြို့၏အရှေ့ဘက်တံခါး မှ ဝိတ်ခင်အချိန်ပိုင်းက ဟန်ကြူးမြို့မှ ထွက်လာခဲ့သော မြင်းလှည်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်မဟုတ်ပါလား။

✹

အချန်းက မြင်းလှည်းကို မောင်းနှင်နေ၏။

အကြီးက အချန်း၏နံဘေး၌ ပျင်းရိပျင်းတွဲစွာထိုင်ရင်း အပြောရောင်ဝတ်စုံနှင့် လူထံမှ ရရှိလာသောငွေခြောက်ဆယ်ကို အချန်းနှင့်ဝေယူပြီးနောက် မည်သို့မည်ပုံ သုံးဖြုန်းရမည်ကို စဉ်းစားနေ၏။

အချန်းက အကြီးကို တစ်ချက်လှည့်ကြည့်ပြီး ...

"အကြီး ... မင်းက လောက်ဖုရဲ့ကစားဝိုင်းကိုသွားဖို့ စိတ်ကူးနေတာလား"

ဟုမေးလိုက်၏။ အကြီးက ပြုံးလိုက်ပြီး ...

"မဟုတ်ပါဘူး ... ငါရတဲ့ငွေကို ဘယ်လိုတိုးပွားအောင်လုပ်ရမလဲဆိုတာ စဉ်းစားနေတာပါ၊ မင်းရော အာယုံဆီမသွားဘူးလား"

ဟု မေးလိုက်၏။ အာယုံသည် ကြေးစားမယ်တစ်ဦးဖြစ်၏။



အချန်းသည် အာယုံကို အလွန်သဘောကျသူဖြစ်၏။

သို့သော် အာယုံသည် ဈေးကြီးသော ကြေးတန်းစားမယ်ဖြစ်၍ အချန်းသည် အာယုံ၏အနားသို့ပင် ကပ်ခွင့်မရခဲ့ချေ။

ယခု အချန်း၌ ရှိသောငွေသည် အာယုံကို သူ၏ရင်ခွင်ထဲသို့ ရောက်ရှိစေရန် လုံလောက်နေသည် မဟုတ်ပါလား။

အချန်းသည် အာယုံထံသို့ သွားမည်ဟု စိတ်ကူးထားခဲ့ အကြီးက ပြောလိုက်သောကြောင့် ရှက်သွားကာ ...

"ဟာ ... မင်းကလည်း ဒီငွေဟာ ငါတို့ ဆယ်ရက်ဆယ့်ငါး ရက်လောက် လုပ်မှကိုင်မှ ရတဲ့ငွေနဲ့ ညီမျှနေတဲ့ဥစ္စာ၊ တစ်နေ့တည်း ဘယ်လိုလုပ်ပြီး သုံးပစ်နိုင်မှာလဲ"

ဟု ရှက်ရမ်းရမ်း၍ ပြောလိုက်သည်။

အကြီးက ပြုံး၍ ...

"ဘာအစုမှ ရှက်နေတာလဲ၊ ဒီမှာ ငွေဆိုတာ ရှာတဲ့အခါ လွယ်ပါတယ်၊ အဲ ... ဘယ်လိုရှာရမယ်ဆိုတာ သိဖို့ပဲလိုတယ်"

ဟု ပြောလိုက်၏။ အချန်းက သက်ပြင်းချကာ ...

"ဟုတ်ပါတယ် ... ဒါပေမဲ့ သခင်ကြီးက အခုလို ဒုက္ခ အခေါင်းကိုပါ ရောပြီးတင်လာတာကို သဘောကျပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

အကွီးက ရယ်မောလိုက်ပြီး ...

"သခင်ကြီးက တစ်ရက်နောက်ကျပြီးမှ ရောက်လာမှာလေ ဘာစိတ်ပူစရာရှိလို့လဲ"

အချန်းက ဦးခေါင်းခါယမ်းပြီး ...

"သခင်ကြီးသမက်က ဘာပြောမလဲ၊ မင်း စဉ်းစားမိရဲ့လား"

ဟု မေးလိုက်သည်။

အကွီးက ပြုံးကာ ...

"ကုန်းစွန်းယို့ကို ထည့်ပြီးပူမနေစမ်းပါနဲ့၊ ဒီလူက သူ့ရဲ့ဆေးပညာကလွဲပြီး သူ့မိန်းမကိုတောင် စိတ်ဝင်စားတဲ့လူ မဟုတ်ဘူး"

ဟုပြောလိုက်၏။

အချန်းက ဦးခေါင်းခါယမ်းကာ ...

"မဟုတ်သေးဘူးလေ ... ဖုန်ကျောင်းရွာမှာ သခင်ကြီးမရှိရင် သူက ငါတို့ရဲ့သခင်ကြီးပဲ၊ သူက ဘာဖြစ်လို့ သူများအခေါင်းသယ်လာရတာလဲလို့မေးရင် မင်းက ဘယ်လိုဖြေမလဲ"



အကွီးက ပေါ့ပေါ့တန်တန် လေသံဖြင့် ...

"ဒါများ ဘာခက်တာလိုက်လို့၊ ငါ့သူငယ်ချင်းရဲ့မိန်းမ သေသွားလို့ ငါက လမ်းကြုံသယ်လာပေးတာဆိုရင် သူက ဘာပြောမှာလဲ"

ဟု ပြန်ပြောလိုက်သည်။

အချန်းက မျက်မှောင်ကြုတ်ကာ ...

"သူက ရှုပ်ရှုပ်ယှက်ယှက်လုပ်တာ မကြိုက်ဘူးနော်"

ဟု ပြောလိုက်၏။

အကွီးက ရုတ်တရက် အချန်းကို မျက်လုံးပြူးကြည့်ကာ...

"မင်းက မိုးမပြိုသေးဘူး၊ ပြိုရင် ဘယ်လိုလုပ်ပြီးနေမလဲဆိုပြီး တွေးပူနေတဲ့လူစားပဲ၊ ဒါကြောင့် မင်းက ဘယ်တော့မှ ကြီးပွားချမ်းသာမှာမဟုတ်ဘူး၊ အခုတောင် ငါက အကြံအဖန်ကောင်းလို့ မင်းမှာ ငွေပိုငွေလျှံရလာတာ"

ဟု ပြောလိုက်၏။

အချန်းက ဘာမှပြန်မပြောတော့ပါ။ သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... မြစ်လာတဲ့ကိစ္စကို မင်းပဲရှင်း"

ဟု ပြောလိုက်၏။

အကြီးက ရင်ကိုကော့၍ ...

"စိတ်ချ ... ငါရှင်းမယ်၊ မင်းအသာနေ"

ဟု ပြောလိုက်၏။

ထိုစဉ် ရုတ်တရက် ဒုန်းစိုင်းမောင်းနှင်လာသော မြင်းခွာသံများကို သူတို့နှစ်ယောက် ကြားလိုက်ရလေတော့၏။

ထို့ကြောင့် ...

သူတို့သည် မြင်းခွာသံများပေါ်ထွက်လာရာ သူတို့၏နောက်ဘက်သို့ ပြိုင်တူလှည့်ကြည့်မိလေတော့၏။

လူပေါင်းဆယ်ယောက် ဆယ့်တစ်ယောက်ခန့်ရှိသော မြင်းစီး လူတစ်စုသည် မြင်းကို ဒုန်းစိုင်း၍ တရကြမ်းမောင်းနှင်လာ၏။

ထိုလူစုကို ကျင်းစိန်က ဦးဆောင်လာခြင်းဖြစ်၏။

အာချန်းက မျက်မှောင်ကြုတ်ကာ ...

"ဘယ်လောက်များ အရေးကြီးလို့ ဒီလောက် တရကြမ်း မောင်းလာကြတာလဲ"

ဟု ပြောလိုက်၏။



အကြီးက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"သူတို့ဘာသာသူတို့ ဘာကိစ္စအရေးကြီးကြီး ငါတို့နဲ့မဆိုင်ဘူး"

ဟု ပြောကာ ရှေ့သို့ ပြန်၍ လှည့်ကြည့်လိုက်၏။

ထိုစဉ် သူတို့၏နောက်မှ မြင်းစီးလာသောလူစုသည် သူတို့၏ မြင်းလှည်း အနီးသို့ ရောက်လာ၏။

ကျင်းစိန်က မြင်းလှည်းနှင့် ဘေးချင်းယှဉ်၍ မြင်းကိုစီးရင်း မြင်းလှည်းမောင်းနေသော အာချန်းကို လှမ်း၍ပြောလိုက်၏။

"ဟေ့ ရပ်လိုက်"

အာချန်းက ပခုံးတွန့်ပြကာ မြင်းလှည်းကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်၍ မောင်းနှင်သွား၏။

အကြီးက မျက်မှောင်ကြုတ်ကာ ...

"လမ်းကအကျယ်ကြီးပဲ၊ ဘေးက ကျော်တက်သွားပေါ့၊ ကျုပ်တို့က ဘာဖြစ်လို့ ရပ်ရမှာလဲ"

ဟု ပြောလိုက်၏။

ကျင်းစိန်က ဘာမျှပြန်မပြောတော့ဘဲ မြင်းလှည်းဆွဲသော မြင်း၏နံဘေးသို့ မြင်းကို မောင်းနှင်သွားပြီး မြင်းလှည်းမှ

www.burmeseclassic.com

www.burmeseclassic.com



မြင်း၏ဇက်ကြိုးကို ဖြတ်ကိုင်၍ မြင်းလှည်းကို ရပ်တန့်လိုက်လေတော့၏။

အကွီးက ဒေါသတကြီးဖြင့် ထိုင်ရာမှထလိုက်ပြီး တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် မိမိတို့အား မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်လိုက်သော ကျင်းစိန်၏မျက်လုံးများကို မြင်တွေ့လိုက်ရသောကြောင့် သက်ပြင်းချကာ ပြန်လည်၍ ထိုင်ချလိုက်လေတော့သည်။

❋ ❋ ❋



## အခန်း (၁၆)

မြင်းလှည်းက ရပ်တန့်သွားပြီဖြစ်၏။ ကျင်းစိန်ကလည်း ရပ်တံ့လိုက်ပြီဖြစ်၏။

ထို့ကြောင့် ကျင်းစိန်၏နောက်မှ လိုက်လာကြသော ရွှေနဂါးအာမခံဌာနမှ လူများကလည်း သူတို့၏မြင်းများကို ရပ်တန့်လိုက်သည်။

သို့သော် သူတို့သည် မြင်းများကို တည်ငြိမ်စွာ ရပ်တန့်လိုက်ခြင်းဖြစ်၏။

မြင်းလှည်းပေါ်မှ အာချန်းနှင့်အကွီးတို့က မိမိတို့ကို ဝိုင်းရံ၍ထားသော လူတစ်စုကို နားမလည်နိုင်သောမျက်လုံးများဖြင့် ကြည့်နေမိ၏။

ကျင်းစိန်က မြင်းလှည်း၏နောက်ဘက်သို့ လှမ်း၍ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း၏နောက်ဘက်တွင် ခေါင်းတလားလေးလုံး တင်ဆောင်ထား၏။

ထို့နောက် ကျင်းစိန်က မြင်းလှည်းပေါ်မှ အာချန်းနှင့်အကြီးကို လှမ်းကြည့်လိုက်၏။

ပြီးမှ ...

"မင်းတို့ ဟန်ကြူးမြို့က ထွက်လာတာမဟုတ်လား"

ဟု မေးလိုက်၏။

အာချန်းက ဦးခေါင်းညိတ်၍ ...

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ကျင်းစိန်က အာချန်း၏အမေးကို မဖြေဘဲ ...

"မင်းတို့ အရှေ့ဘက်တံခါးပေါက်က ထွက်လာတာမဟုတ်လား"

ဟု မေးလိုက်၏။ အာချန်းက ကျင်းစိန်ကို နားမလည်နိုင်သော မျက်လုံးများဖြင့် ကြည့်ရင်း ...

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"



ဟု မေးလိုက်၏။ အကြီးက ကျင်းစိန်ကို မျက်လုံးပြူး၍ကြည့်ပြီး ...

"ခင်ဗျားတို့က ဓားပြတွေလား"

ဟု မေးလိုက်၏။

ကျင်းစိန်က ဘာမျှပြန်မပြောပါ။ အာချန်းက သက်ပြင်းချရင်း ...

"ကျုပ်တို့က ဆင်းရဲသားတွေပါ၊ ကျုပ်တို့မှာ ဘာပစ္စည်းမှ ပါမလာပါဘူး"

ဟု ပြောလိုက်၏။

အကြီးက ဦးခေါင်းညိတ်ပြီး ...

"ဟုတ်ပါတယ်၊ ကျုပ်တို့မြင်းလှည်းမှာ လူသေအလောင်းတွေ ထည့်ထားတဲ့ ခေါင်းတလားတွေပဲ ပါပါတယ်"

ဟု ပြောလိုက်၏။

ကျင်းစိန်က သက်ပြင်းချလိုက်ပြီး ...

"ကျုပ်ကလည်း အဲဒီခေါင်းတလားတွေပဲ လိုချင်တယ်"

ဟု ပြောလိုက်၏။ ကျင်းစိန်၏စကားကြောင့် အာချန်းသည် မျက်စိမျက်နှာပျက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ... ကျုပ်တို့နှစ်ယောက်မှာ ငွေခြောက်ဆယ် ရှိပါတယ်၊ ခင်ဗျားတို့ လိုချင်ရင် ယူသွားပါ"

ဟု ကမန်းကတန်း ပြောလိုက်၏။ ကျင်းစိန်က ဦးခေါင်းခါ ယမ်းပြကာ ...

"ကျုပ်က ဒီအခေါင်းတွေပဲ လိုချင်တယ်"

ဟု ထပ်၍ ပြောလိုက်၏။ အာချန်းက လက်နှစ်ဖက်ကို ဆုပ်၍ ...

"ဒီအခေါင်းတွေကိုတော့ မယူပါနဲ့ဗျာ၊ ခင်ဗျားတို့ယူသွားရင် ကျုပ်တို့ဆရာက ကျုပ်တို့ကို ချမ်းသာပေးမှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

အာချန်း၏စကားကြောင့် ကျင်းစိန်သည် မျက်မှောင်ကြုတ် သွားပြီး ...

"မင်းတို့ဆရာက ဘယ်သူလဲ"

ဟု မေးလိုက်၏။ အာချန်းက တံတွေးကို တစ်ချက်မျိုချ လိုက်ပြီး ...

"ဖုန်ကျားကျေးရွာသခင်ကြီးပါ"

ဟု ပြောလိုက်၏။



အာချန်း၏စကားကြောင့် ကျင်းစိန်သည် မယုံကြည်နိုင် လောက်အောင် မျက်လုံးပြူးကျယ်သွားပြီး ...

"ဘာ ... ဖုန်ကျားကျေးရွာသခင်ကြီး ... ဟုတ်လား"

ဟုထင်၍ မေးလိုက်၏။ အာချန်းက ဦးခေါင်းကို ကပျာ ကယာ ညိတ်ပြီး ...

"ဟုတ်ပါတယ်၊ သခင်ကြီး ထန်ယန့်ရှာပါ"

ဟု ထပ်၍ ပြောလိုက်၏။ ကျင်းစိန်က သက်ပြင်းချကာ ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး"

ဟု ပြောလိုက်၏။

အာချန်းက ပြူးပြကာ ...

"ဖြစ်နိုင်ပါတယ် ... သခင်ကြီးထန်ယန့်ရှာဟာ ဖုန်ကျား ကျေးရွာပိုင်ရှင်ပါ"

ဟု ထပ်၍ ပြောလိုက်၏။

ကျင်းစိန်က ဦးခေါင်းခါယမ်းပြီး ...

"မဖြစ်နိုင်ဘူး ... မင်းတို့လိမ်နေတာ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစိန်၏စကားကြောင့် အာချန်းက ဘာမျှ နားမလည်ဟန်ဖြင့် ...

"ခင်ဗျားတို့မယုံရင် ဖုန်ကျားကျေးရွာကိုလိုက်ပြီး မေးကြည့်၊ ဖုန်ကျားကျေးရွာရဲ့သခင်ကြီးဟာ ထန်ယန့်ရှာဆိုတာ သိလိမ့်မယ်"

ဟု ပြောလိုက်၏။

ကျင်းစိန်က မျက်မှောင်ကြုတ်ကာ ...

"မင်းတို့သခင်ကြီးဟာ ထန်ယန့်ရှာ မဖြစ်နိုင်ဘူး"

ဟု ပြောလိုက်၏။

ကျင်းစိန်၏စကားကြောင့် အာချန်းနှင့်အကွီးတို့သည် အံ့သြစွာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

ဟု ပြိုင်တူ မေးလိုက်၏။

ကျင်းစိန်က အာချန်းနှင့်အကွီးကို စူးစိုက်ကြည့်လိုက်ပြီး ...

"ဖုန်ကျားကျေးရွာသခင်ကြီး ထန်ယန့်ရှာဟာ ဘယ်တော့မှ သူများပစ္စည်းကို လုယက်တဲ့အကျင့် မရှိဘူး"

ဟု ပြောလိုက်၏။



ကျင်းစိန်၏စကားကြောင့် အာချန်းနှင့် အကွီးသည် ဘာမျှ နားမလည်ဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်လိုက်ကြ၏။

ပြီးမှ အကွီးက ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... ကျုပ်တို့သခင်ကြီးဟာ ဘယ်တော့မှ သူတစ်ပါးပစ္စည်းကို လုယက်မယူတတ်ပါဘူး"

ဟု ပြောလိုက်၏။

ကျင်းစိန်က နှုတ်ခမ်းကိုမဲ့၍ ပြုံးလိုက်ပြီး ...

"ဒါကြောင့် မင်းတို့ရဲ့ဆရာ ဘယ်သူဆိုတာ အမှန်အတိုင်း ပြောပါ"

ဟု အေးစက်သောလေသံဖြင့် ပြောလိုက်၏။

အာချန်းက ဘာမျှနားမလည်ဟန်ဖြင့် ဦးခေါင်းကို တဖျင်းဖျင်းမြည်အောင် ကုတ်လိုက်ပြီး ...

"ခင်ဗျားတို့ ဘာတွေလာပြီး ပြောနေတာလဲ၊ ကျုပ်တို့ ဘာမှ နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။ ကျင်းစိန်က အာချန်းနှင့်အကွီးတို့ကို စူးစိုက်ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ရွှေနဂါးအာမခံဌာနက ပစ္စည်းတွေကို လမ်းက ဖြတ်လုခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်၏။

ကျင်းစိန်၏စကားကြောင့် အာချန်းနှင့် အကွီးတို့သည် တိုင်ပင်ထားခြင်းမရှိဘဲ ကျင်းစိန်ကို မျက်လုံးပြူးကြည့်ကာ ...

"ဗျာ ... ဘုရားရေ"

ဟု ပြိုင်တူရေရွတ်လိုက်ကြသည်။

✹

'ခြွမ်း' ဟူသော အသံနှင့်အတူ ကျင်းစိန်၏ ဓားအိမ်ထဲမှ ဓားက မျက်လှည့်ပြလိုက်သကဲ့သို့ ကျင်းစိန်၏လက်ထဲသို့ ရောက်ရှိလာ၏။

ထို့နောက် ဓားဖျားက အကွီး၏မျက်နှာရှေ့၌ တုန့်ခါနေသည်။

အကွီးသည် မိမိ၏မျက်နှာရှေ့၌ တလှုပ်လှုပ်ဖြင့် တုန့်ခါနေသော ဓားဖျားကို မျက်လုံးပြူး၍ ကြည့်နေမိ၏။



ကျင်းစိန်က မျက်မှောင်ကြုတ်ပြီး ...

"မင်းတို့ မှန်မှန်ပြောစမ်း"

ဟု ပြောလိုက်၏။

အကွီးက တုန်ယင်သောလေသံဖြင့် ...

"ကျုပ်တို့ အမှန်ပြောတာပါ"

ဟု ပြန်ပြောလိုက်၏။ အာချန်းကလည်း တုန်ယင်သော လေသံဖြင့် ...

"ကျုပ်က အာချန်းပါ၊ သူက အကွီးပါ၊ ကျုပ်တို့ဟာ ဖုန်းကျားကျေးရွာသခင်ကြီးရဲ့ တပည့်တွေပါ၊ မယုံရင် ဖုန်ကျားကျေးရွာကို လိုက်ပြီးမေးကြည့်နိုင်ပါတယ်"

ဟု ပြောလိုက်၏။

ကျင်းစိန်က မျက်မှောင်ကြုတ်ပြီး ...

"ဒီမှာ မင်းတို့ သေသေချာချာ နားထောင်၊ မင်းတို့က ကျုပ်တို့ရဲ့ ရွှေနဂါးအာမခံဌာနက ပစ္စည်းတွေကို လမ်းဖြတ်လုပြီး အခေါင်းတွေထဲမှာ ထည့်လာတာ မဟုတ်လား"

ဟု မေးလိုက်၏။ အာချန်းက ကပျာကယာ ဦးခေါင်းခါယမ်းပြလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ပါဘူး။ ဒီအခေါင်းတွေက ကျုပ်တို့သခင်ကြီးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပြီး သေသွားတဲ့လူတွေရဲ့ အလောင်းတွေပါ"

ဟု ပြောလိုက်၏။

အကျိုးက ဦးခေါင်းကို ပုတ်သင်ညိုကပင် အရှုံးပေးရလောက်အောင် တဆတ်ဆတ်ညိတ်ရင်း ...

"ဟုတ် ... ဟုတ်ပါတယ်၊ သခင်ကြီးက အလောင်းတွေကို ခေါင်းထဲထည့်ပြီး သူ့သမက်ဆီကို ပို့နိုင်းလိုက်တာပါ"

ဟု ဝင်ရောက်၍ ပြောလိုက်၏။

ကျင်းစိန်က မဲ့ပြုံးပြုံးကာ ...

"ကျုပ်မယုံဘူး"

ဟု ပြောလိုက်၏။ ထို့နောက် ကျင်းစိန်က ဦးခေါင်းညိတ်ပြလိုက်ရာ ရွှေနဂါးအာမခံဌာနမှ သိုင်းသမားနှစ်ယောက်သည် မြင်းပေါ်မှ လွှားခနဲခုန်ကာ မြင်းလှည်းပေါ်သို့ ရောက်ရှိသွား၏။

သူတို့သည် မြင်းလှည်းပေါ်သို့ရောက်သည်နှင့် မြင်းလှည်းပေါ်မှ ခေါင်းတလားများ၏အဖုံးကို ဓားဖြင့်ကော်၍ ဖွင့်လိုက်ကြ၏။

ကျင်းစိန်သည် ခေါင်းတလားများကို မျက်တောင်မခတ်ကြည့်နေ၏။



မြင်းလှည်းပေါ်၌ ခေါင်းတလားလေးလုံး ရှိ၏။

ခေါင်းတလားများကို နှစ်လုံးစီဆင့်၍ တင်ထားခြင်းဖြစ်၏။ ရွှေနဂါးအာမခံဌာနမှ သိုင်းသမားနှစ်ယောက်က အပေါ်ပိုင်းမှ ခေါင်းတလားနှစ်လုံး ကို ဓားဖြင့်ထိုး၍ ကော်လိုက်၏။

ထို့ကြောင့် ...

ခေါင်းတလား၏အဖုံးမှ သံချက်က ကြွတက်လာပြီး အနည်းငယ် ဟသွား၏။ သိုင်းသမားနှစ်ယောက်က ခေါင်းတလားများ၏ အဖုံးဟသွားသည်နှင့် ဓားကို ပြန်ရုပ်လိုက်ပြီး လက်ဖြင့် ဆွဲခွာလိုက်၏။

'ဝုန်း ဝုန်း'

ဟူသောအသံနှင့်အတူ ခေါင်းတလားများ၏ အဖုံးများသည် ပွင့်၍သွားလေတော့သည်။

ကျင်းစိန်က ခေါင်းတလားများကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ၏။

ထို့ကြောင့် ...

ခေါင်းတလားများ၏ အဖုံးပွင့်သွားသည်နှင့် သူသည် ခေါင်းတလားထဲမှအရာကို မြင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မြင်တွေ့လိုက်ရသည်နှင့် ကျင်းစိန်၏မျက်လုံးများသည် မယုံကြည်နိုင်အောင် ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ခေါင်းတလားထဲ၌ ဖြူဖွေးသော အရိုးစုများ ရှိနေသောကြောင့်ပင် ဖြစ်သည်။

✹

အဖုံးပွင့်သွားသော ခေါင်းတလားနှစ်လုံးထဲ၌ ဖြူဖွေးသော အရိုးစုများ ရှိနေ၏။

ကျင်းစိန်သည် ခေါင်းတလားထဲမှ ဖြူဖွေးသော အရိုးစုများကိုကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်၏။

ပြီးမှ သူသည် အာချန်းကို လှမ်းကြည့်ရင်း ...

"မင်းတို့ပြောတာတွေ အမှန်ပဲလား"

ဟု မေးလိုက်၏။

အာချန်းက ဦးခေါင်းကို ကမန်းကတန်း ညိတ်ရင်း ...

"အမှန်တွေပါ၊ ကျုပ်တို့ လိမ်မပြောပါဘူး"

ဟု ပြောလိုက်၏။



ကျင်းစိန်က ခေါင်းတလားထဲမှ အရိုးစုကို တစ်ချက်လှမ်းကြည့်ပြီး ...

"သူတို့က ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ထန်ယန့်ရွာနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရတာလဲ"

ဟု မေးလိုက်၏။ အာချန်းက ခေါင်းခါယမ်းပြလိုက်ပြီး ...

"ဒါတော့ ကျုပ်တို့လည်းမသိဘူး"

ထိုအချိန်တွင် အကွီးက ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ကျုပ်တို့က ခပ်ဝေးဝေးမှာ နေခဲ့ရတာပါ၊ ဒါပေမဲ့"

စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်ပြီး ကျင်းစိန်ကို ကြည့်လိုက်၏။

ကျင်းစိန်က မျက်မှောင်ကြုတ်ကာ ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ဟု မေးလိုက်၏။

အကွီးက တံတွေးတစ်ချက်မျိုလိုက်ပြီး ...

"သခင်ကြီး သွားပြီးယှဉ်ပြိုင်မယ့်လူဟာ မြေခွေးဆိုတာတော့ ကြားလိုက်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကျင်းစိန် မျက်မှောင်ကြုတ်သွားပြီး ...

"မြေခွေး ... ဟုတ်လား"

ဟု မေးလိုက်၏။

အကွီးက ခေါင်းညိတ်ကာ ...

"ကျုပ်ကြားလိုက်တာကို ပြောတာနော်"

ဟု ပြောလိုက်၏။ ကျင်းစိန်က မျက်မှောင်ကြုတ်ရင်း ...

"သိုင်းလောကမှာ မြေခွေးသုံးကောင်ဟာ နာမည်ကြီးပဲ"

ဟု ပြောလိုက်၏။ အာချန်းက ဦးခေါင်းညိတ်ကာ ...

"ဒါတော့ ကျုပ်တို့လည်းမသိဘူး"

ဟု ပြောလိုက်၏။ ကျင်းစိန်က ခေါင်းတလားထဲမှ ဖြူဖွေးသော အရိုးများကို လက်ညှိုးဖြင့် ထိုးပြပြီး ...

"ဒါ သူတို့အလောင်းလား"

ဟု မေးလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ကာ ...

"သခင်ကြီးနဲ့ယှဉ်ပြိုင်ပြီး သေသွားတဲ့သိုင်းသမားရဲ့ အလောင်းပါ။ ခင်ဗျားပြောတဲ့လူ ဟုတ်,မဟုတ်တော့ မသိဘူး"

ဟု ပြောလိုက်၏။ ကျင်းစိန်က မျက်မှောင်ကြုတ်ပြီး ...



'ထန်ယန်ရှုက ဓားသမားပဲ"

ဟု ပြောလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ကျင်းစိန်က မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့ သူတို့က အရိုးစု ဖြစ်သွားရတာလဲ"

ဟု မေးလိုက်၏။ အကွီးက ပခုံးတွန့်ပြကာ ...

"သူတို့လက်နက်နဲ့သူတို့ ပြန်ထိပြီး သေသွားတယ်လို့ ကြားတာပဲ"

ဟု ပြောလိုက်၏။ အကွီး၏စကားအဆုံးတွင် ကျင်းစိန်၏ ခန္ဓာကိုယ်သည် ရုတ်တရက် တောင့်တင်း၍သွား၏။

သူသည် ရွှေနဂါးအာမခံဌာနမှူး ဖြစ်သည့်အပြင် သိုင်းလောကနှင့် စိမ်းသူမဟုတ်ပါ။

ထို့ကြောင့် သူသည် သိုင်းလောက၌ နာမည်ကြီးနေသော မြေခွေးသုံးကောင်ကို ကြားဖူး၏။

ထို့အပြင် မြေခွေးသုံးကောင်၏အရိုးဆွေးအဆိပ် အကြောင်းကိုလည်း ကြားဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောက၌ မြွေခွေးသုံးကောင်နှင့် ရင်ဆိုင်တွေ့ကြုံခဲ့သော သိုင်းသမားများသည် တစ်ဦးတလေမျှ အသက်ရှင်လွတ်မြောက်သည်ဟု မကြားဖူးခဲ့ပါ။

ထို့အတူ မြွေခွေးသုံးကောင်၏ အရိုးဆွေးအဆိပ်လက်နက်ပုန်းကိုလည်း တစ်စုံတစ်ယောက်မျှ လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့သည်ဟု မကြားဖူးခဲ့ပါ။

ယခု သူသည် မြွေခွေးသုံးကောင်ကို သုတ်သင်လိုက်နိုင်သော လူတစ်ယောက်ရှိကြောင်းကို သိလိုက်ရပြီဖြစ်၏။

ထို့အပြင် မြွေခွေးသုံးကောင်၏ အရိုးဆွေးအဆိပ်လက်နက်ပုန်းကို လွတ်အောင်ရှောင်တိမ်းပြီး တန်ပြန်ပစ်လွှတ်နိုင်သော လူတစ်ယောက်ရှိကြောင်းကိုလည်း သိလိုက်ရ၏။

ထို့ကြောင့် ကျင်းစိန်၏မျက်လုံးများသည် ပြူးကျယ်သွားပြီး မြင်းလှည်းပေါ်မှ သိုင်းသမားများကို လှမ်း၍ ...

"ဟော့ကောင်တွေ အဖုံးတွေ ပြန်ဖုံးပေးလိုက်တော့"

ဟု အမိန့်ပေးလိုက်လေတော့၏။ အခြေအနေကို နားလည်သော သိုင်းသမားများကလည်း အခေါင်းများကို လျင်မြန်စွာ ပြန်လည်၍ ပိတ်ပေးလိုက်ကြ၏။



ကျင်းစိန်သည် ဖုန်ကျားကျေးရွာသခင်ကြီး ထန်ယန့်ရှာ၏ အကြောင်းကိုကြားဖူး၏။

ထန်ယန့်ရှာသည် တစ်ချိန်က သိုင်းလောကတွင် လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားသူဖြစ်၏။

သိုင်းလောကတွင် ထန်ယန့်ရှာကို ယှဉ်ပြိုင်နိုင်ခဲ့သူ မရှိပါ။ ထန်ယန့်ရှာသည် သိုင်းလောက၌ နှစ်ပေါင်းများစွာ ကျင်လည် ကျက်စားပြီးနောက် သိုင်းလောကမှ အနားယူခဲ့၏။

ယခု ထန်ယန့်ရှာသည် သိုင်းလောက၌ အလွန်ရက်စက်သည်၊ အလွန်ကြမ်းကြုတ်သည်ဟု နာမည်ကျော်ကြားပြီး ပြိုင်ဘက်ကင်းနေသော မြွေခွေးသုံးကောင်ကို သုတ်သင်လိုက်ပြီဖြစ်၏။

အကယ်၍သာ ...

မိမိက ထန်ယန့်ရှာ၏မြင်းလှည်းကို ယခုကဲ့သို့ ပြုလုပ်ကြောင်းကို ထန်ယန့်ရှာက သိခဲ့မည်ဆိုလျှင် ...

ကျင်းစိန်သည် ဆက်၍မတွေးဝံ့ပါ။

ရွှေနဂါးအာမခံဌာနမှ တာဝန်ယူ၍ ပို့ဆောင်ပေးရသော ပစ္စည်းများ ဆုံးရှုံးသဖြင့် ခံစားရမည့်ရလဒ်မှာ ငွေကြေးနှင့်ရာထူး ဆုံးရှုံးခြင်းသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုကိစ္စကို ထန်ယန့်ရှာက မကျေနပ်ခဲ့ပါလျှင် ရှိမည့်ရလဒ်မှာ မိမိ၏အသက်နှင့် ခန္ဓာကိုယ် တစ်ကွဲတစ်ပြား ဖြစ်သွားပေလိမ့်မည် မဟုတ်ပါလား။

ထို့ပြင် ယခုကိစ္စအတွက် ထန်ယန့်ရှာနှင့် ပြဿနာဖြစ်ပြီး အသက်ဆုံးရှုံးရပါက မိမိတစ်ဦးတည်း မဟုတ်ဘဲ ရွှေနဂါးအာမခံဌာနတစ်ခုလုံးပင် ဖြစ်နိုင်ကြောင်းကိုလည်း ကျင်းစိန်က တွေးလိုက်မိ၏။

ထို့ကြောင့် သူသည် သူ၏လူများကို အခေါင်းကိုပိတ်၍ မြင်းလှည်းပေါ်မှ မြန်မြန် ဆင်းခိုင်းလိုက်ခြင်းပင် ဖြစ်သည်။

❋ ❋ ❋



အခန်း (၁၇)

မြင်းလှည်းပေါ်မှ သိုင်းသမားနှစ်ယောက်သည် ဖွင့်ထားသော အခေါင်းနှစ်လုံးကို ကပျာကယာ ပြန်လည်၍ ဖုံးလိုက်ပြီး မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

ထိုစဉ် သိုင်းသမားတစ်ယောက်သည် ခေါင်းတလားတစ်လုံးပေါ်၌ ကပ်ထားသော ချစ်ဇနီး 'ပူကြုံးရှိ' ဟူသော စာရွက်သည် ကွာ၍ကျသွား၏။

ထို့ကြောင့် ထိုသိုင်းသမားက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ကွာကျသွားသော စာရွက်ကို ကမန်းကတန်း ကောက်ယူလိုက်ပြီး ခေါင်းတလား၌ ပြန်၍ကပ်ရန် ဟန်ပြင်လိုက်၏။

သို့သော် သူသည် မည်သည့်ခေါင်းတလားမှ ကွာကျလာသည်ကို မသိပါ။ ထို့ကြောင့် သူသည် တွေ့ရာခေါင်းတလားပေါ်သို့ ကပ်ပေးလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ ချစ်စနိုး 'ဂူကြီးရှိ' ဟု စာရွက်ကပ်ထားသော ခေါင်းတလားသည် အောက်ဘက်၌ရှိသော ခေါင်းတလားနှစ်လုံး အနက် ညာဘက်မှ ခေါင်းတလားဖြစ်၏။

သို့သော် ယခု တိုသိုင်းသမားက ပြန်လည်၍ ကပ်ပေးလိုက်သည်မှာ အောက်ဘက်၌ရှိသော ခေါင်းတလားနှစ်လုံးအနက် ဘယ်ဘက်မှ ခေါင်းတလားပေါ်တွင် ဖြစ်သည်မဟုတ်ပါလား။

ကျင်းစိန်၏မျက်နှာပေါ်၌ အပြုံးပေါ်လာ၏။ သူက အာချန်းနှင့် အကွီးတို့ကို ပြုံးပြလိုက်ခြင်းဖြစ်၏။

ကျင်းစိန်က သူတို့နှစ်ယောက်ကို ပြုံးပြလိုက်သောကြောင့် အာချန်းနှင့် အကွီးတို့သည် မျက်ခုံးပင့်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ကျင်းစိန်သည် သူတို့နှစ်ယောက်နှင့် စ၍တွေ့ကတည်းက မျက်မှောင်ကြုတ်ထားခဲ့သည် မဟုတ်ပါလား။ ကျင်းစိန်က အာချန်းနှင့် အကွီးတို့ကို ပြုံးပြလိုက်ပြီး ...

"ခင်ဗျားတို့အပေါ် အထင်လွဲမိတာကို ခွင့်လွှတ်ပါ"

ဟု ပြောလိုက်၏။ အကွီးက ပြုံးရင်း ...

"ကျုပ် မျက်စိရှေ့က ဒီဓားကြီး ဖယ်ပေးပါဗျာ၊ အသည်း ယားလို့"

ကျင်းစိန်က ယခုမှ အကွီးကို ဓားဖြင့် ချိန်ထားဆဲဖြစ်ကြောင်း သတိရကာ ...

"ဩော် ... ဟုတ်သားပဲ"

ဟု ပြောကာ ဓားကိုပြန်လည်၍ရုပ်သိမ်းလိုက်၏။ ဓားက အကွီး၏ မျက်နှာရှေ့မှ မျက်လှည့်ပြသကဲ့သို့ ပျောက်ကွယ်သွားပြီး ကျင်းစိန်၏ ဓားအိမ်ထဲသို့ ပြန်ရောက်သွား၏။ ကျင်းစိန်က ပြုံးရင်း ...

"ကျုပ် အထင်လွဲမိတာကို ဘယ်လိုမှ သဘောမထားဘူး မဟုတ်လား"

ဟု ထပ်၍မေးလိုက်၏။ အာချန်းက ပြုံးလိုက်ပြီး ...

"ရပါတယ်ဗျာ ကိစ္စမရှိပါဘူး"

ဟု ပြန်ပြောလိုက်၏။ ကျင်းစိန်က ပြုံးလိုက်ရင်း ...

"ဒီလိုပဲ မဟုတ်သေးဘူး၊ ကျုပ်ဆိုလိုတာက ဒီကိစ္စကို ခင်ဗျားတို့ သခင်ကြီးကို ပြန်ပြောမှာလား"

ဟု မေးလိုက်၏။ အကွီးက ဦးခေါင်းညိတ်ကာ ...

"ကျုပ်တို့ရောက်ချိန်ထက် နောက်ကျပြီးရောက်ရင် ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ နောက်ကျရတယ်ဆိုတာကို ပြောပြရပါတယ်”

ဟု ပြောလိုက်၏။ ကျင်းစိန်ကပြုံးကာ အင်္ကျီရင်ဘတ်ကြားထဲမှ ငွေနှစ်ဆယ်ကိုထုတ်ယူပြီး အကွီးထံသို့ လှမ်းပေးကာ ...

“ခင်ဗျားတို့ရဲ့အချိန်တွေကို ကျုပ်က အလကားဖြစ်အောင် လုပ်လိုက်မိတယ်၊ ဒီအတွက် စိတ်မကောင်းပါဘူး၊ ဒါကြောင့် ခင်ဗျားတို့ကို ကျုပ်က ပြုစုဖို့လိုပါတယ်၊ ဒါပေမဲ့ ကျုပ်မှာအချိန်မရလို့ ကိုယ်တိုင်ကိုယ်ကျ မပြုစုနိုင်တာကို ခွင့်လွှတ်ပါ”

ဟု ပြောလိုက်၏။ အကွီးကပြုံး၍ ကျင်းစိန်၏လက်ထဲမှ ငွေနှစ်ဆယ်ကို လှမ်းယူလိုက်၏။ ကျင်းစိန်က ပြုံးကာ ...

“အေးဗျာ အခုကိစ္စကို ခင်ဗျားတို့သခင်ကြီးမသိရင်ကျုပ်က သိပ်ပြီးကျေးဇူးတင်မှာပဲ”

ဟု ပြောလိုက်၏။ အကွီးက ပြုံးလိုက်၏။ ထိုလူသည် မိမိ၏ သခင်ကြီးနှင့် ပြဿနာမဖြစ်ချင်ကြောင်းကို သဘောပေါက်နေ၏။ ထို့ကြောင့် အကွီးက လက်ထဲမှငွေနှစ်ဆယ်ကို တစ်ချက်ကြည့်ပြီး ...

“ခင်ဗျားက ကျုပ်တို့ကိုပြုစုတော့ ကျုပ်တို့ကလည်း ဒီကိစ္စကိုပြောပြမယ်ဆိုရင် ကျုပ်တို့က သိပ်ပြီးရိုင်းသွားမှာပေါ့”



ဟု ပြောလိုက်၏။ ကျင်းစိန်က ပြုံးကာ ...

“အေးဗျာ ကျေးဇူးပါပဲ”

ဟု ပြောလိုက်၏။ ထို့နောက် ကျင်းစိန်က အာချန်းနှင့်အကွီးတို့ကိုလက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး ...

“ကိုင်း ... ကျုပ်တို့ကို သွားခွင့်ပြုပါဦး”

ဟု ပြောလိုက်၏။ ပြီးမှ ကျင်းစိန်သည် မိမိ၏လူစုကို လက်ဖွေ့ယမ်းပြပြီး ထိုနေရာမှထွက်ခွာသွားလေတော့၏။ အကွီးက ဝေး၍သွားပြီဖြစ်သော ကျင်းစိန်တို့လူစုကို ကြည့်ပြီးပြုံးလိုက်၏။ ပြီးမှ အာချန်းဘက်သို့လှည့်ကာ ...

“တွေ့တယ်မဟုတ်လား၊ ငွေဆိုတာ ရှာတတ်ရင် လွယ်တယ်လို့”

ဟု ပြောလိုက်လေတော့သည်။

✹

ဟန်ကြူးမြို့၏ အရှေ့တံခါးမှ ထွက်လာခဲ့သော ပေါက်ရှမ်း ဦးဆောင်သော ရွှေနဂါးအာမခံအဖွဲ့နှင့် ကျင်းစိန် ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



သော ရွှေနဂါးအာမခံအဖွဲ့နှင့် ကျင်းစိန်ဦးဆောင်သော ရွှေနဂါးအာမခံအဖွဲ့တို့သည် လမ်းခုလတ်၌ တွေ့ဆုံကြ၏။

ကျင်းစိန်က လောက်ရှမ်းနှင့် တွေ့သော်လည်း ထန်ယန့်ရှာ၏ မြင်းလှည်းအကြောင်းကို မပြောဖြစ်ပါ။ ကျင်းစိန်အနေဖြင့် ပြောရန်လည်း မလိုအပ်ဟု ယူဆထား၏။

အမှန်မှာ သူသည် ထန်ယန့်ရှာနှင့် ပြဿနာမဖြစ်လိုသောကြောင့် ထိုကိစ္စကို ထိန်ချန်ခဲ့ခြင်းဖြစ်၏။ အကယ်၍သာ ကျင်းစိန်သည် လောက်ရှမ်းကို ထန်ယန့်ရှာ၏ မြင်းလှည်းအကြောင်း ပြောခဲ့မည်ဆိုလျှင်၊ ထန်ယန့်ရှာနှင့် မြွေခွေးသုံးကောင်အကြောင်း ပြောခဲ့သည် ဆိုလျှင်၊ ထန်ယန့်ရှာ၏ မြင်းလှည်းပေါ်၌ ခေါင်းတလားလေးလုံး ပါရှိကြောင်း ပြောခဲ့မည်ဆိုလျှင်။

❋ ❋ ❋



## အခန်း (၁၈)

အကွီးက သီချင်းဆိုနေ၏။

သူ၏သီချင်းက အချစ်သီချင်း တစ်ပုဒ်ဖြစ်၏။ သို့သော် အကွီးသည် စည်းဝါးမှန်အောင် မဆိုတတ်ပါ။

ထို့အပြင် အာချန်းသည် မျက်နှာကို ရှုံ့မဲ့၍နေ၏။

သို့သော် ...

သူသည် အကွီး၏ငှက်ဆိုးထိုးသကဲ့သို့ ဆိုးရွားလှသော အသံကို အောင့်အည်းသည်းခံကာ နားထောင်နေရ၏။

အဘယ်ကြောင့်ဆိုသော် အကွီးသည် တစ်ညနေခင်းအတွင်းမှာပင် ငွေရှစ်ဆယ်ကို ရှာဖွေနိုင်စွမ်းရှိသော လူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ...

အာချန်းသည် မြင်းလှည်းကိုမောင်းရင်း အကွီး၏ အသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခြင်းကို ခံနေရသည် မဟုတ်ပါလား။

✹

သေသောသူသည် အသက်ပြန်ရှင်နိုင်သလော။ သေဆုံးပြီး သောလူတစ်ယောက်သည် အသက်ပြန်လည်ရှင်သန်လာစေရန် ပြု လုပ်နိုင်ပါသလော။

ဤလောကတွင် လူသေကို အသက်သွင်းနိုင်သော ပညာ ရပ် ရှိနေပါသလော။

လူသေကို ပြန်လည်ရှင်သန်စေသော ဆေးဝါးများ ရှိနေပါ သလော။

ထိုမေးခွန်းများကို မည်သူမျှ ဖြေနိုင်မည်မဟုတ်ပါ။ ထို့ အပြင် ထိုကိစ္စနှင့်ပတ်သက်၍လည်း မည်သူမျှ ယုံကြည်ကြမည် မဟုတ်ပါ။

ထိုသို့ လူသေကို အသက်သွင်းနိုင်သော အတတ်ပညာရှိ သည်ဟုဆိုလျှင် ထိုအတတ်ပညာသည် ဖုန်ကျားကျေးရွာ၌ပင် ရှိ ပေလိမ့်မည်။



ထိုသို့ လူသေကို အသက်သွင်းနိုင်သော အတတ်ပညာကို တစ်စုံတစ်ယောက်က တတ်ကျွမ်းသည်ဆိုလျှင် ထိုသူသည် ဖုန်ကျား ကျေးရွာ၌ပင် ရှိပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ...

လူသေအလောင်းများ တင်လာသော မြင်းလှည်းသည် ဖုန် ကျားကျေးရွာသို့ ဦးတည်၍ သွားနေသောကြောင့်ပင်ဖြစ်သည် မဟုတ်ပါလား။

✹

ဤလောက၌ လူသေကို ပြန်လည်ရှင်သန်ရန် အသက်သွင်း သော အတတ်ပညာသည်လည်းကောင်း၊ ဆေးဝါးများသည်လည်း ကောင်း ရှိနေသည်ဟု ယုံကြည်သည်ဖြစ်စေ မယုံကြည်သည်ဖြစ်စေ ကုန်းစွန်းယို့ အလိုရှိနေသော လူသေအလောင်းသုံးလောင်းသည် မကြာမီမှာပင် ကုန်းစွန်းယို့ထံသို့ ရောက်ရှိလာတော့မည် ဖြစ်သည် မဟုတ်ပါလား။

အကယ်၍သာ ကုန်းစွန်းယို့က သေဆုံးပြီးသောလူသေကို

www.burmeseclassic.com

www.burmeseclassic.com



အသက်ပြန်လည်ရှင်သန်လာအောင် ပြုလုပ်နိုင်ခဲ့လျှင် သိုင်းလောက တစ်ခုလုံး၌ မျှော်လင့်မထားသော တုန်လှုပ်ချောက်ချားမှုများ၊ ထိတ်လန့် ကြောက်ရွံ့မှုများ ဖြစ်ပျက်လာပေလိမ့်မည် ဖြစ်၏။

သို့သော် အကြီးနှင့်အာချုန်းတို့သည် သိုင်းလောကသားများ မဟုတ်ပါ။

ထို့ကြောင့် ...

သူတို့သည် သိုင်းလောက၌ ဖြစ်ပေါ်လာမည့် ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော ချောက်ချားဖွယ်ကောင်းသော ဖြစ်ရပ် များကို ဂရုစိုက်လိမ့်မည် မဟုတ်ပါ။

ယခု သူတို့သယ်ဆောင်လာသောအလောင်းများ ပြန်လည် အသက်ရှင်လာမည်ကိုလည်း သူတို့က ဂရုမစိုက်ပါ။ အသက်ရှင် မလာမည်ကိုလည်း ဂရုမစိုက်ပါ။

သူတို့သည် ယခုသယ်ဆောင်လာသော ခေါင်းတလား သုံး လုံးကို ကုန်းစွန်းယို့ထံသို့ ပို့ပေးပြီးလျှင် သူတို့၏တာဝန် ပြီးဆုံးသွား ပြီ မဟုတ်ပါလား။

ထို့ကြောင့် အာချုန်းသည် အာယုံထံသို့သွားရန် စိန်ကူးနေ ၏။



အကြီးက လောင်းကစားရုံသို့သွားရန် စိတ်ကူးနေ၏။

မကြာမီ သူတို့သည် ဖုန်ကျားကျေးရွာကို မြင်တွေ့လိုက်ရပြီ ဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဖုန်ကျားကျေးရွာ ....။

ဤအနီးပတ်ဝန်းကျင်တစ်ဝိုက်၌ ရှိကြသော ကျေးရွာများ အနက် ဖုန်ကျားကျေးရွာသည် အကျယ်ဝန်းဆုံး ကျေးရွာတစ်ရွာ ဖြစ်၏။

ဖုန်ကျားကျေးရွာ၏ ပတ်ပတ်လည်ကို ခိုင်ခံ့သော သစ်လုံး ဝင်းထရံဖြင့် ကာရံထား၏။

ထို့အပြင် ...

ကျေးရွာ၏ အဝင်တံခါးပေါက်တိုင်း၌ ကင်းတဲများ ရှိပြီး ရွာသားများက အလှည့်ကျ ကင်းစောင့်နေကြ၏။

ဖုန်ကျားကျေးရွာ၏ အလယ်ဗဟိုနေရာ၌ ကျယ်ဝန်းသော ခြံဝင်းတစ်ခုရှိပြီး အုတ်ဝင်းထရံဖြင့် ကာရံထား၏။ ထိုခြံဝင်း၏အလယ် ၌ ကြီးမားသော အဆောက်အအုံတစ်ခုရှိ၏။



ထိုအဆောက်အအုံသည် ဖုန်ကျားကျေးရွာသခင်ကြီး ထန် ယန်ရှာ၏ နေအိမ်ပင် ဖြစ်သည်။

ထန်ယန့်ရှာ၏ ခြံဝင်းအတွင်း၌ ဥယျာဉ်တစ်ခုရှိ၏။

ပန်းဥယျာဉ်နှင့် ရေကန်ငယ်သည် ခြံဝင်း၏ အရှေ့ဘက်၌ ရှိပြီး ခြံဝင်း၏အနောက်ဘက်၌ ဝါးရုံပင်များရှိ၏။

ထိုဝါးရုံပင်များ အလယ်၌ နှစ်ထပ်အဆောက်အအုံတစ်ခု ရှိ၏။

ထိုနှစ်ထပ်အဆောက်အအုံသည် ကုန်းစွန်းယို၏ ဆေးဝါး စမ်းသပ်ခန်းပင် ဖြစ်၏။

ယခု ထန်ယန့်ရှာ၏သမက် ကုန်းစွန်းယို့သည် ထိုနှစ်ထပ် အဆောက်အအုံထဲ၌ မရှိပါ။

သူသည် ညှော်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေ ၏။

သူသည် ညှော်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် လိုက်၊ ကုလားထိုင်၌ ပြန်ထိုင်လိုက်၊ တစ်ဖန် ထ၍ လမ်းလျှောက်ပြီး ပြတင်း ပေါက်မှ မျှော်ကြည့်လိုက်ဖြင့် ဂနာမငြိမ် ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် ...

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် ဖုန်ကျားကျေးရွာမှ ထန်ယန့်ရှာ ထွက်ခွာသွားခဲ့သည်မှာ ဆယ်ရက်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

✹

ဆယ်ရက် ...။

ဆယ်ရက်ဟူသော အချိန်ကာလသည် တစ်သမတ်တည်းသာ ကြာမြင့်၏။

သို့သော် တချို့လူအတွက် ထိုဆယ်ရက်ဟူသော အချိန်သည် အလွန်တိုတောင်းလှ၏။

တချို့လူအတွက် ထိုဆယ်ရက်သည် အလွန်ကြာမြင့်လှ၏။ အလွန်ကြာမြင့်သည်ဟု ထင်မှတ်ကြသောလူထဲ၌ ကုန်းစွန်းယို့က ပို၍ ကြာမြင့်သည်ဟု ထင်မှတ်နေ၏။

သူ့အတွက် ထိုဆယ်ရက်သည် ဆယ်နှစ်မကပင် ကြာမြင့်လှသည်ဟု ခံစားနေရ၏။

ကုန်းစွန်းယို့သည် ထိုဆယ်ရက်မတိုင်ခင် အချိန်အထိ အချိန်ကုန်ဆုံးခြင်းသည် သူ့အတွက် မည်သို့မျှ ထူးခြားမှု မရှိခဲ့ပါ။



သူသည် မည်သည့်အခါမျှ အချိန်ကုန်ဆုံးသွားခဲ့ပြီကို ဂရုတစိုက် မှတ်သားခဲ့ခြင်းလည်းမရှိပါ။

အဘယ်ကြောင့်ဆိုသော် သူသည် အချိန်ရှိသရွေ့ ဆေးပညာဆိုင်ရာ ဘာသာရပ်များ၌ စိတ်ရောကိုယ်ပါ မြှုပ်နှံထားသောကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် အချိန်မည်၍မည်မျှ ကုန်ဆုံးသွားခြင်းသည် သူနှင့်မဆိုင်သကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

သို့သော် ယခု ကုန်ဆုံးသွားသော ဆယ်ရက်သည် သူ့အတွက် ဆယ်နှစ်မက ကြာမြင့် နေသည်လို ခံစားနေရ၏။

အကြောင်းမှာ ထိုဆယ်ရက်သည် သူ့ဘဝအတွက် အလွန်အရေးကြီးသော ရက်များပင်ဖြစ်သည်။

✹

ကုန်းစွန်းယို့သည် ညှော်ခန်းထဲ၌ ဂနာမငြိမ်ဖြစ်နေ၏။

ယနေ့သည် သူ၏ယောကျ်ားမ ထန်ယန့်ရှာတစ်ယောက် ဖုန်ကျားကျေးရွာမှ ထွက်ခွာသွားခဲ့သည်မှာ ဆယ်ရက်ကြာပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ကုန်းစွန်းယို့သည် သူ၏ယောက္ခမ ထန်ယန့်ရှာ တစ်ယောက် နေအိမ်မှ မည်သည့်အချိန်တွင် ထွက်သွား၍ မည်သည့်အချိန်တွင် ပြန်လာသည်ကို ဂရုတစိုက်ဖြင့် မှတ်သားခဲ့ခြင်း မရှိပါ။

သို့သော် ယခု သူသည် သူ၏ယောက္ခမနေအိမ်မှ ထွက်သွားသည် အချိန်မှစ၍ လက်ချိုးရေတွက်နေခဲ့၏။

အဘယ်ကြောင့်ဆိုသော် သူ၏ယောက္ခမ ထန်ယန့်ရှာက သူ့အတွက် အလောင်းသုံးလောင်း သွားရောက်ရှာဖွေခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ထန်ယန့်ရှာက ကုန်းစွန်းယို့ကို ကတိပြုခဲ့၏။

သူသည် ဖုန်ကျားကျေးရွာမှ မထွက်ခွာမီ ကုန်းစွန်းယို့ကို ကတိပြုခဲ့ခြင်းဖြစ်သည်။

ကုန်းစွန်းယို့ အလိုရှိနေသော အလောင်းသုံးလောင်းကို ဆယ်ရက်အတွင်း ရှာဖွေပေးမည်ဟု ကတိပြုခဲ့ခြင်း ဖြစ်သည် မဟုတ်ပါလား။

ယနေ့သည် ဖုန်ကျားကျေးရွာမှ ထန်ယန့်ရှာ ထွက်ခွာသွားပြီး ဆယ်ရက်ပြည့်သောနေ့ ဖြစ်သည်။

ထို့ကြောင့် ...



ယနေ့သည် ထန်ယန့်ရှာက ကတိပြုထားသည့်အတိုင်း ကုန်းစွန်းယို့အတွက် အလောင်းသုံးလောင်း ရောက်ရှိလာမည့်နေ့ ဖြစ်သည်။

မဟုတ်ပါက ဖုန်ကျားကျေးရွာသို့ ထန်ယန့်ရှာ၏အလောင်း ပြန်လည်ရောက်ရှိလာမည့်နေ့ ဖြစ်၏။

ထို့ကြောင့် ကုန်းစွန်းယို့သည် ယနေ့တစ်နေ့လုံး ဂနာမငြိမ် ဖြစ်နေခဲ့၏။

သို့သော် ကုန်းစွန်းယို့သည် မိမိအလိုရှိနေသော အလောင်းသုံးလောင်း ရောက်ရှိလာမည်ဖြစ်သောကြောင့် ဝမ်းသာအားရဖြင့် မျှော်လင့်ကာ ဂနာမငြိမ် ဖြစ်နေခြင်းလော။

သို့တည်းမဟုတ် မိမိ၏ယောက္ခမဖြစ်သူ၏အလောင်း ပြန်လည်ရောက်ရှိလာမည်လားဟု တွေးကာ စိုးရိမ်ပူပန်နေခြင်းကြောင့် ဂနာမငြိမ် ဖြစ်နေခြင်းလောဟူ၍ မည်သူမျှ မသိကြချေ။

မည်သို့ပင်ဖြစ်ပါစေ ... ကုန်းစွန်းယို့သည် ညနေခင်းထဲ၌ ဂနာမငြိမ်ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်သွားပြီဖြစ်သည်။ ကုန်းစွန်းယို့သည် နေမဝင် ထိုင်မသာ ဖို၍ဖြစ်လာ၏။ သူသည် အိမ်ထဲမှထွက်၍ ခြံဝင်းအပြင်သို့ မျှော်ကြည့်၏။

ထို့နောက် အိမ်ထဲပြန်ဝင်သွား၏။ မကြာမီ အိမ်ထဲမှ ပြန်ထွက်လာပြန်၏။

သူသည် ညနေစောင်းကတည်းက ယောက်ယက်ခတ်နေပြီ ဖြစ်သည် မဟုတ်ပါလား။

ထိုစဉ် ရွာအဝင်လမ်းသို့ မျှော်ကြည့်နေသော သူ၏မျက်လုံးများသည် ရုတ်တရက် ဝင်းလက်၍သွား၏။

အဘယ်ကြောင့်ဆိုသော် မြင်းလှည်းတစ်စီးသည် ရွာအဝင်ဂုံးခါးပေါက်မှ ဝင်လာနေသည်ကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(ဇာတ်သိမ်း)း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## လှည့်ကွက်ဆန်း

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၆၆၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၇၇၀၅၁၂

၂၀၁၂ ခုနှစ်
ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွာ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၂၀)

မြင်းလှည်းတစ်စီး ...။

ခေါင်းတလားလေးလုံး တင်ဆောင်လာသော မြင်းလှည်းတစ်စီးသည် ညစာစားပြီးချိန်ကျော်လွန်သောအခါ ဖုန်ကျားကျေးရွာသို့ ရောက်ရှိလာ၏။

ထိုမြင်းလှည်းပေါ်တွင် ခေါင်းတလားလေးလုံးအပြင် အာချုန်းနှင့်အကျွီးတို့နှစ်ယောက်ပါလာ၏။

သူတို့သည် မြင်းလှည်းကို ဖုန်ကျားကျေးရွာသို့ရောက်သည်နှင့် ထန်ယန့်ရှာ၏ ခြံဝင်းသို့ ဦးတည်မောင်းနှင်လာသည်။

ထန်ယန့်ရှာ၏ ခြံဝင်းတံခါးပေါက်သို့ ရောက်သောအခါ ကုန်းစွန်းယို့က သူတို့ကို စောင့်ကြိုနေကြောင်း တွေ့လိုက်ရလေသည်။

အာချုန်းက မြင်းလှည်းကို ခြံဝင်းအတွင်းသို့ မောင်းဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် မြေကွက်လပ်၌ ရပ်တန့်လိုက်ပြီး မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

ကုန်းစွန်းယို့က မြင်းလှည်းအနီးသို့ ရောက်လာ၏။ အာချုန်းသည် ကုန်းစွန်းယို့က ပြုံးပြလိုက်၏။ သို့သော် ကုန်းစွန်းယို့က ပြန်လည်၍ ပြုံးမပြပါ။

သူ၏မျက်လုံးများက မြင်းလှည်းပေါ်မှ ခေါင်းတလားများပေါ်သို့ ရောက်ရှိနေသည်။ လူတစ်ယောက်၏ ရိုးသားခြင်း၊ မရိုးသားခြင်းကို ထိုလူ၏မျက်နှာပေါ်၌ ရှာဖွေတွေ့ရှိနိုင်၏။

ရိုးသားခြင်း၊ စိတ်ထားဖြူစင်ခြင်း စသည်တို့သည် ထိုလူ၏ မျက်နှာအမူအရာပေါ်၌ မည်မျှ ဖုံးကွယ်ထားသည်ဖြစ်စေ အနည်းအကျဉ်းမျှ ပေါ်ထွက်နေတတ်၏။

ထို့အတူ မရိုးသားခြင်း၊ ကောက်ကျစ်ခြင်းသည်လည်း မည်မျှဟန်ဆောင်ထားသည်ဖြစ်စေ ထိုလူ၏ မျက်နှာပေါ်၌ အနည်းနှင့်အများ ပေါ်လွင်နေသည်သာ ဖြစ်၏။

သို့သော် ကုန်းစွန်းယို့ကို ရိုးသားသောလူဟု ပြော၍မရပါ။ ထို့အပြင် သူ့ကို မရိုးသားသောလူ ဟူ၍လည်း ပြော၍မရပါ။

အဘယ်ကြောင့်ဆိုသော် ကုန်းစွန်းယို့၏မျက်နှာပေါ်၌



မည်သို့သောဟန်အမူအရာများ ပေါ်ထွက်လာခြင်းမရှိသောကြောင့်ပင် ဖြစ်၏။

ကုန်းစွန်းယို့၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်ပြီး လူသေအလောင်းကဲ့သို့ပင် ဟန်အမူအရာ ကင်းနေသောကြောင့်ဖြစ်၏။

မည်သို့ပင် ဖြစ်ပါစေ ... အာချုန်းနှင့်အကြီးတို့က ကုန်းစွန်းယို့ကို အေးအေးဆေးဆေးနေတတ်သော လူတစ်ယောက်ဟု သတ်မှတ်ထားကြသည်။

ကုန်းစွန်းယို့၏မျက်လုံးများက မြင်းလှည်းပေါ်၌ ရှိနေသော ခေါင်းတလားလေးလုံးမှ ရွှေ့လျားလာပြီး အခန်းထဲသို့ ရောက်လာ၏။ ပြီးမှ ...

'ထန်ယန့်ရှာရော"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့၏လေသံသည် တည်ငြိမ်နေ၏။ အနိမ့်အမြင့်မရှိသော လေသံဖြစ်၏။ အကြီးက ပြုံးကာ ...

"ပါမလာဘူး၊ မိတ်ဆွေတစ်ယောက်နဲ့ အရက်သွားသောက်တယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က မျက်မှောင်ကြုတ်၍ —

"မိတ်ဆွေတစ်ယောက် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်၍မေးလိုက်၏။ အာချန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဟု ဝင်ရောက်ဖြေလိုက်၏။ ကုန်းစွန်းယို့က မျက်မှောင် ကြုတ်မြဲ ကြုတ်လျက် ...

"သူက မိတ်ဆွေတစ်ယောက်ပါ ခေါ်သွားတာလား"

ဟု မေးလိုက်၏။ အကွီးက ခေါင်းခါယမ်းပြလိုက်ပြီး ...

"မဟုတ်ပါဘူး"

ကုန်းစွန်းယို့က မျက်မှောင်ကြုတ်ထားရင်း ...

"လမ်းမှာတွေ့တာလား"

ဟု ထပ်၍ မေးလိုက်၏။

အကွီးက ဦးခေါင်းခါယမ်းကာ ...

"မဟုတ်ပါဘူး ... အခုမှ မိတ်ဆွေဖြစ်သွားတဲ့လူနဲ့ပါ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းရင်း ...

"အခုမှ မိတ်ဆွေဖြစ်တာဆိုတော့ သူ့ကို ဘယ်လိုတွေ့တာ တုံး"

ဟု ထပ်၍ မေးလိုက်၏။ အာချန်းက ပြုံးလိုက်ပြီး ...

"ဒီလိုပါ ... သခင်ကြီးက လူဆိုးသုံးယောက်နဲ့ ယှဉ်ပြိုင်ပြီး လူဆိုးသုံးယောက်ကို အနိုင်ရတဲ့အချိန်မှာ လူတစ်ယောက် ရောက် လာပါတယ်၊ အခု သခင်ကြီးက အဲဒီလူနဲ့ လိုက်သွားတာပါ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းချကာ ...

"ဒါဆို အဲဒီလူ ဘယ်သူဆိုတာ ခင်ဗျားတို့မသိဘူးပေါ့"

ဟု မေးလိုက်၏။ အကွီးက ဦးခေါင်းခါယမ်းပြလိုက်၏။ ကုန်းစွန်းယို့က မြင်းလှည်းပေါ်မှ ခေါင်းတလားလေးလုံးကို လှမ်း ကြည့်ပြီး ...

"သူက လူဆိုးသုံးယောက်ကို သတ်ခဲ့တာနော်"

ဟု မေးလိုက်၏။ အကွီးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... သူက မြွေခွေးသုံးကောင်ကို သတ်ခဲ့တာ ပါ"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က မျက်မှောင်ကြုတ်ကာ ...

"မြွေခွေးသုံးကောင် ... ဟုတ်လား"

လို့ သေချာအောင် ထပ်၍မေးလိုက်၏။ အကွီးက ဦးခေါင်း ညိတ်ကာ ...

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့က ဦးခေါင်းညိတ်လိုက်ပြီး ...

"သူက မြေခွေးသုံးကောင်ရဲ့အလောင်းကို ကျုပ်ဆီပို့လိုက်တာပေါ့ ... ဟုတ်လား"

ဟု ထပ်၍မေးလိုက်၏။ ကုန်းစွန်းယို့၏စကားကြောင့် အာချုန်းနှင့်အကြီးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။ ပြီးမှ အာချုန်းက ...

"ဟုတ်ပါတယ် ဘာဖြစ်လို့လဲ"

ဟုမေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းကာ ...

"သူက မြေခွေးသုံးကောင်ကို ဘာဖြစ်လို့ အခေါင်းလေးခေါင်းနဲ့ထည့်ပြီး ပို့ရတာလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့စကားကြောင့် အာချုန်းနှင့်အကြီးသည် မျက်နှာပျက်သွား၏။ ပြီးမှ အကြီးက ပြုံးလိုက်ပြီး ...

"ဟို ဟို ခေါင်းတလားတစ်လုံးက ကျွန်တော်တို့မိတ်ဆွေရဲ့ခေါင်းတလားပါ"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က မျက်မှောင်ကြုတ်ပြီး ...

"မင်းတို့ရဲ့မိတ်ဆွေ ... ဟုတ်လား"



ဟု ထပ်၍ မေးလိုက်ပြန်၏။ အကြီးက ပြုံးလျက် ...

"ဒီလိုပါ ... ကျွန်တော်တို့မိတ်ဆွေက သူ့ဇနီးနဲ့အတူ ခရီးသွားရင်း သူ့ဇနီးက ရုတ်တရက် ဆုံးသွားလို့ပါ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က မျက်မှောင်ကြုတ်၍ ...

"ဒီမိန်းမအလောင်းကို ကျုပ်က ဘာလုပ်ပေးရမှာလဲ"

ဟု မေးလိုက်၏။ အကြီးက ကပျာကယာ လက်ကာပြလိုက်ပြီး ...

"ဟို ဟို ... ဘာမှလုပ်မပေးရပါဘူး။ လမ်းကြုံလို့ သယ်လာတာပါ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က မနှစ်သက်သောမျက်နှာဖြင့် အကြီးကို တစ်ချက်စူးစိုက်ကြည့်ကာ ...

"မင်းတို့က ရှုပ်ရှုပ်ယှက်ယှက် လုပ်လာတာပဲ၊ ထန်ယန့်ရှာ သိသွားရင် မကောင်းဘူး"

ဟု ပြောလိုက်၏။ အကြီးက ဦးခေါင်းငုံ့ကာ ...

"သူက သူ့ဇနီးရဲ့အလောင်းကို သူ့ရဲ့ဇာတိကျေးရွာမှာပဲ ပြန်ပြီး သင်္ဂြိုဟ်ချင်တယ်ဆိုပြီး အကူအညီတောင်းလို့ပါ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့က မျက်နှာထား ခပ်တင်းတင်းဖြင့် ...

"အေးလေ ... မင်းတို့ကိစ္စကို ထန်ယန့်ရှာလာမှ ရှင်းကြပေါ့"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့၏စကားကြောင့် အာချန်းသည် မျက်စိမျက်နှာပျက်သွားပြီး ...

"မဟုတ် မဟုတ် ... ဒီလိုပါ၊ ကျွန်တော်တို့မှာ ပိုက်ဆံနည်းနည်းလိုနေ လို့ ပိုက်ဆံရအောင် ကြံလာခဲ့တာပါ၊ ပြီးတော့ လမ်းကလည်း ကြုံနေလို့ပါ"

ဟု ပြောလိုက်၏။ အကြီးက ဦးခေါင်းငုံ့ကာ ...

"ဟုတ်ပါတယ် ... ခရီးလည်းကြုံတော့ အပန်းမကြီးဘူးဆိုပြီး လက်ခံခဲ့တာပါ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ"

ဟု တောင်းပန်လိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကောင်းပြီလေ ... ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်ကို ရှုပ်ရှုပ်ယှက်ယှက်လုပ်တာ မကြုံက်ဘူး"

ဟု ပြောလိုက်၏။ အာချန်းနှင့်အကြီးက ဦးခေါင်း အထပ်ထပ် ညွတ်ကာ ...

"ကျေးဇူးတင်ပါတယ်"



ဟု အထပ်ထပ်ပြောလိုက်လေတော့၏။ ကုန်းစွန်းယို့က လက်ကာပြလိုက်ပြီး ...

"ကဲပါ ... ဒီအခေါင်းတွေကို ကျုပ်အခန်းထဲ သယ်သွားတော့"

ဟု ပြောလိုက်၏။ အာချန်းနှင့်အကြီးတို့က ဦးခေါင်းညိတ်ပြကာ ...

"ဟုတ်ကဲ့ပါ"

ဟု ပြောလိုက်ပြီး ခေါင်းတလားများကို မြင်းလှည်းပေါ်မှ ချရန် ဟန်ပြင်လိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"အပေါ်ထပ်ကို တစ်ခါတည်းပို့လိုက် ... ကြားလား"

ဟု ပြောကာ မြင်းလှည်းနံဘေးမှ ထွက်ခွာသွားလေတော့၏။

✹

www.burmeseclassic.com

www.burmeseclassic.com



ယခု မြင်းလှည်းပေါ်၌ ခေါင်းတလားတစ်လုံးသာ ကျန်ရှိနေတော့၏။ ထိုကျန်ရှိနေသော ခေါင်းတလားပေါ်၌ ...

"ချစ်ခနီး ပူကြိုးရှိ"

ဟု ရေးသားထားသောစာရွက် ကပ်ထား၏။ ကျန် ခေါင်းတလားသုံးလုံးကို အာချန်းနှင့်အကွီးတို့က သယ်ဆောင်သွားပြီးဖြစ်၏။

အာချန်းနှင့်အကွီးတို့သည် ဖုန်ကျားကျေးရွာ၏ အလုပ်သမားများဖြစ်သည့်အလျောက် ထန်ယန်ရှာ၏ ခြံဝင်းထဲသို့ အမြဲတမ်း ဝင်ထွက်သွားလာလျက်ရှိ၏။

ထို့ပြင် သူတို့သည် ထန်ယန်ရှာ၏ ဝေယျာဝစ္စများကို ပြုလုပ်ပေးရသောကြောင့် အခြားအလုပ်သမားများထက် ပို၍ ထန်ယန်ရှာ၏ ခြံဝင်းထဲသို့ လည်းကောင်း၊ ထန်ယန်ရှာ၏ နေအိမ်အတွင်းသို့ လည်းကောင်း အမြဲတစေ ဝင်ထွက်သွားလာနေရ၏။

သို့ဖြစ်၍ သူတို့သည် ထန်ယန်ရှာ၏ ခြံအိမ်အတွင်းမှပစ္စည်းများကို လည်းကောင်း၊ ထန်ယန်ရှာ၏ နေအိမ်အတွင်းမှ ပစ္စည်းများကို လည်းကောင်း မည်သည့်ပစ္စည်း မည်သည့်နေရာတွင် ရှိသည်ကို ကောင်းစွာသိထားကြသူများဖြစ်၏။



ထို့အတူ သူတို့သည် ကုန်းစွန်းယို့၏ အခန်းကိုလည်းကောင်း၊ ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်ခန်းကို လည်းကောင်း မည်သည့်နေရာတွင်ရှိကြောင်း ကောင်းစွာသိ၏။

ယခုလည်း ကုန်းစွန်းယို့က ခေါင်းတလားတွေ သယ်သွားတော့ဟု ပြောလိုက်သည်နှင့် ခေါင်းတလားများကို မည်သည့်နေရာသို့ သယ်ဆောင်သွားရမည်ဖြစ်ကြောင်း ကောင်းစွာသိ၏။

သူတို့သည် မည်သည့်နေရာကိုမဆို သွားလာခဲ့သူများ ဖြစ်၏။

သို့သော် သူတို့သည် ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သည့် အခန်းကိုတော့ သွားလာရန် မဝံ့ရဲချေ။

ယခု သူတို့သည် သူတို့မသွားမလာဝံ့သော ကုန်းစွန်းယို့ ဆေးဝါးစမ်းသပ်ခန်းဆီသို့ ဦးတည်၍ သွားနေရပြီဖြစ်၏။

အဘယ်ကြောင့်ဆိုသော် သူတို့သည် ကုန်းစွန်းယို့၏စကားကို မလွန်ဆန်ဝံ့သောကြောင့်ပင် ဖြစ်သည်။

ကုန်းစွန်းယို့ ဆေးဝါးစမ်းသပ်ခန်းသည် ထန်ယန်ရှာ၏ အဆောက်အအုံထဲ၌ မရှိပါ။

ထန်ယန်ရှာ၏ ခြံဝင်းထဲ၌ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆေးဝါးစမ်းသပ်ခန်းသည် နှစ်ထပ်အဆောက်အအုံ ဖြစ်ပြီး ခြံဝင်း၏အနောက်ဘက် ဝါးရုံပင်များ၏အလယ်၌ တည်ရှိပါသည်။

သို့သော် ထိုနှစ်ထပ်အဆောက်အအုံအတွင်း၌ ကုန်းစွန်းယို့၏အခန်း ရှိမနေပါ။

ကုန်းစွန်းယို့၏အခန်းသည် ထန်ယန့်ရှာ၏ ပင်မအဆောက်အအုံ၌သာရှိသည်။

သည့်အပြင် သူတို့နှစ်ယောက်သည် ထန်ယန့်ရှာ၏ ဝေယျာဝစ္စများကို အများဆုံး လုပ်ကိုင်ပေးရသူများဖြစ်သောကြောင့် ထန်ယန့်ရှာ၏ခြံဝင်းထဲသို့လည်းကောင်း၊ ထန်ယန့်ရှာ၏နေအိမ်ထဲသို့လည်းကောင်း အခြားအလုပ်သမားများထက် အဝင်အထွက် ပို၍များသောကြောင့်ဖြစ်၏။

ကုန်းစွန်းယို့သည် အိပ်ချိန်မှလွဲ၍ ကျန်အချိန်များ၌ ထိုဆေးဝါးစမ်းသပ်သော အဆောက်အအုံထဲ၌သာ အနေများ၏။ သူသည် ထိုအဆောက်အအုံထဲ၌ ဆေးပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှုနေလေ့ရှိ၏။

ရုံဖန်ရုံခါ သူသည် အနောက်နိုင်ငံများ၏ နည်းစနစ်အတိုင်း ဆေးဝါးများ ဖော်စပ်နေလေ့ရှိ၏။



ထို့အပြင် သူသည် အေးအေးဆေးဆေး နေထိုင်တတ်သူဖြစ်သောကြောင့် သူ၏ဆေးဝါးစမ်းသပ်သော နှစ်ထပ်အဆောက်အအုံသည် အမြဲတမ်းလိုလို အေးဆေးတိတ်ဆိတ်နေ၏။

မည်မျှ အေးဆေးတိတ်ဆိတ်နေသနည်းဟု မေးလာလျှင် ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်နေသည်ဟု ဆိုရမည်။

ထို့ကြောင့် အာချန်းနှင့်အကွီးတို့သည် ထိုဆေးဝါးစမ်းသပ်သည့် အဆောက်အအုံသို့ သွားရောက်ရန် ခြေလှမ်းမင့် ဖြစ်နေခြင်းပင် ဖြစ်၏။

သို့သော် ယခု သူတို့သည် ထိုသို့ ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသော ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သည့်အခန်းထဲသို့ ခေါင်းတလားသုံးလုံးနှင့်အတူ ရောက်ရှိနေကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ဆေးဝါးဖော်စပ်သည့် ကိရိယာများသည် အနောက်နိုင်ငံဖြစ် ပစ္စည်းများဖြင့် ပြည့်နှက်နေ၏။ အာချန်းနှင့် အကွီးတို့သည် ထိုအခန်းထဲသို့ ရောက်သည်နှင့် အသက်ရှူမဝသကဲ့သို့ ခံစားရ၏။

သူတို့ကို စိတ်အနှောင့်အယှက် အပေးဆုံးအရာမှာ အခန်း၏အလယ်၌ရှိသော ခုံရှည်ကြီးပင်ဖြစ်သည်။

ထိုစားပွဲရှည်သည် လူတစ်ယောက် ပက်လက်လှန်၍ အိပ်နိုင်ရုံ အကျယ်အဝန်းရှိပြီး စားပွဲ၏ ဘေးတစ်ဖက်တစ်ချက်၌ သားရေပြားရှည်များ တွဲလောင်းကျနေ၏။

ထိုသားရေပြားများသည် လူတစ်ယောက်ကို စားပွဲနှင့်တွဲလျက် တုပ်နှောင်ထားရန် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း အာချန်းနှင့် အကွီးတို့က သိထား၏။

သူတို့သည် ခေါင်းတလားများကို ကုန်းစွန်းယို့ ညွှန်ပြသည့် အခန်းထောင့်၌ ထောင်ထားလိုက်ပြီးသည်နှင့် ...

“ကျွန်တော်တို့ ပြန်လို့ရပြီလား”

ဟု ပြိုင်တူမေးလိုက်၏။

ကုန်းစွန်းယို့က နံရံတွင် ထောင်ထားသော ခေါင်းတလား



သုံးလုံးကို စူးစိုက်ကြည့်နေရာမှ ဦးခေါင်းညိတ်ပြလိုက်သည်။

ကုန်းစွန်းယို့ ဦးခေါင်းညိတ်ပြလိုက်သည်နှင့် အာချန်းနှင့် အကွီးတို့သည် ထိုဆေးဝါးစမ်းသပ်သည့် အဆောက်အအုံမှ လျင်မြန်စွာ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

သူတို့သည် နဂိုကတည်းက ချောက်ချားဖွယ်ကောင်းသော ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်ခန်းသည် ယခုကဲ့သို့ ခေါင်းတလား သုံးလုံး ရောက်ရှိလာသောအခါ ပို၍ ချောက်ချားဖွယ်ကောင်းနေသည်ဟု စိတ်ထဲ၌ ခံစားနေရသည် မဟုတ်ပါလား။

ထို့ကြောင့် ကုန်းစွန်းယို့က ဦးခေါင်းညိတ်ပြလိုက်သောအခါ သူတို့သည် ဝမ်းသာအားရဖြင့် အခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်ကြခြင်း ဖြစ်၏။

သို့သော် ကုန်းစွန်းယို့က ရုတ်တရက် သူတို့ဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

“နေဦး”

ဟု ဟန့်တားလိုက်သောကြောင့် အာချန်းနှင့်အကွီးတို့သည် မျက်စိမျက်နှာပျက်သွားကြလေတော့၏။ ကုန်းစွန်းယို့က အာချန်းနှင့် အကွီးတို့ကို တစ်လှည့်စီ စူးစိုက်ကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



'ထန်ယန့်ရှာက ဘယ်တော့ပြန်လာမယ်လို့ ပြောလိုက်သလဲ"

ဟု မေးလိုက်သည်။ ကုန်းစွန်းယို့၏စကားကြောင့် အာချန်းနှင့်အကွီးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ပြီးမှ အကွီးက ...

"ဘယ်နေ့ပြန်လာမယ်ဆိုတာတော့ သခင်ကြီးက တိတိကျကျ မပြောလိုက်ပါဘူး၊ ဒါပေမဲ့"

ဟုပြောကာ စကားကိုရပ်တန့်လိုက်ပြီး အာချန်းကို လှမ်းကြည့်လိုက်သည်။

ကုန်းစွန်းယို့က မျက်မှောင်ကြုတ်ကာ ...

"ဒါပေမဲ့ ဘာဖြစ်လဲ"

ဟု မေးလိုက်၏။ အာချန်းက အကွီးကို တစ်ချက်လှမ်းကြည့်ပြီးမှ ...

"သခင်ကြီးက တစ်ရက်နှစ်ရက်နေရင်တော့ ပြန်လာမယ်လို့ ပြောလိုက်ပါတယ်"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းညိတ်လိုက်ပြီး ...



"ဟုတ်တယ် ... သူက ကျူပ်လူသေကို ပြန်ရှင်အောင်လုပ်တာကို ကြည့်ချင်နေတာ"

ဟု ပြောလိုက်၏။ ထို့နောက် ကုန်းစွန်းယို့သည် ခေါင်းတလား သုံးလုံးဘက်သို့ ပြန်လှည့်ကာ ခေါင်းတလားများ၏အဖုံးကို လက်ဖြင့် အသာအယာပွတ်သပ်နေ၏။

အာချန်းနှင့်အကွီးတို့သည် နေရာ၌ပင်ရပ်လျက် ဘယ်လိုလဲဟူသော အဓိပ္ပာယ်ဖြင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြ၏။

အတန်ကြာမှ အာချန်းက မဝံ့မရဲလေသံဖြင့် ...

"ကျွန်တော်တို့ သွားလို့ရပြီလား"

ဟု ထပ်၍ မေးလိုက်၏။ ကုန်းစွန်းယို့က သူတို့ကို လှည့်မကြည့်ဘဲ လက်ဝှေ့ယမ်းပြလိုက်၏။

ထို့ကြောင့် အာချန်းနှင့်အကွီးတို့သည် တစ်ယောက်ကို တစ်ယောက် ပခုံးတွန့်လိုက်ပြီး ကုန်းစွန်းတို့ ဆေးဝါးစမ်းသပ်သောအခန်းထဲမှ လျင်မြန်စွာ ထွက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့သည် ဆေးဝါးစမ်းသပ်သော အဆောက်အအုံ၏ အပေါ်ထပ် လေသာဆောင်၌ ရပ်နေ၏။

သူသည် သုတ်သီးသုတ်ပျာဖြင့် ထွက်သွားသော အာချန်းနှင့် အကြီးတို့၏ နောက်ကျောကိုကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်သည်။

ဟန်အမူအရာကင်းမဲ့သော ကုန်းစွန်းယို့မျက်နှာပေါ်၌ အပြုံးနှင့်အတူ ထူးဆန်းသောအမူအရာတစ်မျိုး ဖြစ်ပေါ်လာသည်။

ထို့နောက် ...

သူသည် ဦးခေါင်းကို မော့၍ ကောင်းကင်ပေါ်သို့ ကြည့်လိုက်၏။

ကောင်းကင်ပေါ်၌ လမင်းကြီးပေါ်ထွက်နေပြီ ဖြစ်သည်။

ပြီးမှ သူသည် တစ်ယောက်တည်း-သဘောကျစွာ ရယ်မောလိုက်၏။

သူ၏ ရယ်မောသံသည် ဝါးရုံပင်များဆီသို့ ရိုက်ခတ်၍သွားသည်။



အတန်ကြာမှ သူသည် ရယ်မောရာမှ ရပ်တန့်ပြီး လေသာဆောင်၏ လက်ရန်းကို နောက်ကျောမှီကာ အခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

အခန်းနံရံ၌ ထောင်ထားသော ခေါင်းတလားသုံးလုံးအနက် အလယ်မှခေါင်းတလားသည် သူနှင့်တစ်တန်းတည်းဖြစ်နေ၏။ သူသည် ထိုခေါင်းတလားကို စူးစိုက်၍ကြည့်လိုက်၏။

ထိုအချိန်၌ သူ၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ် တနေသည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ကျင်းဝါ ...။

သူမသည် ထန်ယွန့်ရှာ၏ တစ်ဦးတည်းသော သမီးဖြစ်၏။ သူမသည် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်ရုံမက သူမ၏ ခန္ဓာကိုယ်အချိုးအဆစ်ကလည်း အလွန်ပြေပြစ်၏။

မိန်းကလေးတစ်ယောက်၏ ရှိသင့်ရှိထိုက်သော နေရာများမှ အမို့အမောက်အဝိုက်တို့သည် သူ့နေရာနှင့်သူ ရှိ၏။ ထို့အပြင် သူမသည် အလွန်ဆွဲဆောင်မှုကောင်းသောအသံမျိုးကို ပိုင်ဆိုင်ထား၏။

ထို့ကြောင့် ...

သူမကို တစ်ကြိမ်တစ်ခါ မြင်မိသူသည် နောက်ထပ်တစ်ကြိမ် ပြန်လည်၍ ကြည့်ချင်မြင်ချင်မည်ဖြစ်၏။

သူမ၏ သာယာနာပျော်ဖွယ်ကောင်းသော စကားသံကို



တစ်ကြိမ်ပြောမိသူသည် နောက်ထပ်တစ်ကြိမ် ပြန်လည်၍ နားဆင်ရန် စောင့်မျှော်နေကြမည်ဖြစ်၏။

ယခု သူမ၏ နှင်းဆီဖူးကဲ့သို့ နီထွေး၍လှပသော နှုတ်ခမ်းကလေးက လှုပ်ရှားသွား၏။ ထိုနှုတ်ခမ်းနှစ်လွှာကြားမှ သာယာနာပျော်ဖွယ်ကောင်းသောအသံက ပေါ်ထွက်လာ၏။

"ရှင်တို့ ဘယ်လိုဖြစ်လာကြတာလဲ"

ကျင်းဝါ၏အသံက သာယာနာပျော်ဖွယ် ကောင်းနေ၏။ သို့သော် အာချုန်းနှင့်အကွီးတို့သည် ရုတ်တရက် မိမိတို့အနီး၌ နေ့ခေါင်ခေါင် မိုးကြိုးပစ်ထိုက်သကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားကာ အသံပေါ်ထွက်လာရာသို့ ထိတ်လန့်တကြား လှည့်ကြည့်မိလိုက်ကြ၏။

ကျင်းဝါက အထိတ်တလန့်ဖြစ်သွားသော အာချုန်းနှင့်အကွီးတို့ကို မျက်ခုံးပင့်၍ ကြည့်ရင်း ...

"ဘာဖြစ်လို့လဲ ... ထိတ်လန့်တကြားနဲ့၊ ဘာလဲ ... သရဲနဲ့တွေ့ခဲ့လို့လား"

ဟု မေးလိုက်၏။ အာချုန်းနှင့်အကွီးတို့သည် ကုန်းစွန်းသို့၏ဆေးဝါးစမ်းသပ်ခန်းမှ သုတ်သီးသုတ်ပျာထွက်လာစဉ် ကျင်းဝါက

www.burmeseclassic.com

ရုတ်တရက် ပေါ်ထွက်လာပြီး ယခုကဲ့သို့ မေးလိုက်သောကြောင့် ထိတ်လန့်တုန်လှုပ်သွားခြင်းဖြစ်၏။

အာချွန်းက သက်ပြင်းချကာ ...

"မဟုတ်ပါဘူး"

ဟု ပြောလိုက်၏။ ကျင်းဝါက ပြုံးလိုက်၏။ သူမက ထိုသို့ ပြုံးလိုက်သောအခါ ပို၍လှလာ၏။ သူမက ပြုံးလိုက်ပြီး ...

"ဘာမဟုတ်တာလဲ ... ရှင်တို့ကြည့်ရတာ ထိတ်ထိတ်လန့်လန့်နဲ့"

ဟု ပြောလိုက်၏။ အာချွန်းက ဦးခေါင်းခါယမ်းပြီး ...

"ကျွန်တော်တို့ သခင်လေးကုန်းစွန်းယို့အခန်းက ပြန်လာတာပါ"

ဟု ပြောလိုက်၏။ ကျင်းဝါက မျက်ခုံးပင့်ကာ ...

"ဆေးဝါးစမ်းသပ်တဲ့ အခန်းကလား"

ဟု ထပ်၍ မေးလိုက်၏။ အာချွန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ကျင်းဝါက အံ့သြဟန်ဖြင့် ...



"ညကြီးမင်းကြီး ဘာသွားလုပ်တာလဲ"

ဟု ထပ်၍မေးလိုက်၏။ အာချွန်းက သက်ပြင်းချကာ ...

"သခင်ကြီးပို့လိုက်တဲ့ပစ္စည်းကို သွားပို့ပေးတာပါ"

ဟု ပြန်ပြောလိုက်၏။ ကျင်းဝါက မျက်မှောင်ကြုတ်လိုက်၏။ သူမသည် မျက်မှောင်ကြုတ်လိုက်သည့်အချိန်၌လည်း ချစ်စရာကောင်းနေ၏။ သူမက မျက်မှောင်ကြုတ်ကာ ...

"ဘာပစ္စည်းလဲ"

ဟု မေးလိုက်၏။ အာချွန်းနှင့်အကျိုးကို တစ်ချက်လှမ်းကြည့်လိုက်၏။ ပြီးမှ မဝံ့မရဲလေသံဖြင့် ...

"ခေါင်းတလား သုံးလုံးပါ"

ဟု ပြောလိုက်၏။ ကျင်းဝါက မျက်မှောင်ကြုတ်ပြီး ...

"သူက ခေါင်းတလားတွေကို ဘာဖြစ်လို့ ပို့လိုက်တာလဲ"

ဟု မေးလိုက်၏။ အကျိုးက သက်ပြင်းချကာ ...

"ခေါင်းတလားအလွတ်တွေ မဟုတ်ပါဘူး ... လူသေလောင်းထည့်ထားတဲ့ ခေါင်းတလားပါ"

ဟု ပြောလိုက်၏။ အကျိုး၏စကားကြောင့် ကျင်းဝါက နားသည်ဟာန်ဖြင့် အကျိုးကိုကြည့်ပြီး ...

www.burmeseclassic.com



"လူသေအလောင်း ... ဟုတ်လား"

ဟု မေးလိုက်၏။ အကြီးက ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ် ... လူသေအဟောင်းသုံးလောင်းပါ"

ဟု ပြန်ပြောလိုက်၏။ အကြီး၏စကားကြောင့် ကျင်းဝါက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ကာ ...

"လူသေအလောင်း သုံးလောင်းတောင် ... ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်၏။ ကျင်းဝါ၏စကားကြောင့် အကြီးရော အချုန်းပါ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

ကျင်းဝါက မျက်မှောင်ကြုတ်ကာ ...

"ဘာလဲ မင်းတို့သခင်လေးက မပြောရဘူးလို့ မှာထားလို့လား"

ဟု မေးလိုက်၏။ အချုန်းက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်ပါဘူး ... ဒီအကြောင်းတွေကို သခင်မလေး သိထားပြီးပြီထင်လို့ပါ"

ဟု ပြောလိုက်၏။ ကျင်းဝါက ဦးခေါင်းခါယမ်းလိုက်ပြီး ...



"ဘာအကြောင်းလဲ ... ကျွန်မလည်း ဘာမှမသိပါလား"

ဟု ပြန်ပြောလိုက်၏။ ကျင်းဝါ၏စကားကြောင့် အချုန်းက အကြီးကို လှမ်းကြည့်လိုက်၏။

အကြီးက ဦးခေါင်းညိတ်ပြလိုက်ပြီး ...

"ဒီလိုပါ သခင်မလေး ... သခင်လေးက လူသေကို ပြန်ရှင်အောင် စမ်းသပ်မလို့ပါ"

ဟု ပြောလိုက်၏။

ကျင်းဝါက စိတ်ဝင်စားသောလေသံဖြင့် ...

"ဘာပြောတယ် ... လူသေကို ပြန်ရှင်အောင် စမ်းသပ်မယ် ဟုတ်လား"

ဟု မေးလိုက်၏။ အကြီးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ကျင်းဝါက အံ့သြဟန်ဖြင့် ဦးခေါင်းခါယမ်းကာ ...

"ဒီလိုလုပ်လို့ ရသလား"

ဟု မေးလိုက်၏။ အကြီးက ပြုံးလိုက်ပြီး ...

"သခင်လေးက လူသေကို ပြန်ရှင်အောင်လုပ်နိုင်တဲ့ဆေး ရှိတယ်၊ ဒါကြောင့် စမ်းသပ်ကြည့်ချင်တယ်လို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဝါက ပြုံးလိုက်ပြီး ...

"ဒါနဲ့ပဲ ဖေဖေက အလောင်းရှာပေးတယ် ဆိုပါတော့"

ဟု ပြောလိုက်၏။ အကြီးက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ကျင်းဝါက ရယ်မောလိုက်ပြီး ...

"အလကား ရှုံးနေတာ၊ လူသေကို ဘယ်လိုလုပ်ပြီး ပြန်ရှင်အောင်လုပ်လို့ရမှာလဲ၊ သူကရှုံးတိုင်း ဖေဖေကပါ လိုက်ပြီးရှုံးနေတယ်"

ဟု ပြောလိုက်၏။ ကျင်းဝါ၏စကားကြောင့် အာချန်းနှင့်အကြီးတို့သည် ဘာမျှပြန်မပြောဘဲ ပါးစပ်ပိတ်ကာ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

ကျင်းဝါက အာချန်းနှင့်အကြီးတို့ကို ကြည့်ကာ ...

"အစ ရှင်တို့ အလောင်းတွေ ပို့ပြီးပြီမဟုတ်လား"

ဟု မေးလိုက်၏။ အာချန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့"

ကျင်းဝါက ဦးခေါင်းခါယမ်း၍ မျက်နှာရှုံ့ကာ ...

"သူတို့ရှုံးတိုင်း ရှင်တို့လည်း လိုက်ပြီး ရှုံးနေကြတာပဲ၊ ကဲ



... သွားကြ သွားကြ"

ဟု ပြောလိုက်၏။ ကျင်းဝါ၏စကားကြောင့် အာချန်းနှင့်အကြီးတို့သည် မျက်နှာရှုံ့မဲ့သွားသော်လည်း ဘာမျှပြန်မပြောဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

သူတို့သည် ကျင်းဝါ၏အလှကို နှစ်ခါပြန်မကြည့်ရဲပါ။ ကျင်းဝါ၏ သာယာနာပျော်ဖွယ်ကောင်းသော အသံကိုလည်း နှစ်ခါပြန် နားမထောင်ရဲပါ။

ကျင်းဝါ၏အသံပျော့ပျောင်းလှကြောင်းကိုလည်း ထုတ်ဖော်မပြောရဲပါ။ ကျင်းဝါ၏စကားကိုလည်း မလွန်ဆန်ရဲပါ။

ထို့ကြောင့် ...

သူတို့သည် ဘာမျှ ပြန်မပြောတော့ဘဲ ထိုနေရာမှ သုတ်သီးသုတ်ပျာဖြင့် ထွက်သွားကြသော အာချန်းနှင့်အကြီးတို့၏ နောက်ကျောကိုကြည့်ရင်း ပြုံးလိုက်၏။

သူမ၏အပြုံးက တစ်စုံတစ်ခုကို လျှို့ဝှက်ထားသကဲ့သို့ ထင်မှတ်ရ၏။ သူမသည် သူမ၏မြင်ကွင်းမှ အာချန်းနှင့်အကြီးတို့ ပျောက်ကွယ်သွားသောအခါ သူမ၏မျက်နှာပေါ်မှ အပြုံးလည်း ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက သက်ပြင်းတစ်ချက် ချလိုက်ပြီး ဝါးရုံပင်များအကြာ
မှာ ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော နှစ်ထပ်ဆောင်ကို တ
ချက် လှမ်းမျှော်ကြည့်လိုက်၏။

နှစ်ထပ်ဆောင်၏ လေသာဆောင်၌ မည်သူမျှမရှိပါ။ သ
သော် နှစ်ထပ်ဆောင်၏ အပေါ်ထပ်အခန်း၌ မီးလင်းနေ၏။ ကျင်းဝ
က နှုတ်ခမ်းကိုမဲ့၍ တစ်ချက်ပြုံးလိုက်ပြီး ...

"အရူးပဲ၊ လူသေကို အသက်သွင်းလို့ ရပါ့မလား၊ သူရူးတိုင်
ဖေဖေက လိုက်ပြီးရူးနေတာ ခက်တယ်"

ဟု တစ်ယောက်တည်း ပြောလိုက်၏။ ပြီးမှ ကျင်းဝါသည်
နေအိမ်ဘက်သို့လှည့်ကာ ...

"ရှောင်ရှမ်း ရှောင်ရှမ်း"

ဟု အော်ခေါ်လိုက်သည်။ သူမ၏အော်ခေါ်သံအဆုံးတွင်
အိမ်ထဲမှ ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်အရွယ် မိန်းကလေး တစ်
ယောက်က ကမန်းကတန်း ပြေးထွက်လာ၏။

သူမသည် အပြေးအလွှား ထွက်လာသောကြောင့် သူမ၏
ကျစ်ဆံမြီးကျစ်ထားသောဆံပင်သည် လေထဲ၌ လှုပ်ယမ်းနေ၏။
ကျင်းဝါက ထိုမိန်းကလေးကို မြင်တွေ့သည်နှင့် ...



"ရှောင်ရှမ်း ... မြန်မြန်လာစမ်း၊ ငါ့ကို လာတွဲ"

ဟု ပြောလိုက်သည်။ ရှောင်ရှမ်းဟု အခေါ်ခံရသော မိန်း
ကလေးက ကျင်းဝါ၏အနီးသို့ အပြေးကလေး ရောက်လာပြီး ကျင်းဝါ
ကို လက်မောင်းမှ ကိုင်၍ ဖေးမထား၏။

ကျင်းဝါက ရှောင်ရှမ်းကိုကြည့်ပြီး ...

"ညည်း ဘာသိထားလဲ"

ဟု အရင်းမရှိ အဖျားမရှိ မေးလိုက်၏။ ကျင်းဝါ၏ စကား
ကြောင့် ရှောင်ရှမ်းက ကြောင်အမ်းအမ်း ဖြစ်သွားပြီး ...

"ကျွန်မက ဘာကိုသိရမှာလဲ သခင်မလေးရဲ့"

ဟု ပြန်မေးလိုက်၏။ ကျင်းဝါက မျက်နှာကို ရှုံ့မဲ့ပြီး ကုန်း
စွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံရှိရာ ဝါးရုံများဘက်
သို့ မေးငေါ့ပြလိုက်ပြီး ...

"ဟို အရူးအကြောင်းလေ"

ဟုပြောလိုက်၏။ ရှောင်ရှမ်းက ပြုံးလိုက်ပြီး ...

"သခင်လေးကို ပြောတာလား"

ဟု ပြန်မေးလိုက်၏။ ကျင်းဝါက ဦးခေါင်းညိတ်ပြီး ...

"အရူးပါဆိုမှတော့ သူ့အပြင် ဘယ်သူရှိဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ရှောင်ရှမ်းက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ သခင်လေး"

ဟု မေးလိုက်၏။ ကျင်းဝါက မဲ့ပြုံးပြုံးရင်း ...

"ဒီကိစ္စလား"

ဟု ပြန်မေးလိုက်၏။ ကျင်းဝါက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းက ပြုံးလိုက်ပြီး ...

"ဒီကိစ္စများ သခင်မလေးရာ၊ ရွာထဲက စကားပြောတတ်တဲ့ ကလေးကိုမေးကြည့်ရင်တောင် သိပါတယ်"

ဟု ပြောလိုက်၏။ ရှောင်ရှမ်း၏စကားကြောင့် ကျင်းဝါက ရယ်မောလိုက်ပြီး ...

"ဟုတ်တယ် ... ဒါပေမဲ့ ဟိုနှစ်ကောင်က ဒီကိစ္စကို ငါမသိသေး ဘူးလို့ ထင်နေတယ်"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းက မျက်ခုံးပင့်ရင်း ...

"ဘယ်သူတွေလဲ"

ဟု မေးလိုက်သည်။

ကျင်းဝါက ပြုံးကာ ...



"ဘယ်သူရှိဦးမလဲ၊ အာချန်နဲ့အကွီးဆိုတဲ့ ရှုးပေါ်ပေါ် နှစ်ကောင်ပေါ့"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းက ရယ်မောကာ ...

"သခင်မလေးက ငါသိပြီးပြီလို့ ပြန်ပြောလိုက်ပါလား"

ဟု ပြောလိုက်၏။

ကျင်းဝါက ပြုံးလိုက်၏။

သူမ၏အပြုံးက ထူးဆန်းနေ၏။

သူမက ထိုသို့ပြုံးလိုက်ပြီးမှ ရှောင်ရှမ်းကိုကြည့်ကာ ...

"သူတို့လည်း ဖေဖေနဲ့လိုက်သွားတာမဟုတ်လား၊ ဒါကြောင့် ဘာများ ထပ်ပြီးထူးခြားလဲဆိုတာ သိချင်လို့ ငါကမသိချင်ယောင် ဆောင်လိုက်တာ"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းကပြုံး၍ ...

"ဒါဆို ဘာတွေ ထပ်ပြီးထူးခြားသေးသလဲ"

ဟု မေးလိုက်၏။ ကျင်းဝါက ပြုံးလိုက်ပြီး ...

"လူသေအလောင်းသုံးလောင်း ရောက်လာပြီ"

ဟု ပြောလိုက်၏။ ကျင်းဝါစကားကြောင့် ရှောင်ရှမ်းက ...ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဒါဆို သခင်လေးက တကယ်လုပ်တော့မှာပေါ့ … ဟုတ်လား"

ဟု မေးလိုက်၏။

ကျင်းဝါက ပြုံးလိုက်ပြီး …

"သေတဲ့လူကို ဘယ်လိုလုပ်ပြီး ပြန်ရှင်အောင် လုပ်လို့ရမှာလဲ"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းက မျက်လုံးကလေးဝိုင်းစက်ကာ …

"သခင်လေးက ရတယ်လို့ပြောတာပဲ"

ဟု ပြောလိုက်၏။ ကျင်းဝါက မျက်နှာရှုံ့မဲ့လိုက်၏။ သူမက မျက်နှာရှုံ့မဲ့လိုက်သော်လည်း ထိုကဲ့သို့ မျက်နှာကို ရှုံ့မဲ့လိုက်ခြင်းကပင် တစ်မျိုးတစ်ဖုံ ချစ်စရာကောင်းနေ၏။

သူမက မျက်နှာကို ရှုံ့မဲ့လိုက်ပြီးမှ …

"ဒီမှာရှောင်ရှမ်း လူပြောလူယုံ၊ ခွေးပြောခွေးယုံဆိုတဲ့စကားရှိတယ်၊ အရူးပြောတဲ့စကားကို အရူးပဲယုံမယ်"

ဟု ပြောလိုက်၏။ ကျင်းဝါ၏စကားကြောင့် ရှောင်ရှမ်းသည် တစ်ခဏမျှ တွေဝေသွားပြီးနောက် ကျင်းဝါကို မျက်လုံးပြူးကြည့်ကာ



"ဒါဆို သခင်ကြီးက ဘာဖြစ်လို့ သခင်လေးအတွက် လူသေလောင်းတွေ ရှာပေးရတာလဲ"

ဟု မေးလိုက်၏။

ကျင်းဝါက နှုတ်ခမ်းတစ်ချက် စူလိုက်ပြီး …

"ဖေဖေလည်း ရူးနေလို့ ဖြစ်မှာပေါ့"

ဟု ပြောလိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ကျင်းဝါသည် အလွန်ချောမောလှပသော မိန်းကလေး ဖြစ်ပါသည်။

လူတိုင်းက သူမ၏အလှအပကို စိတ်ဝင်စားကြ၏။

သူမ၏အလှအပကလည်း လူတိုင်းကို ဆွဲဆောင်နိုင်စွမ်းရှိ၏။

သို့သော် ...

သူမ၏အလှအပသည် မည်သူ့ကိုမဆို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သော်လည်း ကုန်းစွန်းယို့ကိုမူ ဆွဲဆောင်နိုင်စွမ်း မရှိပါ။

အဘယ်ကြောင့်ဆိုသော် ...

ဆေးပညာဆိုင်ရာ ဘာသာရပ်များက မိန်းကလေးတစ်ယောက်အလှအပထက် ကုန်းစွန်းယို့ကို ဆွဲဆောင်နိုင်ခဲ့သောကြောင့်ပင် ဖြစ်သည်မဟုတ်လား။



ကုန်းစွန်းယို့သည် ဆေးပညာရပ်များကို လေ့လာလိုက်စားရင်း အချိန်ကုန်ဆုံးကာ မိမိ၏ဘဝကို ကျေနပ်နှစ်သိမ့်နေသူ ဖြစ်၏။

လောကအပေါ်၌ လူတို့သည် မိမိရယူ၍မရသောအရာကို ပို၍ မက်မောကြ၏။ ပို၍ လိုချင်ကြ၏။

ယခုလည်း ...

ကျင်းဝါသည် မိမိကို ဂရုမစိုက်သော ကုန်းစွန်းယို့ကို စိတ်ဝင်စား၏။

ကျင်းဝါသည် ကုန်းစွန်းယို့ကို မည်မျှပင် စိတ်ဝင်စားစေကာမူ ဆေးပညာရပ်များဖြင့်သာ လေ့လာရင်း အချိန်ကုန်နေသော ကုန်းစွန်းယို့ကို ရရှိနိုင်မည် မဟုတ်ပါ။

သို့သော် ယခု သူတို့နှစ်ယောက်သည် ဇနီးမောင်နှံ ဖြစ်လာခဲ့၏။

ဤသို့ ပြောရခြင်းမှာ မြားနတ်မောင်ကြောင့် မဟုတ်ပါ။

ကျင်းဝါ၏ဖခင် ဖုန်ကျားကျေးရွာသခင်ကြီး ထန်ယန့်ရှာကြောင့်ပင် ဖြစ်သည်။

ထန်ယန့်ရှာသည် လူတစ်မျိုးဖြစ်၏။

သူသည် သူ၏စိတ်ထဲ၌ ဖြစ်ပေါ်လာသော ကိစ္စရပ်များကို

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ ဖြစ်အောင်ဆောင်ရွက်တတ်သူဖြစ်၏။

သူ၏စိတ်ထဲ၌ ကျင်းဝါနှင့်ကုန်းစွန်းယို့ကို လက်ထပ်ပေးလို သောဆန္ဒ ဖြစ်ပေါ်လာသောအခါ ကျင်းဝါနှင့် ကုန်းစွန်းယို့သည် ဇနီးမောင်နှံဖြစ်လာရလေတော့သည်။

ထန်ယန့်ရှာ၏ဘဝ၌ အရေးကြီးသောကိစ္စနှစ်ခုရှိ၏။ ထိုကိစ္စနှစ်ခုမှာ သိုင်းပညာနှင့် တစ်ဦးတည်းသော သမီးလေးကျင်းဝါပင် ဖြစ်၏။

ထန်ယန့်ရှာသည် သိုင်းပညာရပ်များကို ထိပ်တန်းအဆင့် ကျွမ်းကျင်သူဖြစ်၏။

ထို့ကြောင့် သူသည် သိုင်းပညာရပ်များကို သူမတူအောင် လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်၏။

သို့သော် သူသည် သူ၏တစ်ဦးတည်းသော သမီးအတွက် ဘာမျှပြုလုပ်ပေးနိုင်ခဲ့ခြင်း မရှိသေးပါ။ သူ၏သမီးသည် ငယ်စဉ်ကတည်းမှစ၍ ကျန်းမာရေးချို့ယွင်းသောကြောင့် ပိုးမွေးသလို မွေးခဲ့ရ၏။

ယခု အချိန်တန်အရွယ်ရောက်လာသောအခါ ထန်ယန့်ရှာသည် ကုန်းစွန်းယို့နှင့် လက်ထပ်စေခဲ့၏။



ကျင်းဝါသည် ကုန်းစွန်းယို့အပေါ်၌ ချစ်ခင်နှစ်သက်ခြင်း ရှိမရှိကို ထန်ယန့်ရှာက မသိပါ။

ထို့အတူ ကုန်းစွန်းယို့က ကျင်းဝါအပေါ် နှစ်သက်မြတ်နိုးခြင်း ရှိမရှိကိုလည်း ထန်ယန့်ရှာက မသိပါ။

သို့သော် ထန်ယန့်ရှာက သူတို့နှစ်ယောက်ကို အိမ်ထောင်ချထားပေးခဲ့ပြီ ဖြစ်၏။

ထန်ယန့်ရှာသည် သူ၏စိတ်ထဲ၌ ဖြစ်ပေါ်လာသောအရာကို မဖြစ်မနေ ဆောင်ရွက်တတ်သောအကျင့်အတိုင်း ပြုလုပ်ခဲ့ခြင်းပင် ဖြစ်သည်။

✸

ကျင်းဝါသည် ကုန်းစွန်းယို့အပေါ် ချစ်ခင်နှစ်သက်ခြင်း မရှိပါ။

သူမသည် သူမ၏အလှအပအပေါ် စိတ်ဝင်မစားသော ကုန်းစွန်းယို့ကို စိတ်ဝင်စားခဲ့ခြင်းသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လောကပေါ်၌ လူတို့သည် မရသောအရာကို လိုချင်၏။ ရရှိပြီးသောအခါ ထိုအရာသည် တန်ဖိုးမဲ့သွားပြီဖြစ်၏။ ကုန်းစွန်းယို့သည် ကျင်းဝါနှင့်အိမ်ထောင်ကျခဲ့သော်လည်း သူ၏ဘဝသည် ဆေးပညာရပ်များ၌သာ မြှုပ်နှံထားဆဲဖြစ်၏။

ကျင်းဝါ၏ အလှအပသည် လည်းကောင်း၊ ကျင်းဝါ၏ နားဝင်ချိုလှသော သာယာသည့်အသံသည် လည်းကောင်း ကုန်းစွန်းယို့အတွက် ဆေးပညာရပ်များလောက် ဆွဲဆောင်မှုမရှိခဲ့ပါ။

ဤသို့ဖြင့် ...

ကုန်းစွန်းယို့နှင့်ကျင်းဝါတို့၏ အိမ်ထောင်ရေးသည် သူစိမ်းဆန်ဆန် ဖြစ်နေခဲ့ရလေတော့သည်။

ကောင်းကင်ပေါ်၌ လဝန်းက ပေါ်ထွက်နေပြီဖြစ်၏။

လရောင်ကြောင့် ကွေးကောက်သောလမ်းမကြီးသည် ငွေရောင်တဖိတ်ဖိတ် တောက်နေ၏။



ထိုငွေရောင် တဖိတ်ဖိတ်တောက်နေသော လမ်းမပေါ်၌ မြင်းလှည်းတစ်စီးသည် တရကြမ်း မောင်းနှင်နေ၏။

မြင်းလှည်းပေါ်၌ လူနှစ်ယောက် လိုက်ပါလာ၏။

ထိုလူနှစ်ယောက်သည် ဖုန်ကျားကျေးရွာမှ အာချုန်းနှင့် အကွီးတို့ပင် ဖြစ်သည်။

မြင်းလှည်း၏ နောက်ဘက်၌လည်း ခေါင်းတလားတစ်လုံး ပါလာ၏။ ထိုခေါင်းတလားပေါ်၌ စာရွက်တစ်ရွက် ကပ်ထား၏။ ထိုစာရွက်ပေါ်၌ "ချစ်ဇနီး ဂူကြိုးရှိ" ဟု ရေးသားထား၏။

အာချုန်းနှင့်အကွီးတို့သည် ကျင်းဝါနှင့် တွေ့ဆုံခဲ့ပြီးနောက် သုတ်သီးသုတ်ပျာဖြင့် မြင်းလှည်းရှိရာသို့ မပြေးရုံတမယ် ရောက်ရှိလာခဲ့၏။

သူတို့သည် မြင်းလှည်းပေါ်၌ ကျန်ရှိနေသော ခေါင်းတလားတစ်လုံးကို ညတွင်းချင်း ပို့ပေးရဦးမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှ သွားရောက်ပို့ပေးလျှင် အလောင်းပိုင်ရှင်က သူတို့အပေါ် စိတ်ဆိုးမှာထက် မတော်တဆ ယန်ယန့်ရှာနှင့် ပက်ပင်းတိုးမိမည်ကို သူတို့နှစ်ယောက်သည် စိုးရိပ်ပူပန်နေသည်။

ထို့ကြောင့် ...

သူတို့သည် မြင်းလှည်းပေါ်သို့ တက်လိုက်ပြီး ဖုန်ကျားကျေးရွာမှ ထွက်လာခဲ့ခြင်းဖြစ်၏။

အာချန်းက မြင်းလှည်းကို တရကြမ်းမောင်းနှင်နေ၏။

အကိုးက အာချန်းကို ကြည့်ပြီး ...

"ဟေ့ကောင် ... ဒီလောက်လည်း စိတ်လောကြီးမနေပါနဲ့၊ တော်တော်ကြာ လှည်းမှောက်ပြီး ဒုက္ခရောက်နေပါဦးမယ်"

ဟု ပြောလိုက်၏။

အာချန်းက မြင်းလှည်းကို မောင်းနှင်ရာမှ အကိုးကို လှည့်မကြည့်ဘဲ ...

"ငွေပိုငွေလျှံရတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတယ်"

ဟု ပြောလိုက်၏။

အကိုးက တစ်ချက်ပြုံးလိုက်ပြီး ...



"ဘာမှ စနောင့်စနင်း ဖြစ်မနေနဲ့၊ ငါတို့တာဝန်ယူထားတဲ့ကိစ္စ ပြီးတော့မှာပါ"

ဟု ပြန်ပြောလိုက်၏။

အာချန်းက ဦးခေါင်းညိတ်ကာ ...

"ငါလည်း မြန်မြန်ပြီးချင်နေတာပဲ"

ဟု ပြောလိုက်၏။

အကိုးက သက်ပြင်းချကာ ...

"သခင်လေးဟာ အခုကိစ္စကို သခင်ကြီးကို ပြန်ပြောမယ်လို့ ...င်းထင်သလား"

ဟု မေးလိုက်၏။

အာချန်းက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ငါတော့ ဘယ်လိုမှ မပြောတတ်ဘူး"

အကိုးက မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ အာချန်းက ...

"သခင်လေးက လူတစ်မျိုးပဲ၊ သူ့စိတ်ထဲမှာ ဘာဖြစ်နေ...ခဲ့ဆိုတာ ဘယ်လိုမှ မသိရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြောလိုက်၏။ အကြီးက ထောက်ခံဟန်ဖြင့် ဦးခေါင်း ညိတ်ကာ ...

"ဟုတ်တယ် ... ဒါပေမဲ့ စိတ်မပူပါနဲ့"

ဟု ပြောလိုက်၏။ အာချုန်းက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့ စိတ်မပူရမှာလဲ၊ အခုကိစ္စကို သခင်ကြီးသာ သိသွားရင် မင်းရောငါရော မလွယ်ဘူး"

ဟု ပြန်ပြောလိုက်၏။ အကြီးက ပြုံးလိုက်သည်။

"လောလောဆယ်မှာ သခင်လေးက သခင်ကြီးကို ပြန်ပြီး ပြောဖြစ်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။ အကြီး၏စကားကြောင့် အာချုန်းက မျက်မှောင်ကြုတ်သွားပြီး ...

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။

အကြီးက ပြုံးကာ ...

"လောလောဆယ် သခင်လေးက လူသေကို အသက်သွင်းဖို့ လုပ်နေမှာဆိုတော့ တို့ကိစ္စကို သူက တော်တော်နဲ့ သခင်ကြီးကို ပြောဖြစ်မှာမဟုတ်ဘူး"



ဟု ပြန်ပြောလိုက်၏။

အာချုန်းက သက်ပြင်းချကာ ...

"လူသေကို အသက်သွင်းလို့ရမလား"

ဟု မေးလိုက်၏။

အကြီးက ...

"သခင်လေးကတော့ ရတယ်လို့ပြောတာပဲ"

အာချုန်းက ပခုံးတွန့်ရင်း ...

"အခု ပြန်ရှင်လာမယ့်အလောင်းက လူဆိုးတွေနော်"

အကြီးက မျက်ခုံးပင့်ကာ ...

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

အာချုန်းက သက်ပြင်းချကာ ...

"သေပြီးတဲ့လူဆိုးတွေ ပြန်ရှင်လာရင် ဘာဖြစ်လာမယ် ထင်သလဲ"

ဟု မေးလိုက်၏။

အကြီးက ပြုံးလိုက်ပြီး တစ်စုံတစ်ရာကို ပြန်ပြောရန် ပါးစပ်ပြင်လိုက်သော်လည်း ဘာမျှမပြောဖြစ်ပါ။

အကြောင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သူတို့၏ရှေ့၌ လမ်းကို ကန့်လန့်ဖြတ်၍ရပ်ထားသော မြင်းလှည်းတစ်စီးကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ထိုမြင်းလှည်း၏နံဘေး၌ ငှက်လှောင်အိမ်တစ်လုံး ချိတ်ဆွဲထား၏။

ထိုငှက်လှောင်အိမ်ထဲ၌ ငှက်တစ်ကောင်ရှိနေ၏။

ထိုငှက်သည် တစ်ကိုယ်လုံးမည်းနက်နေသော ကျီးကန်းပင် ဖြစ်သည်။

✹ ✹ ✹



အခန်း (၂၃)

မြင်းလှည်းတစ်စီး ...။

ကုန်ပစ္စည်းတင်သော မြင်းလှည်းမျိုး ဖြစ်သည်။ ထိုမြင်းလှည်းသည် လမ်းမပေါ်၌ ကန့်လန့်ဖြတ်၍ ရပ်တန့်ထား၏။

မြင်းလှည်း၏နံဘေး၌ ငှက်လှောင်အိမ်တစ်ခု ချိတ်ထား၏။ ထိုငှက်လှောင်အိမ်ထဲ၌ ငှက်တစ်ကောင်ရှိ၏။ ထိုငှက်သည် တစ်ကိုယ်လုံး မည်းနက်နေသော ကျီးကန်းပင် ဖြစ်သည်။

အာချန်းသည် လမ်းမပေါ်၌ ကန့်လန့်ဖြတ်၍ ရပ်ထားသော မြင်းလှည်းကို ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့် သူ၏ မြင်းလှည်းကို ကမန်းကတန်း ရပ်တန့်လိုက်ရ၏။

ထို့ကြောင့် အာချန်း၏မြင်းလှည်းသည် လမ်းမပေါ်၌ လမ်းပိတ်၍ ရပ်ထားသော မြင်းလှည်းနှင့် ဆယ်ပေခန့်အကွာ၌ ရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အာချန်းက 'ဟူး' ခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး လမ်းမပေါ်၌ ဝိတ်၍ရပ်ထားသော မြင်းလှည်းကို လှမ်းကြည့်လိုက်၏။

မြင်းလှည်းပေါ်၌ မြင်းလှည်းမောင်းသူမရှိပါ။ ထို့ကြောင့် အာချန်းက မျက်မှောင်ကြုတ်၍ ...

"မြင်းလှည်းမောင်းသမားလည်း မတွေ့ပါလား"

ဟု အကွီးကို လှည့်ပြောလိုက်၏။ ထိုစဉ် ရုတ်တရက် ...

"ကျုပ် ရှိပါတယ်"

ဟူသောအသံသည် လမ်းဘေးမှပေါ်ထွက်လာ၏။

ထို့နောက် အသံနှင့်အတူ လူတစ်ယောက်သည် အာချန်းတို့၏မြင်းလှည်းအနီး ချဉ်းကပ်လာ၏။

အာချန်းနှင့်အကွီးတို့သည် ထိုလူကိုမြင်လိုက်ရသောအခါ စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ကို ပြိုင်တူချလိုက်လေတော့၏။

ပြီးမှ အကွီးက ထိုလူကို ပြုံးပြလိုက်ရင်း ...

"ဟာ ... ဆရာပါလား"

ဟု ပြောလိုက်၏။ လမ်းဘေးမှ ထွက်ပေါ်လာသောလူက



ပြုံး၍ ဦးခေါင်းညိတ်ပြလိုက်သည်။ ထိုလူသည် အာချန်းနှင့်အကွီးတို့ကို ခေါင်းတလားတစ်လုံး လမ်းကြုံပေးလိုက်သောလူပင် ဖြစ်သည် မဟုတ်ပါလား။

ထိုလူက အာချန်းနှင့်အကွီးကို ပြုံးပြလိုက်ပြီး ...

"ဘယ်လိုလဲ ... လမ်းမှာ အဆင်ပြေရဲ့လား"

ဟု မေးလိုက်၏။ အာချန်းက ထိုလူ၏အမေးကို အဖြေမပေးဘဲ ...

"ခင်ဗျားက နောက်ကျမယ်ဆိုပြီး အခုတော့ အစောကြီး ရောက်နေပါလား"

ဟု မေးလိုက်၏။ ထိုလူက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ကျုပ်လည်း ကျုပ်ရဲ့ကိစ္စလေးတွေ ပြီးပြတ်သွားတာနဲ့ ခင်ဗျားတို့နောက်ကို အမီလိုက်လာတာ"

ဟု ပြောလိုက်၏။ အာချန်းက မျက်မှောင်ကြုတ်ကာ ...

"ဘာလဲ ... ကျုပ်တို့က ပိုက်ဆံယူပြီး ရောက်အောင်မပို့မှာ စိုးလို့လား"

ဟု မေးလိုက်၏။ ထိုလူက ဦးခေါင်းခါယမ်းပြကာ ...

"ဒီလိုသဘောမျိုး မဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးလိုက်မိသလိုဖြစ်သွားတာကို စိတ်မကောင်းဖြစ်ပြီး ခင်ဗျား တို့ရဲ့နောက်ကို မီလိုမီငြား လိုက်လာခဲ့တာပါ”

အာချန်းက ...

“ကျုပ်တို့က ဖုန်ကျားကျေးရွာကို အရင်ဝင်ရသေးတယ်ဗျ”

ဟု ပြောလိုက်၏။ ထိုလူက ပြုံး၍ ...

“ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့ကို ဒီမှာလာ ပြီး စောင့်နေနိုင်တာပေါ့”

အကြီးက ထိုလူကိုကြည့်ပြီး ...

“ခင်ဗျားက ဒီမှာဘာဖြစ်လို့ လာစောင့်နေရတာလဲ၊ ရွာမှာ ပဲ စောင့်နေရောပေါ့”

ဟု ပြောလိုက်၏။ အာချန်းကလည်း အကြီး၏စကားကို ထောက်ခံဟန်ဖြင့် ...

“ဟုတ်သားပဲ၊ ရွာမှာပဲစောင့်နေရောပေါ့၊ ဟိုမှာစီစဉ်စရာ ရှိတာတွေ ကြိုတင်ပြီး စီစဉ်လို့ရတာပေါ့”

ဟု ပြောလိုက်၏။ ထိုသူကပြုံး၍ ...

“ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ခင်ဗျားတို့ကို အားနာလို့ ကျုပ် ဘာသာကျုပ်ပဲ ယူသွားပါတော့မယ်”



ဟု ပြောလိုက်၏။ အာချန်းက ဦးခေါင်းညိတ်ကာ ...

“အမှန်အတိုင်းပြောရမယ်ဆိုရင် အခုအချိန်ဆို ခင်ဗျားရဲ့ ခေါင်းတလားဟာ ခင်ဗျားရဲ့ရွာမှာ ရောက်နေပြီးပြီ၊ ဒါပေမဲ့ ကျုပ်တို့ ဟန်ကြိုးမြို့ကအထွက်မှာ ကျုပ်တို့နောက်က လူတစ်စုလိုက်လာပြီး ကျုပ်တို့ကို ဟန့်တားလို့ အခုလို ဖြစ်သွားရတာ”

ဟု ပြောလိုက်၏။

ထိုလူက အံ့သြဟန်ဖြင့် မျက်ခုံးပင့်ကာ ...

“ဗျာ ... လူတစ်စုလိုက်လာတယ် ... ဟုတ်လား”

ဟု မေးလိုက်၏။ အာချန်းက ဦးခေါင်းညိတ်လိုက်ပြီး ...

“ဟုတ်တယ်”

ထိုလူက မျက်မှောင်ကြုတ်ကာ ...

“လမ်းဓားပြတွေလား”

ဟု မေးလိုက်သည်။

အာချန်းက ပခုံးကိုတွန့်ပြီး ...

“ရွှေနဂါးအာမခံဌာနကလို့ ပြောတာပဲ”

ထိုလူက ဦးခေါင်းညိတ်ကာ ...

“သူတို့က ခင်ဗျားတို့ကို ဟန့်တားပြီး ဘာလုပ်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ အာချန်းက ပြုံး၍ ...

"သူတို့က ခေါင်းတလားတွေကို လာလုတာ"

ဟု ပြောလိုက်၏။ ထိုလူက သက်ပြင်းချလိုက်ပြီး ...

"ပါသွားလား"

ဟု မေးလိုက်၏။ အာချန်းက ဦးခေါင်းခါယမ်းကာ ...

"ပါမသွားပါဘူး"

ဟု ပြောလိုက်၏။ ထိုလူက မျက်မှောင်မသိမသာကြုတ်ကာ ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ အာချန်းက ပြုံးလိုက်ပြီး ...

"ခေါင်းတလားတွေကို ဖွင့်ကြည့်ပြီး ကျုပ်တို့ကို ပြန်လွှတ်လိုက်လို့လေ"

ဟု ပြောလိုက်၏။ ထိုလူက မျက်မှောင်ကြုတ်ကာ ...

"အားလုံး ဖွင့်ကြည့်တာလား"

ဟု မေးလိုက်၏။

အာချန်းက ပြုံး၍ ...

"ခေါင်းတလားနှစ်လုံးပဲဖွင့်ရသေးတယ်၊ ကျုပ်တို့သခင်ကြီး



လက်ချက်နဲ့ သေသွားတဲ့အလောင်းကိုတွေ့ပြီး ချက်ချင်းပဲ ခေါင်းတလားတွေကို အဖုံးပြန်ဖုံးပေးပြီး ကျုပ်တို့ကို သွားခွင့်ပြုလိုက်တော့တာပဲ"

ဟု ပြောလိုက်၏။ ထိုလူက သက်ပြင်းချကာ ...

"ဒါဆို ခင်ဗျားတို့တင်လာတဲ့ ခေါင်းတလားတွေကို တစ်လုံးမှ ပါမသွားဘူးပေါ့"

ဟုမေးလိုက်၏။ အာချန်းက ဦးခေါင်းကိုညိတ်ကာ ...

"ပါမသွားဘူး၊ ဒါကြောင့် ခင်ဗျားရဲ့ခေါင်းတလားကို လာပို့နိုင်တာပေါ့"

ဟု ပြောလိုက်၏။ ထိုလူက မျက်မှောင်မသိမသာကြုတ်ကာ ...

"ဒါဆို ခင်ဗျားတို့က ခေါင်းတလားသုံးလုံးကို ဖုန်ကျားကျေးရွာမှာ ထားခဲ့ပြီးပြီပေါ့ ... ဟုတ်လား"

ဟု မေးလိုက်၏။ အာချန်းက ဦးခေါင်းညိတ်ပြကာ ...

"ဟုတ်တယ်"

ဟု ပြောလိုက်၏။ ထိုလူက သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတလားသုံးလုံးကို ထန်ယန့်ရှာရဲ့လက်ထဲ ထည့်ပေးခဲ့တာလား"

ဟု မေးလိုက်၏။ အာချန်းက ဦးခေါင်းခါယမ်းကာ ...

"မထည့်ပေးခဲ့ပါဘူး"

ထိုလူက မျက်မှောင်ကြုတ်ရင်း ...

"ဘာဖြစ်လို့လဲ"

အာချန်းက ပြုံး၍ ...

"ကျုပ်တို့သခင်ကြီးမှ မရှိတာ"

ဟု ပြန်ပြောလိုက်၏။ ထိုလူက ပြုံးလိုက်ပြီး ...

"ဒါဆို ဘယ်မှာထားခဲ့လဲ"

ဟု မေးလိုက်၏။ အာချန်းက ပြုံး၍ ...

"ကုန်းစွန်းယို့ရဲ့ ဆေးဝါးစမ်းသပ်ခန်းထဲမှာ ထားခဲ့တယ်"

ဟု ပြန်ပြောလိုက်သည်။ အာချန်း၏စကားကြောင့် ထိုလူ၏ မျက်နှာပေါ်၌ အပြုံးပေါ်လာ၏။ သူ၏အပြုံးထဲ၌ လျှို့ဝှက်သော အရိပ်အယောင်ပါရှိ၏။ သူပြုံးလိုက်ပြီး အာချန်းကိုကြည့်ကာ ...

'ထန်ယန့်ရှာက ဖုန်ကျားကျေးရွာ မရှိရအောင် သူက ဘယ်သွားနေလို့လဲ"



ဟု မေးလိုက်သည်။ အာချန်းက ...

"သူက မိတ်ဆွေတစ်ယောက်နဲ့ အရက်သွားသောက်မယ်ဆိုပြီး ကျုပ်တို့ကို ဒီအလောင်းတွေ အရင်ပို့ခိုင်းလိုက်တာ"

ထိုလူက ပြုံး၍ ...

"ဒါဆို သူက ဘယ်နေ့လောက် ပြန်လာမယ်လို့ ပြောသလဲ"

ဟု မေးလိုက်၏။ အာချန်းက မျက်လုံးကို အပေါ်သို့ တစ်ချက်လှန်လိုက်ပြီး ...

"သူက နောက်တစ်ရက်နှစ်ရက်ကြာမှ ပြန်လာမယ်လို့ ပြောလိုက်တယ်"

ဟု ပြောလိုက်၏။ ထိုလူက ပြုံးကာ ...

"သူက အေးအေးဆေးဆေးမှ ပြန်လာမယ်ထင်တယ်"

ဟု ပြောလိုက်၏။ အကျိုးက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ပြောလို့တော့မရဘူး၊ သူက သွားချင်ရင်လည်း ချက်ချင်း ပြန်ချင်ရင်လည်း ချက်ချင်းပဲ"

ထိုလူက ပြုံး၍ ...

"ဒါဆို သူက အမြန်ဆုံး ဘယ်တော့လောက် ပြန်လာနိုင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ အကြီးက တစ်ချက်မျှ စဉ်းစားလိုက်ပြီး ...

“သူက အမြန်ဆုံးပြန်လာမယ်ဆိုရင်တော့ မနက်ဖြန် နေ့လယ်ပိုင်းလောက် ရောက်လာမှာပဲ”

ဟု ပြောလိုက်၏။ ထိုလူက ပြုံးကာ ...

“အေးလေ ... ဘာပဲဖြစ်ဖြစ် ကျုပ်ဓနီးရဲ့အလောင်းကို ဒီအထိ လမ်းကြုံသယ်လာပေးတာကိုပဲ ကျေးဇူးတင်ပါတယ်ဗျာ”

ဟု ပြောလိုက်၏။ အချန်းနှင့်အကြီးတို့က ထိုလူကို ပြန်လည်၍ ပြုံးပြကာ ...

“ကိုင်း ... ဒါဖြင့် ကျုပ်တို့ပြန်တော့မယ်”

ဟု ပြောလိုက်၏။ ထိုလူ၏စကားကြောင့် အချန်းက မျက်ခုံးပင့်ကာ ...

“ဘာမေးချင်တာလဲ”

ဟု ပြန်မေးလိုက်၏။ ထိုလူက ပြုံးကာ ...

“သြော် ... ကုန်းစွန်းယို့က ထန်ယန့်ရှာနဲ့ အတူနေတာပဲလား”

ဟု မေးလိုက်၏။ အချန်းက ဦးခေါင်းညိတ်ပြလိုက်ပြီး ...



“အတူတူနေတယ်၊ ဒါပေမဲ့”

ဟု စကားကို ဆုံးအောင်မပြောဘဲ ရပ်တန့်လိုက်၏။ ထို့ကြောင့် ခေါင်းတလားကို လမ်းကြုံပို့နိုင်းသော လူက မျက်မှောင်ကြုတ်ကာ ...

“ဒါပေမဲ့ ဘာဖြစ်သလဲ”

ဟု မေးလိုက်၏။ အချန်းက ဦးခေါင်းခါယမ်းကာ ...

“ဒါပေမဲ့ သူက တစ်နေကုန်တစ်နေခန်း သူ့ရဲ့ဆေးဝါးစမ်းသပ်ခန်းမှာပဲ နေတယ်၊ အိပ်ရုံသက်သက်ပဲ အိမ်ကို ပြန်လာအိပ်တယ်”

ဟု ပြောလိုက်၏။ ခေါင်းတလားကို လမ်းကြုံပို့နိုင်းသော လူက ပြုံးလိုက်ပြီး ...

“သြော် ... ဒါဆို သူ့ရဲ့ဆေးဝါးစမ်းသပ်ခန်းက ရွာထဲမှာပဲလား”

ဟု မေးလိုက်၏။ အချန်းက ဦးခေါင်းခါယမ်းကာ ...

“ဟင့်အင်း ... ခြံဝင်းထဲမှာပဲ၊ ခြံဝင်းရဲ့အနောက်ဘက် ဝါးရုံတောထဲမှာ”

ဟု ပြောလိုက်၏။ ခေါင်းတလား လမ်းကြုံပို့နိုင်းသောလူက

www.burmeseclassic.com



ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"သြော် ... ဒါဆို သူ့ကိုတွေ့ချင်ရင် အဲဒီဆေးဝါး အဆောက်အအုံမှာ သွားရှာရမှာပေါ့နော်"

ဟု ပြောလိုက်၏။ အချွန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... သူ့ကိုတွေ့ချင်ရင် ဘယ်မှမမေးနဲ့ အဲဒီကိုသာ သွား"

ဟု ပြန်ပြောလိုက်၏။ ခေါင်းတလားပိုင်ရှင်သူက အချွန်းနှင့်အကွီးတို့ကို ပြုံးပြလိုက်ပြီး ...

"အင်း ... ခင်ဗျားတို့လည်း မိုးချုပ်နေပြီ၊ ကျုပ်လည်း ရွာကို ပြန်ရဦးမယ်"

ဟု ပြောလိုက်၏။ အကွီးနှင့် အချွန်းက ထိုလူကို ပြန်လည်၍ ပြုံးပြလိုက်ပြီး ...

"ကဲ ... ကျုပ်တို့ သွားတော့မယ်"

ဟုပြောရင်း မြင်းလှည်းပေါ်သို့ တက်လိုက်၏။

ထို့နောက် သူတို့သည် မြင်းလှည်းကို နောက်ကြောင်းသို့ ပြန်လှည့်ကာ လမ်းမကြီးအတိုင်း ဖုန်ကျားကျေးရွာသို့ ဦးတည်၍ မောင်းနှင်သွားလေတော့၏။



အချွန်းနှင့်အကွီးတို့အား ခေါင်းတလားတစ်လုံးကို လမ်းကြုံပို့ခိုင်းသောလူသည် မိမိ၏မြင်ကွင်းမှ အချွန်းနှင့်အကွီးတို့ မြင်းလှည်း ပျောက်ကွယ်၍သွားသည်အထိ ထိုနေရာ၌ပင် ရပ်တန့်၍ ကျန်ရစ်ခဲ့၏။

လမ်းမပေါ်၌ ကန့်လန့်ဖြတ်၍ ရပ်တန့်ထားသော မြင်းလှည်းသည်လည်း ယခုတိုင် ရပ်တန့်ထားဆဲဖြစ်၏။

အတန်ကြာမှ ထိုလူသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး မြင်းလှည်းပေါ်သို့ တက်လိုက်၏။ ထို့နောက် သူသည် မြင်းလှည်းကို ဒုန်းစိုင်းကာ ဖုန်ကျားကျေးရွာသို့ ဦးတည်၍ မောင်းနှင်သွားလေတော့သည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

မိုးချုပ်နေပြီဖြစ်၏။

ထို့ကြောင့် ဖုန်ကျားကျေးရွာတစ်ခုလုံးသည် အိပ်မောကျနေပြီဖြစ်၏။

သို့သော် ကုန်းစွန်းယို့သည် အိပ်ပျော်ခြင်းမရှိသေးပါ။

သူသည် သူ၏ ဆေးဝါးစမ်းသပ်ခန်းထဲ၌ ရှိနေ၏။

သူက ဆေးဝါးစမ်းသပ်ခန်းထဲ၌ မီးအိမ်တစ်လုံး ထွန်းထားသည်။

မှိုင်းချေးများတက်နေပြီဖြစ်သော မီးအိမ်မှ ဝါကြင့်ကြင့် အလင်းရောင်သည် အခန်းထဲ၌ တစ်ခုတည်းသော အလင်းရောင် ဖြစ်နေ၏။

ကုန်းစွန်းယို့သည် ကုလားထိုင်၌ထိုင်ရင်း နံရံ၌စီ၍ ထောင်ထားသော ခေါင်းတလားသုံးလုံးကို ကြည့်နေ၏။



သူသည် ခေါင်းတလားသုံးလုံးကို အတန်ကြာအောင် ကြည့်နေပြီးမှ ထိုင်ရာမှထကာ ခေါင်းတလားသုံးလုံးရှိရာသို့ လျှောက်သွား၏။

ထို့နောက် သူသည် ခေါင်းတလားများ၏အဖုံးကို စတင်ဖွင့်လိုက်လေတော့၏။

လူသေအလောင်းများကို မကြောက်သောလူ နှစ်မျိုးရှိပါ၏။

တစ်မျိုးက အလောင်းများကို သင်္ဂြိုဟ်ပေးရသော သုဘရာဇာများဖြစ်၏။ နောက်တစ်မျိုးမှာ သမားတော်ကြီးများပင် ဖြစ်၏။

ထို့ကြောင့် သူသည် လူသေအလောင်းများကို မကြောက်ရွံ့ပါ။

သူသည် လူသေအလောင်းများစွာကို မြင်ဖူးတွေ့ဖူးသူ ဖြစ်၏။

လူသေအလောင်းများနှင့်ပတ်သက်၍လည်း သူ၏စိတ်ထဲ၌ မည်သို့သောခံစားမှုမျိုးမှ ဖြစ်ပေါ်ခဲ့ခြင်း မရှိပါ။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်၌ သူသည် ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း စသည့်ခံစားမှုမျိုးကို ဖြစ်ပေါ်ခံစားလိုက်ရသည်။

သူ့ကို ယခုလို ထိတ်လန့်ခြင်း၊ အံ့သြခြင်း စသည့်ခံစားမှုမျိုးကို ဖြစ်ပေါ်စေသောအရာသည် ဖြူဖွေးနေသောအရိုးစုများ မဟုတ်ပါ။

တဖိတ်ဖိတ် တလက်လက် တောက်ပနေသော ကျောက်မျက်ရတနာများပင် ဖြစ်သည် မဟုတ်ပါလော။

❋

ကုန်းစွန်းယို့သည် ခေါင်းတလားသုံးလုံး၏ အဖုံးများကို ဖွင့်လိုက်၏။

အဖုံးများ ပွင့်သွားသောအခါ ခေါင်းတလားနှစ်လုံးထဲ၌ ဖြူဖွေးသော အရိုးစုနှစ်ခုကို တွေ့ရပြီး ခေါင်းတလားတစ်လုံးထဲ၌ ကတ္တီပါအိတ်များကို တွေ့ရ၏။

ထို့ကြောင့် ...



ကုန်းစွန်းယို့သည် မျက်မှောင်ကြုတ်သွားပြီး ကတ္တီပါအိတ်တစ်လုံးကို ထုတ်ယူ၍ ဖြည်ကြည့်လိုက်၏။

ထို့နောက် သူသည် ကတ္တီပါအိတ်ထဲမှ ပစ္စည်းများကို လက်ဝါးပေါ်သို့ အနည်း ယ် သွန်ကြည့်လိုက်၏။

လက်ဖဝါးပေါ်သို့ ရောက်ရှိလာသော ကတ္တီပါအိတ်ထဲမှ ပစ္စည်းများသည် ဝါကြင့်ကြင့် အလင်းရောင်အောက်၌ တဖိတ်ဖိတ် တလက်လက် တောက်ပနေ၏။

ကုန်းစွန်းယို့သည် လက်ထဲမှ ကျောက်မျက်ရတနာများကို အတန်ကြာအောင် ငေးငိုင်၍ကြည့်နေမိ၏။

အတန်ကြာမှ ကုန်းစွန်းယို့သည် ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ထိုရတနာပစ္စည်းများသည် ထန်ယန့်ရှာ၏ပစ္စည်းများ မဖြစ်နိုင်ဟု ဆုံးဖြတ်လိုက်၏။

ထန်ယန့်ရှာသည် ချမ်းသာကြွယ်ဝသူဖြစ်၏။ ထို့အပြင် ကျောက်မျက်ရတနာများသည် ထန်ယန့်ရှာ၏ ဘဝ၌ အရေးပါသော ပစ္စည်းများမဟုတ်ပါ။

ထန်ယန့်ရှာ၏ဘဝ၌ အရေးပါသောအရာသည် နှစ်ခုသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ သိုင်းပညာနှင့် ကျန်တစ်ခုမှာ သူ၏ တစ်ဦးတည်းသောသမီး ကျင်းဝါပင်ဖြစ်သည်။

ဤသို့ဆိုလျှင် ထန်ယန့်ရှာသည် သူ၏ တစ်ဦးတည်းသောသမီးကျင်းဝါအတွက် ထိုကျောက်မျက်ရတနာများကို ထည့်ပေးလိုက်ခြင်းလော။

ဤမျှများပြားသော ကျောက်မျက်ရတနာများကို ထန်ယန့်ရှာသည် မည်သည့်နေရာက ရရှိသနည်း။

ထန်ယန့်ရှာသည် ဓားပြတိုက်သူ၊ လုယက်သူ မဟုတ်ပါ။

ထို့ကြောင့် ခေါင်းတလားထဲမှ ကျောက်မျက်ရတနာများသည် ထန်ယန့်ရှာ၏ဝစ္စည်း မဟုတ်နိုင်ချေ။ ကုန်းစွန်းယို့သည် ဦးခေါင်းကို ခါယမ်းလိုက်၏။

ထိုစဉ် သူ၏မျက်လုံးထဲ၌ မြွေခွေးသုံးကောင်၏ အလောင်းကို ပေးပို့ခဲ့ခြင်းဖြစ်၏။

သို့သော် အာချန်းနှင့်အကြီးတို့က ခေါင်းတလားလေးလုံး သယ်ဆောင်လာ၏။

ဤသို့ဆိုလျှင် ကုန်းစွန်းယို့သည် တစ်ချက်ပြုံးလိုက်ပြီး ခေါင်းတလားများကို ပြန်လည်၍ အဖုံးပိတ်လိုက်၏။



ထို့နောက် သူသည် အခန်းထဲမှ ထွက်ခွာသွားလေတော့၏။

✹

အာချန်းနှင့်အကြီးတို့သည် ဖုန်ကျားကျေးရွာသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်၏။

သူတို့သည် မြင်းလှည်းကို ထန်ယန့်ရှာ၏ခြံဝင်းထဲသို့ မောင်းဝင်လိုက်သည်နှင့် ကုန်းစွန်းယို့ ရပ်နေသည်ကို မြင်တွေ့လိုက်ရသည်။

ကုန်းစွန်းယို့သည် တည်ငြိမ်စွာရပ်နေ၏။ သူ၏မျက်လုံးများကလည်း တည်ငြိမ်နေ၏။

သူ၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာပေါ်၌ ဟန်အမူအရာ ကင်းမဲ့နေ၏။

အာချန်းနှင့်အကြီးတို့သည် ကုန်းစွန်းယို့ကို မြင်တွေ့လိုက်သည်နှင့် ထိတ်လန့်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ဟန်အမူအရာကင်းမဲ့နေသော ကုန်းစွန်းယို့၏ မျက်နှာပေါ်၌ ကျေနပ်သည့်အသွင် ပေါ်နေ၏။

သူသည် အခွန်းနှင့်အကျိုးတို့ကို တွေ့ဆုံခဲ့ပြီးနောက် သူ ဆေးဝါးစမ်းသပ်သော အဆောက်အအုံသို့ ပြန်လည်ရောက်ရှိလာသည်။

ဆေးဝါးစမ်းသပ်သော အခန်းထဲသို့ မရောက်ခင်အထိ ဟန်အမူအရာကင်းမဲ့နေသော ကုန်းစွန်းယို့၏မျက်နှာသည် ဆေးဝါး စမ်းသပ်သောအခန်းထဲသို့ ရောက်သည်နှင့် ကျေနပ်သောအသွင် ဖြစ်ပေါ်လာ၏။

ထို့နောက် သူသည် အားရပါးရ ပြုံးလိုက်ပြီး ခေါင်းတလား သုံးလုံးအနက် ကျောက်မျက်ရတနာများ ထည့်ထားသော ခေါင်းတလားပေါ်၌သာ ရစ်ဝဲနေ၏။

ထို့နောက် သူသည် ထိုကျောက်မျက်ရတနာများထည့်ထားသော ခေါင်းတလားကို လက်ဖြင့် ညင်သာစွာ ပွတ်သပ်လိုက်သည်။ ပြီးမှ သူသည် အောက်ထပ်သို့ ပြန်လည်၍ ဆင်းသွား၏။

အောက်ထပ်မှ ပြန်လည်၍ ရောက်ရှိလာသောအခါ သူ၏ လက်ထဲ၌ အိတ်ကြီးတစ်လုံး ပါလာ၏။



သူသည် အပေါ်ထပ်သို့ရောက်သည်နှင့် ကျောက်မျက်ရတနာများထည့်ထားသော ခေါင်းတလားရှိရာသို့ ဦးတည်လျှောက်သွားပြီး ခေါင်းတလား၏အဖုံးကို ဖွင့်လိုက်၏။

ထို့နောက် သူသည် ခေါင်းတလားထဲမှ ကျောက်မျက်ရတနာများထည့်ထားသော ကတ္တီပါအိတ်ကလေးများကို အိတ်ကြီးတွင်းသို့ ပြောင်းထည့်လိုက်၏။

ပြီးမှ သူသည် ထိုအိတ်ကြီးကို သေချာစွာ ချည်နှောင်လိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဤနေရာ၌ ပန်းချီကားတစ်ချပ်ရှိ၏။ ကုန်းစွန်းယို့၏ ပုံတူ ပန်းချီကားပင်ဖြစ်၏။

ထို့ကြောင့် လက်ရာအလွန်မြောက်ကာ ရုတ်တရက် ကြည့်ပါက ကုန်းစွန်းယို့ကိုယ်တိုင် ပန်းချီကားထဲ၌ ရပ်နေသည်ဟု ထင်မှတ်ရမည်ဖြစ်၏။

ကုန်းစွန်းယို့သည် ထိုပန်းချီကားကို မိမိ၏ ဆေးဝါးစမ်းသပ်သော အခန်း၏နံရံပေါ်၌ ချိတ်ဆွဲထား၏။

ယခု သူသည် ကျောက်မျက်ရတနာများ ထည့်ထားသော အိတ်ကြီးကိုဆွဲ၍ ထိုပန်းချီကားရှေ့သို့ ရောက်လာ၏။

ပန်းချီကားရှေ့သို့ ရောက်သောအခါ ကုန်းစွန်းယို့သည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် တစ်ချက်ပြုံးလိုက်၏။

ထို့နောက် ...



သူသည် ကျောက်မျက်ရတနာများထည့်ထားသော အိတ်ကြီးကို ပြန်လည်၍ ဖြည်လိုက်သည်။ ပြီးမှ သူသည် အိတ်ကြီးထဲမှ ကျောက်မျက်ရတနာထည့်ထားသော ကတ္တီပါအိတ်ငယ်တစ်လုံးကို ထုတ်ယူလိုက်ပြီး အင်္ကျီရင်ဘတ်ကြားထဲသို့ ထည့်လိုက်သည်။

ထို့နောက် သူသည် အိတ်ကြီးကို ပြန်လည်၍ သေချာစွာ ချည်နှောင်လိုက်၏။

ကျောက်မျက်ရတနာများ ထည့်ထားသောအိတ်ကို သေချာစွာ ပြန်လည်ချည်နှောင်ပြီးသောအခါ ကုန်းစွန်းယို့သည် နံရံပေါ်မှ ပန်းချီကား၏ ဘေးတစ်ဖက်မှ အံဝှက်ခလုတ်ကို နှိပ်လိုက်သည်။

ညင်သာသော စက်လည်ပတ်သံ ပေါ်ထွက်လာပြီး ပန်းချီကားကြီးသည် တံခါးသဖွယ် ဘေးတိုက် ရွေ့လျားသွားလေတော့၏။

ပန်းချီကားချပ်ကြီးသည် ဘေးသို့ ရွေ့လျားသွားသောအခါ နံရံပေါ်၌ လျှို့ဝှက်တံခါးပေါက်တစ်ခု ပေါ်လာ၏။

ကုန်းစွန်းယို့သည် တစ်ယောက်တည်းပြုံးလိုက်ပြီး ကြမ်းပေါ်မှ ကျောက်မျက်ရတနာများထည့်ထားသော အိတ်ကိုမ၍ လျှို့ဝှက် တံခါးကိုဖွင့်ကာ အထဲသို့ ဝင်ရောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတစ်စီးသည် ဖုန်ကျားကျေးရွာနှင့် အတန်ငယ်ဝေးသောနေရာ၌ ရပ်တန့်လိုက်၏။

ထိုမြင်းလှည်းပေါ်၌ အနက်ရောင်ခေါင်းတလားတစ်လုံး ပါလာသည်။

မြင်းလှည်းပေါ်မှလူသည် အဝေး၌ လှမ်း၍မြင်နေသာ ဖုန်ကျားကျေးရွာကို တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်၏။

ထို့နောက် ...

သူသည် ဘေးဘီဝန်းကျင်ကို တစ်ချက်မျှ လှည့်ပတ်၍ကြည့်လိုက်သည်။

ပြီးမှ သူသည် ဖုန်ကျားကျေးရွာ၏ အရှေ့ဘက်၌ရှိသော တောအုပ်သို့ဦးတည်၍ မောင်းနှင်သွားလေတော့ သည်။

❋



မြင်းလှည်းသည် သစ်တောအုပ်အတွင်းသို့ ဝင်ရောက်သွားသည်။ အတန်ကြာသောအခါ မြင်းလှည်းပေါ်မှလူသည် သစ်တောအုပ်ထဲမှ ပြန်လည်၍ ထွက်လာ၏။

သူသည် မြင်းလှည်းမောင်းစဉ်ကကဲ့သို့ အပြာရောင်ဝတ်စုံနှင့် မဟုတ်တော့ပါ။

ယခု သူသည် အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

သူ၏ အပြာရောင်ဝတ်စုံသည် မြင်းလှည်းပေါ်၌ ကျန်ရစ်ခဲ့ပြီဖြစ်၏။

ထို့အတူ မြင်းလှည်း၏နံဘေး၌လည်း ငှက်လှောင်အိမ်တစ်ခု ကျန်ရစ်ခဲ့၏။

ငှက်လှောင်အိမ်ထဲ၌လည်း ကျီးကန်းငှက်တစ်ကောင် ကျန်ရစ်ခဲ့၏။

သူသည် သစ်တောအုပ်ထဲမှထွက်လာပြီးနောက် ဖုန်ကျားကျေးရွာသို့ ဦးတည်သွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



အာချန်းနှင့်အကွီးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့သည် ဖြစ်ပျက်နေသမျှကို ဘာမျှ နားမလည်ဟန်ဖြင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြခြင်းပင် ဖြစ်သည်။

သူတို့သည် ဖုန်ကျားကျေးရွာမှ အလုပ်သမားဖြစ်သည့် အလျောက် ထန်ယန်ရှာ၏ ခိုင်းစေသည့်ကိစ္စများကို လုပ်ကိုင်ပေးခဲ့ရ၏။

ထိုသို့ လုပ်ကိုင်ပေးခဲ့ရာ၌ တစ်ကြိမ်တစ်ခါမျှ အမှားအယွင်း မရှိခဲ့ဖူးချေ။

သို့သော် ယခုတစ်ကြိမ်၌ သူတို့သည် တစ်စုံတစ်ခုမှားယွင်း နေပြီဟု နားလည်လိုက်သည်။

ထို့ကြောင့် သူတို့သည် မည်သည့်နေရာ၌ အမှားအယွင်း ရှိခဲ့သည်ကို ပြန်လည်စဉ်းစားသော်လည်း အမှားကို ရှာ၍ မတွေ့ရ ချေ။



သို့ဖြစ်၍ သူတို့သည် ကုန်းစွန်းယို ထွက်ခွာသွားသည်နှင့် တစ်ယောက်ကိုတစ်ယောက် လှမ်း၍ ကြည့်လိုက်မိကြခြင်းဖြစ်၏။

သူတို့အားငွေပေး၍ ခေါင်းတလားတစ်လုံးကို လမ်းကြုံပို့ ခိုင်းသောလူက သူတို့ကို လမ်း၌ ဘာဖြစ်သနည်းဟု မေးခဲ့၏။

ယခုလည်း ကုန်းစွန်းယိုက သူတို့ကို ထိုလူမေးသကဲ့သို့ပင် လမ်း၌ ဘာဖြစ်ခဲ့သနည်းဟု မေးခဲ့၏။

သူတို့နှစ်ယောက်သည် အဘယ်ကြောင့် ထိုသို့ တူညီသော မေးခွန်းကိုမေးကြောင်း အာချန်းနှင့်အကွီးတို့က စဉ်းစား၍ မရပါ။

မည်သို့ပင် ဖြစ်ပါစေ ...

သူတို့သည် ကုန်းစွန်းယိုကို လိမ်လည်၍မပြောဝံ့ပါ။ ထို့ကြောင့် သူတို့သည် ကုန်းစွန်းယိုကို လမ်း၌ ဖြစ်ပျက်ခဲ့သမျှကို ပြောပြလိုက်ရလေတော့၏။

ကုန်းစွန်းယိုသည် သူတို့ပြောသမျှကို ငြိမ်သက်စွာ နားထောင်ပြီးနောက် ဘာတစ်ခွန်းမျှ မပြောဘဲ သူတို့အနီးမှ ထွက်ခွာသွားခဲ့၏။

သူတို့၏ မြင်ကွင်းမှ ကုန်းစွန်းယို ပျောက်ကွယ်သွားသောအခါ အာချန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ"

ဟု ပြောလိုက်၏။

အကြီးက မျက်မှောင်ကြုတ်ကာ ...

"ဘာဒုက္ခလဲ"

ဟု မေးလိုက်၏။

အာချန်းက မျက်လုံးပြူးပြီး ...

"ဟို ဟို ရွှေနဂါးအာမခံဌာနက လူက ငါတို့ကို ဒီအကြောင်း မပြောဖို့ ပြောခဲ့တယ် မဟုတ်လား"

ဟု ပြောလိုက်၏။

အကြီးက သက်ပြင်းချကာ ...

"မပြောလို့ မဖြစ်လို့ပြောလိုက်ရတာပေါ့ကွာ၊ အဲဒါ ဘာဖြစ်လဲ"

ဟု ပြန်ပြောလိုက်၏။

အာချန်းက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ပြီး ...

"ဒီကိစ္စကို ကုန်းစွန်းယို့က သခင်ကြီးကို ပြန်ပြောလိုက်ရင် ဘာဖြစ်လာမလဲ"

ဟု မေးလိုက်၏။



အကြီးက အာချန်းကိုကြည့်ပြီး ...

"ဘာဖြစ်ဖြစ်ကွာ ... ငါတော့ စိတ်ရှုပ်လာပြီ"

ဟု ပြောလိုက်၏။

အာချန်းက သက်ပြင်းချရင်း ...

"ငွေပိုငွေလျှံရတာနဲ့ပျော်ပြီး စိတ်ပူရတာနဲ့ မကာမိပါဘူးကွာ"

ဟုပြောကာ မြင်းများကို မြင်းလှည်းမှဖြုတ်၍ မြင်းဇောင်းဆီခေါ်ဆောင်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ဝါးရုံပင်များအပေါ်၌ လူတစ်ယောက် ထိုင်နေ၏။

ထိုလူသည် အာချန်းနှင့်အကွီးတို့ကို ငွေပေး၍ ခေါင်းတလားတစ်လုံးကို လမ်းကြုံပို့ခိုင်းလိုက်သော လူပင်ဖြစ်၏။

တစ်နည်းပြောရလျှင် ...

ထိုလူသည် ကျီးကန်းကို ချစ်တတ်သောလူဖြစ်၏။

သိုင်းလောက၌ ကျီးကန်းကိုချစ်တတ်သောလူသည် ကျီးကန်းပင် ဖြစ်၏။

ထို့ကြောင့် ထိုလူသည် ကျီးကန်းပင်ဖြစ်သည် မဟုတ်ပါလား။

ကျီးကန်းသည် ဖုန်ကျားကျေးရွာ၏ အရှေ့ဘက်၌ရှိသော သစ်တောအုပ်ထဲမှထွက်လာပြီးနောက် ဖုန်ကျားကျေးရွာထဲသို့ ခိုးကြောင်ခိုးဝှက် ဝင်ရောက်ခဲ့၏။ —



သူသည် ထန်ယန့်ရွာ၏ ခြံဝင်းကို မရောက်ဖူးပါ။ သို့သော် အာချန်းနှင့်အကွီးတို့၏ လမ်းညွှန်မှုကြောင့် ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံကို မပင်မပန်းဘဲ အချိန်တိုတိုဖြင့် ရှာတွေ့ခဲ့၏။

ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံသို့ ရောက်သောအခါ အထဲမှ မီးရောင်လင်းနေသည်ကို မြင်တွေ့လိုက်သောကြောင့် ကျီးကန်းသည် ဝါးရုံပင်ပေါ်သို့ ခုန်တက်လိုက်ပြီး အခြေအနေကို စောင့်ကြည့်နေ၏။

ဆေးဝါးစမ်းသပ်သောအခန်းထဲ၌ မီးရောင်လင်းနေခြင်းကြောင့် ထိုအခန်းထဲ၌ ကုန်းစွန်းယို့ ရှိနေလိမ့်မည်ဟု ကျီးကန်းက နားလည်လိုက်၏။

တစ်ဆက်တည်းမှာပင် ကုန်းစွန်းယို့က ခေါင်းတလားများကို ဖွင့်၍ ကြည့်ခဲ့လျှင် ရွှေနဂါးအာမခံဌာနမှ မိမိလုယူခဲ့သော ပစ္စည်းများကို တွေ့ရှိလိမ့်မည်ဖြစ်သည်။

အကယ်၍သာ ကုန်းစွန်းယို့သည် အလွန်လိမ္မာပါးနပ်သောလူ ဖြစ်ပါက ထိုပစ္စည်းများကို လက်လွှတ်ခံလိမ့်မည် မဟုတ်ပါ။ ကျီးကန်းသည် တွေးရင်း တွေးရင်း ဒေါသဖြစ်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကုန်းစွန်းယို့အပေါ်၌ ဒေါသဖြစ်ခြင်းမဟုတ်ပါ။

သူသည် မိမိကိုယ်မိမိ ဒေါသဖြစ်မိခြင်းသာ ဖြစ်သည် မဟုတ်ပါလား။

ထို့စဉ် ရုတ်တရက် ကုန်းစွန်းယို့ဆေးဝါးစမ်းသပ်သောအခန်းမှ မီးငြိမ်းသွားပြီဖြစ်၏။

မကြာမီမှာပင် ကုန်းစွန်းယို့သည် ထိုအဆောက်အအုံမှ ထွက်လာသည်ကို ကျီးကန်းက မြင်တွေ့လိုက်ရ၏။

ကုန်းစွန်းယို့သည် အဆောက်အအုံထဲမှ ထွက်လာပြီးနောက် ထန်ယန့်ရှာ၏နေအိမ်သို့ ဦးတည်၍ လျှောက်သွားသည်ကို ကျီးကန်းက မြင်တွေ့လိုက်ရသည်။

✹

ကျီးကန်းသည် ဝါးရုံပင်ပေါ်၌ ထိုင်နေ၏။

သူသည် ထန်ယန့်ရှာ၏နေအိမ်သို့ တရွေ့ရွေ့သွားနေသော ကုန်းစွန်းယို့ကို မျက်တောင်မခတ်ဘဲ ကြည့်နေ၏။



သူ၏မျက်စိအောက်မှ ကုန်းစွန်းယို့ ပျောက်ကွယ်သွားသောအခါ သူသည် ဝါးရုံပင်ပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်၏။

ထို့နောက် သူသည် ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံသို့ လျင်မြန်စွာ ချဉ်းကပ်သွားလေတော့၏။

တစ်ခဏအကြာ၌ ကျီးကန်းသည် ခေါင်းတလားများ ထားရှိရာ အပေါ်ထပ်သို့ ရောက်ရှိသွားပြီဖြစ်သည်။

✹

စူးရှသောအနံ့အသက်များကြောင့် ကျီးကန်းသည် နှာခေါင်းကို ယောင်ယမ်း၍ လက်ဖြင့်ပိတ်လိုက်မိ၏။

အခန်းတစ်ခန်းလုံး စိမ်းရွှေရွှေအနံ့အသက်များ၊ ပုပ်အဲ့အဲ့အနံ့အသက်များ၊ စူးစူးရှရှအနံ့အသက်များဖြင့် ဖုံးလွှမ်းနေ၏။

ထို့ကြောင့် ကျီးကန်းသည် အသက်ရှုကျပ်သကဲ့သို့ပင် ဖြစ်သော၏။ ကျီးကန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အင်္ကျီအိတ်ကြားထဲမှ မီးခြစ်ကို ထုတ်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မီးခြစ်ကို သတိထား၍ ခြစ်လိုက်၏။

ရှဲ'

ဟူသောအသံနှင့်အတူ မီးခြစ်ဆံမှ သေးငယ်သော မီးတောက်နှင့်အတူ အလင်းရောင်ပေါ်လာ၏။

မီးခြစ်ဆံမှ အလင်းရောင်သည် အခန်းတစ်ခန်းလုံးကို မမြင်သာသော်လည်း ကျိုးကန်းအတွက် လုံလောက်သော အလင်းရောင်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ထိုသေးငယ်သော မီးတောက်မှ ပေါ်ထွက်လာသော အလင်းရောင်အောက်၌ ကျိုးကန်းသည် နံရံ၌ ထောင်ထားသော ခေါင်းတလားသုံးလုံးကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

✹

ခေါင်းတလားသုံးလုံးသည် နံရံ၌ ထောင်ထား၏။

ကျိုးကန်းသည် ခေါင်းတလားသုံးလုံးအနက် ခေါင်းတလား



တစ်လုံးကိုကြည့်ပြီး ပြုံးလိုက်၏။

အကြောင်းမှာ ...

ထိုခေါင်းတလားသည် သူကိုယ်တိုင် ကျောက်မျက်ရတနာ ...ားပါသည့် ကတ္တီပါအိတ်များကို ထည့်ခဲ့သော ခေါင်းတလားပင်ဖြစ် ...သည်။

ကျိုးကန်းသည် ထိုခေါင်းတလားကိုမြင်တွေ့သည်နှင့် ကျေ...ပ်စွာ ပြုံးလိုက်၏။

ထိုစဉ် မီးခြစ်ဆံမှ သေးငယ်သောမီးတောက်က ကျိုးကန်း...်လက်ကို ပူလောင်သွားစေ၏။

ထို့ကြောင့် ကျိုးကန်းသည် လက်ကိုတစ်ချက်လှုပ်ယမ်းလိုက်...ား မီးငြိမ်းလိုက်၏။

ထို့နောက် ...

မီးခြစ်ဆံတစ်ချောင်းကို ထပ်မံ၍ ထုတ်ယူလိုက်ပြီး ခြစ်...လိုက်၏။

ရှဲ'

ဟူသော အသံနှင့်အတူ မီးတောက်ခပ်သေးသေး ပေါ်လာ...သည်။

www.burmeseclassic.com

www.burmeseclassic.com



သေးငယ်သောမီးတောက်မှ ပေါ်ထွက်လာသော အလင်းရောင်အောက်တွင် ကျိုးကန်းသည် ခေါင်းတလား၏အဖုံးကို ဖွင့်လိုက်၏။

ခေါင်းတလား၏အဖုံးပွင့်သွားသည်နှင့် ကျိုးကန်း၏မျက်လုံးအစုံသည် ပြူးကျယ်၍ဝိုင်းစက်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် ခေါင်းတလားထဲ၌ ဘာမျှရှိမနေသောကြောင့်ပင် ဖြစ်၏။

ကျိုးကန်းသည် ဘာမျှမရှိသော ခေါင်းတလားထဲကို ရှိုလိုရှိပြားဖြင့် ယောင်ယမ်း၍ လက်ဖြင့်စမ်းကြည့်လိုက်မိ၏။

သူသည် ကျောက်မျက်ရတနာထည့်ထားသော အိတ်ကလေးများကို သူကိုယ်တိုင် ဤခေါင်းတလားထဲသို့ ထည့်ခဲ့၏။

ယခု ထိုခေါင်းတလားထဲ၌ ထိုအိတ်ကလေးများ မရှိတော့ပါ။

ဤသို့ဆိုလျှင် ...

ခေါင်းတလားထဲမှ ကျောက်မျက်ရတနာများ ထည့်ထားသော အိတ်သည် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

ကျိုးကန်းသည် တွေးရင်း သူ၏မျက်စိထဲ၌ ကုန်းစွန်းယို့၏



ပုံရိပ်ပေါ်လာ၏။ ထို့ကြောင့် ကျိုးကန်းသည် တစ်ယောက်တည်း ပြုံးလိုက်၏။

သူ၏အပြုံးသည် လှို့ဝှက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့ ရောပြွမ်းနေသည် မဟုတ်ပါလော။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ယနေ့သည် လဆန်းသုံးရက်ဖြစ်၏။

လဆန်းရက်ဖြစ်ခြင်းကြောင့် ကောင်းကင်ပေါ်၌ လဝန်းသည် ဝိုင်းဝိုင်းစက်စက် မဟုတ်ပါ။

သို့သော် လရောင်သည် ဖုန်ကျားကျေးရွာကို အလင်းရောင် ပေးနိုင်သည်။

ကောင်းကင်ပေါ်၌ မိုးသားတိမ်ရိပ် ကင်းစင်နေသောကြောင့် လကွေးကွေးနှင့် ကြယ်ကလေးများသည် ည၏ ပန်းချီကားတစ်ချပ်ပမာ အလွန်လှပနေ၏။

ထိုလှပသော ည၏ပန်းချီကားကို ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် ကုန်းစွန်းယို့က မြင်နိုင်၏။

သို့သော် ကုန်းစွန်းယို့သည် ည၏ လှပသောပန်းချီကားတစ်ချပ်ကို မမြင်ပါ။



သူသည် အခန်းထောင့်တစ်နေရာ၌ရှိသော ကုလားထိုင်၌ ထိုင်၍ အခန်းတံခါးပေါက်ကို စူးစိုက်ကြည့်နေသောကြောင့် ဖြစ်ပါသည်။

ဖွင့်ထားသော ပြတင်းပေါက်မှလရောင်သည် ကြမ်းပြင်ပေါ်သို့ ကျနေ၏။

ထို့ကြောင့် အခန်းတစ်ခုလုံး၌ အလင်းရောင်သည် ထိုနေရာတစ်ဝိုက်၌သာ ရှိနေ၏။

ကုန်းစွန်းယို့သည် ကုလားထိုင်ပေါ် ထိုင်ရင်း သက်ပြင်း တစ်ချက် ချလိုက်၏။ ထိုအချိန်တွင် အခန်းတံခါးပွင့်လာ၏။

တစ်ဆက်တည်းမှာပင် အခန်းတံခါးပေါက်၌ လူရိပ်ကို တွေ့လိုက်ရ၏။ ထိုလူရိပ်သည် ကျင်းဝါဖြစ်ကြောင်း ကုန်းစွန်းယို့က သိလိုက်ရ၏။

ကျင်းဝါသည် အခန်းထဲသို့ ရောက်သောအခါ အခန်းတံခါးကို ပြန်၍ပိတ်လိုက်ပြီး ပြတင်းပေါက်သို့ လျှောက်သွားသည်။

ထို့နောက် သူမသည် ပြတင်းပေါက်၌ လက်နှစ်ဖက်ကို ထောက်၍မိုးရိပ်ကာ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

သူမသည် ဆံပင်ကို ဖားလျားချထား၏။ အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



ညဝတ်အင်္ကျီခပ်ပါးပါးကို ဝတ်ဆင်ထား၏။

လရောင်က သူမ၏ခန္ဓာကိုယ်ပေါ်သို့ ကျနေ၏။

သူမသည် ကောင်းကင်ကိုမော့ကြည့်ရင်း ကျေနပ်စွာ ပြုံးနေသည်။

လရောင်အောက်၌ သူမသည် အလွန်ပင် လှပနေ၏။

သို့သော် ... ကုန်းစွန်းယို့သည် သူမ၏အလှအပကို ခံစား၍ မရပါ။

သူမကို ကြည့်နေသော ကုန်းစွန်းယို့၏ မျက်လုံးများသည် အရောင်တလက်လက် တောက်ပနေ၏။

ထိုမျက်လုံးများထဲ၌ နာကြည်းခြင်း၊ မုန်းတီးခြင်း၊ စက်ဆုပ်ရွံရှာသော စသည့် အရိပ်အယောင် ပေါ်ထွက်နေသည် မဟုတ်ပါလား။

ကုန်းစွန်းယို့သည် ကျင်းဝါကို အတန်ကြာအောင် ကြည့်နေရာမှ သက်ပြင်းတစ်ချက် ချလိုက်၏။

ကုန်းစွန်းယို့၏ သက်ပြင်းချသံကြောင့် ကျင်းဝါ၏ ခန္ဓာကိုယ်ကလေးသည် ထိတ်လန့်တုန်လှုပ်သွားပြီး ပြတင်းပေါက်မှ ကမန်းကတန်း လှည့်ကာ အခန်းထဲသို့ ကြည့်ရင်း ...



"ကုန်းစွန်းယို့ ရှင်လား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဘာမျှပြန်မပြောဘဲ ထိုင်ရာမှထလိုက်ပြီး စားပွဲရှိရာသို့ လျှောက်သွား၏။ ထို့နောက် မီးခြစ်ကိုခြစ်ကာ စားပွဲပေါ်မှ မီးအိမ်ကို ထွန်းလိုက်၏။

ထို့ကြောင့် အခန်းတစ်ခုလုံးသည် မီးရောင်ကြောင့် ထိန်လင်း၍သွားသည်။

ကျင်းဝါသည် ကုန်းစွန်းယို့ကို လှမ်း၍ကြည့်လိုက်၏။

အလင်းရောင်ကြောင့် ကုန်းစွန်းယို့၏မျက်နှာကို ကောင်းစွာ မြင်ရ၏။ သို့သော် သူမသည် ကုန်းစွန်းယို့၏မျက်နှာပေါ်မှ မည်သည့် အမူအရာကိုမျှ မတွေ့ရပါ။

အဘယ်ကြောင့်ဆိုသော် ကုန်းစွန်းယို့၏မျက်နှာပေါ်၌ ဟန်အမူအရာ ကင်းမဲ့နေသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

ကုန်းစွန်းယို့သည် စားပွဲပေါ်မှ မီးအိမ်ကို မီးထွန်းလိုက်ပြီးနောက် ကျင်းဝါကို လှည့်ကြည့်လိုက်သည်။

သူသည် ကျင်းဝါကို မျက်တောင်မခတ်ဘဲ အတန်ကြာအောင် ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျင်းဝါ၏စိတ်ထဲ၌ မလုံမလဲ ဖြစ်လာသည်။

ထိုအချိန်တွင် ကုန်းစွန်းယို့က ရုတ်တရက် သဘောကျစွာ ရယ်မောလိုက်၏။

ကုန်းစွန်းယို့က ထိုသို့ရယ်မောလိုက်သောကြောင့် ကျင်းဝါသည် မျက်စိမျက်နှာပျက်သွားပြီး ကုန်းစွန်းယို့ကို မလုံမလဲဖြင့် ကြည့်လိုက်၏။ ပြီးမှ ...

"ရှင် ဘာရယ်တာလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ရယ်မောရာမှ ရပ်တန့်လိုက်ပြီး ...

"သဘောကျစရာတွေ့လို့ ရယ်တာပေါ့ကွ"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က ထိုသို့ပြန်ပြောလိုက်သောကြောင့် ကျင်းဝါသည် မျက်မှောင်ကြုတ်သွား၏။

ထို့ကြောင့် ...

"ရှင် သဘောကျလို့ရယ်ပေမဲ့ ရှင်ရယ်တာကို ကျွန်မ သဘောမကျဘူး"

ဟုပြောလိုက်၏။



သူမသည် ဖခင်၏အရှိန်အဝါကြောင့် ကုန်းစွန်းယို့အပေါ် နိုင်နေကျဖြစ်၏။

ထို့ကြောင့် သူမက ကုန်းစွန်းယို့ကို ထိုကဲ့သို့ ပြောလိုက်ခြင်းဖြစ်၏။ ကုန်းစွန်းယို့က သဘောကျစွာ ထပ်မံရယ်မောလိုက်ပြီး ...

"ငါ သဘောကျသလို မင်းလည်း သဘောကျမှာပါ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါက မျက်မှောင်ကြုတ်ကာ ...

"ရှင် ဘာတွေလာပြောနေတာလဲ ... ကျွန်မအိပ်ချင်ပြီ"

ဟု ပြောကာ ပြတင်းပေါက်မှ ခုတင်ရှိရာသို့ လျှောက်လာ၏။ သို့သော် သူမသည် ခုတင်ရှိရာသို့ မရောက်ပါ။

ကုန်းစွန်းယို့က သူမ၏ရှေ့မှ လမ်းပိတ်၍ရပ်လိုက်ပြီး သူ၏ လက်ဝါးကို ကျင်းဝါ၏မျက်နှာရှေ့၌ ဖြန့်ပြလိုက်ရင်း ...

"ဒါဆိုရင် မင်း သဘောကျမှာပါ"

ဟု ပြောလိုက်လေသည်။

ကုန်းစွန်းယို့၏ စကားသည် အမှန်ဖြစ်ပါသည်။

ကျင်းဝါသည် ကုန်းစွန်းယို့၏လက်ဝါးထဲမှ ပစ္စည်းများကို ကြည့်ပြီး သဘောကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့၏ လက်ဝါးထဲမှ ပစ္စည်းများသည် ကျောက်မျက် ရတနာများပင်ဖြစ်သည်။

ကျင်းဝါသည် ကုန်းစွန်းယို့၏ လက်ဝါးထဲမှ ပစ္စည်းများကို ကြည့်ရင်း သူမ၏မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်လာ၏။

ကုန်းစွန်းယို့က ကျင်းဝါ၏မျက်နှာကို စူးစိုက်ကြည့်ရင်း ...

"ဝါပြောတယ် မဟုတ်လား ... မင်းလည်း သဘောကျမှာပါလို့၊ ဒါမျိုးကို မင်းမှသဘောမကျရင် ဘယ်သူကလာပြီး သဘောကျမှာလဲ"

ဟု ပြောလိုက်၏။ ထို့နောက် ကုန်းစွန်းယို့သည် အင်္ကျီရင်ဘတ်ကြားထဲမှ ကတ္တီပါအိတ်ကို ထုတ်ယူလိုက်ပြီး ချည်ထားသောကြိုးကို ဖြည်ကာ စားပွဲပေါ်သို့ အနည်းငယ် သွန်ချလိုက်၏။

ကတ္တီပါအိတ်ထဲမှ ကျောက်မျက်ရတနာများသည် စားပွဲပေါ်၏ မျက်နှာပြင်ပေါ်သို့ အလုအယက် ကျဆင်းလာ၏။

စားပွဲပေါ်၌တင်ထားသော မီးအိမ်၏အလင်းရောင်အောက်တွင် ကျောက်မျက်ရတနာများသည် တဖိတ်ဖိတ် တလက်လက် ဖြစ်နေသည်။



ကျင်းဝါသည် စားပွဲပေါ်မှ ကျောက်မျက်ရတနာများကို တအံ့တသြဖြင့် ကြည့်နေ၏။

သူမ၏မျက်လုံးများက စားပွဲပေါ်မှ ကျောက်မျက်ရတနာများထက် ပို၍ အရောင်တဖိတ်ဖိတ် တောက်နေ၏။

သူမသည် စားပွဲပေါ်မှ ကျောက်မျက်ရတနာများကို တစ်လှည့် ကုန်းစွန်းယို့ကို တစ်လှည့်ကြည့်ရင်း အံ့သြသောလေသံဖြင့်...

"ဒါ ... ဒါတွေကို ရှင် ဘယ်ကရလာတာလဲ"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဘာမျှ ပြန်မပြောပါ။ သူသည် ကျင်းဝါကို ပြုံး၍ ကြည့်နေ၏။

ကျင်းဝါက မိမိ၏အမေးကို ပြန်လည်၍ အဖြေမပေးဘဲ ကိုသာ ပြုံးစိစိဖြင့်ကြည့်နေသော ကုန်းစွန်းယို့ကို အားမလို အားမရဖြစ်လာဟန်ဖြင့် ကုန်းစွန်းယို့၏လက်မောင်းကို ကိုင်လှုပ်ကာ ...

"ရှင် ဒါတွေကို ဘယ်ကရလာတာလဲ၊ ကျွန်မကို မြန်မြန်ပြောစမ်းပါ"

ဟု ထပ်၍ မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့က ကျင်းဝါကိုကြည့်ပြီး သဘောကျစွာ တစ်ချက်ပြုံးလိုက်၏။ ပြီးမှ ...

"ဘယ်လိုလဲ ... မင်းက ပစ္စည်းတွေကို သဘောကျနေပြီ မဟုတ်လား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါ၏ မျက်ခုံးမွေးသည် နဖူးပေါ်သို့ တက်သွားပြီ အံ့ဩသောလေသံဖြင့် ...

"ရှင် ဒါ ဒါ ရှင့်ပစ္စည်းတွေ ... ဟုတ်လား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ ...

"ငါ့ပစ္စည်းတွေမို့ မင်းကို ငါကပြလို့ရတာပေါ့"

ဟု ပြောလိုက်၏။

ကျင်းဝါက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်မ မယုံဘူး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က မျက်ခုံးတစ်ချက် ပင့်တင်လိုက်ပြီး ...

"မင်းက မယုံဘူးလား"

ဟု ထပ်၍မေးလိုက်၏။



ကျင်းဝါက စားပွဲပေါ်၌ရှိသော ကျောက်မျက်ရတနာများထဲမှ ပုလဲလုံးကိုကောက်ယူ၍ မီးအိမ်၏အလင်းရောင်တွင် ကြည့်ရင်း...

"ဟင့်အင်း ... မယုံဘူး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ ...

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။

ကျင်းဝါက ပြုံးလိုက်ပြီး ကုန်းစွန်းယို့ကို ကြည့်ကာ ...

"ဒီလောက် အဖိုးတန်တဲ့ပစ္စည်းတွေကို ရှင်ပိုင်တယ်ဆိုတာ မယုံနိုင်စရာ ဖြစ်နေလို့"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"မင်းမယုံလည်း မတတ်နိုင်ဘူး၊ ငါ့မှာ ဒီလိုမျိုး ကျောက်မျက်ရတနာအပြည့် ထည့်ထားတဲ့ ကတ္တီပါအိတ် ဆယ်လုံးကျော် ရှိသေးတယ်"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါသည် အနည်းငယ် တွေဝေ၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အဖိုးတန် ကျောက်မျက်ရတနာများကို မက်မောသူဖြစ်၏။

ကျောက်မျက်ရတနာများကို ယောက်ျားထက် မိန်းမက ပို၍ မက်မောတတ်၏။

ထိုသို့ မက်မောသော မိန်းမများထဲတွင် ကျင်းဝါသည် ထိပ်ဆုံးကပါသည် မဟုတ်ပါလား။

သူမသည် ကုန်းစွန်းယို့ကို ဝေခွဲမရဟန်ဖြင့် ကြည့်လိုက်မိ၏။

သူမသည် ကုန်းစွမ်းယို့ကို မည်သည့်အခါကမျှ အထင်ကြီးလေးစားခဲ့ခြင်း မရှိပါ။

ထို့ကြောင့် ကုန်းစွန်းယို့ကို တန်ဖိုးရှိသော လူတစ်ယောက်ဟုလည်း မသတ်မှတ်ခဲ့ပါ။

သို့သော် ယခု ကုန်းစွန်းယို့သည် အလွန်အဖိုးတန်သောလူ ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် ကုန်းစွန်းယို့ထံတွင် ယခုကဲ့သို့ အဖိုးတန်သော ကျောက်မျက်ရတနာများ ထည့်ထားသည့် အိတ်ပေါင်း ဆယ်အိတ်ကျော် ရှိနေသောကြောင့်ပင် ဖြစ်သည်။



ထို့ကြောင့် ကျင်းဝါက ကုန်းစွမ်းယို့ကို ပြုံးပြလိုက်ရင်း ...

"ရှင် တကယ်ပြောတာလား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ဦးခေါင်းညိတ်လိုက်ပြီး ...

"ငါက လိမ်ပြောနေတယ်လို့ မင်းက ထင်နေလို့လား"

ဟု ပြန်မေးလိုက်၏။

ကျင်းဝါက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"မထင်ပါဘူး ... ဒါပေမဲ့ ရှင်က ရှင့်မှာ ဒီလိုပစ္စည်းမျိုး ရှိကြောင်း တစ်ခါမျှ မပြောခဲ့လို့ပါ"

ဟု ချိုသာသောလေသံဖြင့် ပြောလိုက်၏။

ကုန်းစွန်းယို့က ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"အခု သိပြီမဟုတ်လား"

ဟု ပြောလိုက်၏။

ကျင်းဝါက ပြုံးလိုက်ပြီး ဦးခေါင်းညိတ်ကာ ...

"အင်း ... တကယ်တော့ ရှင်ဟာ အတော့်ကို တန်ဖိုးရှိတဲ့လူ တစ်ယောက်ပါပဲ၊ ဘာဖြစ်လို့ ကျွန်မက အခုမှသိရတာလဲ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"ဒါဆို ဝါက မင်း ခဏခဏပြောသလို အသုံးမကျတဲ့လူ၊ အလကားလူ၊ ဘာမှတန်ဖိုးမရှိတဲ့လူ မဟုတ်တော့ဘူးပေါ့"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့ အငေါ်တူး၍ ခပ်ထေ့ထေ့ပြောလိုက်သော စကားကြောင့် ကျင်းဝါသည် မျက်စိမျက်နှာ တစ်ချက်ပျက်သွားသည်။

သို့သော် သူမက ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ပြီး ပြုံးကာ ...

"ဒါက ရှင့်ကို တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်စေချင်လို့ ပြောတာပါ၊ တကယ်လို့သာ ရှင်က တန်ဖိုးရှိတဲ့လူဖြစ်ကြောင်း အရင်ကတည်းက ပြောခဲ့ရင် ဒီလိုစကားမျိုး ကျွန်မ ဘယ်ပြောတော့မလဲ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"အခု ကျုပ်က အဖိုးတန်တဲ့လူ ဖြစ်သွားပြီပေါ့ ... ဟုတ်လား"

ဟု မေးလိုက်၏။

ကျင်းဝါက ပြုံး၍ ဦးခေါင်းညိတ်ကာ ...



"ကဲပါ ... ကျွန်မပြောခဲ့ဆိုခဲ့တာတွေကို ဗွေမယူပါနဲ့တော့၊ ဒီနေ့ကစပြီး ရှင့်ကို အရင်လို မပြောတော့ပါဘူး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ ...

"ဘာလဲ ... မင်းက ကျုပ်ပစ္စည်းတွေကြောင့် ကျုပ်ကို မပြောတော့မှာလား"

ဟု ပြောလိုက်၏။ ကျင်းဝါက ပြုံးလိုက်ပြီး ...

"အင်း ... ရှင်က ဒီလောက်ဉာဏ်ကောင်းတဲ့အကြောင်း ကျွန်မ အခုမှပဲ သိရတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ကျင်းဝါကိုကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်သည်။

ကျင်းဝါက ရယ်မောနေသော ကုန်းစွန်းယို့ကိုကြည့်ပြီး သူမပါ ကုန်းစွန်းယို့နှင့်အတူ ရော၍ ရယ်မောလိုက်၏။

ကျင်းဝါသည် ရယ်မောနေရာမှ ရပ်တန့်လိုက်ပြီး ...

"မနက်ဖြန် ရွှေပန်းထိမ်ဆရာကို ခေါ်ခိုင်းလိုက်မယ်နော်"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ...

"ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

ကျင်းဝါက ပြုံးရင်း ...

"ဒီပစ္စည်းတွေနဲ့ ဘယက်တစ်ခု လုပ်နိုင်းမလားလို့ စိတ်ကူးမိလို့ပါ"

ဟု ပြောလိုက်သည်။

ကုန်းစွန်းယို့က နှုတ်ခမ်းကိုတွန့်ပြီး ...

"ငါက မင်းကို မေးမယ်လို့ ပြောလိုက်မိသလား"

ဟု ပြန်မေးလိုက်၏။

ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါသည် မျက်စိမျက်နှာပျက်သွားပြီး ...

"ရှင် ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

ကုန်းစွန်းယို့က ပြုံးကာ ...

"မင်း ဘယ်လောက်လိုချင်နေတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါက မင်းကို မပေးနိုင်ဘူး"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့စကားကြောင့် ကျင်းဝါက အံ့သြသွားပြီး ...



"ရှင့်မှာ ပေးရမယ့်လူ ရှိနေလို့လား"

ဟု မေးလိုက်သည်။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြကာ ...

"မရှိပါဘူး"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါသည် နားမလည်သိဟန်ဖြင့် ကုန်းစွန်းယို့ကို ကြည့်လိုက်ပြီး ...

"ဒါဖြင့် ရှင်က ဘာဖြစ်လို့ ကျွန်မကို မပေးနိုင်ရတာလဲ"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ပြုံး၍ ...

"အမှန်ပြောရရင် ဒီပစ္စည်းက ငါ့ပစ္စည်းတွေ မဟုတ်လို့ဘဲ"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့၏ စကားကြောင့် ကျင်းဝါသည် ဘာမျှနားမလည်သည့်ဟန်ဖြင့် မျက်လုံးပြူး၍ ကုန်းစွန်းယို့ကို ကြည့်ရင်း ...

"ရှင် ... ဒါတွေက ရှင့်ဟာတွေ မဟုတ်ဘူး ... ဟုတ်လား"

ဟု ထပ်၍ မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မကြာခင် ပိုင်ရှင်က ဒီပစ္စည်းတွေကို လာယူတော့မှာ"

ဟု ပြောလိုက်၏။

ကျင်းဝါက ဦးခေါင်းခါယမ်းပြီး ...

"ဒါဆို ဒီပစ္စည်းတွေက ဘာဖြစ်လို့ ရှင့်လက်ထဲမှာ ရှိနေရတာလဲ"

ဟုမေးလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ခေါင်းတလားချင်း မှား၍ပါလာကြောင်း၊ ထိုခေါင်းတလားထဲ၌ ပစ္စည်းများပါလာကြောင်းကို ပြောပြလိုက်လေတော့သည်။ ကျင်းဝါက ဘာမျှ ပြန်မပြောပါ။

သူမသည် ကုန်းစွန်းယို့၏စကားကို ဆုံးအောင်နားထောင်နေ၏။ ကုန်းစွန်းယို့က စကားကို အဆုံးသတ်လိုက်ပြီဖြစ်၏။

သို့သော် ကျင်းဝါက ဆက်လက်၍ နားထောင်နေဆဲဖြစ်၏။ သူမသည် ထိုပစ္စည်းများအပေါ် ကုန်းစွန်းယို့က မည်သို့ပြုလုပ်မည်ကို သိချင်နေ၏။

ကုန်းစွန်းယို့က သူ၏စကားကို အဆုံးသတ်ပြီးနောက် ဘာမျှ ထပ်၍မပြောတော့ပါ။



ထို့ကြောင့် အခန်းထဲ၌ အတန်ကြာအောင် တိတ်ဆိတ်သွားသည်။

အတန်ကြာမှ ကျင်းဝါထံမှ သက်ပြင်းတစ်ချက်ချသံ ပေါ်လာသည်။ ပြီးမှ ...

"ရှင် ဘာလုပ်မယ် စိတ်ကူးလဲ"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ...

"ပိုင်ရှင်ကို ပြန်ပေးရမှာပေါ့"

ဟု ပြောလိုက်၏။ ကျင်းဝါက သက်ပြင်းချရင်း ...

"ကျွန်မတို့ ယူထားလို့ မဖြစ်ဘူးလား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ...

"ခေါင်းတလားချင်းမှားပြီး ပါလာတာကို ပိုင်ရှင်က သိသွားမှာပဲ၊ ဒီတော့ ဒီပစ္စည်းတွေ ဒီမှာရှိတယ်ဆိုတာ သိမှာပဲ"

ကျင်းဝါက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ...

"သူက လာတောင်းမယ်လို့ ထင်သလား"

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ပစ္စည်းတန်ဖိုးက ခြောက်ပြားတစ်ပဲမှ မဟုတ်တာ။ သူက လာတောင်းမှာပေါ့"

ဟု ပြန်ပြောလိုက်၏။

ကျင်းဝါက မျက်မှောင်ကြုတ်ရင်း ...

"ပိုင်ရှင်က ဘယ်သူလဲ"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြကာ ...

"မသိဘူး ... ဟန်ကြူးမြို့မှာ အာချန်းနဲ့အကွီးတို့နဲ့ တွေ့ပြီး ပေးလိုက်တာ"

ဟု ပြောလိုက်၏။

ကျင်းဝါက မျက်မှောင်ကြုတ်ရင်း ...

"အာချန်းနဲ့အကွီးတို့ရော အဲဒီလူကို မသိဘူးလား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြရင်း ...

"သူတို့လည်း မသိဘူး ... သူတို့ကဖိုက်ဆံရလို့ တင်လာခဲ့တာ"



ဟု ပြောလိုက်၏။ ကျင်းဝါက သက်ပြင်းချရင်း ...

"ဒီလူက ဘာဖြစ်လို့ ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ခေါင်းတလားထဲ ထည့်ပေးလိုက်ရတာလဲ"

ဟု မေးလိုက်၏။

ကျင်းဝါ၏စကားကြောင့် ကုန်းစွန်းယို့၏ မျက်လုံးများသည် ဝင်းလက်၍သွားပြီး ရုတ်တရက် လက်ဖျစ်တစ်ချက်တီးကာ ...

"ဟုတ်ပြီ ... သူပဲဖြစ်ရမယ်"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါက တအံ့တဩဖြစ်ကာ ...

"ဘယ်သူလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က သဘောကျစွာ ပြုံးလိုက်ပြီး ...

"ကျိုးကန်း"

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဝါသည် ကုန်းစွန်းယို့ကို ကြောင်အမ်းအမ်းဖြင့် ကြည့်ရင်း ...

"ကျိုးကန်း ... ဟုတ်လား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ကျိုးကန်း"

ဟု ပြောလိုက်၏။ ကျင်းဝါက မျက်မှောင်ကြုတ်ရင်း ...

"ကျိုးကန်းက ဒီပစ္စည်းတွေနဲ့ ဘာဆိုင်လို့လဲ"

ဟု ပြန်မေးလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ...

"ကျိုးကန်းဆိုတာ လူတစ်ယောက်ရဲ့အမည်ပါ။ ငှက်သတ္တဝါ ကျိုးကန်းကို ပြောတာမဟုတ်ဘူး"

ဟု ပြန်ပြောလိုက်၏။

ကျင်းဝါက မျက်မှောင်ကြုတ်ရင်း ...

"ဒါဖြင့် ဒါတွေဟာ ကျိုးကန်းရဲ့ပစ္စည်းတွေပေါ့ ... ဟုတ်လား"



ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်ဘူး"

ဟု ပြန်ပြောလိုက်၏။

ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါက နားမလည်ဟန်ဖြင့် ကုန်းစွန်းယို့ကိုကြည့်ကာ ...

"ရှင်ပြောတာတွေကို ကျွန်မတော့ ဘယ်လိုမှ နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ ...

"ဒီလိုကွ ... အာချွန်းနဲ့အကြီးတို့ကို ရွှေနဂါးအာမခံဌာနက လူတွေက မြင်းလှည်းရပ်နိုင်းပြီးတော့ ခေါင်းတွေကို ဖွင့်ပြီးရှာတယ်၊ သူတို့ အာမခံဌာနက ပစ္စည်းကို ဓားပြတစ်ယောက်က လုယူသွားလို့ ရှာဖွေတာလို့ ပြောတယ်"

ဟု ပြောလိုက်၏။ ကျင်းဝါက မျက်မှောင်ကြုတ်ပြီး ...

"ကျိုးကန်းဆိုတာ အဲဒီ အာမခံဌာနကလူလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

ကျောင်းဝါက မျက်မှောင်ကြုတ်ပြီး ...

"ဒါဆို ကျီးကန်းက ဘယ်သူလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ပြုံး၍ ...

"ရွှေနဂါးအာမခံဌာနက ပစ္စည်းတွေကို လုယူတဲ့ဓားပြ"

ဟု ပြောလိုက်၏။ ကျောင်းဝါက သက်ပြင်းချကာ ...

"ရှင်က သူ့ကိုသိလို့လား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြရင်း ...

"မသိဘူး"

ကျောင်းဝါက မျက်မှောင်ကြုတ်ကာ ...

"ရှင်က မသိဘဲနဲ့ ဓားပြဟာ ကျီးကန်းပါလို့ ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ ...

"အာချုန်းနဲ့အကြီးတို့ကို ပိုက်ဆံပေးပြီး ခေါ်တလား ပို့ခိုင်းတဲ့လူမှာ ငှက်လှောင်အိမ်တစ်လုံးနဲ့ ကျီးကန်းတစ်ကောင် ပါလာတယ်လေ"



ဟု ပြောလိုက်၏။

ကျောင်းဝါက မျက်မှောင်ကြုတ်လျက် ...

"ဒါနဲ့ပဲ ရှင်က ဓားပြဟာ ကျီးကန်းလို့ ပြောတာလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ကျီးကန်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ ဓားပြဖြစ်ပေမယ့် သူက ငှက်တွေကို သိပ်ချစ်တာ၊ သူသွားလေရာမှာ ကျီးကန်းတစ်ကောင်ကို ငှက်လှောင်အိမ်ထဲ အမြဲထည့်ပြီး ယူသွားတတ်တယ်လို့ ကြားဖူးတာပဲ"

ဟု ပြောလိုက်၏။

ကျောင်းဝါက ရုတ်တရက် ပြုံးလိုက်၏။ သူမ၏အပြုံးက လှို့ဝှက်မှုရှိနေ၏။ သူမက ပြုံးလိုက်ပြီး ...

"ကျီးကန်းရဲ့သိုင်းပညာ ဘယ်လိုနေသလဲ ... ရှင်သိလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က တစ်ချက်မျှ စဉ်းစားလိုက်ပြီး ...

"သိပ်တော်တယ်လို့ ကြားဖူးတယ်"

ဟု ပြန်ပြောလိုက်၏။ ကျောင်းဝါက ပြုံးကာ ...

"ဖေဖေနဲ့ဆိုရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းချကာ ...

'ထန်ယန့်ရှာရဲ့ ဓားပညာကို ယှဉ်ပြိုင်နိုင်တဲ့လူ မရှိသေးပါဘူး"

ဟု ပြန်ပြောလိုက်၏။ ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါ၏ မျက်လုံးများက ဝင်းလက်သွားပြီး ...

"ဒါဆိုရင် ကျိုးကန်းက ဖေဖေ့ကို မနိုင်ဘူးပေါ့"

ဟု ပြောလိုက်၏။

ကုန်းစွန်းယို့က တစ်ချက်မျှ စဉ်းစားလိုက်ပြီး ဦးခေါင်းညိတ်ကာ ...

"မနိုင်နိုင်ပါဘူး"

ဟု ပြန်ပြောလိုက်၏။ ကျင်းဝါက ပြုံးလိုက်ပြီး ...

"ဒါဆို ဘာမှ ပြဿနာ မရှိတော့ဘူး"

ဟု ပြောလိုက်၏။ ကျင်းဝါ၏စကားကြောင့် ကုန်းစွန်းယို့က မျက်မှောင်ကြုတ်ကာ ...

"ဘာကို ပြဿနာမရှိမှာလဲ"

ဟု ပြန်မေးလိုက်၏။ ကျင်းဝါက ပြုံးကာ ...

"ဒီပစ္စည်းတွေက ကျိုးကန်းရဲ့ပစ္စည်းတွေ မဟုတ်ဘူး၊ သူက



ဓားပြတိုက်လာတာ မဟုတ်လား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ်"

ကျင်းဝါက ပြုံး၍ ...

"ဒါဆိုရင် သူက ဒီကိုလာပြီး ဒီပစ္စည်းတွေကို ပြန်တောင်းခွင့်ပါ့မလား"

ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... လာပြီး တောင်းခွင့်မှာမဟုတ်ဘူး"

ကျင်းဝါက ပြုံး၍ ...

"ဒါဆိုရင် ဒီပစ္စည်းတွေကို ကျွန်မတို့ယူထားလည်း ဘာမှ ပြဿနာ ဖြစ်မှာမဟုတ်တော့ဘူး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းချကာ ...

"ယူထားလို့ မဖြစ်ဘူး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့၏စကားကြောင့် ကျင်းဝါက မျက်လုံးပြူးကာ ...

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

ဟု ပြန်ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီပစ္စည်းတွေကို မလိုချင်လို့ပါ"

ဟု ပြောလိုက်၏။ ကျင်းဝါသည် ကုန်းစွန်းယို့၏စကားကို ကြားသောအခါ ဒေါသထွက်လာပြီး ...

"အလကားလူ၊ အသုံးမကျတဲ့လူ၊ ဒီပစ္စည်းတွေကို ပြန်မပေးရဘူး၊ ဖေဖေပြန်လာရင် ပြောပြပြီး ဒီကျီးကန်းဆိုတဲ့လူကို မောင်းထုတ်ပစ်မယ်"

ဟု အော်ဟစ်ပြောလိုက်၏။ ကုန်းစွန်းယို့က သဘောကျစွာ ရယ်မောလိုက်၏။

ပြီးမှ သူက ကျင်းဝါကို စူးစိုက်ကြည့်လိုက်ရင်း ...

"မင်းက မင်းအဖေကိုပြောပြပြီး ကျီးကန်းကိုမောင်းထုတ်ပစ်မယ် ... ဟုတ်လား"

ဟု မေးလိုက်၏။ ကျင်းဝါက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ဟု ပြန်ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံး၍ ...

"မင်းအဖေက မင်းလို ပစ္စည်းမက်မောတယ်လို့ မင်း ထင်နေသလား"

ဟု မေးလိုက်၏။ ကျင်းဝါသည် ကုန်းစွန်းယို့၏အမေးကို



အဖြေမပေးနိုင်ပါ။

ကုန်းစွန်းယို့က ပြုံးလျက် ...

"မင်းအဖေသာ ဒီအကြောင်းကို သိသွားရင် သူကိုယ်တိုင် ဒီပစ္စည်းတွေကို သယ်ပြီး ရွှေနဂါးအာမခံဌာနကို ပြန်သွားပို့မှာ သေချာတယ်"

ဟု ပြောလိုက်၏။ ကျင်းဝါက ဘာမျှပြန်မပြောပါ။

သူမသည် မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ရှင်ကရော ဘာကယ်ပြန်သွားပေးမှာလား"

ဟုမေးလိုက်၏။ ကုန်းစွန်းယို့က ပြုံး၍ ...

"ငါက မင်းကိုလိမ်ပြောနေတယ်လို့ ထင်လို့လား"

ဟု ပြန်မေးလိုက်၏။ ကျင်းဝါက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီးမှ ...

"ဒါဆို ရှင့်က ဘာဖြစ်လို့ ဒီပစ္စည်းတွေကို လာပြီးပြရတာလဲ"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ရယ်မောလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းကိုလာပြီးပြတာ၊ မင်းကိုလာပြီးပေးတာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။ ကျင်းဝါက သက်ပြင်းချလိုက်ပြီး ...

"ဒါဆို ရှင့်ပစ္စည်းတွေ ရှင်ပြန်ယူသွားတော့"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ စားပွဲပေါ်မှ ကျောက်မျက်ရတနာများကို ကတ္တီပါအိတ်ထဲသို့ ပြန်ထည့်လိုက်၏။ ထို့နောက် သူသည် ကတ္တီပါအိတ်ကို သေချာစွာ ချည်နှောင်လိုက်၏။

ကျင်းဝါက ကုန်းစွန်းယို့ လုပ်ကိုင်သမျှကို မျက်တောင်မခတ်ဘဲ ကြည့်နေ၏။ ပြီးမှ သက်ပြင်းချကာ ...

"ရှင် ကျွန်မကို စိတ်ဆိုးသွားလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က မျက်ခုံးပင့်ကာ ...

"ငါက ဘာလို့ စိတ်ဆိုးရမှာလဲ"

ဟု ပြန်မေးလိုက်၏။

ကျင်းဝါက ပြုံးလိုက်ပြီး ...

"ရှင့်ကို အသုံးမကျတဲ့လူဆိုပြီး ကြိမ်းမောင်းတာလေ"

ဟုပြောလိုက်၏။

ကုန်းစွန်းယို့က ပြုံးကာ ...



"ငါ့ကို မင်းက အမြဲတမ်း ပြောနေကျပဲ၊ မင်းရဲ့ အော်ဟစ်ကြိမ်းမောင်းတာကို ခံခဲ့ရတာလည်း ကြာပါပြီ၊ ငါက ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

ဟု ပြောလိုက်၏။ ကျင်းဝါက ပြုံးကာ ...

"ရှင်က တကယ်စိတ်မဆိုးဘူးလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ပြလိုက်၏။

ကျင်းဝါက သက်ပြင်းချလိုက်ပြီး ...

"ဒီမှာ ရှင့်ကို ဒီနေ့ကစပြီး မကြိမ်းမောင်းတော့ဘူး။ အရင်က ကျွန်မပြောခဲ့တာကိုလည်း ခွင့်လွှတ်ပါ၊ ပြီးတော့ ဒီပစ္စည်းတွေလည်း ကျွန်မ မယူတော့ဘူး"

ဟု ပြောလိုက်၏။ ကျင်းဝါ၏စကားကြောင့် ကုန်းစွန်းယို့သည် အံ့ဩဟန်ဖြင့် မျက်ခုံးပင့်တင်ကာ ...

"တကယ်လား"

ဟု မေးလိုက်၏။ ကျင်းဝါက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"တကယ်ပါ"

ဟုပြောလိုက်၏။ ကုန်းစွန်းယို့က သဘောကျစွာ ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ … ကျုပ်ပစ္စည်းတွေ ပြန်သိမ်းလိုက်ဦးမယ်"

ဟု ပြောလိုက်၏။ ကျင်းဝါက ပြုံးကာ …

"သေသေချာချာလည်း သိမ်းဦး"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ …

"စိတ်ချပါ"

ဟု ပြောလိုက်၏။

ကျင်းဝါက ပြုံးလိုက်ပြီး …

"ဒီမှာလာပြီး သိမ်းထားရင် ပိုမကောင်းဘူးလား"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံး၍ …

"ခေါင်းတလားထဲမှာပဲ ပြန်ထားလိုက်မယ်"

ဟု ပြောလိုက်၏။ ကျင်းဝါက မျက်ခုံးပင့်တင်ကာ …

"စိတ်ချရပ့ါမလား"

ကုန်းစွန်းယို့က ပြုံးရင်း …

"ဘယ်သူက ခေါင်းတလားတွေထားတဲ့အခန်းထဲကို လာရဲမှာလဲ"

ဟု ပြန်ပြောလိုက်၏။ ကျင်းဝါက ပြုံးလိုက်ပြီး …



"ရှင်က သိပ်ဉာဏ်ကောင်းတာပဲ၊ ဒါပေမဲ့ ခေါင်းတလားတွေ ထပ်ပြီးမှားကုန်ဦးမယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးကာ …

"မမှားပါဘူး … စိတ်ချပါ၊ ခေါင်းတလားသုံးလုံးရဲ့အလယ်က ခေါင်းတလားထဲမှာ ထည့်ထားမှာ၊ ဘယ်လိုမှ မှားစရာမရှိပါဘူး"

ဟု ပြောလိုက်၏။ ထို့နောက် ကုန်းစွန်းယို့သည် အခန်းထဲမှ ထွက်သွားလေတော့၏။ ကျင်းဝါသည် ကုန်းစွန်းယို့၏ နောက်ကျောကို ကြည့်ပြီး ပြုံးလိုက်၏။

သူမ၏အပြုံးသည် လျို့ဝှက်၏၊ ကောက်ကျစ်၏။ သူမ၏ မျက်စိအောက်မှ ကုန်းစွန်းယို့ ပျောက်ကွယ်သွားသည်နှင့် နှုတ်ခမ်းကို မဲ့ရွဲ့ကာ …

"အလကားလူ၊ အသုံးမကျတဲ့လူ၊ လူနုံလူအ"

ဟု ပြောလိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ယနေ့သည် လဆန်းလေးရက်နေ့ဖြစ်၏။

ကုန်းစွန်းယို့သည် နံနက်စာစားပြီးချိန်မှစ၍ သူ၏ဆေးဝါးစမ်းသပ်ခန်းထဲ၌ အလုပ်ရှုပ်နေ၏။

နေ့လယ်ထမင်းစားပြီးချိန်၌ သူသည် ဧည့်ခန်းထဲ၌ အေးအေးလူလူ ရေနွေးကြမ်းသောက်နေ၏။

ထိုစဉ် ...

"သခင်ကြီး ပြန်လာပြီ"

ဟူသောအသံများကို ကြားလိုက်ရ၏။ ထို့ကြောင့် သူသည် ရေနွေးခွက်ကိုချထားပြီး ဧည့်ခန်းထဲမှ ထွက်လာခဲ့၏။

ခြံဝင်းထဲသို့ ကုန်းစွန်းယို့ရောက်လာသောအခါ ခြံဝင်းထဲသို့ လူနှစ်ယောက် မြင်းနှစ်စီးဖြင့် ဝင်ရောက်လာ၏။

တစ်ယောက်မှာ ထန်ယန့်ရှာဖြစ်ပြီး ကျန်တစ်ယောက်မှာ



ချိန်ယိစန်းဖြစ်၏။

ခြံဝင်းထဲသို့ရောက်သည်နှင့် ထန်ယန့်ရှာက မြင်းပေါ်မှဆင်းလိုက်ပြီး ချိန်ယိစန်းကို လှမ်း၍ပြောလိုက်၏။

"ဒါ ကျုပ်အိမ်ပဲ"

ချိန်ယိစန်းက မြင်းပေါ်မှမဆင်းသေးဘဲ ထန်ယန့်ရှာ၏ ခြံဝင်းကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်၏။ ပြီးမှ ချိန်ယိစန်းက ပြုံး၍ ...

"တယ်ပြီးသာယာတဲ့ နေရာပါလား"

ဟု ချီးကျူးစကားပြောလိုက်၏။ ထို့နောက် သူသည် မြင်းပေါ်မှ ဆင်းလိုက်၏။

ထန်ယန့်ရှာတို့ကို ကြိုဆိုရန်ရောက်ရှိလာသော ကုန်းစွန်းယို့သည် မြင်းပေါ်မှ ချိန်ယိစန်းဆင်းလာသည်ကို မြင်တွေ့လိုက်သည်နှင့် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

တစ်ဆက်တည်းမှာပင် ချိန်ယိစန်းသည် ထိပ်တန်းအဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်းကိုလည်း သိလိုက်၏။

ထန်ယန့်ရှာက ကုန်းစွန်းယို့၏ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ဖက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အလောင်းတွေရတယ်မဟုတ်လား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ရပါတယ်"

ဟု ပြန်ပြောလိုက်၏။ ထန်ယန့်ရှာက ချိန်ယိစန်းဘက်သို့ လှည့်ကာ ...

"မိတ်ဆွေကြီး ... ဒါ ကျုပ်သမက် ကုန်းစွန်းယို့ပဲ"

ဟု မိတ်ဆက်ပေးလိုက်၏။ ချိန်ယိစန်းက ကုန်းစွန်းယို့ကို ပြုံးပြလိုက်ပြီး ...

"ဩော် ... လူသေကို အသက်သွင်းပေးမယ့် သမားတော်ကြီး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံးကာ ...

"ဟုတ်တယ် ... သူ့မှာ ဆေးနည်းကောင်းတွေ ရှိတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ခပ်ယဲ့ယဲ့ပြုံးရင်း ...

"စမ်းသပ်နေဆဲပါ"

ဟု ပြန်ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံး၍ ကုန်းစွန်းယို့ကို ကြည့်ပြီး ...



"ကုန်းစွန်းယို့ ... ချိန်ယိစန်းဆိုတဲ့နာမည်ကို မင်း ကြားဖူးလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... ကြားဖူးပါတယ်"

ဟု ပြန်ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံးကာ ...

"မင်း သူ့ကို တွေ့ဖူးလား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြကာ ...

"မတွေ့ဖူးပါဘူး"

ဟု ပြန်ပြောလိုက်၏။

ထန်ယန့်ရှာက ရယ်မောလိုက်ပြီး ...

"အခု သူက မင်းရှေ့မှာရပ်နေတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာ၏စကားကြောင့် ကုန်းစွန်းယို့သည် ချိန်ယိစန်းကို ကမန်းကတန်း လှမ်းကြည့်လိုက်၏။ ချိန်ယိစန်းက ပြုံး၍ ...

"ကျုပ်နာမည် ချိန်ယိစန်းပါ"

ဟု မိတ်ဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းယို့သည် ချိန်ယိစန်းကို မြင်တွေ့လိုက်သည်နှင့် မည်သည့်အကြောင်းကြောင့် မသိပါ။ သူ၏စိတ်ထဲ၌ ထိတ်လန့်နေ၏။

အာချန်းနှင့် အကွိုးတို့က သခင်ကြီးထန်ယန့်ရှာ၏မိတ်ဆွေ တစ်ယောက်နှင့် လိုက်သွားခဲ့သည်ဟုသာ ပြောခဲ့၏။ ထိုမိတ်ဆွေသည် ချိန်ယိစန်းဖြစ်ကြောင်း မပြောခဲ့ပါ။

ယခု ချိန်ယိစန်းသည် မိမိ၏ရှေ့၌ ရောက်ရှိနေပြီဖြစ်၏။ ကုန်းစွန်းယို့သည် မိမိရင်ထဲမှ ထိတ်လန့်မှုကို ထိန်းချုပ်လိုက်ပြီး ချိန်ယိစန်းကို ပြုံးပြကာ ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြောလိုက်၏။

ချိန်ယိစန်းက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ခင်ဗျားက သမားတော်နော်"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့ကပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...



"ဒါဖြင့် မင်းက ကျုပ်နာမည်ကို ဘာဖြစ်လို့ကြားဖူးရတာလဲ"

ဟု မေးလိုက်၏။ ချိန်ယိစန်း၏စကားကြောင့် ကုန်းစွန်းယို့သည် မျက်စိမျက်နှာပျက်သွား၏။

သို့သော် ဟန်အမူအရာကင်းမဲ့နေသော ကုန်းစွန်းယို့၏မျက်နှာပေါ်၌ မျက်စိမျက်နှာပျက်သွားကြောင်း ပေါ်မလာချေ။

ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"သိုင်းလောကမှာ လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့ လူတစ်ယောက်ကို ကျွန်တော်က မကြားဖူးခဲ့ရင် ကျွန်တော်ဟာ အတော်အသုံးမကျတဲ့ လူညံ့ဖြစ်သွားမှာပေါ့"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"ထူးဆန်းတယ်၊ ကျုပ်က ကျုပ်နာမည်ဟာ သိုင်းလောကမှာပဲ လူသိများမယ်ထင်နေတာ၊ ဆေးလောကမှာပါ လူသိများနေပါလား"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးရင်း ...

"ကျွန်တော့်ယောက္ခမဟာ သိုင်းလောကသား ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်လည်း သိုင်းလောကအကြောင်း သိနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ချိန်ယိစန်းက ကုန်းစွန်းယို့၏ပခုံးကို ပုတ်ရင်း ...

"အေးလေ ... မင်းလည်း တစ်နေ့မှာ နာမည်ကျော်တဲ့ သမားတော်ကြီးဖြစ်လာမှာပဲ"

ဟု ပြောလိုက်၏။ ထို့နောက် သူတို့သည် ထန်ယန့်ရှာ၏အိမ်ထဲသို့ ဝင်ရောက်သွားလေတော့၏။

✹

အခန်းသည် ဧည့်ခန်းဖြစ်ပါသည်။ ဧည့်ခန်းသည် ကျယ်ဝန်းပြီး သပ်ရပ်ခန့်ညားး၏။ ထန်ယန့်ရှာသည် ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသူဖြစ်၏။

ထို့ကြောင့် ဧည့်ခန်းထဲ၌ စနစ်တကျရှိနေသော အသုံးအဆောင်ပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများသည် အလွန်တန်ဖိုးရှိသောပစ္စည်းများဖြစ်သည့်အပြင် တချို့ပစ္စည်းများသည် အဖိုးတန် ရှေးဟောင်းပစ္စည်းများဖြစ်၏။



ထန်ယန့်ရှာ၏ဧည့်ခန်းသည် ဧည့်သည်'အယောက်တစ်ရာကို ချောင်ချိစွာ ဧည့်ခံနိုင်သော အကျယ်အဝန်းရှိ၏။ ယခု ဧည့်ခန်းထဲ၌ ဧည့်သည်တစ်ယောက်တည်းသာ ရှိ၏။

သို့သော် ထိုဧည့်သည်တစ်ယောက်သည် ဧည့်သည် အယောက်တစ်ရာထက် မနည်းညီမျှသော ဧည့်သည်ဖြစ်၏။ ထို့ကြောင့် ထန်ယန့်ရှာ၏ဧည့်ခန်းသည် တစ်ခန်းလုံးဧည့်သည်များဖြင့် ပြည့်နှက်နေသည်ဟု ထန်ယန့်ရှာက ခံစားနေရ၏။

ထန်ယန့်ရှာနှင့် ချိန်ယိစန်းတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ သူတို့နှစ်ယောက်အကြား၌ စားသောက်ဖွယ်ရာများ တင်ထားသော စားပွဲတစ်လုံးရှိ၏။

ကုန်းစွန်းယို့က သူတို့အနီး၌ရပ်နေ၏။ ထန်ယန့်ရှာက ကုန်းစွန်းယို့ကို ကြည့်ပြီး ...

"ကျင်းဝါရော"

ဟုမေးလိုက်၏။ ကုန်းစွန်းယို့က ပြုံးရင်း ...

"ခေါင်းမူးလို့ လှဲနေပါတယ်"

ဟု ပြန်ဖြေလိုက်၏။ ထန်ယန့်ရှာက တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတလားတွေ ရောက်တယ်မဟုတ်လား"

ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... ရောက်ပါတယ်"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ပြီး ...

"ဘယ်နှလုံးလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ...

"သုံးလုံးပါ"

ဟု ဖြေလိုက်၏။ ထန်ယန့်ရှာက ကျေနပ်ဟန်ပြုကာ ...

"အာခန်းနဲ့အကွီးက အူကြောင်ကြောင်နိုင်ပေမယ့် အလုပ်ကိုတော့ သေချာသားပဲ"

ဟု ပြောလိုက်၏။ ပြီးမှ ချိန်ယိစန်းဘက်သို့ လက်ဝှေ့ယမ်းပြကာ ...

"ဟောဒီမိတ်ဆွေက မင်းရဲ့ဆေးပညာကို လေ့လာချင်လို့တဲ့"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ဘာမျှ ပြန်မပြောဘဲ ပြုံးနေလိုက်၏။



ချိန်ယိစန်းက ပြုံးကာ ...

"မင်းက ဆေးပညာမှာ အတော်အစွမ်းထက်တယ်လို့ ပြောတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးရင်း ...

"ဒီလောက်မဟုတ်သေးပါဘူး"

ဟု နှိမ့်ချ၍ ပြောလိုက်၏။

ချိန်ယိစန်းက မျက်ခုံးပင့်ကာ ...

"ဘယ်က မဟုတ်ရမှာလဲ ... လူသေကို ပြန်ပြီးရှင်အောင် လုပ်နိုင်တယ်ဆိုတာ နည်းတဲ့အစွမ်းလားကွ"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ငါက မင်းအကြောင်းကို ပြောပြထားတော့ သူက သိပ်ပြီး စိတ်ဝင်စားနေတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"ဒါဆို ဒီမိတ်ဆွေက ဖေဖေ့ကိုကူပြီးတော့ အလောင်းရှာပေးတာပေါ့ ... ဟုတ်လား"

ဟု မေးလိုက်၏။

ချိန်ယိစန်းက ဦးခေါင်းခါယမ်းပြကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... အလောင်းသုံးလောင်းရပြီးမှ ကျုပ်နဲ့တွေ့တာ"

ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"ဒါဆို ဒီအလောင်းသုံးလောင်းဟာ ဖေဖေ့ရဲ့လက်ချက်ပေါ့ ... ဟုတ်လား"

ချိန်ယိစန်းက ပြုံး၍ ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ်"

ကုန်းစွန်းယို့က ပြုံးရင်း ...

"ကျွန်တော်က ဖေဖေ့လက်ချက်လို့ မထင်ဘူး"

ဟု ပြောလိုက်၏။ ထိုစကားကြောင့် ချိန်ယိစန်း မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"သူတို့က ဓားဒဏ်ရာကြောင့် သေတာမဟုတ်ဘဲ အဆိပ်မိပြီး သေသွားတာ။ ဖေဖေက ဘယ်တော့မှ အဆိပ်မသုံးဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"မင်းက အင်မတန်ဉာဏ်ကောင်းတာပဲ၊ ဟုတ်တယ်၊ သူတို့က သူတို့ရဲ့အဆိပ်နဲ့ပဲ ပြန်သေသွားတာ"



ဟု ပြောလိုက်၏။ ချိန်ယိစန်းကပြုံးကာ ...

"ဒီအဆိပ်ကျွမ်းကျင်တဲ့လူဟာ အဆိပ်နဲ့ပဲ သေသွားရတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ...

"အဆိပ်မိတဲ့လူကိုရော မင်းက ပြန်ပြီးအသက်သွင်းလို့ရလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ရမှာပါ ... ဆေးကျမ်းအဆိုကတော့ ဘယ်လိုသေတဲ့အလောင်းမျိုး မပါဘူးလို့ ရေးမထားဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းညိတ်လိုက်၏။ ထိုအချိန်တွင် ချိန်ယိစန်းက ရုတ်တရက်မေးလိုက်၏။

"အခေါင်းသုံးလုံးရတယ်နော်"

ကုန်းစွန်းယို့က ဦးခေါင်းညိတ်ပြလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အခေါင်းသုံးလုံးထဲမှာ အလောင်းဘယ်နှလောင်းပါလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က မျက်လုံးပြူးကာ ...

"သုံးလောင်းပါပါတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့သည် ခေါင်းတလားသုံးလုံးထဲ၌ အလောင်းနှစ်လောင်းသာပါရှိကြောင်း သိထား၏။ သို့သော် ယခု သူက သုံးလောင်းရှိသည်ဟု လိမ်ပြောလိုက်၏။

သူသည် အဘယ်ကြောင့် ယခုကဲ့သို့ လိမ်ပြောရသနည်း။ ကုန်းစွန်းယို့မှလွဲ၍ မည်သူမျှ သိမည်မဟုတ်ပါ။

✹

ကုန်းစွန်းယို့သည် ချိန်ယိစန်းနှင့် ထန်ယန့်ရှာကို နားမလည်ဟန်ဖြင့် ကြည့်ရင်း ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"ဘာမှမဖြစ်ပါဘူး။ မင်းလိုချင်တဲ့ အရေအတွက်အတိုင်း



ပြည့်ရဲ့လားလို့ပါ"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ပြုံးလိုက်ပြီး ...

"ဒီလိုကွ ... ဟန်ကြူးမြို့မှာ ကျီးကန်းဆိုတဲ့ဓားပြက ရွှေနဂါးအာမခံဌာနကပစ္စည်းတွေကို လမ်းကဖြတ်ပြီး လုယူသွားတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က နားမလည်ဟန်ဖြင့် ဦးခေါင်းခါယမ်းကာ ...

"အဲဒါနဲ့ ဒီအလောင်းတွေနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ပြုံးကာ ...

"ကျီးကန်းဟာ ဓားပြမတိုက်ခင် ခေါင်းတလားတွေ ရောင်းတဲ့ဆိုင်မှာ ခေါင်းတလားတစ်လုံးကို ဝယ်သွားတယ်၊ ဒါပေမဲ့ ခေါင်းတလားက အဆင်သင့်မရှိဘူး၊ ဒီတော့ သူမှာထားတဲ့ ခေါင်းတလားကို စျေးပိုပေးပြီး ဝယ်ခဲ့ရတယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ပြုံးလိုက်ပြီး ...

"သြော် ... ဒီလိုလား"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... ဒါကြောင့် အလောင်းသုံးလောင်းရှိလားလို့ မေးတာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ရပါတယ်"

ဟု ပြန်ပြောလိုက်၏။ ထိုအချိန်တွင် ရှောင်ရှမ်းသည် အခန်းထဲသို့ သုတ်သီးသုတ်ပျာဖြင့် ပြေး၍ ဝင်ရောက်လာလေတော့၏။

✹

ထန်ယန့်ရှာ၏မျက်နှာသည် ခက်ထန်၍သွား၏။

ထန်ယန့်ရှာသည် ဧည့်ခန်းထဲ၌ ဧည့်သည်တစ်ယောက်ကို ဧည့်ခံနေစဉ် ယခုကဲ့သို့ လက်အောက်ငယ်သားများက ခွင့်မတောင်းဘဲ ဝင်ရောက်လာခြင်းကို သည်းမခံတတ်သူဖြစ်၏။

ယခု ချိန်ယိစန်းကဲ့သို့ ဧည့်သည်မျိုးကို ဧည့်ခံနေစဉ် ရှောင်ရှမ်းက ခွင့်မတောင်းဘဲ ဝင်ရောက်လာခြင်းကြောင့် ထန်ယန့်ရှာ၏ မျက်နှာသည် ခက်ထန်၍သွားခြင်းဖြစ်၏။

သို့သော် သူ၏မျက်နှာသည် ချက်ချင်းပင် စိုးရိမ်ပူပန်သော အသွင်သို့ ပြောင်းလဲသွား၏။



အဘယ်ကြောင့်ဆိုသော် အခန်းထဲသို့ ရေးကြီးသုတ်ပျာ ဝင်ရောက်လာသော ရှောင်ရှမ်းသည် ကျင်းဝါ၏ အဖော်မိန်းကလေး ဖြစ်နေသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့် ထန်ယန့်ရှာသည် ထိုင်ရာမှ ကမန်းကတန်း ထလိုက်၏။ ရှောင်ရှမ်းက အခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်ရောက်လာပြီး ...

"သခင်ကြီး သခင်ကြီး ... ဟို ဟို"

ဟု စကားကို ဆက်၍မပြောနိုင်အောင် ထိတ်လန့်တုန်လှုပ်နေ၏။ ထို့ကြောင့် ထန်ယန့်ရှာက ရှောင်ရှမ်းထံသို့ လျှောက်သွားပြီး ရှောင်ရှမ်း၏လက်မောင်းကို ကိုင်ကာ ...

"ရှောင်ရှမ်း ရှောင်ရှမ်း ... ဘာဖြစ်လာတာလဲ"

ဟုမေးလိုက်၏။ ရှောင်ရှမ်းက ထိတ်လန့်တုန်လှုပ်သော မျက်လုံးများဖြင့် ထန်ယန့်ရှာကို မော့ကြည့်ပြီး တုန်ယင်သောအသံဖြင့် ...

"သခင်ကြီး သခင်ကြီး ... သခင်မလေး သခင်မလေး"

ထန်ယန့်ရှာက မျက်လုံးပြူးကျယ်ကာ စိုးရိမ်သော လေသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းဝါ ... ဟုတ်လား၊ ကျင်းဝါ ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ ရှောင်ရှမ်းက ...

"သခင်မလေး အသတ် အသတ်ခံလိုက်ရတယ်"

ဟု ပြောလိုက်၏။ ရှောင်ရှမ်း၏စကားကို ကြားလိုက်သည်နှင့် ထန်ယန့်ရှာသည် ထိတ်လန့်တုန်လှုပ်ကာ ...

"ဘာ ... ကျင်းဝါ အသတ်ခံလိုက်ရတယ် ... ဟုတ်လား"

ဟု မေးလိုက်၏။ ရှောင်ရှမ်းက ဦးခေါင်းညိတ်လိုက်ပြီး ...

"ဟုတ် ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ရှောင်ရှမ်း၏ခန္ဓာကိုယ်ကို ကိုင်၍ လှုပ်ယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းက ထိတ်လန့်ကြောက်ရွံ့စွာ ထန်ယန့်ရှာကို ကြည့်ပြီး ...

"ဟုတ် ဟုတ်ပါတယ်"

ဟု ထပ်၍ ပြောလိုက်၏။ ထန်ယန့်ရှာက မေးကြောများ ထောင်လာသည်အထိ အံကိုကြိတ်လိုက်ပြီးမှ ...

"ဘယ်သူသတ်တာလဲ"



ဟုမေးလိုက်၏။ ရှောင်ရှမ်းက ကုန်းစွန်းယို့ကို လက်ညှိုးထိုးပြပြီး ...

"အဲ အလောင်းကောင်ကြီး"

ဟု ထိတ်လန့်တုန်လှုပ်စွာ ပြောလိုက်လေတော့သည်။ ထန်ယန့်ရှာသည် မိမိ၏နားကို မယုံနိုင်အောင် ဖြစ်သွား၏။

ချိန်ယိစန်းကလည်း အံ့သြဟန်ဖြင့် ကုန်းစွန်းယို့ကို လှမ်း၍ ကြည့်လိုက်သည်။

ကုန်းစွန်းယို့သည် အလွန်အမင်း အံ့သြနေသောမျက်နှာဖြင့် ရှောင်ရှမ်းကိုကြည့်ကာ ...

"ဘာ ... ဘာပြောတယ်၊ အလောင်းကောင်ကြီး ... ဟုတ်လား"

ဟု မေးလိုက်၏။ ရှောင်ရှမ်းက ဦးခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်၏။

"ဟုတ် ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။

ချိန်ယိစန်းက မျက်ခုံးပင့်ကာ ...

"အင်း ... ထူးဆန်းတဲ့ကိစ္စတော့ ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ရှောင်ရှမ်းကို လွှတ်လိုက်ပြီး ကုန်းစွန်းယို့ဘက်သို့ လှည့်လိုက်ပြီးမှ ...

"မင်း ဆေးစမ်းပြီးပြီလား"

ဟုမေးလိုက်၏။

ထန်ယန့်ရှာ၏မျက်နှာက ခက်ထန်မာကျောနေ၏။

ကုန်းစွန်းယို့က သက်ပြင်းချလိုက်ပြီး ...

"ဒီနေ့မနက်ပဲ အလောင်းတွေကို ဆေးနည်းနည်းစီ စမ်းထားပြီးပါပြီ၊ ဒါပေမဲ့ အပြည့်အစုံ မစမ်းရသေးပါဘူး"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"မင်းရဲ့ဆေးကြောင့် အလောင်းတွေ အသက်ဝင်လာပြီထင်တယ်"

ဟုပြောကာ ရုတ်တရက် နောက်သို့လှည့်ပြီး ညှော်ခန်းထဲမှ ထွက်သွားလေတော့၏။ ကုန်းစွန်းယို့ကလည်း ရပ်၍ မနေနိုင်တော့ပါ။

သူသည် ထန်ယန့်ရှာ၏နောက်မှ ပြေး၍ လိုက်သွားလေတော့၏။ ချိန်ယိစန်းသည် ထိုင်ရာမှထလိုက်၏။



သူသည် ညှော်ခန်းထဲမှ ပြေးထွက်သွားသော ကုန်းစွန်းယို့၏ နောက်ကျောကိုကြည့်ကာ မျက်မှောင်ကြုတ်လိုက်မိ၏။

အဘယ်ကြောင့်ဆိုသော် ကုန်းစွန်းယို့၏လှုပ်ရှားမှုသည် သမားတော်တစ်ယောက်နှင့် မတူသောကြောင့်ပင်ဖြစ်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

လူသေကို အသက်သွင်း၍ ရသလော၊

အလောင်းကောင်က လူသတ်နိုင်သလော။

သေပြီးသောလူသည် အသက်ပြန်လည် ရှင်သန်လာပြီး လူသတ်သည်ဟုဆိုလျှင် သင် ယုံကြည်မည်လော။

ယခုသေဆုံးပြီးသော အလောင်းက ကျင်းဝါကို သတ်လိုက်ပြီဖြစ်၏။ ကျင်းဝါသည် မြေပေါ်၌ လဲကျသေဆုံးနေ၏။

ကျင်းဝါထံသို့ ပထမဆုံး ရောက်လာသူမှာ ထန်ယန့်ရှာဖြစ်၏။

ထန်ယန့်ရှာသည် ကျင်းဝါကို အလောင်းကောင်က သတ်လိုက်သည်ဟု ပြောလိုက်သည်နှင့် ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံရှိရာသို့ ပြေးလွှားလာခဲ့ခြင်းဖြစ်၏။

သူသည် ရှောင်ရှမ်းအား ဘယ်နေရာဟုမေးရန် မလိုပါ။



အဘယ်ကြောင့်ဆိုသော် အလောင်းများသည် ကုန်းစွန်းယို့ ဆေးဝါးစမ်းသပ်သော အခန်းထဲ၌ရှိကြောင်း သိထားသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

ထန်ယန့်ရှာသည် မြေပေါ်၌လဲကျသေဆုံးနေသော ကျင်းဝါကို တစ်ချက်ကြည့်လိုက်ပြီး ကုန်းစွန်းယို့၏ ဆေးဝါးအဆောက်အအုံသို့ ပြေး၍ ဝင်ရောက်သွားသည်။

အလောင်းကောင်က နောက်ထပ် လူမသတ်နိုင်ရန် သူက အလောင်းကောင်ကို သုတ်သင်ပစ်ရမည် မဟုတ်ပါလား။

❋

ခေါင်းတလားသုံးလုံးသည် နံရံ၌ ထောင်ထား၏။ ထို ခေါင်းတလားသုံးလုံးအနက် အလယ်မှ ခေါင်းတလားတစ်လုံးသည် အဖုံးင့်နေ၏။

ထန်ယန့်ရှာသည် အဖုံးပွင့်နေသော ခေါင်းတလားကို မှုံး ်ကြည့်လိုက်ရ၏။ ထိုအဖုံးပွင့်နေသော ခေါင်းတလားထဲ၌ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ထိုစဉ် သူ၏အနီးသို့ ကုန်းစွန်းယို့ ရောက်လာ၏။ ထန်ယန့်ရှာက ကုန်းစွန်းယို့ကို လှည့်မကြည့်ဘဲ မေးလိုက်၏။

"ငါ့သမီး အခြေအနေ ဘယ်လိုရှိသလဲ"

ကုန်းစွန်းယို့က သက်ပြင်းချလိုက်ပြီး ...

"ဝမ်းနည်းပါတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ကုန်းစွန်းယို့ကို လှည့်၍ စူးစိုက်ကြည့်လိုက်၏။ ကုန်းစွန်းယို့ ဦးခေါင်းကို ငုံ့ထား၏။

သူ၏မျက်နှာပေါ်၌ ထိတ်လန့်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် အရိပ်အယောင်များ ရောယှက်နေ၏။ ထန်ယန့်ရှာက သက်ပြင်းချကာ ...

"သေသွားပြီလား"

ဟုမေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ပြလိုက်၏။ ထန်ယန့်ရှာသည် သက်ပြင်းတစ်ချက်ချလိုက်၏။ ထို့နောက် သူ၏ ခေါင်းတလားသုံးလုံးဘက်သို့ ပြန်လှည့်လိုက်၏။

ထို့နောက် သူသည် ခေါင်းတလားများကို သေချာစွာ စူးစိုက်ကြည့်နေ၏။ ကုန်းစွန်းယို့သည် ထန်ယန့်ရှာ၏နောက်၌ ငြိမ်သက်စွာ ရပ်နေ၏။



အတန်ကြာမှ ...

သူသည် ခေါင်းတလားသုံးလုံးကို စူးစိုက်ကြည့်ပြီး အဖုံးပွင့်နေသော ခေါင်းတလား၏အတွင်းဘက်ကို ကြည့်လိုက်၏။

ခေါင်းတလားထဲ၌ ဘာမျှမရှိပါ။

ကုန်းစွန်းယို့သည် သက်ပြင်းချလိုက်ပြီး လေသာဆောင်ဘက်သို့ ထွက်သွား၏။

မကြာမီမှာပင် ထန်ယန့်ရှာသည် ကုန်းစွန်းယို့၏ ထိတ်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ရလေတော့သည်မဟုတ်ပါလား။

✺

"အား"

ကုန်းစွန်းယို့၏ ထိတ်လန့်တကြား အော်ဟစ်သံကြောင့် ထန်ယန့်ရှာ၏ခန္ဓာကိုယ်သည် တစ်ချက်မျှ တုန်လှုပ်သွားပြီး ခါး၌ ချိတ်ဆွဲထားသော ဓားအိမ်ထဲမှဓားကို လျှင်မြန်စွာ ထုတ်ယူလိုက်၏။

"ခွမ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံနှင့်အတူ အလင်းရောင်တစ်ချက် လင်းလက်သွားပြီး ဓားအိမ်ထဲမှဓားက ထန်ယန့်ရှာ၏ လက်ထဲသို့ ရောက်ရှိလာ၏။

ထို့နောက် သူသည် ကြမ်းပြင်ပေါ်သို့ ခြေတစ်ချက်ထောက်ကာ လေသာဆောင်သို့ ပေါ့ပါးစွာ ရောက်ရှိသွားလေတော့၏။

လေသာဆောင်၌ ကုန်းစွန်းယို့သည် ထိတ်လန့်ကြောက်ရွံ့စွာ မျက်လုံးပြူးပြီး တစ်နေရာသို့ စူးစိုက်ကြည့်နေ၏။ သူ၏နဖူးပေါ်မှ ချွေးများစီးကျနေ၏။

သူ၏ခန္ဓာကိုယ်သည် ကြောက်ရွံ့လွန်းသဖြင့် တဆတ်ဆတ် တုန်နေ၏။

ထန်ယန့်ရှာသည် ကုန်းစွန်းယို့၏အနီးသို့ ရောက်လာသောအခါ ကုန်းစွန်းယို့သည် တစ်နေရာသို့ ထိတ်လန့်တုန်လှုပ်စွာ စူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူ၏ခန္ဓာကိုယ်သည် ကြောက်လန့်လွန်းသဖြင့် တဆတ်ဆတ် တုန်နေ၏။

ထို့ကြောင့် သူက ကုန်းစွန်းယို့ကြည့်နေသောနေရာသို့ လှည့်၍ကြည့်လိုက်၏။



ထိုသို့ကြည့်လိုက်မိသည်နှင့် ထန်ယန့်ရှာ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ၌ ဖြူဖွေးသောအရိုးစုတစ်ခုကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

အရိုးစု ... ဖြူဖွေးသော အရိုးစု။

အရိုးစုသည် လေသာဆောင်၏လက်ရန်းကို မှီလျက်ရပ်နေ၏။

အရိုးစု၏အနီးမှ လေသာဆောင်၏ သစ်သားဖြင့်ပြုလုပ်ထားသော လက်ရန်းသည် ကျိုးပဲ့နေ၏။

ထိုကျိုးပဲ့နေသောနေရာမှ အောက်သို့ လှမ်းကြည့်လိုက်လျှင် မြေပေါ်၌ လဲကျသေဆုံးနေသော ကျင်းဝါကိုမြင်တွေ့လိုက်ရ၏။

ကျင်းဝါ၏နံဘေး၌ လေသာဆောင်၏လက်ရန်းမှ သစ်သားအကျိုးအပဲ့ အပိုင်းအစများကိုတွေ့ရ၏။ ထန်ယန့်ရှာသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လက်ထဲမှ ဓားကို ဓားအိမ်အတွင်းသို့ ပြန်လည်၍ သိမ်းလိုက်၏။



သူသည် ဓားကို အသုံးပြုရန်မလိုတော့ပါ။

အဘယ်ကြောင့်ဆိုသော် လေသာဆောင်၏ လက်ရန်း၌ မှီ၍ရပ်နေသော အရိုးစုသည် လှုပ်ရှားမှုမရှိသောကြောင့်ဖြစ်ပါသည်။

သူက ကုန်းစွန်းယို့ကို လှမ်း၍ ကြည့်လိုက်၏။ ကုန်းစွန်းယို့သည် ယခုတိုင် ထိတ်လန့်ကြောက်ရွံ့သော မျက်လုံးများဖြင့် အရိုးစုကို ကြည့်နေဆဲဖြစ်၏။

ထိုစဉ် ...

"ဘယ်လိုလဲ ... တွေ့ပြီလား"

ဟူသော အသံနှင့်အတူ ချိန်ယိစန်း ရောက်ရှိလာ၏။ ထန်ယန့်ရှာက ဦးခေါင်းခါယမ်းပြလိုက်ပြီး ...

"မတွေ့ဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ကုန်းစွန်းယို့ကို ကြည့်ပြီး

"ဒီအရိုးစုက ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲ"

ဟုမေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြလိုက်ပြီး

"ကျွန်တော်လည်းမသိဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ...

"ဒီအရိုးစုက အခေါင်းထဲက ထွက်လာတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြရင်း ...

"ကျွန်တော်မသိဘူး"

ဟု ပြောလိုက်၏။

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ရင်း ...

"အခေါင်းတွေ ဖွင့်ပြစမ်း"

ကုန်းစွန်းယို့က ထိတ်လန့်သောမျက်လုံးများဖြင့် ထန်ယန့်ရှာကိုကြည့်လိုက်၏။ သို့သော် သူသည် ထန်ယန့်ရှာ၏စကားကို မလွန်ဆန်ဝံ့ပါ။

ထို့ကြောင့် သူသည် ခေါင်းတလားအနီးသို့ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ချဉ်းကပ်သွားပြီး ခေါင်းတလားများအနီး၌ ရပ်တန့်လိုက်၏။

ထို့နောက် ကုန်းစွန်းယို့သည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ တုန်ယင်သောလက်များဖြင့် ခေါင်းတလားတစ်လုံးကို ဖွင့်လိုက်၏။

သူသည် ခေါင်းတလားသုံးလုံးအနက် ယာဘက်မှ ခေါင်းတလားကို ဖွင့်လိုက်ခြင်းဖြစ်၏။



ခေါင်းတလား၏အဖုံး ပွင့်သွားသောအခါ သူ၏မျက်လုံးများ ပြူးကျယ်၍သွား၏။

အဘယ်ကြောင့်ဆိုသော် ထိုခေါင်းတလားထဲ၌ ဘာမျှမရှိသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

✹

ကုန်းစွန်းယို့၏မျက်လုံးများ ပြူးကျယ်သွားသကဲ့သို့ ထန်ယန့်ရှာ၏ မျက်လုံးများလည်း ပြူးကျယ်၍သွား၏။ ထန်ယန့်ရှာသည် ဓားရိုးကို လက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီးနောက်မှ ခေါင်းတလားကို ညွှန်ပြကာ ...

"ဒီဟာကို ဖွင့်ကြည့်စမ်း"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းချလိုက်ပြီးထိုခေါင်းတလားကို ဖွင့်လိုက်၏။ ယခု ခေါင်းတလား၏အဖုံး ပွင့်သွားပြီ ဖြစ်၏။

ခေါင်းတလား၏အဖုံးပွင့်သွားသည်နှင့် ကုန်းစွန်းယို့သည်

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တကြား အော်ဟစ်ကာ နောက်သို့ခုန်၍ ဆုတ်လိုက်မိလေတော့၏။

အဘယ်ကြောင့်ဆိုသော် ခေါင်းတလားထဲ၌ ဖြူဖွေးသော အရိုးစုတစ်ခု ရှိနေ၏။ ထို့အပြင် အရိုးစု၏ ပါးစပ်ထဲ၌ ပုလင်းငယ်တစ်လုံးကို ကိုက်လျက်ပါရှိနေသောကြောင့်ပင်ဖြစ်သည် မဟုတ်ပါလား။

✺

ကုန်းစွန်းယို့က ဖြူဖွေးသောအရိုးစုကို မျက်လုံးပြူး၍ ကြည့်ပြီး လက်ညှိုးထိုးကာ ...

"သူ့ သူ့ပါးစပ်ထဲမှာ ကျွန်တော့်ရဲ့ ဆေးပုလင်း ရှိတယ်"

ဟုပြောလိုက်၏။ ထန်ယန့်ရှာက အရိုးစုကို သေချာစွာ ကြည့်လိုက်၏။ အရိုးစု၏လက်က ဓုလင်းကို ကိုင်ထား၏။

ပုံသဏ္ဍာန်မှာ ဆေးပုလင်းကို လက်ဖြင့်ကိုင်၍ မော့သောက်နေသော ပုံသဏ္ဍာန်ဖြစ်၏။



သို့သော် အရိုးစုက လှုပ်ရှားခြင်းမရှိပါ။

ကုန်းစွန်းယို့က အခန်းနံရံကပ်စင်သို့ လက်ညှိုးထိုးပြရင်း...

"ဒီ ဒီဆေးပုလင်းကို ကျွန်တော် ဟိုစင်ပေါ်မှာ တင်ထားတာ"

တုန်လှုပ်ချောက်ချားသော လေသံဖြင့် ပြောလိုက်၏။ ကုန်းစွန်းယို့၏စကားကြောင့် ထန်ယန့်ရှာသည် ယောင်ယမ်း၍ နံရံကပ်စင်သို့ လှမ်းကြည့်လိုက်မိ၏။

ထို့နောက် ထန်ယန့်ရှာသည် ဝေခွဲမရသော မျက်နှာဖြင့် ဖြူဖွေးသော အရိုးစုကို တစ်ချက်စူးစိုက်ကြည့်လိုက်မိ၏။

"အင်း ... ထူးဆန်းတယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ကုန်းစွန်းယို့ကိုကြည့်ကာ ...

"ဒီဆေးပုလင်းက မင်းတိုက်ထားတာလား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြလိုက်ပြီး

"ဟင့်အင်း ... သူတို့ကို နည်းနည်းစီတိုက်ပြီး ဟိုစင်ပေါ်မှာ တင်ထားတာ"

ဟုပြောလိုက်၏။ ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာဖြစ်လို့ သူ့ပါးစပ်ထဲ ရောက်နေရတာလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါပြကာ ...

"ကျွန်တော်လည်းမသိဘူး"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက နှုတ်ခမ်းတစ်ချက်ကိုက်၍ အတန်ကြာအောင် စဉ်းစားနေပြီးမှ ရုတ်တရက် ထန်ယန့်ရှာဘက်သို့ လှည့်ကာ ...

"ဒီအရိုးစုက လူသတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက မျက်လုံးပြူး၍ ချိန်ယိစန်းကို ကြည့်ပြီး ...

"ခင်ဗျားက မယုံလို့လား"

ဟု မေးလိုက်၏။ ချိန်ယိစန်းက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ဟုတ်လား ... ကျုပ်တစ်သက်မှာ မယုံကြည်စရာအကောင်းဆုံး အဖြစ်အပျက်ပဲ"

ဟု ပြောလိုက်၏။ ထို့နောက် သူသည် ကုန်းစွန်းယို့ကိုကြည့်ကာ ...

"အရိုးစုက အသက်ပြန်ရှင်ပြီး လူသတ်နိုင်သလား"



ဟုမေးလိုက်၏။

ချိန်ယိစန်း၏အမေးကို ကုန်းစွန်းယို့က ချက်ချင်းမဖြေနိုင်ပါ။

သူက တွေဝေစွာဖြင့် အရိုးစုကို တစ်ချက် လှည့်ကြည့်လိုက်ပြီးမှ ...

"ဒါကတော့ ကျွန်တော် သေသေချာချာ မဖြေနိုင်ဘူး၊ သူက အသက်ပြန်ရှင်လာရင် လူသတ်ချင်သတ်မှာပေါ့"

ဟု ပြောလိုက်၏။

"ဟုတ်ပြီ၊ သူက လူသတ်ရင် ကျုပ်တို့က ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... သူက လူသတ်တယ်ဆိုရင် တွေ့တဲ့လူသတ် မှာပဲ"

ဟု ပြောလိုက်၏။

ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...

"သူက တခြားလူတွေကို မသတ်ခင် ကျုပ်တို့ တစ်ခုခု လုပ်မှ ဖြစ်မယ်"ဟု ပြောလိုက်၏။ ထန်ယန့်ရှာက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ဒီအကြောင်းကို ရှာသူရှာသားတွေကို သတိပေးထားရမယ်၊ ပြီးတော့ ဒီလူသတ်ကောင်အရိုးစုကို တောနင်းပြီး လိုက်ရှာရမယ်"

ဟုပြောလိုက်၏။

ထို့နောက် ထန်ယန့်ရှာသည် အခန်းထဲမှ ထွက်သွားလေတော့သည်။

✹

အခန်းထဲ၌ တိတ်ဆိတ်နေ၏။ ကုန်းစွန်းယို့သည် ကျင်းဝါ၏ အလောင်းအား အခန်းထဲသို့ သယ်ဆောင်လာခဲ့ပြီးဖြစ်၏။

သူသည် ကျင်းဝါ၏အလောင်းကို စားပွဲခုံရှည်ပေါ်၌ တင်ထားပြီး ကျင်းဝါ၏မျက်နှာကို ယူကျုံးမရဖြစ်နေသော မျက်လုံးများဖြင့် ကြည့်နေ၏။

ချိန်ယိစန်းသည် လေသာဆောင်၌ရပ်ကာ မျက်မှောင်ကြုတ်၍ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေ၏။ သူသည်



မကြာခဏဆိုသလို လေသာဆောင်မှ အခန်းထဲသို့လှမ်းကြည့်နေ၏။

သူသည် ထိုသို့ကြည့်ရင်း လေသာဆောင်၏ လက်ရန်းကျိုးပဲ့နေသောနေရာ၌ နံရံ၌ ထောင်ထားသော အခေါင်းသုံးလုံးအနက် အလယ်မှ ခေါင်းဟုလားနှင့် တစ်တန်းတည်းရှိနေကြောင်းကို တွေ့လိုက်ရ၏။

ထိုစဉ် အခန်းထဲသို့ ထန်ယန့်ရှာ ပြန်လည်ရောက်ရှိလာ၏။ ထန်ယန့်ရှာသည် အခန်းထဲသို့ ပြန်လည်ရောက်လျှင်ရောက်ချင်း ချိန်ယိစန်းကို လှမ်း၍ပြောလိုက်၏။

"ကျုပ်တော့ အရိုးစုလူသတ်သမားကိုရှာဖို့ လူလွှတ်လိုက်ပြီ"

ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ …

"ဒါထက် ဟိုမိန်းကလေးက ဘယ်သူလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက …

"ရှောင်ရှမ်းလား"

ဟု မေးလိုက်၏။

"ညေ့ခန်းထဲကိုဝင်လာတဲ့ ကလေးမလေး"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... သူက သမီးရဲ့အဖေပ်ါ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"သူ့ကို နည်းနည်းလောက် မေးချင်တယ်၊ ခေါ်ပေးလို့ ရမလား"

ဟု ပြောလိုက်၏။

"ဘာမေးမှာလဲ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"သူဟာ ခင်ဗျားသမီးရဲ့အလောင်းကို ပထမဆုံးမြင်တဲ့လူ၊ ပြီးတော့ သူက အလောင်းကောင်သတ်တာလို့ ပြောတယ်၊ ဒီတော့ သူမြင်တာ သိတာရှိဦးမယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဘာမှပြန်မပြောတော့ပါ။

သူသည် လေသာဆောင်ဘက်သို့ ထွက်သွားပြီး အောက်၌ ရှိနေသော သိုင်းသမားများထဲမှ တစ်ယောက်ကို လှမ်း၍ အမိန့်ပေးလိုက်လေတော့၏။

✹



ဖုန်းကျားကျေးရွာမှ အလုပ်သမားများသည် ထန်ယန့်ရှာ၏ ခြံဝင်းထဲ၌ ဝင်ထွက်သွားလာကြသော်လည်း သူတို့သည် ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံထဲသို့ ဝင်ထွက်သွားလာခြင်း မရှိပါ။

သူတို့သည် ထိုအဆောက်အအုံသို့ အရေးကိစ္စမရှိလျှင် ခြေဦးပင်မလှည့်ကြပါ။ ယခု ရှောင်ရှမ်းသည် ထိုအခန်းထဲသို့ ရောက်ရှိနေပြီဖြစ်၏။

သူမသည် ဤခြံဝင်းအတွင်း၌ မလာချင်ဆုံးသောနေရာကို ရောက်ရှိလာခဲ့ရပြီဖြစ်၏။ သူမသည် ချိန်ယိစန်း၏ရှေ့၌ ရိုရိုကလေး ရပ်နေ၏။

ချိန်ယိစန်းက သူမကို အတန်ကြာအောင် စူးစိုက်ကြည့်ပြီး

"မင်းနာမည် ရှောင်ရှမ်း ... ဟုတ်လား"

ဟုမေးလိုက်၏။ ရှောင်ရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"မင်းက ကျင်းဝါရဲ့အဖော် ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရှမ်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဒါဆို ကျင်းဝါ ဒီကိုလာတော့ မင်း ပါလာတယ် မဟုတ်လား"

ဟု မေးလိုက်၏။ ရှောင်ရှမ်းက ဦးခေါင်းခါယမ်းပြကာ ...

"မပါပါဘူး"

ချိန်ယိစန်းက မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်းက သူ့ရဲ့အဖော်ပဲ ... ဘာဖြစ်လို့ မင်းမပါရတာလဲ"

ဟု မေးလိုက်၏။ ချိန်ယိစန်း၏ ခပ်မာမာမေးလိုက်သော စကားသံကြောင့် ရှောင်ရှမ်း၏ခန္ဓာကိုယ်သည် တစ်ချက်မျှ တုန်ခါသွားပြီး ...

"သ သခင်မလေးက ကျွန်မကို မောင်းထုတ်လို့ပါ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"ဒါဆို သခင်မလေးသေတာကို မင်းက ဘာဖြစ်လို့ သိရတာလဲ"

ဟု မေးလိုက်၏။



ရှောင်ရှမ်းက ထန်ယန့်ရှာကို တစ်လှည့် ကုန်းစွန်းယို့ကို တစ်လှည့် ကြည့်ပြီးမှ ...

"သခင်မလေးနောက်ကို ဖန်စင်းလိုက်သွားလို့ပါ"

ဟု ပြောလိုက်၏။ ရှောင်ရှမ်း၏စကားကြောင့် ထန်ယန့်ရှာ၏ မျက်လုံးများသည် ဝင်းလက်၍သွား၏။ ချိန်ယိစန်းကပြုံးကာ ထန်ယန့်ရှာကို လှည့်ကြည့်ပြီး ...

"ဖန်စင်းဆိုတာ ဘယ်သူလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ...

"ကျုပ်အလုပ်သမားတစ်ယောက်ပါ"

ဟုပြောလိုက်၏။ ချိန်ယိစန်းက ဦးခေါင်းညိတ်ပြီး ရှောင်ရှမ်းဘက်သို့ ပြန်လှည့်ကာ ...

"ကဲ ... ဆက်ပြောပါဦး"

ဟု ပြောလိုက်၏။ ရှောင်ရှမ်းက တံတွေးတစ်ချက် မျိုလိုက်ပြီး ...

"ကျွန်မလည်း သခင်မလေးကို စိတ်မချလို့ နောက်ကလိုက်သွားတယ်"

*ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...*

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ … နောက် ဘာဖြစ်သေးလဲ"

ရှောင်ရှမ်းက ဦးခေါင်းခါယမ်းကာ …

"လမ်းတစ်ဝက်လောက်ကျတော့ သခင်မလေးရဲ့အော်သံကြားရတယ်၊ ဒါနဲ့ ကျွန်မလည်း ပြေးသွားတော့ သခင်မလေးဟာ အပေါ်ထပ် လေသာဆောင်ကနေ ပြုတ်ကျလာတာ တွေ့ရပါတယ်၊ ဒါပေမဲ့ သခင်မလေးရဲ့အနားကိုရောက်တော့ သခင်မလေး သေသွားပါပြီ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက မျက်မှောင်ကြုတ်လျက် …

"ဖန်စင်းကိုရော တွေ့သေးလား"

ရှောင်ရှမ်းက ဦးခေါင်းခါယမ်းပြလိုက်ပြီး …

"မတွေ့ဘူး … ဒါပေမဲ့"

ရှောင်ရှမ်း၏စကားကြောင့် ချိန်ယိစန်းသည် မျက်မှောင်ကြုတ်သွားပြီး …

"ဒါပေမဲ့ ဘာဖြစ်လဲ"

ဟု မေးလိုက်၏။ ရှောင်ရှမ်းက ထိတ်လန့်တုန်လှုပ်စွာ ကုန်းစွန်းယို့ကို ကြည့်လိုက်ပြီး …



"ဟို ဟို … အပေါ်ထပ်ကို ကျွန်မမော့ကြည့်လိုက်တော့ ကျွန်မကို ငုံ့ကြည့်နေတဲ့ အရိုးစုကို တွေ့လိုက်ရတယ်၊ ဒါနဲ့ ကျွန်မလည်း ကြောက်လန့်ပြီး ထွက်ပြေးလာခဲ့တာပါ"

ဟု ပြောလိုက်၏။ ရှောင်ရှမ်း၏စကားကြောင့် ချိန်ယိစန်းနှင့် ထန်ယန့်ရှာတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်လှမ်း၍ ကြည့်လိုက်မိလေတော့သည်။

ထန်ယန့်ရှာသည် ရုတ်တရက် ထိုင်ရာမှထကာ အခန်းထဲမှ ထွက်သွား၏။ ချိန်ယိစန်းက ရှောင်ရှမ်းကို ပြုံးပြလိုက်ပြီး …

"ကိုင်း … ညည်းသွားနိုင်ပြီ"

ဟုပြောလိုက်၏။ ရှောင်ရှမ်းသည် ချိန်ယိစန်း၏စကား ဆုံးသည်နှင့် အခန်းထဲမှ ထွက်သွားလေတော့၏။ မကြာမီ အခန်းထဲသို့ ထန်ယန့်ရှာ ဝင်ရောက်လာ၏။ သူ၏မျက်နှာမှာမည်းမှောင်၍ မှုန်ကုပ်နေ၏။

သူသည် အခန်းထဲသို့ရောက်သည်နှင့် ချိန်ယိစန်းကိုကြည့်ကာ …

"လောလောဆယ် ဖန်စင်းမရှိဘူး၊ မပူပါနဲ့ … ကျွန်ုပ်လူတွေ လွှတ်ပြီး ရှာခိုင်းထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ချိန်ယိစန်းက ထန်ယန့်ရှာကို ပြုံးပြလိုက်ပြီး ...

"ကျုပ်ပြောခဲ့တဲ့စကားကို ခင်ဗျားမှတ်မိသေးလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ရင်း ...

"ဘာများလဲ ... ကျုပ်မမှတ်မိတော့ဘူး"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"အရိုးစုက အသက်ဝင်လာပြီး လူသတ်ရင် ကျုပ်တို့ ဘာလုပ်ကြမလဲ"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"သြော် ... ဟုတ်ပြီ ကျုပ်မှတ်မိပြီ၊ ဒီအတွက် မပူပါနဲ့တော့၊ ကျုပ် ရှာကိုသတိပေးထားပြီးပြီ၊ ပြီးတော့လည်း ဒီအရိုးစု လူသတ်ကောင်ကို သုတ်သင်ဖို့ လူလွှတ်ထားပြီးပြီ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံး၍ ဦးခေါင်းညိတ်ကာ

"ဟုတ်ပြီ ... တကယ်လို့ အရိုးစုက ပြန်ရှင်မလာဘူး၊ လူမသတ်ဘူးဆိုရင် ကျုပ်တို့ဘာလုပ်ကြမလဲ"



ဟု မေးလိုက်၏။ ချိန်ယိစန်း၏စကားကြောင့် ထန်ယန့်ရှာသည် ဘာမျှ နားမလည်ဟန်ဖြင့် ချိန်ယိစန်းကို မျက်လုံးပြူး၍ ကြည့်လိုက်မိလေတော့သည်။

ထန်ယန့်ရှာသည် ချိန်ယိစန်းကို မျက်လုံးပြူး၍ အတန်ကြာအောင် ကြည့်နေပြီးမှ ဦးခေါင်းတစ်ချက်ခါယမ်းကာ ...

"ကျုပ် ဘာမှ နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဒီလိုလေ ... အရိုးစုက အသက်ဝင်လာပြီး လူသတ်ခဲ့ရင် ကျုပ်တို့လုပ်စရာရှိတာ လုပ်ပြီးပြီ၊ တကယ်လို့များ အရိုးစုက အသက်ပြန်ရှင်မလာဘူး၊ လူလည်းမသတ်ဘူးဆိုရင် ကျုပ်တို့ ဘာလုပ်ရင် ကောင်းမလဲလို့ မေးတာ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းစကားကြောင့် ထန်ယန့်ရှာ၏ မျက်လုံးများသည် အရောင်တောက်လာပြီး ...

"ဒါကြောင့် ခင်ဗျားပြောချင်တာက"

ဟု စကားကို ဆက်၍မပြောဘဲ ရပ်တန့်ထားလိုက်၏။ ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... အရိုးစုက လူမသတ်ဘူးဆိုရင် ကျင်းဝါကို သတ်တဲ့လူ ရှိရမယ်၊ ဘာဖြစ်လို့သတ်ရတယ်ဆိုတဲ့အကြောင်း ရှိရမယ်"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက သက်ပြင်းချကာ ...

"ဒါဆို ကျုပ်တို့ ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်၏။

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဒီကိစ္စက ခေါင်းတလားသုံးလုံးကစတာ၊ ဒီတော့ ခေါင်းတလားသုံးလုံးကပဲ ပြန်ပြီးစရလိမ့်မယ်"

ဟု ပြောလိုက်လေတော့သည်။

❋ ❋ ❋



အခန်း (၃၁)

ခေါင်းတလားသုံးလုံး ...။

နံရံ၌ ထောင်ထားသော ခေါင်းတလားသုံးလုံး။

ချိန်ယိစန်းသည် ခေါင်းတလားသုံးလုံးကို သေချာစွာကြည့်နေ၏။

သူသည် အတန်ကြာအောင် ခေါင်းတလားများကို စူးစိုက်ကြည့်ပြီးနောက် မျက်မှောင်ကြုတ်ကာ ကုန်းစွန်းယို့ကို လှမ်းကြည့်လိုက်၏။

"ဒီခေါင်းတလားတွေကို ဘယ်သူဖွင့်တာလဲ"

ဟုမေးလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းညိတ်ပြရင်း ...

"ကျွန်တော်ဖွင့်တာပါ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ဦးခေါင်းကို တဆတ်ဆတ် ညိတ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတလားရဲ့အဖုံးက အတော်ကျပ်နေလို့လား"

ဟု မေးလိုက်၏။ ချိန်ယီစန်း၏အမေးကြောင့် ကုန်းစွန်းယို့က နားမလည်ဟန်ဖြင့် ...

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။ ချိန်ယီစန်းက ပြုံးကာ ...

"ခင်ဗျားက ခေါင်းတလားအဖုံးကို ခပ်ကြမ်းကြမ်းဖွင့်လိုက်သလားလို့ မေးတာပါ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းပြလိုက်ပြီး ...

"ကျွန်တော် ခပ်ကြမ်းကြမ်းမဖွင့်ပါဘူး"

ဟု ပြန်ပြောလိုက်၏။ ချိန်ယီစန်းက ပြုံးကာ ...

"ဒါဆို ဒီအခေါင်းတွေကို တစ်ယောက်ယောက်က အရင်ဖွင့်ခဲ့လိမ့်မယ်"

ဟု ပြောလိုက်၏။ ထို့နောက် ချိန်ယီစန်းက ခေါင်းတလား၏ နှုတ်ခမ်းသားတစ်နေရာကို ညွှန်ပြရင်း ...

"ဟောဒီမှာတွေ့လား၊ ကမန်းကတန်းနဲ့ အတင်းဆွဲဖွင့်ထားတာ"



ဟု ပြောလိုက်၏။ ထန်ယန်ရှန်က ချိန်ယီစန်းညွှန်ပြရာသို့ ကြည့်လိုက်သည်။ ထိုနေရာ၌ သစ်သားအနည်းငယ် ပွန်းပဲ့နေသည်ကို တွေ့ရသည်။ ချိန်ယီစန်းက ကုန်းစွန်းယို့ကို ကြည့်ပြီး ...

"ခင်ဗျား အခေါင်းကို ဘာနဲ့ကော်ပြီး ဖွင့်သလဲ"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ...

"သံတူရွင်းနဲ့ပါ"

ချိန်ယီစန်းက ပြုံးကာ ...

"ခင်ဗျားအရင်ဖွင့်တဲ့လူက ဓားနဲ့ကော်ပြီး ဖွင့်ခဲ့ရတယ်၊ ပြီးတော့ အဲဒီလူက ခေါင်းနှစ်လုံးပဲ ဖွင့်ခဲ့တာဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီအလယ်က ခေါင်းတလားမှာ သံတူရွင်းရာပဲရှိတယ်၊ ကျန်တဲ့ ခေါင်းတလားနှစ်လုံးကို အတင်းဆွဲဖွင့်ထားတဲ့အရာ မတွေ့ရဘူး"

ဟု ပြောလိုက်သည်။ ချိန်ယီစန်း၏စကားဆုံးသည်နှင့် ထန်ယန်ရှန်က မိမိ၏အနီး၌ရပ်နေသော ဖုန်ကျားကျေးရွာ၏ သိုင်းသမားတစ်ယောက်ကို ကြည့်ကာ ...

"အာချန်းနဲ့အကျီးကို တွေ့အောင်ရှာပြီး ခေါ်ခဲ့၊ ကြားလား ... မြန်မြန်လာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်လေတော့သည်။ ချိန်ယိစန်းသည် ခေါင်းတလားများကို တစ်လက်မချင်း အသေးစိတ်ကြည့်နေသည်။ သူသည် ခေါင်းတလားများကို ကြည့်ရင်း ဦးခေါင်းတစ်ဆတ်ဆတ် ညိတ်နေ၏။

အတန်ကြာသောအခါ ချိန်ယိစန်းသည် အလယ်၌ရှိသော ခေါင်းတလားထဲ သူ့လက်နှိုက်ကာ ကောက်ယူရင်း ...

'ထန်ယန့်ရှာ၊ ကျင်းဝါက လက်နက်ပုန်းပစ်တတ်သလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ကျုပ်သမီးက ငယ်ငယ်ကတည်းကကျန်းမာရေးမကောင်းလို့ သိုင်းပညာကို ထူးချွန်အောင် သင်မပေးနိုင်ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်အောင် လက်နက်ပုန်း ပစ်နည်းပဲ သင်ပေးခဲ့ရတယ်"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက လက်ထဲမှပစ္စည်းကို ထောင်ပြလိုက်ရင်း ...

"ဒီပစ္စည်းကို ခင်ဗျားသိမလား"

ဟု မေးလိုက်၏။ ထန်ယန့်ရှာက ချိန်ယိစန်း၏လက်ထဲမှ



ပစ္စည်းကို လှမ်း၍ ကြည့်လိုက်သည်။ ချိန်ယိစန်း၏လက်ထဲမှ ပစ္စည်းသည် အချွန်ငါးခုပါသော ကြယ်ပုံသဏ္ဍာန် လက်နက်ပုန်းဖြစ်၏။

ထန်ယန့်ရှာက ချိန်ယိစန်း၏လက်ထဲမှ ထိုပစ္စည်းကိုကြည့်ပြီး အလွန်အံ့ဩသောလေသံဖြင့် ...

"ဒါ ကျုပ်သမီးရဲ့ လက်နက်ပုန်းပဲ"

ဟု ပြောလိုက်၏။

ချိန်ယိစန်းက ဦးခေါင်းညိတ်လိုက်ပြီး ...

"အတော် အဆိပ်ပြင်းတဲ့ လက်နက်ပုန်းပဲ"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ —

"ဟုတ်ပါတယ်၊ သူ့အတွက် ကျုပ်ကိုယ်တိုင် လုပ်ပေးထားတာပါ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"အင်း ... ထူးဆန်းတယ်"

ဟု ရေရွတ်လိုက်၏။ ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ

"ဘာထူးဆန်းတာလဲ"

ဟု မေးလိုက်၏။ ချိန်ယိစန်းက ပြုံး၍ ...

"ကျင်းဝါက ဘာဖြစ်လို့ လက်နက်ပုန်းနဲ့ပစ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

ချိန်ယိစန်း၏အမေးကြောင့် ထန်ယန့်ရှာသည် မျက်လုံးပြူး သွားပြီး ကုန်းစွန်းယို့ကို လှမ်းကြည့်လိုက်၏။ ကုန်းစွန်းယို့သည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် လေသာဆောင်သို့ ပြေးထွက်သွား၏။

ထို့နောက် ...

သူက အခန်းထဲသို့ လှမ်း၍ ...

"ဟောဒီမှာ တွေ့ပြီ"

ဟု အော်ပြောလိုက်လေတော့၏။

လေသာဆောင်၌ အရိုးစုရှိနေ၏။ အရိုးစုသည် လေသာဆောင်၏ လက်ရန်းကို မှီ၍ရပ်နေ၏။ ထိုအရိုးစု၏ လက်နှင့်ခြေထောက်များတွင် ကြယ်သဏ္ဌာန် လက်နက်ပုန်း လေးခုငါးခုခန့် စိုက်ပင်နေ၏။

ကုန်းစွန်းယို့သည် ပြုံးလိုက်ပြီး ...

"ကျင်းဝါက ဒီအခန်းထဲကို ရောက်လာလိမ့်မယ်၊ သူက သေတဲ့လူ ပြန်ရှင်လာမယ်ဆိုတာ မယုံလို့ အခေါင်းကို ဖွင့်ကြည့်ဖြစ်မယ်၊ ဒီအချိန်မှာ ကျွန်တော်က အရိုးစုတွေကို ဆေးတိုက်ထားတော့ အရိုးစုတွေက အသက်ဝင်ပြီး ကျင်းဝါကို ခုန်အုပ်လိုက်မယ်၊ အဲဒီအခါမှာ ကျင်းဝါက ကြောက်လန့်တကြားနဲ့ နောက်ကိုခုန်ဆုတ်ရင်း လက်နက်ပုန်းနဲ့ ပစ်လိုက်တာဖြစ်မယ်၊ ဒါပေမဲ့ ကျင်းဝါက အရှိန်လွန်ပြီး ဒီအပေါ်ကအောက်ကို ပြုတ်ကျသွားတာဖြစ်မယ်"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က ရှည်လျားစွာ ရှင်းပြနေသည်ကို ချိန်ယိစန်းနှင့် ထန်ယန့်ရှာက ငြိမ်သက်စွာ နားထောင်နေ၏။

ကုန်းစွန်းယို့က သူ၏စကားကို အဆုံးသတ်လိုက်သောအခါမှ ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်တယ် ... မင်းပြောသလို ဖြစ်နိုင်တယ်"

ဟု ပြောလိုက်၏။ ပြီးမှ ချိန်ယိစန်းက ထန်ယန့်ရှာကို လှမ်းကြည့်ပြီး ...

"ခင်ဗျားသမီးက အတော်သတ္တိကောင်းတဲ့ မိန်းကလေးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဘာကိုမှ အကြောက်အလန့် မရှိဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ...

"ဒီတစ်ခါတော့ မိတ်ဆွေကြီးမှားသွားပြီ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက မျက်ခုံးပင့်ကာ ...

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ ထန်ယန့်ရှာက ဦးခေါင်းခါယမ်းကာ ...

"ကျုပ်သမီးက သိပ်ပြီးကြောက်လန့်တတ်တဲ့ မိန်းကလေးဗျ။ ဘာဖြစ်လို့ အခုလို မကြောက်မလန့်ဘဲ ဒီအခေါင်းတွေကို လာပြီးဖွင့်တယ်ဆိုတာ စဉ်းစားလို့ မရဘူး"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာ၏စကားကြောင့် ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဟုတ်တယ် ... ကျင်းဝါက ဘာဖြစ်လို့ ဒီအခေါင်းတွေကို လာ ပြီး ဖွင့်ကြည့်ရတာလဲ"

ကုန်းစွန်းယို့က ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ကျင်းဝါက လူသေကို အသက်ပြန်ရှင်အောင် လုပ်နိုင်တယ်ဆိုတာ မယုံလို့ လာပြီးဖွင့်ကြည့်တာ မဖြစ်နိုင်ဘူးလား"

ဟု ဝင်ရောက်၍ပြောလိုက်၏။ ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...

"ဖြစ်နိုင်ပါတယ်၊ ဒါထက် စကားမစပ် သူဟာ ဒီအခန်းကို ခဏခဏလာဖူးလား"

ဟု မေးလိုက်၏။

ထန်ယန့်ရှာက ဦးခေါင်းယမ်းလိုက်ပြီး ...



"သမီးက ဒီအခန်းထဲကို တစ်နှစ်နေလို့ တစ်ခေါက်တောင် ရောက်ချင်မှ ရောက်တာ၊ ကျုပ်က အရေးကြီးလို့ ကုန်းစွန်းယို့ကို သွားခေါ်ခိုင်းရင်တောင် သူ တခြားလူကိုခိုင်းလိုက်တာ"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"အင်း ... ... တစ်နှစ်နေလို့ တစ်ခေါက်တောင် ရောက်ချင်မှ ရောက်တဲ့ မိန်းကလေးက ဘာဖြစ်လို့ အဖော်မပါ ဘာမပါဘဲ ဒီနေရာကို တစ်ယောက်တည်းလာရတာလဲ"

ဟု မေးလိုက်၏။ ချိန်ယိစန်း၏အမေးကို မည်သူမျှ ပြန်လည် ဖြေကြားခြင်းမပြုပါ။ ထိုမေးခွန်းအတွက် ထန်ယန့်ရှာ၌အဖြေမရှိပါ။ ကုန်းစွန်းယို့ကလည်း ပါးစပ်ပိတ်ထား၏။ ထိုစဉ် အခန်းထဲသို့ လူတစ်စု ဝင်ရောက်လာလေတော့၏။

ထိုလူစုသည် ဖုန်ကျားကျေးရွာမှ ထန်ယန့်ရှာ၏ လက်ရွေးစင်သိုင်းသမားများပင် ဖြစ်၏။ သူတို့သည် ခန္ဓာကိုယ်ထွားကျိုင်းသော လူငယ်တစ်ယောက်ကို ဝိုင်းချုပ်၍ ဆွဲခေါ်လာခြင်းဖြစ်၏။

ထိုလူငယ်သည် ဆံပင်များဖွာဆန်ကြဲနေပြီး အဝတ်အစားများကလည်း ဖိုသီဖတ်သီဖြင့် ဖရိုဖရဲဖြစ်နေ၏။ ထို့ပြင် ထိုလူငယ်သည် အလွန်အရက်မူးနေကြောင်းကိုလည်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယန့်ရှာ၏ လက်ရွေးစင်များက ထိုလူငယ်ကို ထန်ယန့်ရှာ၏ရှေ့သို့ ဆွဲခေါ်လာ၏။ ထိုလူငယ်သည် ထန်ယန့်ရှာ၏ရှေ့သို့ ရောက်သောအခါ ကြမ်းပေါ်သို့ ဒူးထောက်လိုက်၏။

ထန်ယန့်ရှာက ချိန်ယီစန်းကို လှမ်းကြည့်ပြီး ...

"ဖန်စင်းဆိုတာ သူပဲ"

ဟုပြောလိုက်၏။ ချိန်ယီစန်းက ဖန်စင်းကို တစ်ချက်လှမ်းကြည့်လိုက်၏။ သို့သော် သူက ဘာမျှမပြောပါ။ ထန်ယန့်ရှာက ဖန်စင်းကို စူးစိုက်ကြည့်ပြီး ...

"ဖန်စင်း"

ဟုခေါ်လိုက်၏။ ဖန်စင်းက ဦးခေါင်းငုံ့ထား၏။ ထန်ယန့်ရှာက မျက်မှောင်ကြုတ်ရင်း ...

"ဖန်စင်း ... မင်း သခင်မလေးအကြောင်းကို သိပြီးပြီလား"

ဟု မေးလိုက်၏။

"ဟုတ်ကဲ့ သိပြီးပါပြီ"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက သက်ပြင်းချလိုက်ပြီး ...

"ကောင်းပြီ ... ဒါဆိုရင် မင်းကို ငါမေးမယ် ... မင်း မှန်မှန်ဖြေ"



ဟု ပြောလိုက်၏။ ဖန်စင်းက ဘာမျှ ပြန်မပြောပါ။ ထန်ယန့်ရှာက ...

"ဒီနေ့ မင်းက ဘာဖြစ်လို့ သခင်မလေးကို တွေ့ရတာလဲ"

ဟု မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းညိတ်ကာ ...

"လူတစ်ယောက်အကြောင်း မေးမလို့ပါ"

ဟု ပြောလိုက်၏။ ဖန်စင်း၏အကြောင်း ထန်ယန့်ရှာသည် မျက်မှောင်ကြုတ်သွားပြီး ...

"ဘယ်သူလဲ"

ဟု မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းငုံ့လျက် ...

"ကျူးစင်း"

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"ကျူးစင်း ... ဟုတ်လား"

ဟု ထပ်၍ မေးလိုက်၏။ ဖန်စင်းက ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"ကျူးစင်းအကြောင်း ဘာမေးမလို့လဲ"

ဟု ထပ်၍မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းငုံ့လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ညက သူ ပြန်မလာလို့ပါ"

ဖန်စင်း၏စကားကြောင့် ထန်ယန့်ရှာသည် မျက်မှောင်ကြုတ်သွားပြီး ...

"ကျူးစင်းပြန်မလာတာနဲ့ ငါ့သမီးက ဘယ်လိုလုပ်ပြီးသိမှာလဲ"

ဟု ပြောလိုက်၏။ ဖန်စင်းက သက်ပြင်းချလိုက်ပြီး ကုန်းစွန်းယို့ကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ ...

"မနေ့ညက သခင်မလေးနဲ့တွေ့ဖို့ ကျူးစင်း ထွက်သွားတာ မိုးလင်းတဲ့အထိ ပြန်မလာလို့ပါ"

ဟု ပြောလိုက်၏။ ဖန်စင်း၏စကားကြောင့် ထန်ယန့်ရှာ၏ မျက်နှာသည် မည်းမှောင်၍သွား၏။ ကုန်းစွန်းယို့က မျက်လုံးပြူးကျယ်သွားပြီး ...

"ဟော့ကောင် ... မင်း ဘာပြောတယ်"

ဟု ဝင်ရောက်၍ ပြောလိုက်၏။ ထန်ယန့်ရှာက ဖန်စင်း၏ မျက်နှာကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ပြီး ...

"မင်း မူးပြီး လျှောက်ပြောမနေနဲ့"



ဟု ပြောလိုက်၏။ ဖန်စင်းက ထန်ယန့်ရှာ၏ လက်ဝါးစာ မိသွားသောပါးကို လက်ဖြင့်ပွတ်ရင်း ...

"ကျုပ် အမှန်ပြောတာ၊ မယုံရင် တစ်ရွာလုံးမေးကြည့်"

ဟု ပြောလိုက်၏။ ဖန်စင်း၏စကားကြောင့် ကုန်စွန်းယို့က ရှေ့သို့ ထွက်လာပြီး ဖန်စင်းအနီးသို့ ချဉ်းကပ်လာ၏။ သို့သော် ချိန်ယိစန်းက လှမ်း၍တားလိုက်ပြီး ...

"ဖန်စင်း ... ဒီကိုလာစမ်း"

ဟု ပြောလိုက်၏။ ထန်ယန့်ရှာက မေးကြောများထောင်လာသည်အထိ အံကိုကြိတ်လိုက်ပြီးမှ ...

"ဖန်စင်း ... မင်း လိမ်ပြောလို့ကတော့ မင်းရဲ့လျှာကို ငါ ဖြတ်ပစ်မယ်"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ထန်ယန့်ရှာကို လက်ကာပြလိုက်ပြီး ...

"မိတ်ဆွေကြီး စိတ်အေးအေးထားပါ"

ဟုပြောကာ ဖန်စင်း၏လက်မောင်းကိုကိုင်၍ အခန်း၏ ပြတင်းပေါက်အနီးသို့ ခေါ်သွား၏။ ချိန်ယိစန်းက ဖန်စင်းကို ပြုံးပြ လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းထဲကို မင်းရောက်ခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ကျွန်တော်"

သို့သော် ဖန်စင်းသည် စကားကိုဆုံးအောင် မပြောနိုင်တော့ပါ။ သူသည် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်၏။ အဘယ်ကြောင့်ဆိုသော် ပြတင်းပေါက်အနီး၌ သူ၏ခြေရာများကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။

✵

ဖန်စင်းသည် အမူးပြေသွားပြီဖြစ်၏။ ချိန်ယီစန်းက ဖန်စင်းကို စူးစိုက်ကြည့်ပြီး ...

"မင်း ဒီနေရာမှာ ပုန်းနေခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ် ဟုတ်ပါတယ်"

ဟု ပြောလိုက်၏။



ဖန်စင်း၏စကားကြောင့် ထန်ယန့်ရှာသည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်ကာ ...

"မင်း ... မင်း ငါ့သမီးကို သတ်တယ်"

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်၏။ ချိန်ယီစန်း၊ ထန်ယန့်ရှာကို လက်ကာပြလိုက်ပြီး ...

"ဒီမှာ ဖန်စင်း ... မင်း မသတ်ဘူးဆိုရင် ဘယ်သူသတ်သလဲ"

ဟု မေးလိုက်၏။

ဖန်စင်းက ချိန်ယီစန်းကိုတစ်လှည့် ထန်ယန့်ရှာကိုတစ်လှည့် ကြည့်ပြီးနောက် ကုန်းစွန်းယို့ကို ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး ...

"ဟို ဟို ... အရီး အရီးစုသတ်တာပါ"

ဟု ပြောလိုက်လေတော့၏။

✵

www.burmeseclassic.com

www.burmeseclassic.com



ဖန်စင်း၏စကားကြောင့် အခန်းထဲ၌ရှိသော လူအားလုံးသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ဖန်စင်းကို ဝိုင်း၍ ကြည့်လိုက်ကြ၏။

အတန်ကြာမှ ထန်ယန့်ရှာက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး"

ကုန်းစွန်းယို့က ဖန်စင်းကို မျက်လုံးပြူး၍ ကြည့်ရင်း ...

"မင်း မင်း တွေ့လိုက်လို့လား"

ဟု မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းညိတ်တာ ...

"ဟုတ် ဟုတ်ကဲ့ ... တွေ့လိုက်ပါတယ်"

ထန်ယန့်ရှာက သက်ပြင်းချကာ ...

"ကောင်းပြီ ... မင်းတွေ့ခဲ့တာကို ပြန်ပြောပြစမ်း"

ဖန်စင်းသည် တံတွေးတစ်ချက် မျိုချလိုက်ပြီး ...

"ကျွန်တော်က သခင်မလေးနောက်ကိုလိုက်ပြီး ကျူးစင်းအကြောင်းမေးတော့ သခင်မလေးက မသိဘူးလို့ပြောပြီး ကျွန်တော့်ကို မောင်းထုတ်လိုက်ပါတယ်"

ဖန်စင်း၏မျက်နှာပေါ်၌ ထိတ်လန့်တုန်လှုပ်သည့်အမူအရာပေါ်လာ၏။ သူက တံတွေးကို တစ်ချက်မျိုချလိုက်ပြီး ...



"ခေါင်းတလားရဲ့အဖုံးလည်း ပွင့်သွားရော ခေါင်းတလားထဲက အရိုးစုက သခင်မလေးကို ခုန်အုပ်လိုက်ပါတယ်၊ သခင်မလေးကလည်း အလန့်တကြားအော်ပြီး နောက်ကို ခုန်ဆုတ်သွားပါတယ်၊ တစ်ချိန်တည်းမှာပဲ သခင်မလေးက အရိုးစုကို လက်နက်ပုန်းနဲ့ပစ်ပါတယ်"

ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...

"နောက် ဘာဖြစ်သေးလဲ"

ဟု မေးလိုက်၏။ ဖန်စင်းက တုန်ယင်သောလေသံဖြင့် ...

"ကျွန်တော်က သခင်လေးတို့ လူသေကိုအသက်ပြန်သွင်းမယ် ဆိုတာကိုကြားထားပါတယ်၊ ဒါကြောင့် ကျွန်တော်လည်း ကြောက်လန့်တကြားနဲ့ ပြတင်းပေါက်ပေါ်က ခုန်ချပြီး ထွက်ပြေးခဲ့ပါတယ်"

ဖန်စင်းစကားအဆုံး၌ ထန်ယန့်ရှာက သက်ပြင်းချလိုက်ပြီး

"မင်းပြောတာ အမှန်တွေပဲလား"

ဟု မေးလိုက်၏။ ဖန်စင်းက လက်နှစ်ဖက်ကို ဆုပ်၍ ထန်ယန့်ရှာ ရှေ့၌ ဒူးထောက်လိုက်ပြီး ...

"ကျွန်တော် သခင်ကြီးကို လိမ်မပြောဝံ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယိစန်းက ဖန်စင်းကို ပြုံးလိုက်ပြီး ...

"မင်း အမှန်ပြောတယ်ဆိုတာ ငါယုံပါတယ်၊ ဒါထက် နေပါဦး၊ မင်းက အဲဒီအချိန်ကစပြီး အရက်သောက်နေတာလား"

ဟု မေးလိုက်၏။ ဖန်စင်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ် ဟုတ်ပါတယ်၊ ကျွန်တော်လည်း ကြောက်လွန်းလို့ အရက်ကို ဖိသောက်နေတာပါ"

ချိန်ယိစန်းက ထန်ယန့်ရှာကို ပြုံးပြလိုက်ပြီး ...

"ဒီသူငယ်က အမှန်အတိုင်းပြောနေတာ၊ သူက လူမသတ်ဘူးလို့ ကျုပ်ယုံတယ်"

ထန်ယန့်ရှာက သက်ပြင်းချလိုက်ပြီး ဖန်စင်းကို လက်ဖွေ့ယမ်းပြလိုက်သည်။ ဖန်စင်းသည် ဝမ်းသာအားရဖြစ်ကာ ထန်ယန့်ရှာကို အကြိမ်ကြိမ် ဦးညွှတ်ပြီးနောက် အခန်းထဲမှ သုတ်သီးသုတ်ပျာဖြင့် ထွက်သွားလေတော့၏။ ဖန်စင်း ထွက်သွားပြီးနောက် ထန်ယန့်ရှာက

"ဒါဆို အရိုးစုက တကယ်ပဲ လူသတ်နေပြီလား"

ဟု ချိန်ယိစန်းကို မေးလိုက်၏။ ချိန်ယိစန်းက တစ်စုံတစ်ခုကို အတန်ကြာအောင် စဉ်းစားနေပြီးမှ ကုန်းစွန်းယို့ကို လှမ်းကြည့်လိုက်ရင်း ...



"ကုန်းစွန်းယို့"

ဟု ခေါ်လိုက်၏။ ချိန်ယိစန်း၏ခေါ်သံကြောင့် ကုန်းစွန်းယို့က ချိန်ယိစန်းကို လှည့်၍ကြည့်လိုက်၏။ ချိန်ယိစန်းက ကုန်းစွန်းယို့ကို ပြုံးပြလိုက်ပြီး ...

"မင်းရဲ့ အရိုးစုက အသက်ပြန်ရှင်ပြီး လူသတ်တယ်ဆိုတာ ယုံကြည်လား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ဘာမှ ပြန်မပြောပါ။ ချိန်ယိစန်းက ပြုံးရင်း ...

"ကျုပ်ဘဝမှာတော့ တစ်ခါမှ မကြားဖူးဘူး၊ မကြုံဖူးတဲ့ ကိစ္စပဲ"

ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းချကာ ...

"ဟုတ်ပါတယ်၊ အဖြစ်အပျက်က သိပ်ပြီးထူးဆန်းနေပါတယ်"

ဟု ပြန်ပြောလိုက်၏။ ချိန်ယိစန်းက ပြုံး၍ ဦးခေါင်းခါယမ်းကာ ...

"ကျုပ်ကတော့ အရိုးစုက အသက်ပြန်ရှင်ပြီး လူသတ်တယ် ဆိုတာ မဖြစ်နိုင်ဘူးလို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ကုန်းစွန်းယို့က သက်ပြင်းချလိုက်ပြီး ...

"ဒါပေမဲ့ အခုကိစ္စမှာ အခြေအနေအရပ်ရပ်ကို ပြန်ပြီး စဉ်းစားကြည့်မယ်ဆိုရင် အရိုးစုက လူသတ်တယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ မပြောနိုင်အောင်ဖြစ်နေတယ်"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"မဖြစ်နိုင်တဲ့ကိစ္စကို ဖြစ်နိုင်တယ်လို့ထင်အောင် ဖန်တီးတာဆိုရင်ရော"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က ချိန်ယိစန်း၏စကားကို နားမလည်ဟန်ဖြင့် ...

"ဘာကိုပြောချင်တာလဲ"

ဟု ပြန်မေးလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"မင်း မျက်လှည့်ကြည့်ဖူးတယ် မဟုတ်လား"

ဟု မေးလိုက်၏။ ကုန်းစွန်းယို့က မျက်မှောင်ကြုတ်ရင်း...

"ကြည့်ဖူးပါတယ်"

ချိန်ယိစန်းကပြုံးကာ ...

"မျက်လှည့်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စကို ဖြစ်နိုင်တယ်လို့ ထင်အောင် ဖန်တီးပြတာပဲ မဟုတ်လား"



ကုန်းစွန်းယို့က ဦးခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုကိစ္စက မျက်လှည့်ထက် ပိုပြီး ထူးဆန်းနေပါတယ်"

ဟု ပြောလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"ဒါပေါ့။ ထူးဆန်းမှုရဲ့ လျှို့ဝှက်ချက်ကို ရှာမတွေ့သေးခင်မှာတော့ ထူးဆန်းနေမှာပေါ့"

ထန်ယန့်ရှာသည် ချိန်ယိစန်းနှင့် ကုန်းစွန်းယို့တို့ အပြန်အလှန် ပြောဆိုနေသည်ကို နားထောင်နေရာမှ ...

"ခင်ဗျားက ဘယ်လိုယူဆသလဲ"

ဟု ချိန်ယိစန်းကို မေးလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"အခုကိစ္စတွေဟာ အရိုးစုကလူသတ်တာ မဖြစ်နိုင်ဘူး တစ်စုံတစ်ယောက်က သေသေချာချာ အကွက်ချပြီး ဖန်တီးထားတဲ့ အကြံအစည် ဖြစ်လိမ့်မယ်"

ဟု ပြောလိုက်၏။ ချိန်ယိစန်း၏စကားကြောင့် ကုန်းစွန်းယို့က တောက်တစ်ချက် ပြင်းစွာခေါက်လိုက်ပြီး ...

"ဘယ်သူလဲ"

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယီစန်းက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး ...

"ဘယ်သူလဲဆိုတာတော့ ကျုပ်မသိသေးဘူး၊ ဒါပေမဲ့ ကျုပ်သိတော့မှာပါ"

ဟု ပြောလိုက်၏။ ထိုအချိန်တွင် တစ်ယောက်တစ်ခွန်း အငြင်းပွားသော အသံဖြင့် လူနှစ်ယောက်သည် အခန်းထဲသို့ ဝင်ရောက်လာလေတော့သည်။

ထိုလူနှစ်ယောက်သည် အာချန်းနှင့်အကွီးတို့ပင် ဖြစ်သည်မဟုတ်ပါလား။ အခန်းထဲသို့ ရောက်ရောက်ချင်း အာချန်းက အကွီးကို လက်ညှိုးထိုးပြကာ ...

"သခင်ကြီး ... သူ သူ့ကြောင့်၊ သူက ငွေပိုငွေလျှံ ရမယ်ဆိုလို့ပါ"

ဟု ပြောလိုက်၏။ အကွီးက လက်ကာပြကာ ...

"မဟုတ်ဘူး သခင်ကြီး၊ သူက လမ်းကြုံတာပဲဆိုလို့ ကျွန်တော်က ငွေပိုငွေလျှံရအောင် ဖန်တီးပေးတာပါ"

ဟု ပြောလိုက်၏။ ထို့နောက် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ယယ်ကျိုးယယ်နာဖော်၍ ပြစ်တင်ပြောဆိုနေကြ၏။



ထန်ယန့်ရှာသည် သူတို့နှစ်ယောက်ကို အတန်ကြာအောင် ကြည့်ပြီးမှ ...

"တိတ်စမ်း"

ဟု ဝေါက်လိုက်၏။

ထို့ကြောင့် အာချန်းနှင့်အကွီးတို့သည် ပါးစပ်ပိတ်သွားလေတော့၏။

ထန်ယန့်ရှာက အာချန်းနှင့်အကွီးကို စူးစိုက်၍ကြည့်ပြီး ...

"မင်းတို့ ခေါင်းသုံးလုံး သယ်လာတော့ လမ်းမှာ ဘာတွေ ဖြစ်ခဲ့လဲ"

ဟု တစ်ခွန်းချင်း မေးလိုက်၏။ ထန်ယန့်ရှာ၏မေးခွန်းအဆုံး၌ အာချန်းနှင့်အကွီးတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီးနောက် နှစ်ယောက်လုံး ဦးခေါင်းငုံ့သွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



အချွန်းက ထန်ယန့်ရှာကို မသိမ်ဝံ့ပါ။ အကွီးကလည်း ထန်ယန့်ရှာကို မညာဝံ့ပါ။

ထို့ကြောင့် အချွန်းနှင့်အကွီးတို့သည် ဟန်ကြူးမြို့၌ ကျီးကန်းနှင့် တွေ့ပုံမှစ၍ ရွှေနဂါးအာမခံဌာနမှလူများက ခေါင်းတလားများကို အတင်းဖွင့်ကြည့်ပုံ၊ နောက်ဆုံး ကျီးကန်းကို ခေါင်းတလား သွားရောက်ပို့ပေးခဲ့ပုံတို့ကို တစ်လုံးမကျန် ပြောပြလိုက်လေတော့သည်။

ထန်ယန့်ရှာသည် ချိန်ယိစန်းကို လှမ်း၍ကြည့်လိုက်၏။ ချိန်ယိစန်းက ထန်ယန့်ရှာကို ပြုံး၍ပြလိုက်၏။ ပြီးမှ ချိန်ယိစန်းက အချွန်းကိုကြည့်ကာ ...

"မင်းတို့ကို လမ်းကြုံပို့ခိုင်းတဲ့လူမှာ ငှက်လှောင်အိမ်ပါလား"

ဟု မေးလိုက်၏။ အချွန်းက ဦးခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ပါတယ်၊ ဒါပေမဲ့ သူက လှောင်အိမ်ထဲမှာ ဘာမှ တန်ဖိုးမရှိတဲ့ ကျီးကန်းကို ထည့်ထားတယ်"

ချိန်ယိစန်းက ပြုံးကာ ...

"ဟုတ်ပြီ၊ ကျုပ်က ဒါပဲသိချင်တာ"



ထန်ယန့်ရှာက ချိန်ယိစန်းကိုလှမ်းကြည့်၍ ...

"ဘယ်လိုလဲ တရားခံကိုတွေ့ဖို့ နီးစပ်ပြီလား"

ဟု မေးလိုက်၏။ ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"နီးစပ်ပါပြီ၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ တစ်ခုခုလိုနေသေးတယ်လို့ ထင်နေတယ်၊ ဆက်စပ်လို့မရသေးဘူး"

ထိုစဉ် ရုတ်တရက် သံချောင်းခေါက်သံ ပေါ်ထွက်လာလေတော့သည်။

"ဒေါင် ဒေါင် ဒေါင်"

သံချောင်းခေါက်သံ အဆက်မပြတ်ပေါ်လာ၏။ တစ်ချိန်တည်းမှာပင် အခန်းထဲသို့ ထန်ယန့်ရှာ၏ လက်ရွေးစင်သိုင်းသမားတစ်ယောက် ရေးကြီးသုတ်ပျာ ဝင်ရောက်လာ၏။ ထန်ယန့်ရှာက မျက်မှောက်ကြုတ်၍ လှမ်းမေးလိုက်၏။

"ဘာဖြစ်တာလဲ"

ထိုသိုင်းသမားက ...

"လူသတ်သမားကို တွေ့ပြီ"

ဟု ပြောလိုက်လေတော့သည်။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

မိုးချုပ်နေပြီဖြစ်သော်လည်း ဖုန်ကျားရွာ၏ အရှေ့ဘက်တံခါး၌ မီးရောင်များထိန်ထိန်လင်းနေ၏။ ဖုန်ကျားကျေးရွာမှ သိုင်းသမား နှစ်ဆယ်ခန့်သည် လက်နက်ကိုယ်စီကိုင်၍ တစ်စုံတစ်ခုကို ဝိုင်းရံထားကြ၏။ ထိုနေရာသို့ ထန်ယန့်ရှာနှင့် ချိန်ယိစန်းတို့သည် သိုင်းသမားများ ဝိုင်းရံထားသောအရာကို မြင်တွေ့လိုက်သောအခါ အံ့သြဟန်ဖြင့် မျက်လုံးပြူးသွားကြ၏။

အဘယ်ကြောင့်ဆိုသော် သိုင်းသမားများ ဝိုင်းရံထားသော အရာသည် ဖြူဖွေးနေသော အရိုးစုတစ်ခုဖြစ်သောကြောင့်ပင် မဟုတ်ပါလား။ အရိုးစုက သစ်ပင်ကိုမှီ၍ ထိုင်နေ၏။ သိုင်းသမားများက အရိုးစုကိုမြင်တွေ့သည်နှင့် ဓားအိမ်မှဓားကို ဆွဲထုတ်လိုက်၏။ သို့သော် ချိန်ယိစန်းက ထန်ယန့်ရှာ၏လက်ကို ဖမ်း၍ကိုင်လိုက်ပြီး ...



"နေဦး၊ ကျုပ်အထင်ပြောရရင် ဒီအရိုးစုက အသက်မရှိပါဘူး"

ချိန်ယိစန်းက ပြုံးကာ ...

"ကျုပ်ခန့်မှန်းထားတာနဲ့ နည်းနည်းလေး လွဲနေတယ်။ သေချာတာကတော့ အရိုးစုက အသက်ပြန်မရှင်ဘူး၊ လူမဟုတ်ဘူး"

ထို့နောက် ချိန်ယိစန်းသည် အရိုးစု၏အနီးသို့ ချဉ်းကပ်သွားပြီး အရိုးစုကိုကိုင်၍ မယူလိုက်၏။ ပြီးမှ အနီး၌ရှိသော သိုင်းသမားကို လှမ်းပေးကာ ...

"ရော့ မင်းယူလာခဲ့"

ထိုစဉ် ရုတ်တရက် ချိန်ယိစန်းသည် တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် မျက်လုံးပြူးသွားပြီး ထန်ယန့်ရှာကို လှမ်းကြည့်ကာ ...

"ကျုပ်တို့ ကုန်းစွန်းယို့ဆီကို အမြန်ပြန်မှဖြစ်မယ်"

ထန်ယန့်ရှာက ချိန်ယိစန်းကို နားမလည်ဟန်ဖြင့်ကြည့်ပြီး

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။ ချိန်ယိစန်းက ပြုံးကာ ...

"ခင်ဗျားသမီးကို သတ်တဲ့တရားခံဟာ သူပဲ"

ချိန်ယိစန်း၏စကားကြောင့် ထန်ယန့်ရှာက အံ့သြဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယိစန်းကိုကြည့်ပြီး ...

"မဖြစ်နိုင်ဘူး၊ ကျုပ်သမီးသေတဲ့အချိန်မှာ သူက ကျုပ်တို့နဲ့ အတူရှိနေတယ်"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"အရိုးစုက အသက်ဝင်ပြီး လူသတ်တယ်ဆိုရင် ကျုပ်တို့ဘာမှ စဉ်းစားစရာမလိုတော့ဘူး၊ ဒါပေမဲ့ အရိုးစုက အသက်မရှင်ဘူး၊ လူမသတ်ဘူးဆိုရင် ဘယ်သူက ဒီလိုမျိုးဖြစ်အောင် ကြံစည်ရတာလဲ ဆိုတာကို ပထမဆုံး ကျုပ်တွေးမိတယ်"

ထန်ယန့်ရှာက မျက်မှောင်ကြုတ်ကာ ...

"အဲဒီတော့"

ချိန်ယိစန်းက ပြုံး၍ ...

"အဲဒီတော့ ဘာဖြစ်ရမှာလဲ၊ မဖြစ်နိုင်တဲ့ကိစ္စကို ဖြစ်ပါတယ်လို့ပြောတဲ့လူက ဘာဖြစ်လို့ ဒီလိုပြောတာလဲဆိုတာကို ဆက်ပြီးတွေးရတာပေါ့"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...

"ဒါကြောင့် ခင်ဗျားက ကျုပ်သမက်ကို တရားခံလို့ပြောတာ ဟား"



ဟု မေးလိုက်၏။ ချိန်ယိစန်းက ပြုံး၍ ...

"အရိုးစုကို အသက်ပြန်ရှင်အောင်လုပ်နိုင်တယ်လို့ ပြောတဲ့လူက ခင်ဗျားသမက်လေ၊ ဒီတော့ သူကအရိုးစုက အသက်ပြန်ရှင်ပြီး လူသတ်တယ်ဆိုတဲ့ကိစ္စကို ခင်ဗျားကို ယုံအောင်လုပ်ပြရတော့မှာ ပေါ့"

ထန်ယန့်ရှာက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"သူက ဘာဖြစ်လို့ ဒီလိုကြံစည်ချင်ရတာလဲ"

ချိန်ယိစန်းကပြုံး၍ ...

"ခင်ဗျားသမီးနဲ့ကျူးစင်းကြောင့်ပေါ့"

ထန်ယန့်ရှာက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"မဟုတ်နိုင်ဘူး"

ချိန်ယိစန်းက ပြုံး၍ ...

"ဘာပဲဖြစ်ဖြစ် ဖန်စင်းပြောသလို တစ်ရွာလုံးက သိတယ်ဆိုတော့ ကုန်းစွန်းယို့ရဲ့စိတ်ထဲမှာ ဘယ်လိုခံစားရမလဲ"

ထန်ယန့်ရှာက ဦးခေါင်းခါယမ်းလိုက်ပြီး ...

"ကျုပ်သမီးဟာ ဒီလိုဖောက်လွဲဖောက်ပြန်စိတ် မရှိဘူး"

ချိန်ယိစန်းက ဦးခေါင်းညိတ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါပေမဲ့ လူတွေက ဟုတ်တာရော မဟုတ်တာရော ပြောတာကို ကြားရဖန်များလာတော့ ကုန်းစွန်းယို့က ကျင်းဝါကို သတ်ပစ်ချင်လောက်အောင် မုန်းလာပြီး အခုလိုစီစဉ်တာ ဖြစ်လိမ့်မယ်"

ထန်ယန့်ရှာက သက်ပြင်းချလိုက်၏။ ချိန်ယိစန်းက ထန်ယန့်ရှာကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။ ထို့ကြောင့် သူက သက်ပြင်းချကာ ...

"ကျုပ်အထင်ပြောရရင် ဒီလောက်မြန်မြန်ဖြစ်လာဖို့ မဟုတ်ဘူး၊ ဒါပေမဲ့ အာချုန်းနဲ့အကွီးက ကျိုးကန်းရဲ့အခေါင်းနဲ့မှားပြီး ပေး လိုက်တော့ အခုလို မြန်မြန်ဖြစ်သွားရတာပဲ"

ထန်ယန့်ရှာက ဦးခေါင်းခါယမ်းကာ ...

"အခေါင်းမှားတာနဲ့ ဘယ်လိုဆိုင်လို့လဲ"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ခင်ဖျားသမီးက ဆေးဝါးစမ်းသပ်တဲ့အခန်းကို တစ်နှစ်နေလို့ တစ်ခေါက်တောင် ရောက်ချင်မှရောက်တယ်၊ ပြီးတော့သိပ်ပြီး ကြောက်တတ်တယ် မဟုတ်လား"

ထန်ယန့်ရှာက ဦးခေါင်းညိတ်ကာ ...



"ဟုတ်တယ်"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဒါဖြင့် ခင်ဖျားသမီးက အဲဒီနေရာကိုသွားပြီး ဘာဖြစ်လို့ အခေါင်းကိုဖွင့်ကြည့်ရတာလဲ"

ဟု မေးလိုက်၏။ ထန်ယန့်ရှာသည် ချိန်ယိစန်းကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီးမှ ...

"ခင်ဖျားပြောချင်တာက ကျုပ်သမီးဟာ ခေါင်းတလားထဲမှာ ကျောက်မျက်ရတနာတွေ ရှိတယ်ဆိုတာသိလို့ ခေါင်းတလားရဲ့ အဖုံးကို ဖွင့်တာလို့ ပြောချင်တာလား"

ဟု ပြန်မေးလိုက်၏။ ချိန်ယိစန်းက ဦးခေါင်းညိတ်ကာ ...

"ဒါပေါ့၊ ကြောက်လန့်တတ်တဲ့ မိန်းကလေးက မကြောက်ရွံ့ဘဲ ခေါင်းတလားရဲ့အဖုံးကို ဖွင့်ရဲလာအောင် ပြီးတော့ တစ်နှစ်လုံးနေမှ တစ်ခေါက်တောင်မသွားတဲ့နေရာကို သွားချင်လာအောင် ဒီမိန်းကလေးကို ဘာက ဆွဲဆောင်နိုင်မှာလဲ"

ထန်ယန့်ရှာက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ ချိန်ယိစန်းက သက်ပြင်းချကာ ...

"ကျင်းဝါက ခေါင်းတလားရဲ့အဖုံးကို ဖွင့်တာနဲ့ အထဲက

www.burmeseclassic.com

www.burmeseclassic.com



အရိုးစု စုန်ထွက်လာအောင် ဘယ်သူက စီစဉ်ထားမလဲ၊ ခင်ဗျားပဲ စဉ်းစားကြည့်"

ထန်ယန်ရှာ၏မေးကြောမျှားပင် ထောင်၍လာ၏။ ပြီးမှ ...

"ဒါဖြင့် ကုန်းစွန်းယို့က ကျုပ်တို့နဲ့ တစ်ချိန်လုံးရှိနေရက်သားနဲ့ ဒီအရိုးစုက ဘာဖြစ်လို့ ရွာနဲ့အရှေ့ဘက်တံခါးမှာ ရောက်လာရတာလဲ"

ချိန်ယိစန်းက ပြုံးလိုက်ပြီး ...

"ဒါက ကျိုးကန်းရဲ့လက်ချက်ပါ၊ ကျိုးကန်းက သူ့ပစ္စည်းတွေ ပြန်ယူဖို့ ကျုပ်တို့ကို အခုလိုပထုတ်လိုက်တာ"

ချိန်ယိစန်း၏စကားကြောင့် ထန်ယန်ရှာသည် ရုတ်တရက် ထိတ်လန့်သွားပြီး ...

"ဒါဆို"

ဟု စကားကို ဆက်၍မပြောတော့ဘဲ မိမိ၏ခြံဝင်းရှိရာသို့ လှမ်း၍ ကြည့်လိုက်မိလေတော့သည်။ ထိုသို့ လှမ်းကြည့်လိုက်မိသည်နှင့် ထန်ယန်ရှာ၏မျက်လုံးများသည် ဝိုင်းစက်၍ ပြူးကျယ်ထွက်သွားလေတော့၏။



အဘယ်ကြောင့်ဆိုသော် ခြံဝင်းအတွင်း၌ မီးစွဲလောင်နေသည်ကို ထန်ယန်ရှာက မြင်တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။ ကုန်းစွန်းယို့၏ ဆေးဝါးစမ်းသပ်သော အဆောက်အအုံသည် မီးစွဲလောင်နေပြီဖြစ်၏။

ထိုအဆောက်အအုံ၏ တစ်ဝိုက်၌လည်း ဖုန်ကျားကျေးရွာ၏ သိုင်းသမားအချို့ သေဆုံးနေ၏။ ထိုသေဆုံးနေသော သိုင်းသမားများကြား၌ ငှက်လှောင်အိမ်တစ်လုံးကို တွေ့ရ၏။

ထန်ယန်ရှာနှင့်ချိန်ယိစန်းတို့သည် အဆောက်အအုံအနီးသို့ ရောက်သောအခါ တဟုန်းဟုန်းတောက်လောင်နေသော မီးကြောင့် အဆောက်အအုံထဲသို့ ဝင်၍မရဘဲဖြစ်နေ၏။

ထန်ယန်ရှာ၏ခြံဝင်းထဲမှ အလုပ်သမားများက မီးကို ဝိုင်း၍ ငြိမ်းသတ်သော်လည်း မီးတောက် ပို၍ကြီးမားလာ၏။ မီးတောက်ပါးမျိုးသံက တဖျစ်ဖျစ် တဖျောက်ဖျောက် ဖြစ်နေ၏။

မီးလောင်ကျွမ်းနေသော အဆောက်အအုံထဲမှ ဓာတုဗေဒ ပစ္စည်းများ၏ပေါက်ကွဲသံ ပေါ်ထွက်လာ၏။

မီးလောင်ကျွမ်းနေသော အဆောက်အအုံသည် ဘာဖြည်းဖြည်း ပြို၍ကျလာပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ယန့်ရှာသည် မီးလောင်နေသော အဆောက်အအုံကို ကြည့်ပြီး သက်ပြင်းတစ်ချက်ကို ချလိုက်၏။

ချိန်ယိစန်းသည် မီးလောင်နေသော အဆောက်အအုံကို တစ်ချက်ကြည့်ပြီး ဦးခေါင်းကို ခါယမ်းကာ ကျောခိုင်း၍ ထွက်လာခဲ့လေတော့၏။

ထန်ယန့်ရှာသည် ထိုနေရာ၌ပင် ရပ်တန့်လျက်ရှိ၏။ သူ၏ မျက်ဝန်းထဲ၌ မျက်ရည်များ ရစ်ဝိုင်းနေ၏။ ယခု ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ၏တရားခံမှာ ကျင်းဝါလော။

သို့တည်းမဟုတ် တစ်ဆီတ်ကို တစ်အိတ်လုပ်၍ ပြောတတ်သော ပတ်ဝန်းကျင်လော။ ထန်ယန့်ရှာ စဉ်းစား၍မရပါ။

ထိုအပြင် ထိုအဖြစ်အပျက်များ၏ အဓိကတရားခံမှာ ချစ်ခြင်းမေတ္တာမပါရှိသော အိမ်ထောင်တစ်ခုကို အတင်းအဓမ္မ ထူထောင်ပေးလိုက်မိသော မိမိပင်ဖြစ်နေသလောဟူ၍ ထန်ယန့်ရှာ ဝေခွဲမရ ဖြစ်နေလေ၏တော့သည် မဟုတ်ပါလား။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com